တက္ကသိုလ်
ဓနုဂါဝင်းဝန်ကင်
ကုလိဒ်ဝုရဲ့ဆို့နှ်ဒ်ဂျေး
သိုင်းကောရှင်သရဲ
လက်လွှဲမမီသူ

တက္ကသိုလ် နေ့လင်းဒေါင်

ဦးဇင်းကျော်သရဖူ လက်လှမ်းမမှီသူ

စာစဉ်(၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၄/၀၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၈၃၀၀၈၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေဝိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅–လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အပျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- နိုက်ဂျီးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အခန်း (၁)
သွေးလောက

ရန်ကိုရန်ချင်း မတွဲနှင်းရာ။ ရန်ကြွင်းဟူသမျှ ပူပြင်းစွ။ မီးပုံကို ခြိမ်းသောအခါ မီးကြွင်းဟူ၍ ရှိသည်။

အတ္တမာန်နှင့်မကင်းသော သိုင်းလောကတွင် ရန်ကြွေးဟူ၍ ရှိသည်။ ရန်ကြွေးသည် မီးကြွင်းတစ်မျိုးပင်။

တစ်စုံတစ်ယောက်၏ နိုင်ထက်စီးနင်းပြုခြင်း ခံရပါက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထိုရန်ကြွေးကို ပြန်လည်ပေးဆပ်လေ့ရှိသော အလေ့အထသည် သိုင်းလောကတွင် ရှိ၏။ လူ့လောကမှာထက် သိုင်းလောကကပို၍ အငြိုးအတေးကြီးကြသည်။

ယင်းအလေ့အထကြောင့်ပင် သိုင်းလောကသည် တစ်ယောက်နှင့်တစ်ယောက် ရန်စောင်ခြင်းဖြင့် ပြွမ်းတီးနေခဲ့ရသည်။ အေးချမ်းမှုရှိသော သွေးလောကအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

အမှန်ဆိုလျှင် သိုင်းလောကသည် ရန်ကြွေးများ တုန့်လှယ်သားဆ်ရာလောက် မဟုတ်ပေ။ သိုင်းလောကနှင့် လူ့လောကတွင်

သိုင်းလောကသည် လူ့လောကထက် တစ်ချက်ပိုသည်မှာ ဓားလွှဲ
မိုးနေခြင်းပင်။

သိုင်းလောကသည် ရပ်ရွာအေးချမ်းရေးအတွက် အရေးပါသော
လောကတစ်ခုသာ ဖြစ်၏။ လူ့လောကအတွက် အထောက်အကူဖြစ်
ရမည့်လောက ဖြစ်သည်။

သိုင်းပညာသင်ယူလေ့ကျင့်ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့်
တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီ စောင့်
ရှောက်မည့်သူများကို သိုင်းလောကမှတစ်ဆင့် မွေးပွားပေးသည်။
ထို လူများသည် လူများငြိမ်းချမ်းသာယာစွာ နေနိုင်ရေးကို ဓားဖြင့်ထိုး
ဝန်းကျည်ကြရသည်။

ထို့ကြောင့် သိုင်းလောကသည် ရပ်ရွာကောင်းကျိုးအတွက်
အရေးပါသည်ဟု ဆိုရပေမည်။

သို့ရာတွင် လောဘ၊ ဒေါသရမ္မက်ခိုးများဖြင့် ဖုံးလွှမ်းနေသော
သိုင်းလောကသားအချို့ကြောင့် သိုင်းလောကသည် နာမည်ပျက်ခဲ့
ရသည်။ လူ့လောကတွင် လူဆိုးလူမိုက်၊ အမွေလူသား၊ အတ္တလူသား
များကြောင့် ပျက်စီးရသည်။

သိုင်းလောကသားများကြောင့် ရပ်ရွာအေးချမ်းရေး ထိခိုက်
သည်ဟု စွပ်စွဲခံရသည်အထိပင် ဖြစ်ခဲ့ရသည်။

ဤသို့ဖြစ်ရသည်မှာ အချို့အချို့သော အတ္တတရားကြီးမား
သည့် သိုင်းလောကသားအချို့ကြောင့် ဖြစ်ရသည်။

သူတို့သည် သိုင်းလောက၏ဂုဏ်သတင်း ထွန်းပြောင်ရေး
ထက် မိမိတို့၏ အမည်သတင်း ကျော်ဇောရေးကိုသာ အလေးထား

သည်။ သိုင်းလောက အေးချမ်းနေလျှင် လူ့လောက အေးချမ်းသာယာ
နေခြင်း ဖြစ်သည်။

ထို့ကြောင့် သိုင်းလောကတွင်း၌ ပဋိပက္ခများဖြစ်ကာ ရပ်ရွာ
အေးချမ်းသာယာရေးကိုပါ ထိပါးလာတော့သည်။

လောဘသက္ကာရကြီးခြင်း။

နာမည်သတင်း ထင်ပေါ်ကျော်ကြားလိုခြင်း။

သိုင်းလောကကို တစ်ဦးတစ်ယောက်တည်း ချုပ်ကိုင်လိုခြင်း။

တစ်ယောက်အပေါ် တစ်ယောက် မယုံကြည်ခြင်း။

တစ်ယောက်အပေါ် တစ်ယောက် မနာလို မရှစိမ့်နိုင်ခြင်း။

တစ်ယောက်အပေါ် တစ်ယောက် သစ္စာစောင့်သိမှု မရှိခြင်း။

စသည်ဖြင့် သိုင်းလောကသည် သပွတ်အုံကဲ့သို့ ရှုပ်ထွေးလာ
ကာ နောက်ဆုံးတွင် ...

ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးကို မထောက်မညှာ၊ မစဉ်းစား
နိုင်တော့ဘဲ မိမိကိုယ်ကျိုးအတွက် ထင်ရာစိုင်းတော့သည်။

သို့ဖြင့် ...

သိုင်းလောကသည် အတ္တမာနတရား၏ လွှမ်းမိုးမှုကြောင့်
သွေးထွက်သံယိုမှုများဖြင့် သံသရာလည်နေခဲ့ရပေတော့သည်။ ဤ
အကြောင်းကြောင့် သိုင်းလောကကို သွေးလောကဟု ခေါ်ဆိုကြခြင်း
ဖြစ်လေတော့သည်။

❋ ❋ ❋

အခန်း (၂)

စိန်ကိုထိတ်လန့်စေသည့် ကျောက်

ယွင်ကျုံးစန်းတောင်။

ယွင်ကျုံးစန်းတောင်သည် သဘာဝရှုခင်းများဖြင့် လှပသော တောင်တစ်တောင်ဖြစ်သည်။ လူ၏လက်နှင့်ရေးထားသော ပန်းချီကားများထက် ပို၍လှပသောတောင် ဖြစ်သည်။

နွေဦးရာသီ၌ လည်းကောင်း။

ဆောင်းဦးရာသီ၌ လည်းကောင်း။

ယွင်ကျုံးစန်းတောင်၏ အလှအပမှာ ပို၍ထင်ရှားသည်။

စန်းစီးနယ်သို့ ရောက်ရှိလာကြသူတိုင်း ယွင်ကျုံးစန်းတောင်၏ သဘာဝရှုခင်းများကို ကြည့်ရှုခံစားကြလေသည်။ မကြည့်ရှု မခံစားသူသည် ခေတ်မမီသူဖြစ်သည်။

ထို့ကြောင့် ယွင်ကျုံးစန်းတောင်သည် စန်းစီးနယ်၏ ကျော်ဇောသော ဂုဏ်သတင်းများအနက် တစ်ခုအပါဖြစ်လေသည်။ စန်းစီးနယ်၏ ဂုဏ်တစ်ခုဖြစ်သည်။

ထို့အတူ ယွင်ကျုံးစန်းတောင်ဟု ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဝါမိသားစုဂေဟာအကြောင်းကလည်း အလိုအလျောက် ပါရှိလာမည် ဖြစ်ပါသည်။

ဝါမိသားစုဂေဟာ။

ဝါမိသားစုဂေဟာသည် ယွင်ကျုံးစန်းတောင်ပေါ်တွင် တည်ရှိသည်။ အလွန်လှပသည့် တောင်ကုန်းပေါ်တွင် ရှိနေခြင်းက ထူးဆန်းသလို ဖြစ်နေသည်။

ဝါမိသားစုဂေဟာပိုင်ရှင်မှာ ဝါထင်းဟုန်ပင် ဖြစ်သည်။

သို့သော် သူ့ကို သိုင်းလောကသားများက မိုးနတ်ဓားဟုခေါ်၍ ခေါ်ကြသည်။

သူ၏သိုင်းပညာမှာ ပြိုင်ဘက်မရှိဟု အားလုံးက လက်ခံထားကြသည်။ သူ့ကို ယှဉ်ပြိုင်နိုင်သူ သိုင်းလောက၌ မပေါ်ထွက်ခဲ့ပေ။

လွန်ခဲ့သော ဆယ်နှစ်မှစ၍ ယခုအချိန်တိုင်အောင် သူ့အား ယှဉ်ပြိုင်သူ မရှိခဲ့ပေ။

ထို့ကြောင့် ယခုအချိန်၌ သူ၏သိုင်းပညာအဆင့်မှာ မည်ရွေ့မည်မျှရှိကြောင်း မည်သူမျှ ခန့်မှန်းသိရှိနိုင်စွမ်း မရှိခဲ့ကြချေ။

ဝါထင်းဟုန်သည် တရားမျှတမှုကိုလိုလားသော အထက်လမ်း သိုင်းသမားတစ်ဦး ဖြစ်သည်။

သိုင်းလောကသို့ ဝင်ရောက်သည့်အချိန်မှစ၍ ဒုစရိုက်သမားများကို ချေမှုန်းခဲ့သူ ဖြစ်သည်။ သူ၏အစွမ်းသတ္တိမှာ ပြောင်မြောက်လှပေသည်။

အဖြူရောင် သိုင်းလောကသားများက သူ့အား ရူပဝံကြယ်ဟူ၍ တင်စားကြသည်။

ဖြောင့်မတ်မှန်ကန် တရားမျှတသောကြောင့် သိုင်းလောကသားများသာမက ပြည်သူလူထုကပါ သူ့အား လေးစားကြည်ရသောသူတစ်ဦး ဖြစ်လေတော့သည်။

သာယာသော နေ့တစ်နေ့ ...။

နေ့လယ်အချိန်မို့ နေမင်းက အလွန်ပူပြင်းသည်ဟု ဆိုရမည်။

ယွင်ကျူးစန်းတောင်ပေါ်သို့ လာရာလမ်းမ၌ ဟုန်များတထောင်းထောင်း ထနေသည်။

ထိုဟုန်လုံး ဟုန်လိပ်များအကြားကြည့်ပါက မြင်းရထားတစ်စင်းအရှိန်ပြင်းစွာ မောင်းနှင်လာသည်ကို တွေ့ရပေလိမ့်မည်။

မြင်းလှည်းမောင်းသူ၏ ခန္ဓာကိုယ်တစ်ခုလုံး၌ ချွေးများရွှဲနစ်နေသည်။ အင်္ကျီကိုညှစ်ချလျှင် ရေကဲ့သို့စီးထွက်လာပေလိမ့်မည်။

သူသည် ကျာပွတ်ကို အဆက်မပြတ်ဝေ့ယမ်းကာ မြင်းကို အော်ငေါက်၍ မောင်းနှင်လာနေသည်။

မြင်းများကလည်း အားကုန် ပြေးလွှားနေသည်။

ထို့ကြောင့် တစ်ခဏအတွင်း ကောင်ပေါ်သို့ရောက်ရှိလာသည်။

မြင်းခွာသံများကလည်း ဆူညံစွာ ထွက်ပေါ်လာသည်။

ဝါမိသားစုဂေဟာအတွင်းမှ လူအားလုံးမှာ ထိုမြင်းခွာသံကြောင့် သို့လောသို့လော ဖြစ်သွားကြသည်။

ဂေဟာ၏ပစ္စည်းထိန်း ကျူးလောင်က ခြံဝင်းတံခါးကိုဖွင့်ကာ အပြင်သို့ထွက်၍ အခြေအနေကို ကြည့်လိုက်သည်။

ထိုအချိန်မှာပင် မြင်းလှည်းက သူ့အနီးသို့ ရောက်ရှိလာသည်။

ကျူးလောင်က ရင်ထိတ်သွားပြီး မြင်းလှည်းကို ဟန့်တားလိုက်လေသည်။

"ဟေ့ ... ရပ်စမ်း ဘယ်သူလဲ"

သူ့စကားသံနှင့်အတူ မြင်းလှည်းထဲမှ မိန်းကလေးအသံတစ်ခု ထွက်ပေါ်လာသည်။

"နန်းယန်က စီးမာချင်းပါ"

စကားသာ ပြန်ပြောသည်။ မြင်းလှည်းကမူ မရပ်ပါ။

ကျူးလောင် ကမန်းကတန်း ရှောင်တိမ်းပေးလိုက်ရသည်။

မြင်းလှည်းမှာမူ အရှိန်ပြင်းစွာဖြင့် ဖွင့်ထားသော တံခါးအတိုင်း ဝင်ရောက်သွားလေတော့သည်။

ဝါမိသားစုဂေဟာ လေ့ကားထစ်၌ လူအများအပြား ရပ်နေကြသည်။ ရှေ့ဆုံးမှလူမှာ အသက်ငါးဆယ်ခန့်ရှိပြီး အစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။

ထိုလူမှာ ဂေဟာပိုင်ရှင် ဝါထင်းဟုန်ပင် ဖြစ်သည်။

သူ၏အနီး၌ သူ၏သားကြီး ဝါချင်းရပ်နေသည်။

သူတို့၏နောက်၌ ကိုယ်ရံတော်များက စီတန်းကာ ရပ်တန့်နေသည်။ ထိပ်တန်းသိုင်းသမားများချည်း ဖြစ်ကြသည်။

ထိုစဉ် မြင်းလှည်းသည် ဂေဟာအနီးသို့ ရောက်လာသည်။

သို့သော် ယခုအထိ မြင်းလှည်း၏အရှိန်အဟုန်က လျင်မြန်နေဆဲပင် ဖြစ်သည်။

မြင်းလှည်းမောင်းသမားက ရပ်တန့်ရန် ကြိုးစားနေသော်လည်း ရပ်၍မရချေ။ မြင်းသည် အရှိန်အဟုန်နှင့် ဆက်ပြေးနေသည်။

ချက်ချင်းပင် လေ့ကားထစ်ရှိရာသို့ ပြေးဝင်လာသည်။

ကိုယ်ရံတော်များအနက် တစ်ဦးက ရှေ့သို့ခုန်ထွက်ပြီး မြင်း၏ဇက်ကြိုးကိုဆွဲကာ မြင်းကိုရပ်တန့်လိုက်ရသည်။

မြင်းက ရှည်လျားစွာတစ်ချက် ဟီလိုက်ပြီး ရပ်တန့်သွားလေ
းတော့သည်။

မြင်းလှည်းရပ်တန့်သွားသည်နှင့် မြင်းလှည်းအတွင်းမှ မိန်း
ကလေးနှစ်ယောက် ဆင်းလာသည်။

ထိုမိန်းကလေးနှစ်ယောက်က မြင်းလှည်းအတွင်းမှ မိန်းကလေး
ဘစ်ယောက်အား ဖေးမကာ တွဲလိုက်လေသည်။

မိန်းကလေးသုံးယောက်စလုံး၏ အဝတ်အစားများကို မြင်လိုက်
သောအခါ ဝါထင်းဟုန်က အံ့သြသွားမိတော့သည်။

အဘယ့်ကြောင့်နည်း ...။

မိန်းကလေးတို့သည် အသုဘအခမ်းအနားများ၌ ဝတ်ဆင်
သော အဝတ်အစားများကို ဝတ်ဆင်ထားကြသောကြောင့်ပင်တည်း။

ဝါထင်းဟုန်က မိန်းကလေးများကိုကြည့်ရင်း နောက်ဆုံးမှ
ဆင်းလာသော မိန်းကလေးကို တွေ့ရသောအခါ အံ့သြတကြီး လှမ်း
မေးလိုက်လေသည်။

"ညီမလေး ... ဘယ်လိုဖြစ်လာတာလဲ"

မိန်းကလေးမှာ စီးမာချင်းဖြစ်၏။

ဝါထင်းဟုန်၏ဖခင်နှင့် စီးမာချင်း၏ဖခင်တို့မှာ သူငယ်ချင်း
များဖြစ်ကြသည်။ သို့သော် ဝါထင်းဟုန်က အသက်အရွယ်နုနယ်သေး
သော စီးမာချင်းအား ညီမလေးဟုသာ ခေါ်ခြင်းဖြစ်သည်။

စီးမာချင်း၏ မျက်လုံးအစုံမှာ နီရဲ၍နေသည်။

ငိုထားသောကြောင့် မျက်ခွံများမှာ မို့အစ်နေသည်။

စီးမာချင်းက ဝါထင်းဟုန်အားတွေ့သည်နှင့် မျက်ရည်တွေတွေ
ကျဆင်းလာတော့သည်။

ချက်ချင်းပင် ဝါထင်းဟုန်ရှေ့၌ ခူးထောက်ထိုင်ချလိုက်သည်။

"အစ်ကိုကြီး ... "

စီးမာချင်းသည် အစ်ကိုကြီးဟု တစ်ခွန်းသာခေါ်နိုင်ပြီး မေ့လဲ
ကျသွားလေတော့သည်။

သူ၏နံဘေးမှ မိန်းကလေးနှစ်ယောက်က လျင်မြန်စွာ ဖေးကူ
လိုက်ကြရသည်။

ဝါထင်းဟုန်က မျက်မှောင်ကြုတ်သွားပြီး တစ်ခွန်းသာ ပြော
လိုက်သည်။

"ငါ့နောက် လိုက်ခဲ့ကြ"

သူသည် လှေခါးထစ်များမှ အတွင်းခန်းသို့ ဝင်ရောက်သွားလေ
တော့သည်။

အဖော်မိန်းကလေးနှစ်ဦးသည် စီးမာချင်းကို ဖေးမခေါ်ဆောင်
ကြရသည်။

ကိုယ်ရံကော်များကလည်း ဘေးမှပန်းပြီး လိုက်သွားကြသည်။

မေ့မျောနေသော စီးမာချင်းကို မိန်းကလေးနှစ်ဦးက တွဲခေါ်
ရသည်မှာ အတော်ကြီး ခက်ခဲသည်။

ကိုယ်ရံတော်များကလည်း ပွေ့ချီရအခက် ထမ်းခေါ်ရအခက်
ဖြစ်နေကြသဖြင့် မိန်းကလေးနှစ်ဦးက ခက်ခက်ခဲခဲ သယ်သွားရသည်
ကိုသာ ဝိုင်းကြည့်နေကြရတော့သည်။

အတန်ကြာ သယ်ဆောင်လာပြီးမှ စီးမာချင်း သတိရလာ
သည်။ ထိုအခါကျမှ သူ့ဘာသာသူ လှမ်းလျှောက်နိုင်တော့သည်၊
ကိုယ်ရံတော်များလည်း စိတ်သက်သာရာ ရသွားသည်။

ရှည်လျားသော စကြိုအဆုံး၌ အဆောင်တစ်ခု ရှိသည်။
အဆောင်ရှေ့၌ အမျိုးသမီးကြီးနှစ်ဦးက ရပ်နေ၏။
ထိုစဉ် ဝါထင်းဟုန်နှင့် စီးမာချင်းတို့ ရောက်ရှိလာကြသည်။
အဆောင်ရှေ့၌ ရပ်နေသူနှစ်ဦးက စီးမာချင်းအား မြင်သော အခါ အရှိအသေပေးလိုက်ကြသည်။
ထိုအမျိုးသမီးနှစ်ဦးမှာ ဝါထင်းဟုန်၏ ဇနီးနှစ်ယောက်ဖြစ်သည်။ အမျိုးသမီးနှစ်ဦးစလုံး ချောမောကြသည်။
စီးမာချင်းက ဆိုနှင့်သော အသံဖြင့် ခေါ်လိုက်သည်။
"အစ်မကြီး ..."
သူမသည်ခေါ်ရင်း ဝိုကြွေးမိလေတော့သည်။
ဝါထင်းဟုန်၏ ဇနီးနှစ်ယောက်က ဖေးမကာ အဆောင်တွင်းသို့ တွဲခေါ်သွားကြသည်။
အဆောင်အတွင်း၌ အဘွားအိုတစ်ယောက် ထိုင်နေသည်။
စီးမာချင်းသည် ထိုအဘွားအို့ရှေ့၌ ဒူးထောက်ကာ ဂါရဝပြုလိုက်သည်။
အဘွားအိုမှာ ဝါမိသားစုဂေဟာပိုင်ရှင် ဝါထင်းဟုန်၏ မိခင်ယင်ထိုက်ကျွမ်ပင် ဖြစ်ပါသည်။
အဘွားအိုယင်ထိုက်ကျွမ်က စီးမာချင်း၏ အသုဘအခမ်းအနားဝတ်စုံကို တွေ့သောအခါ မျက်မှောင်ကြုတ်သွားပြီး မေးလိုက်သည်။
"သမီး ... ဘယ်သူ ဆုံးသွားလို့လဲ"
စီးမာချင်းက တစ်လုံးချင်း ပြောလိုက်၏။
"ဘွားဘွား ... ဖေဖေ ..."

ရှိုက်ငိုရင်း မူးမေ့လဲကျသွားပြန်သည်။
အားလုံးက ဝိုင်းဝန်းပြုစုလိုက်ကြသည်။
မကြာခင် ပြန်သတိရလာသည်။
ဝါထင်းဟုန် အပါအဝင် အားလုံးက အဖြစ်အပျက်ကို ရိပ်စားမိလိုက်ကြသည်။
စီးမာချင်း၏ မိသားစုမှာ ခုကွာရောက်နေပြီကို ရင်လေးစွာ သိရှိနားလည်လိုက်ကြသည်။
အဘွားအို ယင်ထိုက်ကျွမ်က တည်ငြိမ်စွာ မေးလိုက်လေသည်။
"သမီး ... စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ၊ ငိုနေလို့ ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး၊ သမီးတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို အစအဆုံး ပြောပြစမ်း"
စီးမာချင်း မျက်ရည်များကို သုတ်လိုက်သည်။
ပြီးမှ ဆိုနှင့်ကြေကွဲစွာ ပြောလိုက်လေသည်။
"သမီးရဲ့ ဖေဖေနဲ့မေမေ နှစ်ယောက်စလုံး ကွယ်လွန်သွားကြပါပြီ"
သူ့စကားအဆုံး၌ အခန်းတွင်းရှိ လူအားလုံး၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားကြသည်။
အဘွားအို ယင်ထိုက်ကျွမ်ပင် မျက်မှောင်ကြုတ်သွားသည်။
အခန်းတစ်ခုလုံးမှာ ခေတ္တမျှ ငြိမ်သက်သွားသည်။
စီးမာချင်း အံကိုကြိတ်ကာ ဆက်ပြောရန်ဟန်ပြင်လိုက်သည်။
သူမ အလွန်ပူဆွေးနေသည်။ သောကရောက်နေသည်။
ကြေကွဲလွန်းသဖြင့် အသံက လည်ချောင်းအတွင်း၌ တစ်ဆို့နေသည်။

သူမ၏ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်နေသည်။

ဝါထင်းဟုန်က သက်ပြင်းချလိုက်သည်။

စီးမာချင်း၏ မိဘနှစ်ပါးသည် တစ်စုံတစ်ယောက်၏ လက်ချက်ကြောင့် ကွယ်လွန်သွားကြောင်း ဝါထင်းဟုန် ဆက်စပ်တွေးတောလိုက်မိသည်။

ယင်ထိုက်ကျွမ်က သက်ပြင်းချလိုက်ပြီး ...

"သမီးရဲ့မိဘတွေအကြောင်း ဘွားဘွားတို့ကို ပြောပြပါ၊ သမီး ပြောပြမှ ဘွားဘွားတို့ အပြည့်အစုံ သိကြရမှာပေါ့"

စီးမာချင်းက မျက်ရည်များ သုတ်လိုက်ပြီး ...

"သမီးကို အကူအညီပေးပါလို့ အရင်ပြောပါရစေ"

အဘွားအို ယင်ထိုက်ကျွမ်က ခေါင်းညိတ်ပြီး ကတိပေးလိုက်လေသည်။

"စိတ်ချ ... သမီးကို ဘွားဘွားတို့ ကူညီမှာပါ"

ဝါထင်းဟုန်ကလည်း စိတ်လှုပ်ရှားသဖြင့် ...

"ညီမလေး ... အဖြစ်အပျက်တွေကို အသေးစိတ် ပြောပြပါလား၊ ဒါမှ ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားလို့ရမယ်"

စီးမာချင်း ခေါင်းညိတ်လိုက်သည်။

ပြောပြရမည့် အဖြစ်အပျက်ကို တွေးလိုက်မိသည်နှင့် အသည်နှလုံးအား များစွာနှင့် ဆွနေသကဲ့သို့ ခံစားလိုက်ရသည်။

အတန်ကြာမှ အံကိုကြိတ်ကာ တစ်လုံးချင်းပြောလိုက်သည်။

"မေမေက အတွင်းဆောင်မှာအိပ်ပြီး ဖေဖေကတော့ အပြင်ဆောင်မှာ အိပ်တယ်၊ တစ်ညတည်းမှာပဲ နှစ်ယောက်စလုံး လုပ်ကြံခံလိုက်ရပါတယ်ရှင်"

ယင်ထိုက်ကျွမ် သက်ပြင်းချရင်း တွေးတောမိ၏။

"အင်း ... မိန်းကလေးစကားက အစလည်းမရှိ၊ အဆုံးလည်းမရှိ၊ သူ ထူပူနေသေးလို့ပဲလေ၊ ငါ ဖြည်းဖြည်းမေးကြည့်ရမှာပဲ"

အဘွားအိုက စီးမာချင်းအား ကြည့်ရင်း ...

"သူတို့လုပ်ကြံခံရတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"လွန်ခဲ့တဲ့ လေးရက်ကပါ"

ဝါထင်းဟုန် မျက်မှောင်ကြုတ်လိုက်ပြီး ...

"သဲလွန်စကော ... ကိုယ်ပေါ်မှာ ဘာဒဏ်ရာများ တွေ့သေးသလဲ"

စီးမာချင်းက ...

"လည်ပင်းအထက်မှာ တိရစ္ဆာန်တစ်ယောက် သွားနဲ့ကိုက်ထားတာမျိုးပဲ ဒဏ်ရာတွေ့တယ်၊ တခြား ဘာဒဏ်ရာမှ မတွေ့ပါဘူး"

ယင်ထိုက်ကျွမ် မျက်မှောင်ကြုတ်သွားသည်။

သူ မျက်မှောင်ကြုတ်ရမည်ပေါ့။

စီးမာချင်း၏ စကားကိုလည်း ကြည့်ပါဦး။

လည်ပင်းကို တိရစ္ဆာန်တစ်ကောင် ကိုက်ထားသည့်ဒဏ်ရာမျိုးသာ တွေ့ရသည်တဲ့။

သူသည် တွေးပြီး ခေါင်းယမ်းနေမိသည်။

"အင်း ... စီးမာချန်ချင်းတို့ ဇနီးမောင်နှံဟာ များပညာမှာ ထိပ်တန်းအဆင့်ရှိတဲ့ လူတွေပါ၊ တိရစ္ဆာန်တစ်ကောင်က သူတို့ကို ရန်ပြုနိုင်မှာတဲ့လား"

စီးမာချင်းက ယင်ထိုက်ကျွမ် မယုံကြည်မှုန်း သိလိုက်၏။

ထို့ကြောင့် ...

"ဟုတ်ပါတယ် ... ဖေဖေနဲ့မေမေကို တိရစ္ဆာန်မပြောနဲ့ တော်ရုံအဆင့်မြင့်သိုင်းသမားတောင် ရန်မူဖို့မလိုပါဘူး၊ အခု အလောင်းတွေကို မြေမမြှုပ်ဘဲ ထားပါသေးတယ်၊ ဒဏ်ရာကို စစ်ဆေးကြည့်နိုင်အောင် မြေမမြှုပ်ဘဲထားတာပါ"

ပြောရင်း သူမက တစ်စုံတစ်ရာကို သတိရလာသည်။

ထို့ကြောင့် သူမ၏ ရင်ဘတ်ကြားသို့ လက်နှိုက်လိုက်ပြီး ...

"ဖေဖေနဲ့ မေမေကို လုပ်ကြံသွားတဲ့လူက အမှတ်အသားတစ်ခု ချန်ထားခဲ့ပါတယ်"

အဘွားအို ယင်ထိုက်ကျမ် စိတ်ဝင်စားသွားပြီး ဝင်မေးလိုက်လေသည်။

"ဘာအမှတ်အသားလဲ"

"ကျောက်စိမ်းနဲ့ လုပ်ထားတဲ့ ခြေသုံးချောင်းထောက် ပန်းအိုးသေးသေးလေးပါ"

သူမပြောရင်း ထုတ်ပြလိုက်သည်။

ပန်းအိုးကလေးမှာ အမြင့်နှစ်လက်မရှိပြီး အကျယ်မှာ တစ်လက်မသာ ရှိသည်။

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသောကြောင့် အစိမ်းရောင် တောက်ပနေသည်။

ပန်းအိုးကလေးမှာ သေးငယ်သော်လည်း ပြုလုပ်ထားသည့် လက်ရာမှာမူ အင်မတန်ပြောင် မြောက်သည်ဟု ဆိုရပေမည်။

ထိုကျောက်စိမ်းပန်းအိုးကလေးကို မြင်လိုက်သည်နှင့် အဘွား

အို ယင်ထိုက်ကျမ်၊ ဝါထင်းဟုန်နှင့် ဝါထင်းဟုန်၏ဇနီးနှစ်ယောက်တို့မှာ မျက်နှာပျက်သွားကြလေသည်။

အခန်းတစ်ခုလုံးမှာ ပြန်လည် တိတ်ဆိတ်သွားသည်။

အဘွားအို ယင်ထိုက်ကျမ်တို့ လေးယောက်မှာ တစ်ယောက်ချက်နာတစ်ယောက် ကြည့်နေကြသည်။

သူတို့၏မျက်နှာများပေါ်၌ အံ့သြမှုများ၊ အထင်းသားပေါ်သွင်နေသည်။

ထို့နောက် စီးမာချင်း၏လက်ဝါးပေါ်မှ ကျောက်စိမ်းပန်းအိုးကလေးကို ငေးမောကြည့်နေကြသည်။

သူတို့၏မျက်လုံးများမှ အံ့သြမှုကို စီးမာချင်း တွေ့လိုက်ရလေသည်။

ထို့ကြောင့် စီးမာချင်း အံ့သြသွားသည်။

ဝါမိသားစုသည် သိုင်းလောကၭ ပြိုင်ဘက်မရှိဟု သူမသိထားလေသည်။

သို့သော် ယခု ကျောက်စိမ်းပန်းအိုးလေးကို တွေ့လိုက်သည့်နှင့် ထိတ်လန့်သွားဟန်ကို တွေ့မြင်လိုက်ရသောအခါ မယုံကြည်နိုင်အောင် ဖြစ်သွားမိတော့သည်။

"ဒီကျောက်စိမ်းပန်းအိုးလေးဟာ ဘယ်လိုအဓိပ္ပါယ် ဆောင်သလဲ၊ ပြီးတော့ ဝါမိသားစုက ကြောက်ရမယ့်လူကော ရှိနေလို့လား၊ ဘယ်သူက ဝါမိသားစုထက် အစွမ်းထက်နေလို့လဲ ..."

သူမကို ဝါမိသားစုက မကူညီနိုင်ဟုတွေးမိကာ ငိုကြွေးပြန်လေတော့သည်။

အဘွားအို ယင်ထိုက်ကျွမ်က ...

"သမီး ... သမီးကို ဘွားဘွားလက်ခံမယ်၊ သမီးကို အကူအညီပေးမယ်လို့ ပြောထားပြီးပြီပဲ၊ ကဲ ... ကဲ ငိုမနေပါနဲ့တော့"

ဟု နှစ်သိမ့်လိုက်၏။

စီးမာချင်းက မျက်ရည်များသုတ်ရင်း ...

"ဘွားဘွား ... သမီး သိတယ်"

အဘွားအို ယင်ထိုက်ကျွမ်က ပြုံးလိုက်၏။

"သမီးက ဘာကိုသိတာလဲ"

စီးမာချင်းက ...

"ဘွားဘွားတို့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ ဘွားဘွားတို့ဟာ ရန်သူကို တန်းသိနေတယ်လို့ သမီးထင်တယ်၊ ဒီကျောက်စိမ်းပန်းအိုးကလေးဟာ တစ်စုံတစ်ယောက်ကို ကိုယ်စားပြုနေတယ်၊ ဘယ်သူ့ကို ကိုယ်စားပြုနေတယ်ဆိုတာ သမီးကို ပြောပြပါ"

အဘွားအို ယင်ထိုက်ကျွမ်က အတန်ကြာ တိတ်ဆိတ်နေပြီး သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်သည်။

"သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပါတယ်၊ ဒီကျောက်စိမ်းပန်းအိုးကလေးကိုကြည့်ပြီး တရားခံဘယ်သူဆိုတာ ပြောဖို့က သက်သေအထောက်အထား မခိုင်လုံသေးပါဘူးကွယ်"

ဟု သူမ ပြောလိုက်လေသည်။

စီးမာကျင်းက ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

အဘွားအို ယင်ထိုက်ကျွမ်သည် တရားခံ မည်သူမည်ဝါဖြစ်ကြောင်း မပြောလိုသေးကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် သူမ ထပ်မမေးတော့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

ဝါထင်းဟုန်ကမူ ကျောက်စိမ်းပန်းအိုးကလေးကို စူးစိုက်ကြည့်နေသည်။

ပြီးမှ စီးမာချင်းအား ပြောလိုက်သည်။

"ညီမလေး ... ဒီကျောက်စိမ်းပန်းအိုးကလေးကို ခဏကြည့်ပါရစေ"

စီးမာချင်းက ခေါင်းညိတ်ပြီး လှမ်းပေးလိုက်သည်။

ဝါထင်းဟုန် ယူကြည့်လိုက်သည်။

ကျောက်စိမ်းပန်းအိုးကလေးအား စေ့စပ်သေချာစွာ ကြည့်ရှုနေရင်းက ရုတ်တရက် သူ၏လက်ကို သွားဖြင့်ကိုက်ချလိုက်သည်။ သွေးများ ဖြာထွက်လာသည်။

ဝါထင်းဟုန်က သွေးများကို ပန်းအိုးကလေးထဲသို့ ထည့်လိုက်သည်။

သိပ်မကြာလိုက်ပါ။

ပန်းအိုးကလေးတစ်ခုလုံး သွေးများပြည့်သွား၏။

ဝါထင်းဟုန်က သွေးအပြည့်ထည့်ထားသော ပန်းအိုးကလေးအား မျက်တောင်မခတ်ဘဲ ငေးကြည့်နေသည်။

အခန်းတွင်းရှိ လူအားလုံးမှာ ဝါထင်းဟုန်၏လုပ်ရပ်ကို အံ့သြနေကြသည်။ ဤအဓိပ္ပါယ်ကို ဝါထင်းဟုန်တစ်ယောက်တည်းသာ သိပေလိမ့်မည်။

အဘွားအို ယင်ထိုက်ကျွမ်ကပါ နားမလည်နိုင်စွာဖြင့် ငေးကြည့်နေသည်။

လူတိုင်းက ပန်းအိုးကလေးကို ဂရုထားကြည့်နေကြသည်။

ပန်းအိုးကလေး၏ အပြင်ဘက်မျက်နှာပြင်၌ တဖြည်းဖြည်း အနီစင်းလေးကြောင်း ပေါ်လာသည်။

ထိုအနီစင်းလေးကြောင်းကို မြင်လိုက်သည်နှင့် ဝါထင်ဟုန်၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ခန္ဓာကိုယ်မှာလည်း တစ်ချက် တုန်ခါသွားသည်။

အမှန်စင်စစ် အနီစင်းကြောင်းလေးကြောင်းမှာ စာလေးကြောင်းပင် ဖြစ်သည်။ စာလုံးများမှာ သေးငယ်လွန်းသောကြောင့် ဝါထင်ဟုန်မှအပ မည်သူကမျှ မမြင်ကြချေ။

ဝါထင်းဟုန်က စာကိုဖတ်လိုက်သည်။

'အချစ်ရဲ့အမြစ်သည် ရန်သူမုန်းကြွေး'

'ရတနာများသည် ရန်သူကိုနှစ်သိမ့်'

'စိတ်ထိခိုက်နာကျင်မှုသည် မျက်ရည်ဂုဏ်ဖြစ်ပေါ်စေ'

'မိုခိုတွယ်တာ တစ်ယောက်အပေါ်မှာ'

ဝါထင်းဟုန်က စာကြောင်းများကိုရွတ်ဆိုရင်း စိတ်မထိန်းနိုင်ဘဲ ခုံကိုလက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း..."

ပန်းအိုးကလေးမှာ ခုံပေါ်သို့ လွှင့်ကျသွား၏။

ပန်းအိုးအတွင်းမှ သွေးများကလည်း သူ့တစ်ကိုယ်လုံးကို စဉ်သွားလေသည်။

သူ၏ ဇနီးနှစ်ယောက်က တိုးတိုးလေး နှစ်သိမ့်စကားပြောကြသည်။ အေးချမ်းသော ယဉ်ကျေးသူတို့၏ အမူအရာပင်။

ဝါထင်းဟုန်က လက်ကာပြကာ စကားမပြောရန် တားမြစ်လိုက်သည်။

သူသည် မိခင်ဖြစ်သူ ယင်ထိုက်ကျွမ်အား မော့ကြည့်လိုက်၏။

သူ၏ပုံစံမှာ ထိတ်လန့်နေဟန် ရှိသည်။

အဘွားအို ယင်ထိုက်ကျွမ်က အေးဆေးသောလေသံဖြင့် ...

"မင်း ဘာကြောင့် ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ၊ ဒေါသလည်း ကြီးမနေနဲ့၊ ငါကိုယ်တိုင် နားလည်ပါတယ်"

ဝါထင်းဟုန်က ဘာမှပြန်မပြောဘဲ ခေါင်းငုံ့သွားတော့သည်။

အခန်းတစ်ခုလုံးမှာ ပြန်လည်တိတ်ဆိတ်သွားသည်။

အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

ထို့အတူ စီးမာချင်းကလည်း တွေ့နေမိသည်၊

"အင်း ... အရင်တုန်းကတော့ ငါဟာ ဝါမိသားစုကို တကယ့် သိုင်းထိပ်ခေါင်တွေလို့ ထင်မိခဲ့တတ်၊ သူတို့ထက် တော်တဲ့လူတွေ မရှိဘူးလို့လဲ ယူဆခဲ့တယ်၊ အခု ငါက ငါ့မိဘအတွက် တရားခံကို ရှာဖွေဖော်ထုတ်ဖို့အတွက် သူတို့ဆီလာခဲ့တယ်၊ သူတို့သာ ဝင်ပါလာရင် ဒီကိစ္စဟာ တစ်ခဏချင်းမှာပဲ ရှင်းလင်းသွားမယ်လို့ထင်ခဲ့မိတာ အခုတော့ ..."

စီးမာချင်းသည် တွေးတောရင်း ဇဝေဇဝါဖြစ်လာသည်။

"အင်း ... ဒီကိစ္စဟာ ထင်သလောက်မလွယ်ပါလား"

မသိမသာ သက်ပြင်းချရင်းစိတ်ထဲမှ တီးတိုးဂျွတ်လိုက်မိလေတော့သည်။ ထို့အတူ တရားခံကိုရှာဖွေရန် မဖြစ်နိုင်တော့ပြီဟုလည်း ယူဆမိသည်။

ဝါမိသားစုကပင် ထိတ်လန့်ပုံရသော လူတစ်ယောက်အား သူမအနေဖြင့် မည်သို့ ရင်ဆိုင်ရပါမည်နည်း။

စီးမာချင်းတစ်ယောက် အတွေးများကြွယ်နေစဉ်၌ ...

အဘွားအို ယင်ထိုက်ကျွမ်၏ စကားသံက ထွက်ပေါ်လာသည်။

"သမီး ... ငါတို့ဝါမိသားစုဟာ မင်းတို့စီးမာမိသားစုနဲ့ ခွဲခြားမရအောင် ရင်းနှီးခဲ့ပါတယ်၊ ဒါကြောင့် စီးမာမိသားစုရဲ့ အရေးကိစ္စဟာ ငါတို့ဝါမိသားစုရဲ့ အရေးကိစ္စပါပဲ၊ မင်းမိဘကို သုတ်သင်ခဲ့တဲ့ တရားခံကို ..."

စီးမာချင်းက အလောတကြီး ကြားဖြတ်မေးလိုက်သည်။

"တရားခံဘယ်သူဆိုတာ ကျွန်မ သိပါရစေရှင်"

အဘွားအို ယင်ထိုက်ကျွမ်က ...

"တရားခံကို အခုသိရတော့လည်း သမီး ရင်ဆိုင်နိုင်ဖို့ မလွယ်ပါဘူးကွယ်၊ ဒီတော့ သမီး စိတ်ရှည်ရှည်ထားပါ၊ သည်းညည်းခံပြီး စောင့်ဆိုင်းပါ"

စီးမာချင်း ပါးစပ်ပိတ်ထားလိုက်သည်။

အဘွားအို ယင်ထိုက်ကျွမ်က စကားဆက်ပြောလိုက်သည်။

"သမျှးက လိမ္မာပါတယ်၊ သမီးကို သိုင်းပညာဆက်သင်ပေးဖို့ ငါတို့ စီစဉ်ရမယ်၊ ကဲ ... ကဲ ... အခုတော့ ခရီးလည်းပန်းလာတယ် မဟုတ်လား၊ အေးအေးဆေးဆေး အနားယူလိုက်ပါဦး"

စီးမာချင်း ခေါင်းညိတ်လိုက်သည်။

သူမအဖို့ မသွားချင်ဘဲသွား မနားချင်ဘဲနားလိုက်ရတော့သည်။

ဝါထင်းဟုန်ကလည်း အခန်းထဲရှိလူများအား ထွက်ခွာသွားရန် အမိန့်ပေးလိုက်သည်။

ဝါထင်းဟုန်၏ သားကြီးဖြစ်သူက ဝါချင်းက ကိုယ်ရံတော်များကိုခေါ်ဆောင်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

❋ ❋ ❋

အခန်း (၃)
ခရီးမထွက်မီ အမှာစကား

အခန်းတစ်ခန်းလုံး တိတ်ဆိတ်နေသည်။

အခန်းတွင်း၌ လူလေးယောက်သာ ရှိသည်။

ယင်ထိုက်ကျမ်၊ ဝါထင်းဟုန်နှင့် ဝါထင်းဟုန်၏ ဇနီးနှစ်ယောက်တို့ ဖြစ်ကြသည်။ အားလုံး စကားမပြောဘဲ ငြိမ်သက်စွာ ထိုင်နေကြသည်။

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ အဘွားအို ယင်ထိုက်ကျမ်က စတင် စကားပြောလိုက်သည်။

"အင်း ... ဒီကိစ္စတော့ ဝါမိသားစုရဲ့ပခုံးပေါ်ကို ကျရောက်လာပြီ၊ တစ်ခါတစ်ရံ တာဝန်ဆိုတာ ဒီလိုပဲ၊ မမျှော်လင့်ဘဲနဲ့လည်း ထမ်းဆောင်ရတတ်ကြရတယ်"

အားလုံးက အဘွားအို ယင်ထိုက်ကျမ်၏စကားကြောင့် အဘွား အိုအား လှမ်းကြည့်လိုက်ကြသည်။

အဘွားအိုက ဆက်ပြောလိုက်သည်။

"ပြီးတော့ ဒီတာဝန်ကို ဒုတိယသခင်လေးကိုပဲ ထမ်းဆောင်ခိုင်းရမယ်"

သူမက ပြတ်သားစွာ ပြောလိုက်သည်။

ဒုတိယသခင်လေးဆိုသူမှာ ဝင်ထင်းဟုန်၏ ဒုတိယမြောက်သား ဝါယင်လုံပင် ဖြစ်သည်။

ဝါယင်လုံမှာ ဝါထင်းဟုန်၏ ဒုတိယဖနီး ပိုင်ကျွမ်ယီက မွေးဖွားသော သားတစ်ဦး ဖြစ်သည်။

အဘွားအို၏စကားကြောင့် ဝါထင်းဟုန်၏ ပထမဖနီး ချင်စုက အလန့်တကြား ဖြစ်သွားသည်။

"အမေ ..."

သူမက ဝင်ရောက်ကန့်ကွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် အဘွားအိုက လက်ကာဟန့်တားလိုက်ပြီး ...

"ဒီထက်ကောင်းတဲ့အကြံ မရှိဘူး"

ပိုင်ကျွမ်ယီ မျက်နှာမသာမယာနှင့် ခေါင်းညိတ်လိုက်ရသည်။

ခင်ပွန်းဖြစ်သူ ဝါထင်ဟုန်အား အကူအညီတောင်းသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သော်လည်း ဝါထင်းဟုန်က သူမအား မကြည့်ပါ။

တည်ငြိမ်သောမျက်နှာထားဖြင့် ပိုင်ကျွမ်ယီအား တစ်ချက်လှမ်းကြည့်လိုက်သည်။ ပိုင်ကျွမ်ယီ၏မျက်နှာကတော့ ခပ်အေးအေးပင်။

ထို့နောက် အခန်းတံခါးဝသို့ လျှောက်သွားပြီး ...

"ဒုတိယသခင်လေးကို ခေါ်လာခဲ့စမ်း"

ဟု အစောင့်များအား အမိန့်ပေးလိုက်သည်။

ပိုင်ကျွမ်ယိက အဘွားအိုအား တောင်းပန်သော မျက်လုံးဖြင့် ကြည့်လိုက်ပြီး ဖျောင်းဖျသောလေသံဖြင့် ပြောလာသည်။

"မေမေ ... သူက အသက်ငယ်သေးတယ်၊ ပြီးတော့ အတွေ့အကြုံလည်းမရှိသေးဘူး၊ ဒီတော့ သူ့ကိုလွှတ်လိုက်တာဟာ အန္တရာယ်များလွန်းတယ်လို့ ကျွန်မထင်တယ်"

အဘွားအို ယင်ထိုက်ကျွမ်က သက်ပြင်းချရင်း ...

"ထင်းဟုန် သိုင်းလောကထဲဝင်တုန်းကလည်း ဒီလိုပဲ၊ အသက်ငယ်ရွယ်ပါတယ်၊ အခုလည်း ယင်လုံက အတွေ့အကြုံမရှိသေးပေမယ့် သူ့အသက်အရွယ်နဲ့ဆိုရင် သိုင်းလောကမှာ လူပ်ရှားဖို့သင့်ပြီ"

ပထမက အေးချမ်းနေသော ပိုင်ကျွမ်ယိသည် ဖျောင်းဖျပြောမရသောအခါ မျက်ရည်ကျလာတော့သည်။

သူမက မျက်ရည်ကျရင်း ...

"ဒီကိစ္စအတွက် ကျွန်မသွားလို့ မဖြစ်ဘူးလား"

အဘွားအို ပြုံးလိုက်ပြီး ပြောဆို၏။

"မင်းသွားလို့ဖြစ်မယ်ဆိုရင် ငါလည်း သွားလို့ဖြစ်တာပေါ့၊ အခုက ..."

ပိုင်ကျွမ်ယိက ဝါထင်းဟုန်ဘက် အကြည့်ကိုလွှဲလိုက်သည်။

ဝါထင်းဟုန်က တစ်စုံတစ်ရာပြောမည်ပြင်ပြီးမှ မပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

ထိုအခိုက်မှာပင် အစောင့်တစ်ယောက်က ရောက်ရှိလာပြီး ဝါထင်းဟုန်အား အရိုအသေပေးလိုက်၏။

"သခင်ကြီး ... ဒုတိယသခင်လေး ဂေဟာထဲမှာမရှိပါဘူး၊ အပြင်ကိုလည်း လူလွှတ်ပြီး ရှာခိုင်းထားပါတယ်"

ဝါထင်းဟုန်က ...

"ဆူသွားတတ်တဲ့ မိန်းကလေး အိမ်တွေကော"

"အကုန်ရှာပြီးပါပြီ"

"အပြင်ဘက်မှာကော သူ့မိန်းကလေးမိတ်ဆွေ ရှိသလား"

"ရှိတော့ရှိပါတယ်၊ ဒါပေမယ့် သခင်လေးတော့ သူတို့ဆီကို မသွားပါဘူး၊ အပြင်ကို သွားတာပါ"

ဝါထင်းဟုန်က ဒေါသထွက်လာပြီး ခုံကို လက်ဝါးဖြင့်တစ်ချက်ရိုက်ချလိုက်သည်။

"ဝုန်း ..."

အားလုံး ထိတ်လန့်သွားကြတော့သည်။

ဝါထင်းဟုန်က ဒေါသတကြားဖြင့် အော်ဟစ်လိုက်သည်။

"ဒီတိရိစ္ဆာန်ကောင် ငါ့ကို အမြဲအရှက်ခွဲမယ့်အကောင်"

အဘွားအို ယင်ထိုက်ကျွမ်က ဝါထင်းဟုန်အား မကျေမနပ်ဖြင့် စိုက်ကြည့်လိုက်သည်။

ဝါထင်းဟုန်က ကမန်းကတန်း မျက်နှာထားပြင်လိုက်ပြီး ...

"ကျွန်တော် သတိလစ်ပြီး ဒေါသထွက်မိခဲ့တာ ခွင့်လွှတ်ပါအမေ"

ယင်ထိုက်ကျွမ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီးနောက် ပိုင်ကျွမ်ယိဘက်လှည့်ကာ ပြောလိုက်သည်။

"ငါ ဆုံးဖြတ်ပြီးပြီ၊ ယင်လုံ အခုချက်ချင်းပဲ ခရီးထွက်ရမယ်၊ သူ့အတွက် လိုအပ်တဲ့ပစ္စည်း ယူလာခဲ့"

ပိုင်ကျွမ်ယိ အစေခံများကိုခေါ်၍ ပြင်ဆင်ခိုင်းရန် ဟန်ပြင်လိုက်သည်။

အဘွားအို ယင်ထိုက်ကျွမ်က လက်ကာပြပြီး မေးလိုက်သည်။

"သိုင်းလောကခရီးက လူ့လောကခရီးနဲ့ တူသလား"

ပိုင်ကျွမ်ယိ ကြောင်သွားသည်။ ဘာပြန်ဖြေရမှန်းမသိဘဲလည်း ဖြစ်သွားသည်။

အဘွားအို ယင်ထိုက်ကျွမ်က ပြောလေသည်။

"သိုင်းသမားပဲ ... သိုင်းသမားဆိုတာ ကိုယ်ခံ လုံရမယ်၊ ပျော့ပွဲစားထွက်တာ မဟုတ်ဘူး၊ သိုင်းလောကထဲထွက်တာဟာ အင်မတန် ကျစ်လျစ်ရတယ်၊ ဧည့်သည်သွားလုပ်တာ မဟုတ်ဘူး၊ ဘာပစ္စည်းမှ မလိုဘူး၊ ဓားတစ်ချောင်းဆိုရင် လုံလောက်ပြီ၊ ကဲ ... သွားယူကြစမ်း"

အဘွားအို၏ စကားအဆုံး၌ ချင်စုနှင့် ပိုင်ကျွမ်ယိတို့သည် အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားကြတော့သည်။

ဝါထင်းဟုန်က သားဖြစ်သူ ဝါယင်လုံအား မကျေမနပ်ဖြစ် နေသည်။

သူ၏သားသည် သူ့ကဲ့သို့ သိက္ခာရှိစွာ စည်းစနစ်ကျစွာ နေ ထိုင်သောသူမဟုတ်ဘဲ မြားပွေလွန်းသောကြောင့် ဖြစ်သည်။

ဝါထင်းဟုန်က တက်တစ်ချက် ခေါက်လိုက်ပြီး ...

"ဒီကောင် မြားပွေလွန်းတယ် အမေ၊ ကျွန်တော် ကြားရတဲ့ သတင်းတွေ နားမဆံ့တော့ဘူး"

ဝါထင်းဟုန်သည် ဆက်ပြောရန်ဟန်ပြင်ပြီးမှ ရပ်လိုက်၏။

သူ၏အမေက သူ့အား မကျေမနပ်ဖြင့် ကြည့်နေသောကြောင့် ဖြစ်သည်။

အဘွားအို ယင်ထိုက်ကျွမ်က တည်ကြည်စွာ ပြောလေ၏။

"မင်း မှားနေပြီ၊ မင်းဘဝလမ်းခရီးကို မင်းက ဒီလိုလျှောက်လို့ မင်းရဲ့သားကို ဒီလိုလျှောက်ရမယ်လို့ မသတ်မှတ်သင့်ဘူး"

ဝါထင်းဟုန်က သူ့အမေကို ပြန်ကြည့်သည်။ ဘာမှတော့ မပြောပေ။

အဘွားအို ယင်ထိုက်ကျွမ်က ...

"သူဟာ မင်းလိုအရွယ်ရောက်နေတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ သူဟာ လူငယ်လေးတစ်ယောက်ပဲ ရှိသေးတယ်၊ ငယ်ငယ်က ဆိုးတဲ့ကလေးဟာ ကြီးတဲ့အခါ လိမ္မာသွားတာလည်းရှိတယ်၊ ငယ်ငယ်က လိမ္မာတဲ့ကလေးဟာ ကြီးတဲ့အခါ ဆိုးသွားတာလည်းရှိတယ်၊ သူ့ရဲ့စိတ်ထားနဲ့ ပတ်ဝန်းကျင်၊ အချိန်အခါကို ဘယ်သူမှ အတတ်ပြောလို့မရဘူး၊ ရှေ့လျှောက် သူ့ဘဝခရီး ဘယ်လိုဖြစ်မလဲဆိုတာ ကိုလည်း ဘယ်သူမှ အတတ်မပြောနိုင်ဘူး"

ဝါထင်းဟုန် ...

"ယင်လုံဟာ ဒီလောက်မတော်ပါဘူး၊ သူက ဒီလောက်ကြီးလေးတဲ့ကိစ္စကို ဆောင်ရွက်နိုင်မယ် မထင်ဘူး"

အဘွားအို စိတ်ဆိုးသွားပြီး အော်ငေါက်လိုက်၏။

"ဒီတာဝန်ကို မထမ်းဆောင်နိုင်လည်း ထမ်းဆောင်ရမှာပဲ"

ဝါထင်းဟုန်က ...

"ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင် နုစမ်းရင်ကောင်းမယ်လို့ ထင်တယ်၊ ဒါကြောင့် ..."

သူ စကားမဆက်နိုင်ပါ။

အဘွားအို၏ ဒေါသမျက်လုံးများကြောင့် ခေါင်းငုံ့ထားလိုက်ရသည်။ မျက်လုံးများသည် မီးလျှံများသဖွယ် ဖြစ်လာသည်။

ယင်ထိုက်ကျွမ်က အစေခံတစ်ယောက်အား ခေါ်လိုက်ပြီး ...

"ငါ့အနန်းထဲက နံ့သာဖြူဘူးလေးတစ်လုံးကို ယူလာခဲ့စမ်း"

မကြာခင် အစေခံမလေးတစ်ယောက်သည် နံ့သာဖြူဘူးကို ယူလာပြီး အဘွားအို၏ ရှေ့စားပွဲပေါ်၌ တင်ထားလိုက်သည်။

ထိုစဉ်မှာပင် ချင်စု ပြန်ရောက်လာသည်။

သူ့လက်ထဲ၌ အတွင်း၌ခံဝတ်သော ကိုယ်ကျပ်အင်္ကျီတစ်ထည် ပါလာသည်။

ပိုင်ကျွမ်ယီကလည်း မားရှည်တစ်လက်ကို ကိုင်ဆောင်ကာ ပြန်ဝင်လာသည်။

အဘွားအိုက အစေခံအား ကြည့်လိုက်သည်။

"ဒုတိယသခင်လေးကို လူလွှတ်ပြီး ထပ်ရှာပါ၊ နေမဝင်ခင် ဒီကိုရောက်အောင် ခေါ်လာခဲ့ပါ"

သူမ အမိန့်ထပ်ပေးလိုက်ရာ အစေခံမလေး ချက်ချင်းထွက် သွားသည်။

ဝါထင်းဟုန် စောစောကစကားကို ပြန်ဆက်လိုက်သည်။

"ဒီတိရစ္ဆာန်ကောင်ဟာ ဒီကိစ္စကို ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ကတော့ မထင်ဘူး"

ချင်စုကလည်း ဝင်ပြောလိုက်သည်။

"သူ့အစား ဝါချင်းကိုလွှတ်လိုက်တာက ပိုကောင်းမယ်ထင်တယ်အမေ"

အဘွားအို သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"မင်းတို့ ဘာမှနားမလည်ပါဘူး၊ အခုကိစ္စဟာ အင်မတန်

ခွပ်ထွေးနေတယ်၊ ဝါချင်းဟာ ဒီတာဝန်နဲ့ မသင့်လျော်ဘူး၊ ဉာဏ်များရမှာဆို့တော့ ဝါချင်းကိုလွှတ်ရင် ပိုပြီး အန္တရာယ်များနိုင်တယ်လို့ ငါ ယူဆတယ်"

ထိုစဉ် အခန်းအပြင်ဘက်မှ ခြေသံကို ကြားလိုက်ရသည်။

လူကိုမမြင်ရမီ အသံက အခန်းတွင်းသို့ ပျံ့လွင့်ဝင်ရောက် လာသည်။

"ဘွားဘွား ... ကျွန်တော့်ကို ဘာကြောင့်ခေါ်တာလဲ"

ချောမောလှပသော လူငယ်တစ်ယောက်က ယပ်တောင်ကို တဖျတ်ဖျတ်ခတ်ရင်း အခန်းတွင်းသို့ ဝင်လာသည်။

ထိုလူငယ်၏အသက်မှာ ၁၈-နှစ်ခန့်သာ ရှိသေး၏။

ထိုလူငယ်သည် ဝါထင်းဟုန်၏ ဒုတိယသား ဝါယင်လုံပင် ဖြစ်ပါသည်။

ဝါထင်းဟုန်၌ သားသုံးယောက်နှင့် သမီးနှစ်ယောက် ရှိသည်။

ဝါယင်လုံတစ်ဦးတည်းကိုသာ ပိုင်ကျွမ်ယီက မွေးဖွားပြီး ကျန် လေးယောက်မှာ ချင်စုက မွေးဖွားခဲ့သူများ ဖြစ်၏။

ပိုင်ကျွမ်ယီမှာ အပျိုဘဝက သိုင်းလောက၏ အလှမယ်ဘွဲ့ကို ဆွတ်ခူးခဲ့သူတစ်ယောက်ဖြစ်ရာ ဝါယင်လုံမှာ မိခင်၏ ချောမောလှပ ခြင်းကို ဆက်ခံရရှိခဲ့သည်။

ဝါထင်းဟုန်မှာ စည်းကမ်းကြီးသူ ဖြစ်၏။

ဝါမိသားစုသာမက အစောင့်အကြပ်များကိုပင် စည်းကမ်းများ တင်းကျပ်စွာ ချမှတ်ခဲ့သည်။ သံမဏိစည်းကမ်းများပင်။

အားလုံးသောလူများကလည်း စည်းကမ်းကို ရိုသေလေးစား စွာ လိုက်နာကြသည်။

သို့သော် ဝါယင်လုံတစ်ယောက်အတွက်တော့ ခြွင်းချက်ဖြစ်နေလေသည်။

ဝါယင်လုံ ငယ်စဉ်ကပင် ချမှတ်ထားသော စည်းကမ်းများကို မကြာခဏ ဖောက်ဖျက်ခဲ့သည်။

သူ့အား မည်သို့ဆုံးမစေကာမူ အပြစ်ဒဏ်ပေးစေကာမူ စည်းကမ်းများကို မလေးစားချေ။

သူသည် ဉာဏ်နီဉာဏ်နက်များပြီး ဆင်ခြေအပေးထူသော လူတစ်ယောက် ဖြစ်လာသည်။

အချိန်ကြာလာသည်နှင့်အမျှ ဝါထင်းဟုန်မှာ သူ့အား လက်မြောက်ထားလိုက်ရတော့သည်။

ဝါယင်လုံသည် အသံကျယ်လောင်စွာ အော်ဟစ်ပြောဆိုရင်း အခန်းတွင်းသို့ ဝင်လာသည်။

အခန်းတွင်းသို့ ရောက်လာသောအခါ လူအားလုံးမှာ မျက်နှာမသာမယာဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြသွား၏။

ထို့အတူ သူ၏မိခင် ဒိကြွေးထားသည်ကိုလည်း တွေ့ရသဖြင့် ရင်ထိတ်သွားသည်။

မျက်နှာပိုးသတ်လိုက်ပြီး အဘွားဖြစ်သူရှေ့ ဂါရဝပြုဒူးထောက်လိုက်သည်။

"ဘွားဘွားကို လာတွေ့ပါတယ်"

အဘွားအိုက ...

"ထ ... ထ ... အေးအေးဆေးဆေးပဲ နေပါ"

ဝါယင်လုံသည် ဖခင်ဘက်လှည့်၍ ဂါရဝပြုပြီးနောက် ချင်စဘက်သို့လှည့်ကာ ခေါ်လိုက်သည်။

"အမေ ..."

ချင်စုက မျက်ရည်များကျလာသည်။ ချင်စုကလည်း သူ့ကို သားအရင်းသဖွယ် ချစ်ခင်သဘောထားသည်။

"ကဲ ... ကဲ ... မင်း ထိုင်ပါဦး"

ဝါယင်လုံက သူ့အမေ ပိုင်ကျွမ်းယိအနီး၌ ထိုင်ချလိုက်သည်။

သူ၏မျက်လုံးများက စားပွဲခုံပေါ်တွင် တင်ထားသော မားနှင့်အတွင်းခံကိုယ်ကျပ်အင်္ကျီကို တွေ့လိုက်ရသည်။

တစ်ဆက်တည်းမှာပင် လက်ရာမြောက်လှသော ကျောက်စိမ်းပန်းအိုးကလေးကိုပါ မြင်မိသည်။

ဝါယင်လုံက သူ၏မိခင်ဘက်သို့ လှည့်လိုက်ပြီး ...

"မေမေ ဘာကိစ္စကြောင့် ငိုနေရတာလဲ၊ ကျွန်တော် အပြင်ဘက်က ပြဿနာပါလာလို့လား"

ပိုင်ကျွမ်းယိက ခေါင်းခါလိုက်၏။

ဝါထင်းဟုန်က ...

"မင်း ဘာမှမေးမနေနဲ့၊ မင်းကို ပြောစရာရှိတယ်"

ဝါယင်လုံ မျက်လုံးပြူးသွားသည်။

သူ့အား ဆူပူကြိမ်းမောင်းတော့မည်ဟု ထင်မှတ်ကာ စိတ်ညစ်သွားသည်။

အဘွားအို ယင်ထိုက်ကျွမ်က ...

"သားလေး ... စီးမာချန်ချင်းရဲ့ဂေဟာမှာ ပြဿနာတစ်ခု ပေါ်ခဲ့တယ်ဆိုတာ မသိသေးဘူးလား"

ဝါယင်လုံက ခေါင်းခါရင်း ...

"မသိသေးပါဘူး ဘွားဘွား၊ အခုပဲ ဘဘကျုံလျောင်ရဲ့ခေါ်သံကိုကြားလို့ ပြန်လာခဲ့တာပါ"

ဝါထင်းဟုန်က ထောင့်မကျိုးသော သူ၏သားကိုကြည့်ရင်း ...

"ဟေ့ကောင် ... မင်း ဒူးထောက်နားထောင်စမ်း၊ မင်းကို ဘွားဘွားက ပြောစရာရှိနေတယ်"

ဝါယင်လုံ၏မျက်နှာ ရုံ့မဲ့သွားသည်။

အဝတ်အစားကို သပ်သပ်ရပ်ရပ်ပြုပြင်ကာ အဘွားအိုရှေ့၌ ဒူးထောက်လိုက်သည်။

အဘွားအိုက သက်ပြင်းချရင်း စကားစလိုက်သည်။

"စီးမာချန်ချင်းနဲ့ သူ့ဇနီးဟာ လုပ်ကြံခံလိုက်ရတယ်၊ ဒီနေ့ပဲ သူ့သမီး စီးမာချင်းရောက်လာပြီး ပြောပြခဲ့တယ်၊ ဒဏ်ရာကတော့ လည်ပင်းအထက်ကို တိရစ္ဆာန်တစ်ကောင်ကောင်က ကိုက်ထားသလိုပဲလို့ပြောတယ်"

ဝါယင်လုံက မျက်မှောင်ကြုတ်သွားပြီး ...

"ဒါတော့ မဖြစ်နိုင်ဘူး၊ ဦးလေးစီးမာချန်ချင်းရဲ့ သိုင်းပညာဟာ ထိပ်တန်းအဆင့်ပါ၊ ပြိုင်ဘက်ကင်းတဲ့ ဓားသမားတစ်ယောက် မဟုတ်လား၊ ဘယ်သူက သူ့ကို လုပ်ကြံနိုင်မှာလဲ"

အဘွားအိုက ...

"ပြိုင်ဘက်ကင်းတယ်ဆိုတာ ဘာလဲ၊ ပညာတစ်ခုဟာ ဆုံးခန်းတိုင်တယ်လို့ မရှိဘူး၊ လူပေါ်မှာ လူရှိတယ်၊ တောင်ပေါ်မှာ တောင်ရှိတယ်၊ ဒီတော့ တစ်ဖက်သတ် ပြိုင်ဘက်မရှိဘူးလို့ မဆုံးဖြတ်နိုင်ဘူး"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

ထို့နောက် မေးခွန်းတစ်ခု ထုတ်လိုက်ပြန်သည်။

"ဦးလေးစီးမာချန်ချင်းဟာ ရန်သူကိုတော့ ပြန်မတိုက်နိုင်ဘူးဆားပါတော့၊ တိရစ္ဆာန်တစ်ကောင်က ကိုယ်သတ်တာဆိုဟာတော့ လုံးဝ မဖြစ်နိုင်ပါဘူး ဘွားဘွား"

အဘွားအိုက ...

"ဒါကတော့ သူ့တို့ရဲ့သမီး စီးမာချင်းကိုယ်တိုင် ပြောတာပဲ"

ဝါယင်လုံက ...

"ဒါနဲ့ စီးမာချင်းကော"

"သူ့ကို အနားယူခိုင်းထားတယ်"

ဝါယင်လုံက စားပွဲပေါ်ရှိ ကျောက်စိမ်းပန်းအိုးကလေးကို စိုက်ကြည့်လိုက်သည်။

အဘွားအိုက နားလည်သည့်အလား ...

"ဟုတ်တယ်၊ ဒီကျောက်စိမ်းပန်းအိုးကလေးဟာ တရားခံကထားခဲ့တဲ့ အမှတ်အသား၊ တရားခံရှာဖို့ တစ်ခုတည်းသော အထောက်အထားပဲ၊ ငါတို့မှာ အဲဒီ သဲလွန်စကလွဲလို့ ဘာမှ မရခဲ့ဘူး"

ဝါထင်းဟုန်က ...

"ဒီပန်းအိုးက ကျောက်စိမ်းနဲ့လုပ်ထားတာ၊ မင်းယူသွားဖို့ မလိုဘူး"

ဟုပြောပြီး စကားဆုံးသည်နှင့် ကျောက်စိမ်းပန်းအိုးလေးအားသိမ်းဆည်းလိုက်သည်။

ဝါယင်လုံ မကျေမနပ်ဖြစ်သွားသည်။

"ဒီလောက်ထူးဆန်းတဲ့ လူသတ်မှုကို ငါ့ကို စုံစမ်းခိုင်းတယ်၊

ဒါဆိုရင် ဒီပန်းအိုးကလေးကို ငါ့ကို ပေးရမယ်၊ ဒါမှမဟုတ် ငါ့ကို သေသေချာချာ စစ်ဆေးခွင့်ပေးသင့်တယ်"

ဟုစိတ်ထဲမှ တွေးတောနေသည်။

အမှန်စင်စစ် ဝါထင်းဟုန်က ပန်းအိုးကလေးမေါ်မှ စာကြောင်းများကို ပေးမသိစေချင်သောကြောင့်ပင် ဖြစ်သည်။

ဝါယင်လုံ စိတ်ထဲ၌ သံသယဝင်သွားသည်။

ထိုကျောက်စိမ်းပန်းအိုးကလေး၌ တစ်စုံတစ်ခုသော အကြောင်းရှိရမည်ဟုလည်း ရိပ်စားမိသည်။

သူက ပန်းအိုးကလေးထဲမှအကြည့်ကို အဘွားဘက်သို့ ပြောင်းလိုက်ပြီး ...

"ဘွားဘွား ... ကျွန်တော့်ကိုခေါ်တာ ဒီကိစ္စအတွက်လား"

အဘွားအိုက ...

"တို့အမြင် ပြောရအောင်၊ အခု စီးမာမိသားစု လုပ်ကြံခံရပြီဆိုတော့ ဘာလုပ်သင့်သလဲ"

ဝါယင်လုံက ...

"စီးမာမိသားစုမှာ စီးမာချင်းတစ်ယောက် ကျန်နေသေးတာပဲ၊ သူက သူ့မိဘနှစ်ပါးကို လုပ်ကြံသွားတဲ့ တရားခံကိုရအောင် ရှာဖွေရမှာပေါ့"

ဟု မဆိုင်းမတွ ပြောလိုက်သည်။

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"အေး ... အခု မိန်းကလေးက မရ,ရအောင် ရှာဖွေမှာပဲ"

ဝါယင်လုံ အနည်းငယ်စဉ်းစားလိုက်ပြီးမှ ပြောသည်။

"ဒါဆိုရင် ဘွားဘွားက သူ့ကို သိုင်းပညာသင်ပေးလိုက်ပါသား၊ ဒါမှ သူ တရားခံကိုရှာတွေ့ရင် ဆုံးမနိုင်မှာ၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

အဘွားအိုက ကြားဖြတ်မေးလိုက်သည်။

ဝါယင်လုံက ...

"စီးမာချင်းက တရားခံကို ဘယ်လိုလုပ်ရှာမလဲ၊ သူ ရှာကောဘွဲ့နိုင်မှာလား"

အဘွားအိုက ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... ဒီကိစ္စအတွက် တို့ ဝါမိသားစုအပေါ် တာဝန်ကျလာပြီ၊ တရားခံကို တို့က စုံစမ်းသိထားမှ မိန်းကလေးက သိုင်းပညာသင်ပြီး ထွက်ရှာတဲ့အခါ ပိုပြီးလွယ်ကူမှာပေါ့"

ဝါထင်းဟုန်ကလည်း ဝင်ပြောလိုက်၏။

"ငါတို့ ဆုံးဖြတ်ထားတယ်၊ လူသတ်တရားခံကို စုံစမ်းဖို့ငင်းကို လွှတ်မလို့ပဲ"

ဝါယင်လုံ မဲ့ပြုံးပြုံးလိုက်သည်။

ပိုင်ကျွမ်ယီက ...

"သားမှာ အခက်အကဲရှိရင် ဘွားဘွားကိုပြော၊ ဒါမှ ဘွားဘွားက အကြံဉာဏ်ပေးလိုက်နိုင်မှာ"

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး ...

"ကျွန်တော် တစ်ခု မေးစရာရှိပါတယ်"

အဘွားအိုက ...

"ဘာမေးချင်လို့လဲ"

ဝါယင်လုံက စိတ်ထဲမှ တွေးတောနေသည်။

"အင်း ... အမှန်အတိုင်းဆိုရင် ဒီကိစ္စကို ဘွားဘွားကိုယ်တိုင် ထွက်ဖို့သင့်တာပဲ၊ ပြီးတော့ သူတို့စိတ်ထဲမှာ ငါ့ကို အစ်ကိုကြီးဝါချင်းလောက် မတော်ဘူးဆိုတာ သိသားနဲ့ ဘာကြောင့် အစ်ကိုကြီးကို မခိုင်းဘဲ ငါ့ကိုမှရွေးပြီး ခိုင်းရပါလိမ့်"

သို့သော် ပါးစပ်ကမူ ...

"မမေးတော့ပါဘူး ဘွားဘွား၊ ကျွန်တော် အရွယ်ရောက်နေပါပြီ၊ သိုင်းလောကထဲထွက်ရင် အတွေ့အကြုံ တိုးပွားတာပေါ့"

ထိုသို့ပင် ပြောလိုက်သည်။

ပိုင်ကျွမ်ယိနှင့် ချင်စုတို့မှာ ဘာမှမပြောသာဘဲ ဖြစ်သွား၏။ မျက်ရည်များသာ ဝဲနေသည်။

အဘွားအိုက ခေါင်းတစ်ချက်ဟန့်လိုက်ပြီး ...

"ဒီမှာသား ... သေသေချာချာနားထောင်ပါ"

"ဟုတ်ကဲ့"

"လွန်ခဲ့တဲ့ ၂၁-နှစ်လောက်က သိုင်းလောကမှာ မိန်းကလေးတစ်ဦးဟာ သိပ်ပြီး ကျော်ကြားခဲ့တယ်၊ သူ့နာမည်က 'ယင်ယင်'တဲ့၊ သူ့ကို သိုင်းလောကသားတွေက 'ကျောက်စိမ်းပန်းအိုး'လို့ ခေါ်ကြတယ်၊ မင်း စောစောကမြင်ရတဲ့ ကျောက်စိမ်းပန်းအိုးကလေးဟာ သူ့ကို ကိုယ်စားပြုတဲ့သဘောပဲ"

ဝါယင်လုံသည် ထိုစကားကိုကြားသောအခါ စိတ်မာတ်တက်ကြွလာသည်။

"အင်း ... ဒါဆိုရင် ဒီကိစ္စက လွယ်ကူသားပဲ"

အဘွားအိုက ခေါင်းခါယမ်းရင်း ...

"မဟုတ်ဘူး ... ဒီ ယင်ယင်ဟာ ငါတို့သိသလောက်ဆိုရင် သိုင်းလောကမှာ မရှိတော့ပါဘူး၊ သေဆုံးသွားပါပြီ"

ဝါယင်လုံ မျက်မှောင်ကြုတ်လိုက်သည်။

"သူ သေဆုံးသွားတယ်တာကို ဘယ်သူက သေသေချာချာသိလို့လဲ"

အဘွားအိုက ...

"မင်း စဉ်းစားတတ်သားပဲ၊ အေး ... ယင်ယင်သေတာနဲ့ ပတ်သက်ပြီး သေတမ်းစာတစ်စောင် အထောက်အထားရခဲ့တယ်၊ ဒီတော့ သူ သေပြီလို့ ယူဆရမှာပေါ့"

ဝါယင်လုံက ...

"ဒါဆိုရင် စီးမာချန်ချင်းတို့ကိုသတ်တဲ့ လူသတ်တရားခံဟာ နောက်မျိုးနွယ်လား၊ ဒါမှမဟုတ် သူ့အမည်ကိုအသုံးချပြီး လူသတ်ခဲ့တာလား"

အဘွားအိုက သက်ပြင်းချရင်း ...

"ဒီကိစ္စက ပြောရတာခက်သားပဲ၊ ဒီတော့ ယင်ယင်ဟာ အသက်ရှင်ချင်လည်း ရှင်နေမယ်၊ သေရင်လည်း သေနေမှာပဲ"

"ဒါထက် ယင်ယင်ဆိုတဲ့အမျိုးသမီး ရှိနေရင်ကော ကျွန်တော်တို့ ဝါမိသားစုက ကြောက်ရမှာလား"

အဘွားအိုက ...

"သူ့သိုင်းပညာဟာ အဆင့်မြင့်တယ်၊ သူသာ လူ့လောကမှာ ရှိနေတယ်ဆိုရင် တို့ ကြောက်ရမှာပဲ"

ဝါယင်လုံ အံ့သြသွားသည်။

"ဗျာ ... ဘယ်လို"

"ဟုတ်တယ်၊ တို့တတွေရဲ့သိုင်းပညာက သူ့ကို လုံးဝမမီနိုင်ပါဘူး"

တစ်ချိန်လုံးငြိမ်သက်နေသော ချင်စုက ...

"တို့က သူ့အပေါ်မှာ အပြစ်တစ်ခု ကျူးလွန်မိခဲ့တယ်"

ထိုစကားကြားသောအခါ ဝါယင်လုံ၏ရင်ထဲ၌ လေးလံလာသည်။ သူသည် သက်ပြင်းချရင်း ...

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

အဘွားအိုက ...

"တို့က သူ့အပေါ်မှာ တို့စိတ်နဲ့တို့ကိုယ် သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်ကို တစ်ခါတစ်ခါ လူက မလွန်ဆန်နိုင်တာကြောင့်ပဲ၊ တို့မိသားစုကို သူက ပြန်ပြီး ကလဲ့စားချေရင်လည်း တို့အဖို့ သေရုံပါပဲ"

ဝါယင်လုံက ...

"ဒါဆိုရင် ကျွန်တော်တို့မှာ အပြစ်မရှိပါဘူး"

အဘွားအိုက ဘာမှပြန်မပြောပါ။

စားပွဲခုံပေါ်ရှိ နံ့သာဖြူဘူးလေးအား ယူလျက် ဘူးထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်သည်။

စက္ကူမှာ ဝါကျင်နေသည်။

နှစ်အတန်ကြာမြင့်ပြီဖြစ်ကြောင်း သိနိုင်သည်။

ဝါယင်လုံက စာကိုလှမ်းကြည့်ရင်း ...

"ဒီစာဟာ ယင်ယင်ရဲ့စာလား"

အဘွားအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ဒါပေမယ့် မင်းကြည့်ခွင့်မရှိဘူး၊ ပြီးတော့ ခေါ်းလည်းမကြည့်ရဘူး၊ ဒါဟာ သူ့ပညတ်ချက်တစ်ခုပဲ"

ဝါယင်လုံက ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... စိတ်ချပါ ဘွားဘွား"

အဘွားအိုက ပိုင်ကျွမ်းယီဘက်သို့လှည့်ပြီး အမိန့်ပေးလိုက်၏။

"ဒီစာကို ဆီစိမ်စက္ကူနဲ့ထုတ်၊ ပြီးတော့ သူ့အတွင်းခံအင်္ကျီကြားထဲမှာရက်ပြီး ချုပ်ပေးလိုက်"

"ဟုတ်ကဲ့"

ပိုင်ကျွမ်းယီက စာကိုလှမ်းယူပြီး ဝါယင်လုံမသိအောင် ယက်၍ ချုပ်ပေးလိုက်၏။

ချုပ်ပြီးသောအခါ ...

"ကဲ ... ဒီစာဟာ အရေးကြီးတယ်၊ မင်း ဒီအင်္ကျီကိုဝတ်ပါ"

ဝါယင်လုံက အင်္ကျီကိုချွတ်လိုက်ပြီး အတွင်းခံအင်္ကျီကို ဝတ်ဆင်လိုက်သည်။ အတွင်းခံအင်္ကျီမှာ သူနှင့်အံကျပင်။

ထို့နောက် အပေါ်အင်္ကျီကို ပြန်လည်ဝတ်ဆင်လိုက်သည်။ ချုပ်ချပ်ယပ်ယပ် ဖြစ်သွားသည်။

"ဒီကိစ္စဟာ ငါတို့ဝါမိသားစုရဲ့ အဆိုးအကြောင်း ကံကြမ္မာနဲ့ အများကြီးပတ်သက်တယ်၊ ငါတို့မိသားစုရဲ့ သေရေးရှင်ရေးဆိုရင်လည်း မမှားဘူး၊ အခု ဒီတာဝန်ဟာ မင်းအပေါ် ရောက်လာပြီ၊ မင်း ပေါ့ဆရင် ..."

ဝါထင်းဟုန်က စကားဆုံးအောင်မပြောဘဲ ရပ်ထားလိုက်သည်။ စကားဆုံးအောင်ပြောလျှင် အဓိပ္ပါယ်မကောင်းဘဲ ဖြစ်ပေလိမ့်မည်။

ဝါယင်လုံက ...

"စိတ်ချပါ ဖေဖေ ... ကျွန်တော် သတိထားပါ့မယ်"

အဘွားအိုက ...

"ဒီကိုယ်ကျပ်အင်္ကျီဟာ မင်းအစ်ကိုကြီး တစ်နှစ်ပြည့်တုန်းက သိုင်းလောကသားတွေကပေးခဲ့တဲ့ လက်ဆောင်ပဲ၊ ဓား၊လုံလက်နက်ကို ကာကွယ်နိုင်တယ်၊ ပြီးတော့ နွေးထွေးမှုလည်း ပေးနိုင်တယ်၊ တန်ဖိုး အင်မတန်ကြီးမားတယ်"

"ဟုတ်ကဲ့ ... စာအတွက်ကော"

"မင်း အခုသိုင်းလောကကို သွားရမယ်၊ တရားခံကို ရှာဖွေရမယ်၊ ဓာကယ်လို့ တရားခံဟာ ယင်ယင်ရဲ့မျိုးဆက်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က အယောင်ဆောင်တာဆိုရင် လွယ်ပါတယ်"

"ဒါဖြင့် ယင်ယင်ကိုယ်တိုင်ဆိုရင်ကော"

"ဓာကယ်လို့ ယင်ယင်ကိုယ်တိုင်ဆိုရင်တော့ ဒီစာကို သူ့ကို ပြန်ပေးလိုက်ပါ"

"ပြန်ပေးပြီးတော့ကော"

အဘွားအို တွေဝေသွားသည်။ အတန်ကြာမှ ...

"ပြန်ပေးပြီးနောက်ပိုင်း ဘယ်လိုဖြစ်မယ်ဆိုတာတော့ အခြေအနေကိုကြည့်ရမယ်၊ သူ့အပြောင်းအလဲပေါ် မူတည်ပြီး မီးစဉ်ကြည့်ကရာမှာပဲ၊ သူ့အမူအရာ ပျော့ပြောင်းခြင်း၊ တင်းမာခြင်းအပေါ်ကြည့်ပြီး ဆက်လုပ်ရမှာပဲ"

ဝိုင်ကျွမ်းယိုက ...

"အပြောင်းအလဲတော့ရှိမှာ သေချာပါတယ်၊ ဒါကြောင့် မင်း ဘာပဲလုပ်လုပ် ဝိရိသေသပ်ပါ"

"ဟုတ်ကဲ့"

"ပြီးတော့ မင်း ဒီကိစ္စတစ်ခုတည်းကိုပဲ အာရုံထားပြီး လုပ်ပါ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေ ဝင်ပြီးမစပ်စုပါနဲ့၊ စပ်စုခြင်းဟာ ကိုယ်ကျိုးနည်းခြင်းတစ်မျိုးပဲ"

"ဟုတ်ကဲ့ မေမေ"

ဝါထင်းဟုန်က ...

"ပြီးတော့ မင်းရဲ့အကျင့်ဆိုးတွေကိုလည်း ပြုပြင်ပါ"

အဘွားအိုက သူ၏ ချွေးမနှစ်ယောက်ဘက်သို့လှည့်ကာ မျက်ရိပ်ပြလိုက်သည်။

ဝိုင်ကျွမ်းယိမှာ မျက်ရည်များဝဲလာ၏။ လက်နှစ်ဖက်မှာလည်း တုန်ယင်လာသည်။ ဓားလွတ်ကျတော့မည်ကဲ့သို့ ဖြစ်လာသည်။

သူမသည် ဓားအိမ်ကိုဆွဲယူပြီး ဓားကိုထုတ်လိုက်သည်။

ပြီးနောက် အံကိုကြိတ်ကာ ...

"သား ... ဒီကိုလာခဲ့ပါ"

ဝါယင်လုံက ဒူးထောက်နေရာမှရပြီး သူ၏မိခင်ရှေ့၌ ရပ်လိုက်သည်။

ဝါယင်လုံ၏စိတ်ထဲ၌ မိခင်၏အမူအရာကိုကြည့်ပြီး စိုးရိမ်လာသည်။ သူ့မိခင်သည် သူထွက်ခွာတော့မည်သိသဖြင့် စိတ်မကောင်းဖြစ်နေသည်ဟုသာ ထင်မိသည်။

ပိုင်ကျွမ်းယိ၏ အမူအယာကလည်း ထူးခြားလှသည် မဟုတ်ပါလား။

ဝါယင်လုံက ...

"မေမေ ဘာဖြစ်နေတာလဲ၊ သားအတွက် မစိုးရိမ်ပါနဲ့၊ ဒီကိစ္စကို သားရအောင် စုံစမ်းပါ့မယ်"

ဝါထင်းဟုန်က တုန်ယင်နေသော သူ၏ဇနီးကိုကြည့်ကာ ...

"ပိုင်ကျွမ်းယိ ... ဓားကို ငါ့ပေး"

ပိုင်ကျွမ်းယိ သက်ပြင်းချရင်း ...

"ကျွန် ... ကျွန်မပဲ လုပ်ပါ့မယ်"

ဝါယင်လုံက သူ၏အဖေနှင့်အမေကိုကြည့်ကာ အံ့သြနေ၏၊ အဘယ်ကြောင့် သူတို့ မျက်နှာပျက်နေရသနည်း။

သူ့အား တာဝန်ကိုပေးပြီးမှ မဆောင်ရွက်နိုင်မည်ကို စိုးရိမ်သောကြောင့်လော။

သို့မဟုတ် အတွေ့အကြုံမရှိသေး၍ သူ့အား စိတ်မချသောကြောင့်လောဟု တွေးနေစဉ် သူ၏မိခင်လက်မှ ဓားသည် တဖြည်းဖြည်းမြှောက်တက်လာပြီး ...

"သား ... ဘယ်လက်ကိုမြှောက်၊ ရင်ဝမှာကာထားစမ်း၊ လက်ဝါးကို အမေ့ဘက်ထား၊ မင်းကို အမေနာအောင် မလုပ်ပါဘူး"

ဝါယင်လုံက ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူ၏မိခင်ပြောသည့်အတိုင်း လက်ကို ထားလိုက်ပြီး ...

"မေမေ ဘာလုပ်မလို့လဲ၊ သားကို ဘာလုပ်မလို့လဲ"

ပိုင်ကျွမ်းယိက ရှင်းပြလိုက်ရလေသည်။

"မင်းရဲ့လက်ပေါ်မှာ စာလုံးတစ်လုံး ရေးမလို့"

အတွားအိုက ...

"ပိုင်ကျွမ်းယိ စာလုံးရေးနည်းရေးဟန်ကိုရော မင်း မှတ်မိသေးရဲ့လား"

ပိုင်ကျွမ်းယိ ခေါင်းညိတ်ပြလိုက်သည်။

ဝါယင်လုံက ပဟေဠိဆန်လှသော သူ၏မိဘများအားကြည့်ကာ အံ့သြနေသည်၊

"ကဲ ... ရေးသာရေးပါ မေမေ"

ပိုင်ကျွမ်းယိ လက်တစ်ချက်လှုပ်ရှားသွား၏။

ဓားရောင်တစ်ချက် လက်ခနဲဖြစ်သွားသည်။

ထို့နောက် ...

ဓားကိုလွှတ်ချကာ မျက်နှာကိုလက်နှင့်အုပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

ဝါယင်လုံ၏လက်ဝါးပြင် ဆစ်ခနဲတစ်ချက် နာကျင်သွားပြီး သွေးများဖြာထွက်လာသည်။

သွေးများနှင့်အတူ စာလုံးတစ်လုံး ပေါ်လာသည်။

ထိုစာလုံးအားမြင်သောအခါ ဝါယင်လုံက အံ့သြသွားသည်။

ထိုစာလုံးမှာ ...

"မုန်း ..."

ဟူ၍ပင် ဖြစ်သည်။

ချင်စုက အနားသို့ကပ်လာပြီး လက်ဝါးအား ဆေးထည့်ပေးကာ ပတ်တီးစည်းပေးလိုက်၏။ သူတို့မိသားစု၏ဆေးမှာ စွမ်းလှ၏။

ဤဒဏ်ရာမျိုးကား အသေးအဖွဲပင်။

ဝါယင်လုံက သက်ပြင်းချပြီး ...

"မေမေက သားကို မုန်းလို့လား"

ဟု မချိတင်ကဲ မေးလိုက်လေသည်။

သူ့၏စိတ်ထဲတွင် သူ့မိခင်နှင့်တကွ သူ့မိသားစုဝင်များအား လုံးက သူ့အား အမုန်းကြီးမုန်းနေကြသဖြင့် 'မုန်း' ဟူ၍ ကမ္ဘည်းတင် လိုက်ခြင်းဖြစ်သည်ဟု ထင်မိသည်။

သူ့အနေဖြင့် မိသားစုအပေါ် အပြစ်ကျူးလွန်ခဲ့ခြင်းမရှိဟု ထင်သည်။ လူပျိုလူလွတ်ဖြစ်သဖြင့် ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် မိန်းကလေးများနှင့် ဒွေးရောယှက်တင် ဆက်ဆံမှုတော့ရှိ၏။ ဤသည်မှာ မိသားစုအပေါ် ကျူးလွန်သည့်အမှားတော့ မဟုတ်ပါ။

အဘွားအို ယင်ထိုက်ကျွမ်က ခက်ထန်စွာပြောလိုက်သည်။

"မဟုတ်ဘူး၊ ဘယ်သူက ကိုယ့်သားသမီးကို မုန်းရမှာလဲ၊ တောင်တွေးမြောက်တွေး တွေးမနေနဲ့"

ချင်စုက ...

"မင်း ဒီစာရဲ့အဓိပ္ပါယ်ကို တစ်နေ့တော့ နားလည်လာမှာပါ၊ အခုတော့ မမေးနဲ့ဦး၊ တို့ကလည်း ပြောမှာမဟုတ်ဘူး"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"သားကို မမုန်းဘူးဆိုရင် ကိစ္စမရှိပါဘူး၊ ဘာပဲလုပ်လုပ် သား ကျေနပ်နိုင်ပါတယ်"

ထိုစဉ် အဘွားအိုသည် မျက်မှောင်ကြုတ်ပြီး တံခါးဝသို့ လှမ်း ကြည့်လိုက်၏။

"ရှောင်ဝမ်လား ..."

အခန်းအပြင်ဘက်မှ အသံလေးတစ်သံကို ကြားရ၏။

"ဘွားဘွား ... ကျွန်မ လာမလို့ပါ"

ပြောရင်း တံခါးဝ၌ ခေါင်းပြူလာ၏။

အဘွားအိုမှာ သူ၏မြေးများအနက် ရှောင်ဝမ်အား အချစ်ဆုံးဖြစ်၏။

ကလေးမမှာ ချစ်စရာလည်း ကောင်းလှသည်။

အမြဲတစေ သူနှင့်အတူ အချိန်ဖြုန်းတတ်၏။

ယခုမူ တင်းမာစွာ လှမ်းပြောသည်။

"ဘွားဘွား ကိစ္စရှိသေးတယ်၊ သွား ... သွား ... အပြင်မှာပဲနေ"

ဟု မောင်းထုတ်လိုက်လေသည်။

ရှောင်ဝမ်မှာ တစ်ချက်ကြောင်သွားပြီး ပြန်ထွက်ခွာသွားသည်။

ဤကဲ့သို့ တစ်ခါမျှ အပြောမခံရဘူးချေ။

အဘွားအိုက ဝါယင်လုံဘက်သို့ လှည့်လိုက်ပြီး ...

"ကဲ ... သား နားထောင်စမ်း"

"ဟုတ်ကဲ့"

"မင်းမှတ်ထားရမှာက ဒီစာကို ယင်ယင့်လက်ထဲ ကိုယ်တိုင် ကိုယ်ကျ ပေးပါ၊ ဘယ်သူ့ကိုမှ ပေးမကြည့်ရဘူး"

"ဟုတ်ကဲ့ ဘွားဘွား"

"ပြီးတော့ ဘယ်လိုမှ မတတ်သာတဲ့ အခြေအနေမျိုးရောက်လာလို့ စာကိုပျောက်ဖျက်သင့်တယ်လို့ ယူဆရင် ဖျောက်ဖျက်ပစ်ပါ"

"ဟုတ်ကဲ့ ဘွားဘွား"

"အဆုံးစွန် အခြေအနေမျိုးရောက်ခဲ့ရင် ပြောတာပါ"

"ဟုတ်ကဲ့ ဘွားဘွား"

အဘွားအိုက သက်ပြင်းချရင်း ...

"ပြီးတော့ အရေးကြီးတဲ့အချက် ရှိသေးတယ်"

"ပြောပါ ဘွားဘွား"

"မင်းရဲ့ဘယ်လက်ဝါးက မုန်းဆိုတဲ့စာလုံးကို ဘယ်သူကမေးမေး ငယ်ငယ်ကတည်းက ပါလာတာလို့ပြောရမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ မင်းရဲ့အသက်ကိုမေးလာရင်လည်း မင်းအသက်ထက် တစ်နှစ်ပိုပြီးပြောရမယ် မှတ်မိရဲ့လား"

ဝါယင်လုံ အုံ့သြနေ၏။

သို့သော် အကြောင်းရှိမည်ဟုယူဆပြီး ခေါင်းညိတ်လိုက်၏။ သူသည် စဉ်းတော့စဉ်းစားတတ်သည်။

အဘွားအိုက စကားဆက်လိုက်သည်။ ဤစကားသည် ဝါယင်လုံအကွက် အရေးကြီးသည်။

"ဒီတာဝန်ကို မင်းကိုပေးရတာရော မင်း သိရဲ့လား"

"မသိပါဘူး ဘွားဘွား"

အဘွားအို ပြုံးလိုက်သည်။

"ဒီကိစ္စဟာ ရှုပ်ထွေးတယ်၊ ဒီတော့ ဉာဏ်များမှဖြစ်မယ်၊ တို့ ဝါမိသားစုတစ်ခုလုံးမှာ မင်းတစ်ယောက်တည်းပဲ ဉာဏ်နီဉာဏ်နက်ရှိတယ်၊ ပြီးတော့ လိမ်ညာပြောမယ်ဆိုရင်လည်း မင်းလို ယုတ္တိရှိအောင် လိမ်တတ်တဲ့လူ မရှိဘူး၊ ဒါကြောင့် ဒီတာဝန်ကို မင်းကိုပေးရတာပဲ"

ဝါယင်လုံ မျက်နှာရဲ့မဲသွားသည်။ ဤအချက်ကတော့ ဆိုးသွန်းလှသည်ဟု တွေး၏။

"ဘွားဘွား ဒီတာဝန်ပြီးတာနဲ့ ကျွန်တော်လည်း မလိမ်ညာရဲတော့ပါဘူး"

အဘွားအိုက ...

"အခု မင်း သိုင်းလောကကိုသွားရင် ကိုယ့်မှားကိုယ်ကိုးရမယ်၊ အခက်အခဲကြုံလာရင် ငါတို့လည်း မတတ်နိုင်ဘူး၊ ငါတို့အကူအညီကို လုံးဝ မျှော်လင့်လို့မရဘူး"

"ဟုတ်ကဲ့"

"ပြီးတော့ ဝါမိသားစုကဆိုတာလည်း မသိစေနဲ့"

"ဟုတ်ကဲ့"

ထိုစဉ် အခန်းအပြင်မှ ခြေသံထွက်ပေါ်လာ၏။ ထိုခြေသံမှာ သခင်လေးဝါချင်း၏ခြေသံပင် ဖြစ်ပါသည်။

"ဘွားဘွား ကျွန်တော် ဝင်ခဲ့ပါရစေ"

အဘွားအိုက မျက်မှောင်ကြုတ်ပြီး ...

"ဘာကိစ္စလဲ"

ဝါချင်းက စိုးရိမ်စွာ ပြောကြားလေသည်။

"ညီမလေးက ပြောလို့ပါ၊ ညီလေး အပြင်လောကသွားမယ်ဘွားလို့၊ ကျွန် ... ကျွန်တော် ... "

အဘွားအိုက ...

"မင်းနဲ့ မဆိုင်ဘူး၊ ထွက်သွားစမ်း"

"ဟက် ... ဟုတ်ကဲ့"

အဘွားအို၏ အော်ငေါက်သံကြောင့် ဝါချင်းသည် အထိတ်တလန့်ဖြင့် ပြန်ထွက်သွား၏။

အဘွားအိုက ဝါယင်လုံဘက်သို့ လှည့်လိုက်ပြီး ...

"သား ... မင်း ဘာပြောစရာရှိသေးလဲ၊ မရှိဘူးဆိုရင် အခုပဲ သွားပါ"

ဟု ပြောလိုက်၏။

ယင်ထိုက်ကျမ်သည် ပြတ်သားလှချေ၏။

ဝါယင်လုံက တစ်ချက်စဉ်းစားလိုက်ပြီး ...

"တစ်ခုမေးပါရစေ ဘွားဘွား"

"ဘာများလဲ"

"စီးမာမိသားစုနဲ့ ယင်ယင်တို့ ဘာရန်ငြိုးများရှိခဲ့သလဲ"

"ဒါတော့ ငါ မသိဘူး"

ဝါယင်လုံ ခေါင်းကုတ်လိုက်ပြီး ...

"ဒါဆိုရင် စီးမာချင်းနဲ့ ကျွန်တော ခဏတွေ့ချင်တယ်"

အဘွားအိုက ...

"ဘာလုပ်မလို့လဲ"

"သူ့ကို ကျွန်တော် ဟိုတစ်နေ့ကကိစ္စကို သေသေချာချာ မေးကြည့်ချင်လို့ပါ"

အဘွားအိုက ...

"သူသိသမျှ ငါ မင်းကိုပြန်ပြောပြပြီးပြီပဲ၊ ထပ်မေးစရာ မလိုတော့ဘူး"

ဝါယင်လုံ စိတ်ပျက်သွား၏။

အဘွားအို စကားဆက်လိုက်သည်။

"ငါ ဒီကိစ္စကို စဉ်းစားကြည့်တယ်၊ ခုထိတော့ ဘာမှ မရှင်းလင်းသေးဘူး"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

အဘွားအိုက ...

"မင်းလည်း ယောကျ်ားတစ်ယောက်ပဲ၊ သိုင်းလောကကို ထွက်တာ ဘာမှမဆန်းပါဘူး၊ ဒါပေမယ့် မင်းကိုယ်မင်းတော့ ဂရုစိုက်ပါ၊ မင်းထွက်သွားတာနဲ့ တစ်ပြိုင်နက် ကိုယ့်အားကိုယ်ကိုးရမယ်ဆိုတဲ့ အသိမွေးလိုက်ပါ"

ဝါယင်လုံသည် အဘွားအိုက မိမိအား နှင်နေပြီဖြစ်ကြောင်း သိလိုက်သည်။

ထို့ကြောင့် အဘွားအိုအား ဂါရဝပြုလိုက်သည်။

အဘွားအို ယင်ထိုက်ကျမ်က ...

"ဝါထင်းဟုန် ... သူ့ကို အပြင်ဘက်လိုက်ပို့ပေးလိုက်ပါ၊ အချိန်မနှောင်းပါစေနဲ့"

ဝါထင်းဟုန်က ထိုင်ရာမှထလိုက်၏။ သူ၏ဇနီးနှစ်ယောက်ကလည်း ပြိုင်တူထလိုက်သည်။

ထို့နောက် သားဖြစ်သူအား ဓားရှည်ကို သေချာစွာချိတ်ပေးလိုက်သည်။

ချင်စုက 'မြ' များထည့်ထားသော ပုလင်းကလေးတစ်လုံးကို ဝါယင်လုံ၏ရင်ဘတ်အတွင်း ထည့်ပေးလိုက်သည်။

ဝါယင်လုံက သူ၏မိခင်နှစ်ယောက်အား နှုတ်ဆက်ကန်တော့လိုက်လေ၏။

ထို့နောက် ဖခင်၏နောက်သို့ လိုက်သွားလေတော့သည်။

❋ ❋ ❋

အခန်း (၄)
သဲလွန်စများ

အခန်း၏အပြင်ဘက်တွင် စကြိုလမ်းတစ်ခု ရှိ၏။

အခန်းမှထွက်လျှင် ထိုစကြိုလမ်းသို့သာ ရောက်ရှိရမည်။

ဝါယင်လုံသည် စကြိုလမ်းအတိုင်း လျှောက်လာ၏။

အခန်းဝတစ်ခုၭ ဝါယင်လုံ၏ မောင်နှမလေးယောက်က အသင့်စောင့်ကာ နှုတ်ဆက်နေကြ၏။

ထိုစဉ် အစေခံမလေးတစ်ယောက်က အနီးကပ်လာပြီး ဝါယင်လုံအား ယပ်တောင်တစ်ချောင်း ပေးလိုက်၏။ ထို့နောက် တီးတိုးပြောသည်။

"သခင်လေး ... မြင်းကုန်းနီးထဲမှာ ပုလဲနှစ်ကုံး ထည့်ထားတယ်၊ ရွှေသုံးထောင်လောက် တန်ဖိုးရှိပါတယ်၊ အစားအသောက် အနှေအထိုင် ဆင်ခြင်ပါတဲ့"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

မောင်နှမအားလုံးက ဝါယင်လုံနောက်မှ လိုက်လာကြ၏။

တဖြည်းဖြည်း စကြိုအဆုံးသို့ ရောက်ရှိလာသောအခါ စကြိုအဆုံး၌ ပစ္စည်းထိန်းကျဲလှောင်က နီရဲနေသော မြင်းတစ်ကောင်ကို ကိုင်ကာ အသင့်စောင့်နေသည်ကို တွေ့ရှိရလေ၏။

မြင်းမှာ တစ်ကိုယ်လုံး အနီရောင်အမွေးနှင့် ဖုံးလွှမ်းထား၏။ မြင်းကို ကြည့်လိုက်သည်နှင့် အလွန်ကောင်းသော မြင်းတစ်ကောင်ဖြစ်ကြောင်း သိရှိနိုင်သည်။ မွန်ဂိုမြင်းမျိုးနှင့် စပ်ထားသဖြင့် အလွန်ကောင်း၏။

ဝါထင်းဟုန်သည် သူ၏သားအား ကြည့်လိုက်သည်။

အမြဲတစေ ထောင့်မကျိုးသော သူ၏သားအား ယခုအခါ၌ ကြည့်၍မဝနိုင်ဘဲ ဖြစ်နေသည်ဟု ထင်မိသည်။

ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရသည်။ သူသည် မခံစားနိုင်သည့် အဆုံး ပြောလိုက်ရလေသည်။

"ကဲ ... မင်း သွားတော့"

သူလေသံမှာ ပြတ်လှသည်။

ဝါယင်လုံသည် သူ၏ဖခင်က ဆုံးမစကားများ ပြောဦးမည်ဟု ထင်မှတ်ထား၏။

ယခုမူ ဘာမှမပြောဘဲ သွားတော့ဟုဆိုသဖြင့် ဝမ်းသာသွားသည်။ သူသည် လူငယ်သာဖြစ်၏။ လူငယ်သည် လူငယ်အတွေး အခေါ်သာတွေးသည်။

သူသည် ချက်ချင်းပင် သူ၏ဖခင်အား ဒူးထောက်၍ ဂါရဝပြုလိုက်သည်။

ထို့နောက် မြင်းပေါ်တက်ကာ ဂေဟာအတွင်းမှ ဒုန်းစိုင်းထွက်သွားလေသည်။

မကြာမီအချိန်အတွင်း တောင်အောက်သို့ ရောက်သွားပြီး အောက်ခွံးမြင်ရတော့မှ ဝါထင်းဟုန်က အထဲသို့ပြန်ဝင်ခဲ့တော့၏။

ဤသားကလေးသည် ဆိုးသွမ်းသည်။ မိမိ၏စည်းကမ်းများကို အကြိမ်ကြိမ် ဖောက်ဖျက်သည်။

အိမ်တွင်ရှိစဉ်က သူ့အား အစဉ်အမြဲ ဒေါသဖြစ်နေရသည်။

ယခု ခွဲခွာသွားသည့်အခါတွင်မူ သူ့ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှုများ ပေါပေါက်လျက်ရှိနေသည်။

❄ ❄ ❄

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွား၏။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် ... ။

လေးရက်မြောက်သောနေ့၌ နန်းယန်မြို့မြောက်ဘက် တံခါးဆီသို့ လူတစ်ယောက် မြင်းစီး၍ရောက်လာသည်။

တစ်ကိုယ်လုံး၌ ဖုန်များပေကျံနေသော်လည်း ထိုလူငယ်၏ ရုပ်ရည်ချောမောမှုကိုမူ မပျောက်ပျက်စေခဲ့ပါ။ ဖုန်များက သူ၏ ချောမောလှပမှုကို မဖုံးကွယ်နိုင်ခဲ့ပါ။

သူ၏ပုံသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် သူဌေးသား လူပေါ်ကြောင့်တစ်ယောက်ဟု ချက်ချင်း အကဲခတ်မိမှာ သေချာသည်။

ဝါမိသားစုအတွင်း၌ နေထိုင်စဉ်က အချို့မျိုးပင်။

ထိုလူငယ်မှာ ဝါထင်းဟုန်၏သား ဝါယင်လုံပင် ဖြစ်သည်။

ဝါယင်လုံ နန်းယန်မြို့သို့ ရောက်လာသောအချိန်မှာ မှောင်ရီမိုးစအချိန်ပင် ဖြစ်၏။ ညိုအစ်ကို မသိတသိအချိန်တွင် သူ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။

နန်းယန်မြို့၏ ညစျေးစဖွင့်သောအချိန်လည်း ဖြစ်၏။

လမ်းမများပေါ်၌ လူများဖြင့် စည်စည်ကားကား ရှိနေ၏။

ဝါယင်လုံသည် မည်သူ့ကိုမျှ ဂရုမထားဘဲ မြင်းကို အေးအေးဆေးဆေးနှင်ကာ မြို့တွင်းသို့ ဝင်လာ၏။ သူ၏မြင်းကြီး အသားကျလျှောက်လာပုံမှာ ဟန်ကောင်းလှသည်။

မြို့လယ်သို့ရောက်လာသောအခါ တည်းခိုခန်းတစ်ခုရှေ့တွင် ရပ်တန့်လိုက်သည်။

ထိုတည်းခိုခန်းမှာ နန်းယန်မြို့၏ အကောင်းဆုံးတည်းခိုခန်းပင် ဖြစ်သည်။

'ရွှေနဂါး ဟုတည်းခိုခန်း' ...

ဝါယင်လုံ၏မြင်း ဆိုင်ရှေ့တွင် ရပ်တန့်လိုက်မိသည်နှင့် ဆိုင်လုလင်သုံးလေးယောက် ထွက်လာကာ ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ဆရာလေး ... ကြွပါ ... ကြွပါ"

"ဆရာလေးရဲ့မြင်းကို ကျွန်တော် မြင်းဇောင်းထဲ သွားထားပေးပါ့မယ်"

"ကြွပါဆရာလေး ... အိပ်ခန်းရော၊ စားသောက်စရာ နှစ်မျိုးစလုံးကို ဆရာလေး စိတ်ကျေနပ်အောင် ပြုစုပေးနိုင်ပါတယ်"

ဝါယင်လုံသာသ် မြင်းပေါ်မှဆင်းပြီး မြင်းကို ဆိုင်လုလင်လေးတစ်ယောက်လက်ထဲသို့ ထည့်လိုက်သည်။

ဝါယင်လုံသည် ကောင်တာစာရေးအနီးသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

ကောင်တာစာရေးကလည်း ရိုရိုသေသေဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ထို့နောက် ဝါယင်လုံသည် ကောင်တာစာရေးညွှန်ပြသည့် အခန်းတစ်ခန်းအတွင်း ဝင်သွားလေတော့သည်။

ကိုယ်လက်သန့်စင်ပြီးနောက် စားသောက်ဖွယ်ရာများ အခန်းထဲလာပို့ရန် မှာကြားလိုက်သည်။

စားသောက်ဖွယ်ရာများ လာပို့သော ဆိုင်လုလင်အား လှမ်းဘားလိုက်သည်။

"ညီလေး ... အစ်ကို မေးစရာတစ်ခု ရှိလို့ပါ"

ဆိုင်လုလင် ပြုံးလိုက်ပြီး ...

"ဘာများ မေးချင်လို့လဲ သခင်လေး၊ ဒီနန်းယန်မြို့မှာ ကျွန်တော်မသိတာ တစ်ခုမှ မရှိပါဘူး၊ ဒီဆိုင်က ဆိုင်လုလင်တိုင်းဟာ ဒီနန်းယန်မြို့မှာ အပ်ကျတာကအစ သိရှိကြပါတယ်"

ဆိုင်လုလင်သည် တစ်ဦးတည်းရွှန်၍ ကိုယ်ရည်မသွေးပါ။

ဝါယင်လုံသည် သူကိုယ်တိုင်က စနစ်တကျမရှိသူ ဖြစ်သော်လည်း ဤသို့ သမာသမတ်ပြောခြင်းမျိုးကို အလွန်သဘောကျ၏။

ဝါယင်လုံက ...

"လူတစ်ယောက်အကြောင်းပါ"

"ဘယ်သူလဲ"

"ဒီလူဟာ ကျော်ကြားတဲ့ လူတစ်ယောက်ပါ၊ နာမည်တော့ စိုးမာ ..."

စကားဆုံးအောင်ပင် မပြောရသေးပါ။ ဆိုင်လုလင်၏မျက်နှာမှာ ဖြူရော်သွားသည်။

ဆိုင်လုလင်ကလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"သ ... သခင်လေးက ..."

"တိုးတိုးတြောစမ်း၊ စီးမာမိသားစုဂေဟာ ဘယ်မှာလဲ"

ဆိုင်လုလင်က ...

"အရှေ့ဘက်လမ်းမကြီး ဒီကထွက်ရင် ညာဘက်ခြမ်းက တတိယမြောက်လမ်းမှာပါ၊ သူ့ဂေဟာရှေ့မှာ စာရေးထားပါတယ်"

ဝါယင်လုံက ...

"ရပြီ"

သူကပြောရင်း ရွှေတုံးလေးတစ်တုံးကိုထုတ်ကာ ဆိုင်လုလင်အား ပစ်ပေးလိုက်၏။ ဆိုင်လုလင်ကလေးက အရှိအသေတစ်ချက် ပြုလိုက်ပြီး အခန်းထဲမှ လျင်မြန်စွာထွက်သွားလေသည်။

ဝါယင်လုံသည် အစားအသောက်များကိုစားရင်း တွေးတောမိလိုက်သည်။

စီးမာမိသားစုဂေဟာ လုပ်ကြံခံရခြင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့နေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ဆိုင်လုလင်ကလေး မျက်နှာပျက်သွားခြင်းက သက်သေခံနေသည်။

တရားခံ မည်သူနည်း။

သူသည် တရားခံကို ဖော်ထုတ်ရမည်။

တရားခံသည် ဤမြို့ကလေးကပင်လော။

ဤမြို့ ပြင်ပကပင်လော။

သူသည် တွေးတောရင်းမှ စားသောက်ဖွယ်ရာများကို စားလိုက်သည်။

ထို့နောက် ခုတင်ပေါ်၌လဲလျောင်းကာ အနားယူလိုက်သည်။ ဤအလုပ်ကို သူ မလုပ်ချင်ပါ။

ယခုအချိန်၌ တရစပ်စုံစမ်းခွင့်ရလျှင် ကောင်းသည်။ သို့သော် အခြေအနေ မပေးပါ။

သတင်းအနေနှင့် ဖြစ်ပေါ်လာမှုကို သူ စောင့်စားရပါမည်။ ယခုအချိန်၌ သူအနားယူခြင်းက အကောင်းဆုံးပင် မဟုတ်ပါလား။

"ဒေါင် ... ဒေါင် ... ဒေါင်"

အဝေးမှ အုန်းမောင်းခေါက်သံသုံးချက် လွင့်ပျံ့လာ၏။

ဝါယင်လုံသည် အိပ်နေရာမှထကာ ဓားကိုလွယ်လိုက်၏။

ထို့နောက် ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ဘက်သို့ ခုန်ထွက်လာခဲ့သည်။

ဆိုင်လုလင်လေး ပြောပြထားသောလမ်းအတိုင်း ထွက်လာခဲ့ရာ မကြာမီ စီးမာဂေဟာရှေ့သို့ ရောက်လာခဲ့သည်။

ဝါယင်လုံသည် အခြေအနေကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးနောက် အဆောက်အအုံအား တစ်ပတ်ပတ်ကြည့်လိုက်၏။

အားလုံး တိတ်ဆိတ်နေသည်။

အထဲ၌ လူသူတစ်ယောက်မှ မရှိဟု ယူဆလိုက်ပြီး တံခါးကို တွန်းကြည့်လိုက်သည်။ တံခါးမှာ ကျိုခနဲမြည်ကာ အလိုအလျောက် ပွင့်သွားသည်။

အဆောင်ထဲ၌ မှောင်မည်းနေပြီး ဘာမှ မမြင်ရပါချေ။

တံခါးပွင့်သွားသည်နှင့် ထုံးနံ့နှင့်အပုပ်နံ့ကဲ့သို့ အနံ့များက တိုးထွက်လာ၏။ ဝါယင်လုံမှာ သတ္တိကောင်းသူဖြစ်သော်လည်း ကြက်သီးဖြန်းခနဲ ထသွားသည်။

သူက အတွင်းသို့ အကဲခတ်ကြည့်လိုက်ပြီးနောက် မီးခတ်ကောက်ကိုထုတ်ကာ မီးခြစ်လိုက်သည်။

မီးလင်းလာသောအခါ သူ၏အရှေ့ဘက်၌ လိုက်ကာတစ်ခု ရှိနေသည်။ လိုက်ကာအနောက်၌ အခေါင်းနှစ်ခုကို တွေ့လိုက်သည်။

သူက လိုက်ကာကိုဆွဲဖယ်ကာ အခေါင်းအနီးသို့ လျှောက်သွား၏။ အခေါင်းအနီး၌ စားပွဲတစ်လုံး ရှိသည်။ စားပွဲပေါ်၌ ဆီမရှိတော့သော မီးခွက်တစ်ခုကို တွေ့လိုက်ရ၏။

သူသည် လေးဘက်လေးတန်ကို တစ်ချက်ဝေ့၍ အကဲခတ်ကြည့်လိုက်၏။ စားပွဲပေါ်၌ ရွှေစက္ကူ ငွေစက္ကူများကို တွေ့ရသည်။

ဘဝတစ်ပါးသို့ ပြောင်းသွားသူများအတွက် မီးရှို့ရန်စက္ကူများ ဖြစ်သည်။

သူသည် ရွှေစက္ကူ ငွေစက္ကူများကို မီးရှို့ကာ စီးမာချန်ချင်း၏ အလောင်းအား ဂါရဝပြုလိုက်သည်။ ဆုမွန်ကောင်း တောင်းလိုက်၏။

ထိုစဉ် တံခါးတစ်ချပ် ဝုန်းခနဲပွင့်သွား၏။

လေတိုးမှုကြောင့် မီးများလည်း ငြိမ်သွားသည်။

ရုတ်တရက်မို့ ဝါယင်လုံ လန့်သွားသည်။

ငြိမ်သက်စွာနေလိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ထိုစဉ် အခန်းထောင့်တစ်နေရာမှ လူရိပ်တစ်ခု ရိပ်ခနဲဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

ဝါယင်လုံသည် ချွေးပြန်နေသော လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လိုက်ပြီး ...

"ဘယ်သူလဲ"

လူရိပ်မှာ သေးသေးသွယ်သွယ်နှင့် မိန်းမအရိပ် ဖြစ်သည်။

ထိုမိန်းမအရိပ်က အော်ငေါက်လိုက်လေ၏။

"ဘယ်သူလဲ ... ငါတို့ဂေဟာထဲဝင်နေတာ"

ဝါယင်လုံ ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ် လူရိပ်သည် မီးခွက်ကိုကိုင်ကာ လျှောက်လာ၏။ အနီး ထဲ၌ ပြန်လည်လင်းထိန်သွားသည်။

မီးခွက်အလင်းရောင်ဖြင့် ထိုအမျိုးသမီးအား တွေ့လိုက်ရ၏။ အမျိုးသမီးမှာ ချောမောလှပပြီး ဆွဲဆောင်မှုရှိသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။

အသုဘအခမ်းအနား၌ ဝတ်ဆင်သောဝတ်စုံကို ဝတ်ဆင်ထားသည်။

ညာဘက်လက်၌ မီးခွက်ကိုင်ကာ ဘယ်ဘက်လက်က ကလေးယ်တစ်ဦးအား ပွေ့ထားဟန်ရှိ၏။

အမျိုးသမီးသည် ချောမောလှပသော်လည်း မျက်နှာထားမှာမူ ဆိုးမာနေသည်။

အခန်းထဲသို့ လူစိမ်းရောက်နေသည်ကို မနှစ်မြို့ဟန်ရှိသည်။

ထိုအမျိုးသမီးက ...

"ရှင် ဘယ်သူလဲ"

အေးတိအေးစက်ဖြင့် မေးမြန်းလိုက်၏။

ဝါယင်လုံ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"ကျွန်တော် ဝါယင်လုံပါ"

အမျိုးသမီး၏ မျက်နှာတွင် အပြုံးရိပ်ပေါ်လာ၏။

"ညော်... ဒုတိယသခင်လေးကိုး၊ ကျွန်မနာမည်က 'ယူ'ပါ"

ဝါယင်လုံ အကဲခတ်ကြည့်လိုက်၏။

ထိုအမျိုးသမီးအား သူ မသိပါ။

သို့သော် ပြောပုံဆိုပုံအရ စီးမာဂေဟာမှလူဖြစ်မည်ဟု ယူဆလိုက်သည်။

မီးရောင်က သိပ်မလင်းသဖြင့် အမျိုးသမီးသည် မည်သည့်အရာမွေ့ထားသည်ကို အသေအချာ မမြင်ရချေ။ ကလေးဟုသာ သူ ထင်ခဲ့သည်။

ယူ'ဆိုသည့်အမျိုးသမီးက မီးခွက်ကိုယူကာ စားပွဲအနီးသို့ လျှောက်လာသည်။

ထိုအခါမှ အမျိုးသမီးမွေ့ထားသည်မှာ ကလေးတစ်ယောက် မဟုတ်ဘဲ တစ်ကိုယ်လုံးမည်းနက်နေသည့် ကြောင်နက်တစ်ကောင် ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

ကြောက်နက်မှာ နက်မှောင်နေသည်။

မျက်လုံးမှာမူ စူးရှပြီး ကြည့်မိသူအား ကြက်သီးထစေ၏။

ယူ ဆိုသည့်အမျိုးသမီးသည် မီးခွက်ကို စားပွဲပေါ်တင်လိုက်ပြီးနောက် ဝါယင်လုံအား ဂါရဝပြုလိုက်သည်။

ပြီးမှ...

"ဒုတိယသခင်လေးက ဒီကို ဘာကိစ္စနဲ့လာတာလဲ"

မေးမြန်းလိုက်လေသည်။

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး...

"ကျွန်တော်က ဖေဖေ့ရဲ့အမိန့်အရ လာပြီး ဂါရဝပြုတာပါ"

အမျိုးသမီးက...

"ဒါနဲ့ သခင်မလေးရော... ဒုတိယသခင်လေးတို့ ဂေဟာကို ဆွတ်နေပြီလား"

ဝါယင်လုံက ရင်ထိတ်သွားသည်။

ထိုအမျိုးသမီး၏ စကားသံနှင့်အကြည့်တို့ကြောင့် အလိုလို သံသယဖြစ်လာမိသည်။

ထို့ကြောင့်...

"အစ်မကြီးက စီးမာမိသားစုနဲ့ ဘယ်လိုတော်စပ်ပါသလဲ၊ ဒါကို လိုအပ်လို့မေးတာပါ၊ စိတ်မရှိပါနဲ့"

အမျိုးသမီးက ပြုံးလိုက်ပြီး...

"ကျွန်မက စီးမာသခင်ရဲ့ အိမ်ဖော်ပါ"

ဝါယင်လုံက...

"ခင်ဗျားအပြင် ဘယ်သူရှိသေးလဲ"

အမျိုးသမီးက...

"သခင်မလေး ဒီကထွက်သွားတာနဲ့ ဒီဂေဟာကလူတွေ အားလုံးကို အိမ်ပြန်ခိုင်းလိုက်ပါတယ်၊ ကျွန်မကတော့ သွားစရာအိမ်မရှိတဲ့အပြင် သခင်ကြီးရဲ့ကျေးဇူးတွေကလည်း ဆပ်မကုန်တာမို့ ဒီမှာနေရင်း သခင်ကြီးတို့အလောင်းကို စောင့်ရှောက်နေတာပါ၊ သခင်ကြီးတို့အလောင်းကို ဘယ်သူမှ မဖျက်ဆီးစေရပါဘူး"

ဝါယင်လုံသည် ထိုစကားကြောင့် အမျိုးသမီးကို ပြန်လည်ယုံကြည်သွားသည်။

လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး ...

"ကျွန်တော် အစ်မကြီးကို ချီးကျူးပါတယ်ဗျာ"

အမျိုးသမီးက လက်ကာပြပြီး မေးလိုက်၏။

"ဒီမှာ ဂါရဝပြုပြီးတဲ့နောက် ဘာကိစ္စများ ရှိပါသေးသလဲ"

ဝါယင်လုံက တွေးတောလိုက်သည်။

ဤလူသတ်မှုနှင့် ပတ်သက်၍ သူ့အနေဖြင့် ဘာမျှ ရေရေရာ မသိရသေးပေ။

ထို့ကြောင့် ထိုအမျိုးသမီးအား စုံစမ်းမေးမြန်းမည်ဟု စိတ်ကူ လိုက်၏။

သူသည် အေးဆေးသောဟန်ဖြင့် ...

"တရားခံကိုရှာဖို့ကိစ္စ ပါလာပါတယ်"

အမျိုးသမီးသည် အံ့သြသွားပုံရ၏။

"ဘာကြောင့် သခင်လေးရဲ့အဖေကိုယ်တိုင် ထွက်ပြီး မစုံစမ် ရတာလဲ၊ ကျွန်မ အံ့သြတယ်"

"ဖေဖေက ဒီတာဝန် ကျွန်တော့်ကို လွှဲပေးလိုက်ပါတယ် ကျွန်တော်တို့ ဝါမိသားစုဟာ ဒီလိုပါပဲ၊ ကိုယ့်တာဝန်ကိုယ် ထမ်း ပါတယ်"

သူမသည် ဘာမမျှမပြောဘဲ အံ့အားသင့်သလို ငေးကြည့် နေသည်။

ဝါယင်လုံက သူမကိုကြည့်ရင်း စိတ်ထဲမှ တွေးမိ၏။

"အင်း ... ငါ့ကို ငယ်ရွယ်သူဆိုပြီး ဒီတာဝန်ကို မထမ်းဆော် နိုင်ဘူးလို့ သူက ယူဆနေတယ်ထင်တယ်"

ထိုစဉ် ကြောက်နက်ကြီးနှင့် မျက်လုံးချင်းဆိုင်မိလိုက်ပြီး ...

"ဟင် ... ဒီကြောင်နက်ရဲ့ကြည့်ပုံက ဘယ်လိုလဲ၊ ရန်မူချင်တဲ့ အကြည့်ပါလား"

ဝါယင်လုံက စိတ်ထဲမှတွေးလိုက်ခြင်းသာ ဖြစ်၏။

အမျိုးသမီးအားကြည့်ကာ ...

"အစ်မကြီးက ကြောင်ကို တော်တော်ချစ်တယ်နဲ့တူတယ်"

"ဒီဂေဟာမှာ ဘယ်သူမှမရှိတဲ့နောက် သူက ကျွန်မအဖော် ဆိုလည်း မမှားဘူးပေါ့၊ ဒါနဲ့ သခင်ကြီးစီးမာချန်ချင်းဟာ သိုင်းပညာ အလွန်ထက်မြက်ပေမယ့် လုပ်ကြံခံခဲ့ရတယ်၊ ဒီတော့ တရားခံဟာ သာမန်လူတော့ မဟုတ်နိုင်ဘူး၊ သခင်လေးရဲ့ဖခင်တောင်မှ တရားခံ ကို ယှဉ်ပြိုင်အနိုင်ယူဖို့ မလွယ်ဘူး၊ အခု သခင်လေးက စုံစမ်းမယ် ဆိုတော့ ..."

ဝါယင်လုံက ကြားဖြတ်ပြောလိုက်၏။

"ကျွန်တော် သိုင်းပညာမမီပေမယ့် အတတ်နိုင်ဆုံး ကြိုးစား ရှာဖွေမှာပါ၊ စိတ်ဆန္ဒပြင်းပြမှုသာ အဓိကပါ"

"အင်းလေ ... သခင်လေးကိုယ်သခင်လေး သိပ်ယုံကြည်နေ မှတော့ ကျွန်မ ဘာမှပြောစရာ မရှိတော့ပါဘူး"

"ဒါနဲ့ ဦးလေးစီးမာချန်ချင်းကို ဘယ်လို လုပ်ကြံခံရတာလဲ"

"ကျွန်မသိသလောက် သခင်လေးလည်း သိမှာပါပဲ၊ သခင်မ လေးက မပြောပြဘူးလား"

"စီးမာချင်းရဲ့ ပြောစကားအရတော့ လည်ပင်းမှာ ဒဏ်ရာရ တယ်လို့ဆိုတယ်၊ အခု အခေါင်းအဖုံးကို ပိတ်ပြီးပြီလား"

"မဝိတ်ရသေးပါဘူး"

သူသည်ပြောရင်း မီးခွက်ကိုလှမ်းယူကာ အခေါင်းအနီးသို့ လျှောက်သွား၏။ ထိုစဉ် 'ယူ'ဆိုသည့်အမျိုးသမီးက ဝါယင်လုံ၏ ညာဘက်နားရောက်လာ၏။

ဝါယင်လုံက အခေါင်းဖွင့်ရန် ဟန်ပြင်နေစဉ် အမွေးနုံ့တစ်ခု ရလာသည်။ သူက သေချာစွာ ရှူရှိုက်လိုက်မိသည်။

ထိုအမွေးနုံ့သည် 'ယူ'ဆိုသည့်အမျိုးသမီးထံမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

သူ ကြောင်အမ်းအမ်းဖြစ်သွား၏။

အဘယ်ကြောင့်နည်း။

အဆိပ်နုံ့ ဖြစ်နေခြင်းကြောင့်လော။ မဟုတ်ပါ။

အမွေးနုံ့စစ်စစ်နှင့် အဆိပ်နုံ့မှာ မသိသာလှပါ။ အနုံ့ထူးခွဲနိုင်သူ တို့သာ သိတတ်ကြပါတယ်။

'ယူ'ဆိုသည့်အမျိုးသမီးက မေးလိုက်သည်။

"သခင်လေး ဘာငေးနေတာလဲ"

သူက ပြုံးလိုက်ပြီး အခေါင်းဖွင့်ရန် ဟန်ပြန်လိုက်သည်။

ထိုအခိုက် သူ၏ခေါင်းထဲသို့ အတွေးတစ်ခုက ဝင်ရောက်လာသည်။

"စီးမာချန်ချင်းသေတာဟာ ဆယ်ရက်မပြည့်သေးပါဘူး၊ ဆယ်ရက်မပြည့်သေးခင် သူ့မိသားစုဟာ အသုဘအခမ်းအနား အထိမ်းအမှတ်ဝတ်စုံကို ဝတ်ရမယ်၊ အခု 'ယူ'ဆိုတဲ့အမျိုးသမီးက ဝတ်ထားတယ် ထားလိုက်တော့၊ ဒီလိုဝတ်ဆင်ထားတဲ့ လူတွေဟာ အမွေးနုံ့သာ

အသုံးမပြုရပါဘူး၊ အခုတော့ ဒီအမျိုးသမီးက အမွေးနုံ့သာ သုံးထားပါလား"

သူသည် တွေးရင်း သံသယဝင်လာသည်။

အခေါင်းအဖုံးကို မဖွင့်နိုင်ဘဲ ငိုင်နေမိသည်။

'ယူ'ဆိုသည့်အမျိုးသမီးက သက်ပြင်းချကာ ...

"သခင်လေး ... မကြည့်ချင်လည်း မကြည့်ပါနဲ့တော့"

ဝါယင်လုံသည် ပို၍ သက်ာမကင်းဖြစ်လာပြီး ...

"ဒီအခေါင်းအတွက် စားပွဲပေါ်မှာ အမြဲတမ်းလင်းနေအောင် မီးခွက်ထွန်းထားပေးသင့်တယ်၊ အခု မီးခွက်မထွန်းခဲ့တာ နှစ်ရက်လောက်ရှိနေပြီထင်တယ်၊ အလောင်းတွေအခုပါမှာ တာဝန်မကျေပွန်ရာကျတာပေါ့"

အမျိုးသမီးက ...

"ကျွန်မတို့လည်း ဝမ်းနည်းပူဆွေးနေပြီး ဝတ္တရားတွေ ပျက်ကွက်မိပါတယ် သခင်လေး"

ဝါယင်လုံက အမျိုးသမီးကို အကဲခတ်ကြည့်လိုက်၏။

သူ့စိတ်ထဲ၌ ...

"ဝမ်းနည်းပူဆွေးတယ်သာဆိုတယ် မျက်ရည်လည်းမတွေ့၊ ငိုထားပုံလည်း မရဘူး၊ သတိထားမှ"

ယင်းသို့တွေးပြီးနောက် ...

ဝါယင်လုံသည် အမျိုးသမီးအား လှမ်းပြောလိုက်သည်။

"ကဲ ... ကဲ ... ကျွန်တော်ကြည့်မယ်၊ အခေါင်းဖုံးဖွင့်တာကို မကြည့်ရဲရင်လည်း ဖယ်နေပါ"

သူသည် ပြောပြောဆိုဆို အခေါင်းအဖုံးအား ဆွဲ၍ဖွင့်လိုက်သည်။ အခေါင်းအဖုံးမှာ တင်းကြပ်ခြင်းမရှိပါ။ လွယ်ကူစွာပင် ဖွင့်နိုင် ပိတ်နိုင်ပါသည်။

အမျိုးသမီးသည် အခေါင်းအဖုံးပွင့်သွားသည်နှင့် အသက်ရှူ အောင့်ထားလိုက်သည်။

အခေါင်းဖုံးပွင့်သွားသောအခါ ထုံးအနံ့က ဦးစွာထွက်လာ၏။

ထို့နောက် မွေးကြိုင်သာအနံ့တစ်ခုကပါ ထွက်လာလေသည်။

သည်အနံ့က ဘာအနံ့လဲ။

ဝါယင်လုံက ပြုံးပြီး အော်ပြောလိုက်၏။

"ဟာ ... တယ်မွေးပါလား"

သူသည် အော်ရင်းက အားရပါးရ ရှူလိုက်သည်။

အမျိုးသမီးက ဝါယင်လုံကိုကြည့်ကာ အံ့သြသွား၏။

စိတ်ထဲမှလည်း တွေးမိလေသည်။

"ဟင် ... အဆိပ်ငွေ့ပဲ၊ သူ့ကို ဘာကြောင့်ဒုက္ခမပေးပါလိမ့်၊ အဆိပ်ရှိမှ ရှိရဲ့လားမသိဘူး"

ချက်ချင်းပင် ဝါယင်လုံအား အလစ်ဖမ်းကာ တိုက်ခိုက်လိုက်သည်။ ဝါယင်လုံအား လက်ဝါးနှင့် ရိုက်ချလိုက်ခြင်း ဖြစ်၏။

ဝါယင်လုံက ရှောင်တိမ်းရင်း မီးခွက်အား မှုတ်လိုက်သည်။

'ယူ'ဆိုသည့် အမျိုးသမီးသည် ရုတ်တရက် မှောင်သွား၍ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဝါယင်လုံသည် အမျိုးသမီး၏ပခုံးကို ကုတ်ဆွဲလိုက်၏။ အမျိုးသမီး ထိတ်လန့်သွားပြီး ရှောင်တိမ်းရန် ကြိုးစားသော်လည်း အချိန်မမီတော့ပါ။

ဝါယင်လုံသည် ချုပ်ကိုင်မိသည်နှင့် အမျိုးသမီးအား ခေါင်းတွင်းသို့ ခေါင်းစိုက်ချလိုက်သည်။

အမျိုးသမီးသည် နာကျင်လွန်းသဖြင့် ...

"အား ..."

ဟု လွှတ်ခနဲ အော်လိုက်၏။

ထိုတဒင်္ဂမှာပင် ခေါင်းအတွင်းရှိ အဆိပ်ငွေ့များကို ရှူရှိုက်မိသဖြင့် သတိလစ်ကာ မေ့မြော်သွားလေတော့သည်။

"ဟား ... ဟား ... ဟား"

ဝါယင်လုံက သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုစဉ် သူ၏နောက်ကျောဘက်မှ လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

ဝါယင်လုံသည် ရယ်မောနေရာမှ ရပ်တန့်သွားပြီး ကမန်းကတန်း ရှေ့သို့ ဝပ်ချလိုက်သည်။

"ဝှီး ..."

"ဗျို ..."

သူ၏ ကျောဘက်မှအင်္ကျီစမှာ စုတ်ပြဲသွားသည်။

ဝါယင်လုံမှာ ထိတ်လန့်သွားပြီး လူးလဲထရပ်ကာ ရန်သူကို ရှာဖွေလိုက်သည်။

ထိုစဉ် သူ၏ညာဘက်မှ တစ်စုံတစ်ခု ပစ်ဝင်လာသဖြင့် ခြေတစ်လှမ်းဆုတ်ကာ ရှောင်ပေးလိုက်ရပြန်သည်။

ယခုမှ တိုက်ခိုက်လာသူကို တွေ့မြင်ရတော့သည်။

ထိုလူမှာ လူတစ်ယောက် မဟုတ်ပါ။

"ယူ"ဆိုသည့် အမျိုးသမီးပွေ့ချီထားသည့် ကြောင်နက်ပင်ဖြစ်ပါသည်။

အမှောင်ထဲ၌ ကြောင်နက်အား ပီပီပြင်ပြင် မတွေ့ရပါ။ သို့သော် နီရဲနေသော မျက်လုံးအစုံကိုမူ တွေ့မြင်နေရ၏။

နီရဲနေသော မျက်လုံးအစုံကို တွေ့မြင်နေရသဖြင့်သာ တော်တော့်သည်။ နို့မဟုတ်ပါက ကိုယ်ပျောက်ရန်သူနှင့် တိုက်ခိုက်ရသကဲ့သို့ ဖြစ်နေပေမည်။

ကြောင်နက်သည် လျင်မြန်စွာလှုပ်ရှားရင်း သူ့အား တိုက်ခိုက်နေသည်။

ဝါယင်လုံ အံ့သြသွားသည်။

ထိုကြောင်နက်မှာ သာမန်ကြောင်တစ်ကောင် မဟုတ်ဘဲ တိုက်ခိုက်နိုင်ရန် စနစ်တကျလေ့ကျင့်ပေးထားသော ကြောင်ဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူသည် ကြောင်နက်အားသတိထားကာ ပြန်လည် တိုက်ခိုက်လိုက်ရလေတော့သည်။

သူ၏သိုင်းပညာမှာ သူ၏ဖခင်ကို မမီသေးပါ။

သို့သော် ...

သိုင်းပညာအဆင့် မြင့်လှသည်။

ယခုမူ ကြောင်နက်နှင့်ရင်ဆိုင်ရာတွင် သိုင်းကွက်သုံးကွက် ပြည့်သည့်တိုင် ကြောင်နက်အား အသေမသတ်နိုင်သေးဘဲ ဖြစ်နေ၏။

သူ ဒေါသထွက်လာပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

"ရှီ ... "

အဆောင်အပြင်ဘက်မှ လေချွန်သံတစ်ချက် ထွက်ပေါ်လာ၏။

လေချွန်သံကြားသည်နှင့် ကြောင်နက်သည် နောက်သို့ခုန်လွှဲကာ ထွက်ပြေးသွားတော့သည်။

သို့သော် ...

ဝါယင်လုံသည် ကြောင်နက်အား အလွတ်မပေးချေ။

နောက်မှ ထပ်ကြပ်မကွာလိုက်သွား၏။

ကြောင်နက်ကို တစ်စုံတစ်ယောက်က ခေါ်လိုက်ကြောင်း သူသိလိုက်၍ ဖြစ်သည်။

ထို့ကြောင့် ထိုသူကိုအမြဖမ်းရန် စဉ်းစားလိုက်သည်။

သူသည် ကြောင်နက်နောက်သို့လိုက်လာရင်း အဆောင်အပြင်ဘက်သို့ ရောက်ရှိလာသည်။

အဆောင်အပြင်ဘက်သို့ ရောက်သောအခါ ...

ကြောင်နက်နှင့်တကွ မည်သူမျှ မတွေ့ရတော့ပါ။

သူသည် အဆောင်၏အမိုးပေါ် ခုန်တက်လိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေလိုက်၏။

အတန်ကြာသည်အထိ ရှာဖွေသော်လည်း လူရိပ်လူယောင်ကို မမြင်ရသဖြင့် လက်လျော့လိုက်သည်။

သူသည် အောက်သို့ ပြန်ခုန်ဆင်းလိုက်သည်။

သူ့တွင် ရန်သူတစ်ယောက်ကို ဖမ်းဆီးရမိထားသေးသည် မဟုတ်ပါလား။

သူက အဆောင်တွင်းပြန်ဝင်၍ 'ယူ'ကိုစစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

သူသည် အခန်းထားသည့်အခန်းသို့ ရောက်လာသောအခါ မီးခွက်ကိုရှာဖွေ၍ ပြန်ထွန်းညှိလိုက်သည်။

ထိုအခါ သူ ဖမ်းဆီးထားခဲ့သော အမျိုးသမီးကိုမူ မတွေ့ရတော့ပါချေ။

ဝါယင်လုံက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

"အင်း... ရန်သူကို အထင်သေးလို့ မရဘူး၊ သူတို့လူပ်ရှားမှုက ဝိရိုပါတယ်"

သူ၏စိတ်တွင်းမှ ချီးကျူးလိုက်သည်။ ဝါယင်လုံက အခေါင်းအနီးသို့ လျှောက်သွားသည်။ ထို့နောက် အလောင်းကို စစ်ဆေးကြည့်လိုက်သည်။

အလောင်းမှာ သေချာကျနစွာ ပြင်ဆင်ထားသည်။ ထို့ကြောင့် ဒဏ်ရာကို မမြင်ရပါချေ။

သူက အင်္ကျီကော်လံအစကိုဖယ်၍ ကြည့်ရှုတော့မှ လည်ပင်းအထက်၌ တစ်လက်မခန့် အပေါက်တစ်ပေါက်ကို တွေ့လိုက်ရသည်။

ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် သွားနှင့်ကိုက်ထားပုံမျိုး ဖြစ်၏။

ထို့ကြောင့် ကောက်ချက်ချကြည့်မည်ဆိုလျှင် တိရစ္ဆာန်တစ်ကောင်ကောင်က လည်မျိုကို ကိုက်ခဲလိုက်သောကြောင့် သေဆုံးသည်ဟုသာ ဆိုရပေမည်။ ဤအတိုင်းသာ ယူဆကြသည်။

သူသည် အလောင်းအား သေချာစွာစစ်ဆေးနေစဉ် နားထဲ၌ သဲမကွဲအသံတစ်ချက်ကို ကြားလိုက်ရသဖြင့် နောက်လှည့်လိုက်ရာ ဖွားပွဲခုံအောက်မှ လူရိပ်တစ်ရိပ်က အဆောက်အဦးအပြင်ဘက်သို့ ခြေမြန်စွာပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

ဝါယင်လုံ ရင်ထိတ်သွားပြီး...

"ဟင်... ဒီမှာလည်း လူတစ်ယောက်ပါလား"

သူသည် ခေါင်းအဖုံးအား ပြန်မပိတ်တော့ပါ။ တွေ့လိုက်ရသော လူရိပ်နောက်သို့ အမြန်ပြေးလိုက်သွားလေတော့သည်။

ရှေ့မှလူရိပ်မှာ ပြေးလွှားနေသည်။

ဝါယင်လုံကလည်း အလွတ်မပေးဘဲ နောက်မှအမြန်လိုက်သွားသည်။ အမီလိုက်သည်။ အားစိုက်၍လိုက်သည်။

ထို့ကြောင့် လူရိပ်သည် လွတ်အောင်မပြေးနိုင်ချေ။

တစ်ပိုင်းတစ်စ ထွက်ပြူနေသော လမင်း၏အလင်းရောင်ကြောင့် ရှေ့မှလူရိပ်အား သဲသဲကွဲကွဲ တွေ့မြင်နေရသည်။

ရှေ့မှပြေးလွှားနေသော လူရိပ်သည် နဲ့နဲ့နှောင်းနှောင်းနှင့် ဦးနှောက်လေးတစ်ယောက်ပင် ဖြစ်၏။

သူမ၏ခါးလည်၌ ဓားတိုတစ်ချောင်း ထိုးထားသည်ကိုလည်း တွေ့မြင်လိုက်ရသည်။

ဝါယင်လုံသည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ အလျင်အမြန်လိုက်နေသည်။

ထိုစဉ် သူတို့ပြေးလွှားနေသော လမ်းရှေ့၌ အုတ်တံတိုင်းတစ်ခုက ပိတ်ဆို့နေသည်ကို တွေ့လိုက်ရသည်။

မိန်းကလေးမှာ ရှေ့မှအဆီးအတားကြောင့် ဂုတ်တရက် ခြေလှမ်းတုံ့ခနဲ ဖြစ်သွားသည်။

ဝါယင်လုံက မီလာပြီး မိန်းကလေး၏ပခုံးကို လက်ဝါးဖြင့် အသာခုတ်လိုက်သည်။

အသေရိုက်လိုက်ခြင်း မဟုတ်ပါ။ ဆ၍ ရိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။

မိန်းကလေးမှာ ယိမ်းယိုင်သွားပြီး ရှေ့မှအုတ်တံတိုင်းကို လက်ထောက်ကာ ကိုယ်ကိုထိန်းလိုက်ရသည်။

ဝါယင်လုံက မေးမြန်းလိုက်သည်။

"မင်း ဘယ်သူလဲ"

မိန်းကလေးက အဖြေမပေးနိုင်သေးပါ။

ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။

အမှန်စင်စစ် မိန်းကလေးမှာ စားပွဲအောက်တွင်ပုန်းနေစဉ် အဆိပ်ငွေ့ရှူရှိုက်မိမည်ကို စိုးရိမ်သောကြောင့် အသက်ကို ကြာမြင့်စွာ အောင့်ထားရသဖြင့် ယခုလို ချောင်းတဟွတ်ဟွတ်ဆိုနေခြင်း ဖြစ်၏။

ဝါယင်လုံက မိန်းကလေးအား အကဲခတ်လိုက်သည်။

မိန်းကလေးမှာ ချောမောလှပပြီး နုနယ်၏။

သို့သော် အဝတ်အစားမှာမူ ယောကိုရောင်ဝတ်ဆင်ထားသဖြင့် အံ့သြသွား၏။

မိန်းကလေးမှာ ချောင်းဆိုးရလွန်းသဖြင့် မျက်ရည်များလည်လာသည်။

ဝါယင်လုံ ပြုံးပြီး မေးလိုက်လေသည်။

"နေပါဦး ... မင်းကို ငါ ဘာလုပ်သေးလို့ ငိုနေရတာလဲ"

မိန်းကလေးက လက်နှစ်ဖက်ဆုပ်ကာ တောင်းပန်လေသည်။

"ကျွန်မကို သွားခွင့်ပြုပါရှင်"

ဝါယင်လုံက ခေါင်းခါယမ်းလိုက်ပြီး ...

"ဘယ်ဖြစ်မလဲ၊ ငါမေးတာ အရင်ဖြေပြီးရင် လွှတ်ပေးမယ်"

မိန်းကလေးက ...

"ကျွန်မ စီးမာဂေဟာနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဒါကြောင့် သွားခွင့်ပြုပါ"

ဝါယင်လုံက ...

"မင်းက စီးမာဂေဟာနဲ့ မပတ်သက်ဘူးဆိုပြီး ဘာကြောင့် စားပွဲခုံအောက်မှာ ဝင်ပုန်းနေရတာလဲ"

မိန်းကလေး ဘာမှပြန်မပြောနိုင်ပါ။

သူမသည် ခါးမှာကို ဆွဲထုတ်လိုက်သည်။

"မင်းက ငါ့ကို တိုက်ခိုက်မလို့လား၊ မင်းနဲ့ငါ ဘာရန်ငြိုးများရှိလို့လဲ"

"ရှင့်ကို မတိုက်ခိုက်စေချင်ရင် လမ်းဖယ်ပေးပါ"

"ငါမေးတာကို ဖြေပြီးရင် သွားခွင့်ပြုမှာပါ"

မိန်းကလေးက အံကြိတ်လိုက်ပြီး လက်ထဲမှာတို့ဖြင့် ဝါယင်လုံအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ဝါယင်လုံ သဘောကျစွာ ရယ်မောရင်း ရှောင်တိမ်းလိုက်၏။

မိန်းကလေးက ပြင်းထန်စွာတိုက်ခိုက်နေသော်လည်း ဝါယင်လုံက အေးဆေးစွာ ရှောင်တိမ်းလိုက်နိုင်သည်။

ထို့ကြောင့် မိန်းကလေးသည် ထွက်ပြေးရန် စဉ်းစားလိုက်ပြီ
ဝါယင်လုံ၏ ရင်ဝသို့ မားကိုထိုးသွင်းကာ တစ်ဆက်တည်းပင် အုတ်
တဲတိုင်းပေါ်သို့ ခုန်တက်လိုက်သည်။

ဝါယင်လုံက မရှောင်တိမ်းပါ။

မိန်းကလေး ထိုးသွင်းလာသောမားအား လက်ဝါးနှစ်ဖက်ဖြင့်
ဖမ်းညှပ်ထားလိုက်သည်။

မိန်းကလေးမှာ အခက်ကြုံသွားသည်။

သူမ လွတ်မြောက်လိုလျှင် မားကိုထားခဲ့ရမည် ဖြစ်သည်
သူမက မားကို မထားခဲ့ချင်ပါ။

ထို့ကြောင့် အပေါ်သို့ ခုန်မတက်တော့ဘဲ အောက်သို့ပြန်ဆင်
လိုက်ရသည်။

ဝါယင်လုံက အချိန်မဆိုင်းဘဲ မားကိုညှပ်ထားရာမှ တွန်းထုတ်
လိုက်လေသည်။

မိန်းကလေးမှာ ဟန်ချက်မညီဘဲ ယိမ်းယိုင်သွားစဉ် သူ
သွေးကြောပိတ်လိုက်သည်။

မိန်းကလေး မလှုပ်ရှားနိုင်တော့ဘဲ လဲကျသွားသည်။

မြေပေါ်သို့ မဟုတ်ပါ။

ဝါယင်လုံ၏ ရင်ခွင်ထဲသို့ ဖြစ်သည်။

မိန်းကလေး၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

သူမက မော့ကြည့်လိုက်ရာ ရွှန်းရွှန်းစားစားကြည့်နေသော
ဝါယင်လုံ၏ အကြည့်ကြောင့် ရင်တထိတ်ထိတ် ခုန်သွားလေသည်
သူမက အထစ်ထစ်အငေါ့ငေါ့ဖြင့် တောင်းပန်လိုက်သည်

"ကျွန်တော် ... ကျွန်မကို လွှတ်ပါရှင်"

ဝါယင်လုံက ပြုံး၍ မိန်းကလေးအား မွေ့ချိုလိုက်ပြီး ...

"တို့ ဒီမှာစကားပြောလို့မကောင်းဘူး၊ အဆောင်ထဲကို ပြန်
သွားကြတာပေါ့"

ဟု ပြောရင်း စီးမာဂေဟာဆီသို့ ပြန်လည်ပြေးသွားလေသည်။

❋ ❋ ❋

အခန်း(၅)

ဒုက္ခပေးသော သဲလွန်စ

ဝါယင်လုံက မိန်းကလေးအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေ၏။

ပြီးမှ စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ကဲ ... မိန်းကလေး၊ မင်း ဘယ်သူလဲ"

မိန်းကလေးက မျက်နှာခပ်တင်းတင်းဖြင့် ပြောသည်။

"ရှင်က သက်သက်အနိုင်ကျင့်တာပဲ"

"ကျုပ်က အနိုင်ကျင့်တာ မဟုတ်ပါဘူး၊ ကျုပ်မေးတာကို မှန်မှန်ပြောရင် မင်းကို ပြန်လွှတ်မှာပါ"

"ရှင်က ကျွန်မကို ရှင့်ရဲ့ရှန်သူလို့ ထင်လို့လား"

ဝါယင်လုံက အေးတိအေးစက်ပြုံးလိုက်ပြီး ...

"မင်းက ဘာကြောင့် စားပွဲခုံအောက်ရောက်နေရတာလဲ"

"ကိစ္စတစ်ခု ရှိလို့ပါ"

"ဘာကိစ္စလဲ"

"ရှင်က ဘာလို့ တရားခံစစ်သလို ကျွန်မကို စစ်နေရတာလဲ"

"ဒါကတော့ အခြေအနေအရပါ၊ အခုအချိန်မှာ မင်းလည်း ကျုပ်ရန်သူတစ်ယောက် ဖြစ်နိုင်တယ် မဟုတ်လား၊ ကျုပ်မှာ ရန်သူ တော်လည်ဝိုင်းနေနိုင်ကာပဲ"

"ကျွန်မနဲ့ သူတို့ ဘာမှမဆိုင်ပါဘူး"

ဝါယင်လုံက ပြုံးလိုက်သည်။

မိန်းကလေးသည် စီးမာချန်ချင်းအား လုပ်ကြံမှုကို တစ်စိတ် တစ်ဒေသ သိနိုင်သည်ဟုလည်း တွေးမိသည်။

ထို့ကြောင့် မိန်းကလေးထံမှ သဲလွန်စရှာဖွေရန် စဉ်းစားလိုက်သည်။ ဤနေရာ၌ တွေ့သမျှအရာအားလုံး သဲလွန်စပင်။

မိန်းကလေးက ...

"ရှင်မေးတာကို ကျွန်မဖြေနိုင်သလောက် ဖြေပါ့မယ်၊ ဒါပေမယ့် သွေးကြောကို အလျင်ဖွင့်ပေးပါ"

ဝါယင်လုံက ...

"မင်းက ထွက်ပြေးရင်ကော"

မိန်းကလေးက ...

"ရှင့်ကိုယ်ဖော့ပညာဟာ ကျွန်မထက် အများကြီးသာတာပဲ၊ ကျွန်မထွက်ပြေးလည်း ရှင် ပြန်ဖမ်းမိမှာပဲ မဟုတ်လား"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျွန်မသွေးကြောကို ဖွင့်ပေးပါ"

ဝါယင်လုံက မိန်းကလေးအား သွေးကြောဖွင့်ပေးလိုက်၏။

မိန်းကလေးကို...

"ကဲ... ရှင် ဘာသိချင်လဲ"

"ကျွန်တော်မေးစရာ တစ်ခုနှစ်ခုပဲ ရှိပါတယ်"

"စီးမာမီသားစုကို လုပ်ကြံတဲ့သူကို သိချင်တာ မဟုတ်လား"

"ဟုတ်ပါတယ်"

မိန်းကလေးက...

"ကျွန်မ သေသေချာချာတော့ မသိဘူး၊ ဒါပေမယ့် သိသလောက်တော့ ပြောပြပါ့မယ်၊ ရှင် နားထောင်ကြည့်ပါ"

ဝါယင်လုံက လက်နှစ်ဖက်ကိုဆုပ်လိုက်ပြီး ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့... ပြောပြရင် ကျေးဇူးပါပဲဗျာ"

မိန်းကလေးက အေးဘီကိုတစ်ချက်ကြည့်လိုက်ပြီး...

"ဒီမှာပြောလို့ မကောင်းဘူး"

ပြောရင်း အဆောင်အပြင်ဘက်သို့ လှစ်ခနဲပြေးထွက်သွားသည်။ ဝါယင်လုံက မိန်းကလေးနောက်မှ ပြေးလိုက်သွားလေသည်။

မိန်းကလေးနှင့် ဝါယင်လုံတို့ ပြေးလွှားလာခဲ့ရာ အတန်ကြာသောအခါ မြို့ပြင်သို့ ရောက်ရှိလာသည်။

မိန်းကလေးက ပြေးလွှားနေဆဲပင် ဖြစ်သည်။

ထို့ကြောင့် ဝါယင်လုံကလည်း လိုက်ပါနေရသည်။

အတန်ကြာ ဆက်လက်ပြေးလွှားပြီးသည့်အခါ ချုံဖုတ်ချုံနွယ်များ ပြည့်နှက်နေသော နေရာတစ်ခုသို့ ရောက်လာသည်။

ချုံဖုတ်ချုံနွယ်များကြား၌ လူတစ်ကိုယ်စာလမ်းကလေးကို တွေ့လိုက်ရသည်။ ထိုလမ်းကလေးအတိုင်း လာခဲ့ရာ တဲအိမ်ကလေးတစ်ခုကို တွေ့လိုက်ရလေသည်။

ဝါယင်လုံ အံ့သြသွားသည်။

ဤမြို့ လူသူခေါင်လှသောနေရာတွင် အဘယ့်ကြောင့် တဲအိမ်နေရသနည်း။

ထို့အတူ မိန်းကလေးမှာလည်း လျှို့ဝှက်မှုရှိသည်ဟု သတိထားမိသည်။

မိန်းကလေးက တဲအိမ်တံခါးဝ၌ ရပ်တန့်လိုက်ပြီး တံခါးကို ခေါက်လိုက်သည်။

"ဒေါက်... ဒေါက်... ဒေါက်"

အထဲမှ တုံ့ပြန်သံ မကြားရပါ။

"ဒေါက်... ဒေါက်... ဒေါက်"

မိန်းကလေးက စိတ်တိုသောအသံဖြင့် တံခါးကို ထပ်မံခေါက်ပြန်သည်။ တံခါးခေါက်သံ ပြင်းလာသည်။

"ရဲနန်... တံခါးဖွင့်"

ထိုအခါမှ အထဲကအသံ ထွက်လာသည်။

"သခင်မလေးလား"

အသံနှင့်အတူ တဲအိမ်လေးမှာ မီးလင်းလာသည်။ တံခါးကမူ မပွင့်သေးပါ။

မိန်းကလေးက...

"တံခါးဖွင့်စမ်းပါ၊ ဘယ်လိုဖြစ်နေတာလဲ"

"သခင်မလေးနောက်က ဘယ်သူလဲ"

မိန်းကလေးက စိတ်မထိန်းနိုင်တော့ပါ။

"ရဲနန် စကားပြန်မေးမနေနဲ့၊ ဖွင့်စမ်း"

ပြောရင်းက တံခါးကို လက်ဝါးနှင့်ရိုက်ချလိုက်သည်။ တံခါး
ပွင့်သွားလေတော့သည်။

ဝါယင်လုံက အကဲခတ်ကြည့်လိုက်၏။

ဒီအိမ်ကလေးအတွင်း၌ သစ်သားစားပွဲ တစ်လုံးနှင့် ဝါး
ကုလားထိုင်ထိုင်နှစ်လုံးသာ ခင်းကျင်းထားသည်ကို တွေ့လိုက်ရသည်

အခင်းအကျင်းက မဆန်းပြားချေ။

မိန်းကလေးက အခန်းကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အော်
ခေါ်လိုက်သည်။

"ရဲနန် ... ဘယ်မှာလဲ"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ခေါ်မနေပါနဲ့ သူ ရှိပါတယ်"

သူ့စကားအဆုံး၌ တံခါးရွက်နောက်မှ လူတစ်ယောက် ထွက်
လာသည်။

"မင်း တော်သားပဲ၊ ငါ ပုန်းမနေတော့ပါဘူး"

ထိုလူအားမြင်သည်နှင့် ဝါယင်လုံ ကြက်သီးထသွားသည်။

သူမ၏မျက်နှာပေါ်၌ ဓားဒဏ်ရာများ ပြည့်နှက်နေပြီး ကြည့်
အလွန်ဆိုးသည်။

သူမ၏မျက်နှာ အကျည်းတန်သော်လည်း စကားသံအရ
အသက်လေးဆယ်ခန့်မျှသာ ရှိဦးမည်ဟု ယူဆရသည်။

မိန်းကလေးက ရဲနန်ဘက်သို့ လှည့်လိုက်ပြီး ...

"ရဲနန် ... ဒီမှာ ဧည့်သည်ပါလာတယ်၊ ရေနွေးကြမ်းယူလာ
ခဲ့ပေးပါ"

ရဲနန်က ဝါယင်လုံအား တစ်ချက်အကဲခတ် ကြည့်လိုက်သည်။
ပြီးမှ မိုးဖိုချောင်ဘက်သို့ လှမ်းဝင်သွားသည်။

ဝါယင်လုံမှာ ရဲနန်၏လူပ်ရှားမှုကိုကြည့်ပြီး အံ့သြသွားသည်။

အဘယ့်ကြောင့်ဆိုသော ရဲနန်သည် အဆင့်မြင့်သိုင်းသမား
တစ်ဦးကဲ့သို့ လူပ်ရှားသွားသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

ဝါယင်လုံ ရင်ထိတ်သွားသည်။

သတိမပြတ်ထားရန်လည်း ကိုယ့်ကိုယ်ကို သတိပေးမိသည်။

မိန်းကလေးက ငေးငိုင်နေသော ဝါယင်လုံကို တစ်ချက်ကြည့်
ကာ ...

"ကဲ ... ထိုင်ပါ"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"မင်းရော မထိုင်ဘူးလား"

ပြောရင်း ထိုင်လိုက်သည်။

မိန်းကလေးကလည်း သူနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

ဝါယင်လုံက တဲအိမ်ကလေး၏အခန်းအား အကဲခတ်ကြည့်
ရင်း ...

"ဒါ မင်းအိမ်လား"

မိန်းကလေးက ...

"ဆိုပါတော့၊ ရှင် သိုင်းလောကထဲဝင်လာတာ ကြာပြီလား"

"မကြာသေးပါဘူး၊ အခုမှ စဝင်တာပါ"

"ဒါပေမယ့် ရှင် သိုင်းလောကမှာ ဂိုဏ်းတို့ အဖွဲ့အစည်းတို့
ရှိကြောင်းတော့ သိမှာပါ၊ သိုင်းလောကမှာ ကိုယ်ထင်သလိုတော့
လူပ်ရှားလို့ မရဘူး၊ ရှင်လည်း ခဏပါပဲ"

"ဟုတ်ကဲ့ ... ဗဟုသုတအဖြစ်တော့ အနည်းအကျဉ်းသိထား ပါတယ်၊ ဗဟုသုတ ဟင်းလေးအိုးကြီးတော့ မဟုတ်ပါဘူး"

မိန်းကလေးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဒါဆို 'ရှန်းမုံ'ဂိုဏ်းကို ရှင် ကြားဖူးသလား"

ဝါယင်လုံက စဉ်းစားလိုက်သည်။ သူ၏စဉ်းစားဉာဏ်တွေ့ မပေါ်ပေ။

"မကြားဖူးပါဘူး"

"ဒီ ရှန်းမုံဂိုဏ်းဟာ သိုင်းလောကထဲမှာ ပေါ်ပေါက်လာတာ မကြာသေးပါဘူး"

ဝါယင်လုံက ...

"မိန်းကလေး ဆိုလိုတဲ့သဘောကတော့ စီးမာမိသားစုကို လုပ် ကြံတာဟာ ရှန်းမုံဂိုဏ်းကလို့ ဆိုချင်တာလား"

ထိုစဉ် သူ၏အနောက်ဘက်မှ အသံရှည် ကြားလိုက်ရသည်။ ဝါယင်လုံ ထိတ်လန့်ပြီး လှည့်ကြည့်လိုက်၏။

ရဲနန်က သစ်သားဗန်းပေါ်တွင် ရေနွေးကြမ်းခွက်ထား ကာ ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူမျက်နှာက သစ်သားရုပ်တုလိုပင်။

ရဲနန်က သူ့အား စိုက်ကြည့်နေသည်။ ဝါယင်လုံ ရင်ထဲ သွားသည်။ ရဲနန်သည် မိမိအား ရန်လိုနေသည်ဟု ထင်မိသည်။

ထို့ကြောင့်သူသည် ပညာပြရန် စဉ်းစားလိုက်ပြီး နေရာမှထ ဟန်ပြင်လိုက်သည်။

သို့သော် သူ မထဖြစ်ပါ။

ဤနေရာတွင် သူက ဇည့်သည်မဟုတ်ပါလော။ ဇည့်သည် သည် အိမ်ရှင်ကို စောင်ကာ၍မဖြစ်ဟု အတွေးဝင်လာပြီး ပြန်ထိုင် လိုက်ခြင်း ဖြစ်သည်။

မိန်းကလေးက ရဲနန်အား စိုက်ကြည့်ပြီး အမ်နဲ့ပေးလိုက်သည်။

"ရဲနန် နောက်ဆုတ်နေစမ်း"

ရဲနန်က နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားသည်။

မိန်းကလေးက စကားပြန်စလိုက်သည်။

"ကျွန်မ တစ်နေ့က သံသယဝင်စရာကောင်းတဲ့ လူတစ်စုကို ဆွဲလိုက်ရတယ်"

"ဘယ်သူတွေလဲ"

"ကျွန်မလည်း သူတို့နောက်ကို လိုက်ကြည့်ခဲ့တယ်၊ ဒီလူစု က စီးမာဂေဟာကို ဝင်သွားကြတယ်၊ ဩော် ... ဒါနဲ့ ရေနွေးသောက် ပါဦး"

ဝါယင်လုံက ရေနွေးကိုယူ၍ တစ်ငုံသောက်လိုက်သည်။ သူက သောက်လိုက်သည်နှင့် ရေနွေးတွင် ဆေးခတ်ထားကြောင်း ရိပ်မိ လိုက်သည်။

သူ အပြုံးမပျက်ပါ။

ရေနွေးကြမ်းခွက်ကို ပြန်ချရင်း အင်္ကျီလက်မောင်းက လျှပ်ရှား သွားသည်။ အင်္ကျီလက်၏ လျှပ်ရှားမှုကြောင့် လေက တိုက်ခတ်သွား ပြီး မီးတိုင်မှာ မီးငြိမ်းမတတ် ဖြစ်သွားသည်။

ထိုတဒင်္ဂအတွင်းမှာပင် သူသည် ကျန်ရှိနေသော ရေနွေးကြမ်း ခွက်ထဲသို့ ဆေးလုံးတစ်လုံးကို ပစ်ထည့်လိုက်သည်။

သူ၏ လူပ်ရှားမှုမှာ လျှန်မြန်ပိရိ သေသပ်သည်။

မိန်းကလေးနှင့် ရဲနှန်တို့နှစ်ဦးစလုံး သိပင်မသိလိုက်ချေ။

မိန်းကလေးက ဝါယင်လုံ ရေနွေးသောက်နေသည်ကို ကျေန
စွာ ပြုံးကြည့်ရင်း စကားဆက်လိုက်လေသည်။

"ကျွန်မက အဲဒီလူစုနောက်ကု လိုက်သွားကြည့်ခဲ့ပါတယ်
အဲဒီအခါမှာ သူတို့က စီးမာချန်ချင်းရဲ့အခေါင်းထဲကို ဖြူဖြူအမှုန့်တ
ထည့်နေတာကို တွေ့လိုက်ရပါတယ်၊ ပြီးတော့ သူတို့က လူစုခွဲပြ
ဂေဟာထဲမှာ ပုန်းအောင်းနေကြပါတယ်"

ဝါယင်လုံသည် ဆေးခတ်ထားသော ရေနွေးကြမ်းကို မသိသေ
ဟန်ဖြင့် ဆက်၍ တစ်ငုံသောက်လိုက်ပြန်သည်။ ပြီးမှ မေးခွန်းတစ်
ထုတ်လိုက်သည်။

"အဲဒီဂေဟာမှာ တွေ့ခဲ့တဲ့ 'ယူ'ဆိုတဲ့အမျိုးသမီးက ရှန်း
ဂိုဏ်းကလူလား"

မိန်းကလေးက ခေါင့်းညိတ်ပြီး ...

"သူတို့ပြောစကားအရဆိုရင် ဟုတ်ပါတယ်"

ဝါယင်လုံက ရေနွေးကိုထပ်၍ တစ်ငုံသောက်လိုက်ပြီး ...

"သူက ဘာလဲ ... ဂိုဏ်းချုပ်လား"

မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး ...

"သူက ငယ်သားတစ်ဦးပါ"

"ခင်ဗျား ရှန်းမုံဂိုဏ်းအကြောင်း တော်တော် သိထားသလား
သိထားရင် ကျုပ်ကို ပြောပြပါဗျာ"

"သိပ်တော့ အသေအချာ မသိပါဘူး၊ ရှန်းမုံဂိုဏ်းဟာ လွ

ဝှက်တဲ့ အဖွဲ့အစည်းတစ်ခုပဲ၊ သူတို့က လူဆယ်ယောက်ကို တစ်ဖွဲ့
ခွဲပြီး ခေါင်းဆောင်တစ်ဦး ထားတယ်၊ ဒါကြောင့် 'ယူ'ဆိုတဲ့အမျိုး
သမီးဟာ အရေးပါတဲ့လူ မဟုတ်ပါဘူး"

ဝါယင်လုံက ရေနွေးလက်ကျန်ကို အကုန်မော့သောက်လိုက်
သည်။

ပြီးမှ မိန်းကလေးအား စိုက်ကြည့်ရင်း ...

"ခင်ဗျား သူတို့ အဖွဲ့ခေါင်းဆောင်အကြောင်းကို သိသလား"

မိန်းကလေးက ...

"ဒီမြို့မှာ လူပ်ရှားနေတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ ခေါင်းဆောင်ကိုတော့
ခဲ့စမ်းသိရှိထားပါတယ်၊ သူ့ကို အားလုံးက မင်းသားလေးချိုလို့
ခေါ်ကြပါတယ်"

ဝါယင်လုံက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ဒီလူကို မင်းသားလေးချိုလို့ ခေါ်ပုံထောက်တော့ အသက်
ငယ်ငယ်ရွယ်ရွယ်ပဲ ရှိဦးမယ်ထင်တယ်"

"ဟုတ်ပါတယ်၊ သူတို့ ပြောစကားအရ မင်းသားလေးချိုဟာ
စီးမာမိသားစုကို လုပ်ကြံမှုမှာ ပါဝင်ပတ်သက်နေတယ်လို့ ယူဆ
ရပါတယ်"

"အခု သူတို့ ဒီမှာရှိကြသေးလား"

"ရှိပါသေးတယ်"

"အင်း ... ကျုပ်နဲ့ မင်းသားလေးချိုနဲ့ ရင်ဆိုင်ရမယ်ထင်တယ်"

မိန်းလေးက ပြုံးလိုက်ပြီး ...

"ဒါပေမယ့် တကယ်တမ်းကျတော့ မင်းသားလေးချိုဟာလည်း
အရေးပါတဲ့ ခေါင်းဆောင်တစ်ယောက် မဟုတ်သေးပါဘူး"

ဝါယင်လုံက ...

"ဒါဆိုလည်း ရှုန်းမုဂိုဏ်းချုပ်နဲ့ ရင်ဆိုင်ရဦးမှာပေါ့"

ဟု ပြောရင်းတစ်ဆက်တည်း ရဲနှန်အား လှမ်းခေါ်လိုက်သည်။

"ရဲနှန် ..."

မထင်မှတ်ဘဲ ဝါယင်လုံ၏ ခေါ်သံကြောင့် ရဲနှန်မှာ အံ့အား သင့်သွားပြီး ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

ဝါယင်လုံက ရေနွေးကြမ်းခွက်ကို လှမ်းပေးကာ ထပ်မံ၍ တောင်းခံလိုက်လေသည်။

"ရေနွေးက တော်တော်သောက်လို့ကောင်းတယ်၊ ဖြစ်နိုင်ရင် နောက်တစ်ခွက် ပေးပါလား"

မိန်းကလေး မျက်နှာကွက်ခနဲ တစ်ချက်ပျက်သွားသည်။

ရဲနှန်မှာလည်း မျက်နှာပျက်သွား၏။

သူ ခတ်ထားသောအိပ်ဆေးမှာ အဆင့်မြင့်သိုင်းသမားတစ် ယောက်ပင် သောက်မိသည့်နှင့် လဲကျသွားနိုင်သည် မဟုတ်ပါလား။

ရဲနှန်က ရေနွေးခွက်ကိုယူကာ လှည့်ထွက်သွားသည်။

မီးဖိုဆောင်အဝအရောက်တွင် ဝါယင်လုံ ဟန့်တားလိုက်သည်။

"ရဲနှန် ... ခဏနေဦး"

ရဲနှန် လှည့်ကြည့်လိုက်ပြီး ...

"မင်း ဘာပြောချင်လို့လဲ"

"ညြော် ... စောစောကခတ်တဲ့ လက်ဖက်ခြောက်ကကောင်းလို့ တတ်နိုင်ရင် ပိုခတ်လာခဲ့ပါ"

ရဲနှန်က ဘာမျှပြန်မပြောတော့ပါ။ မီးဖိုဆောင်အတွင်းသို့ ဝင်သွားတော့သည်။

မိန်းကလေးမှာ ရင်တထိတ်ထိတ် ခုန်နေသည်။

သူ၏ရှေ့မှ လူရွယ်သည် အိပ်ဆေးအား မူပုံမပေါ်ပါ။

ထိုသို့ဆိုလျှင် သူမတို့အတွက် ပြင်းထန်သောတိုက်ပွဲ တစ်ပွဲ ဆင်နွှဲရတော့မည်ဟု တွေးတောနေသည်။

သူမက တိုက်ခိုက်လျှင်လည်း လူငယ်အား မနိုင်,နိုင်ကြောင်း ရိပ်မိသည်။

ချွေးသီးချွေးပေါက်များပင် စို့လာတော့သည်။

ထိုစဉ် ရဲနှန် ပြန်ရောက်လာသည်။

ဝါယင်လုံ၏ ရှေ့၌ ရေနွေးကြမ်းခွက်ကို တင်ပေးလိုက်၏။

ထို့နောက် ...

ဝါယင်လုံ၏ နောက် မလှမ်းမကမ်း၌ ပြန်၍ရပ်နေလိုက်သည်။

ဝါယင်လုံက ရေနွေးခွက်ကိုကောက်ယူပြီး သောက်လိုက်သည်။

ပြီးမှ စကားစလိုက်သည်။

"အင်း ... မိန်းကလေး ပြောစကားအရဆိုရင်တော့ ဒီရှန်းမုဂိုဏ်းဟာ လျှို့ဝှက်တဲ့အဖွဲ့အစည်းတစ်ခု၊ ပြီးတော့ လူအင်အားလည်း များတယ်၊ နောက်ပြီး သူတို့ဟာ ကိစ္စတစ်ခုကို ပိပိရိရိနဲ့ လုပ်တတ် တဲ့ပဲ"

မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်"

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ဒီလိုဆိုရင်တော့ ငြိမ်သက်နေတဲ့ သိုင်းလောကဟာ ကြီးမားတဲ့ မုန်တိုင်းကြီးတစ်ခုကို ရင်ဆိုင်ရတော့မှာပေါ့"

မိန်းကလေးက ...

"ဟုတ်ပါတယ်၊ ကျွန်မလည်း သိုင်းလောကမှာ ထူးခြားတဲ့ ပြောင်းလဲမှုတော့ ဖြစ်လာမယ်လို့ ထင်နေပါတယ်"

"ဘာကြောင့်လဲ"

"အခုလောလောဆယ် စီးမာမိသားစုကို လုပ်ကြံလိုက်တာဟာ သူတို့ဂိုဏ်းက စတင်လှုပ်ရှားတဲ့ ပထမ ခြေလှမ်းတစ်ခုပဲ မဟုတ်လား၊ သိုင်းလောကရေပြင်ကို ခဲတစ်လုံး ပစ်ချလိုက်တဲ့သဘောပဲ"

မိန်းကလေးက ပြောရင်း သူမ၏ ရေနွေးခွက်ကို ကောက်ကိုင်လိုက်သည်။

ဝါယင်လုံမှာ ပြုံးစေ့စေ့ဖြစ်သွားသည်။ သူက မိန်းကလေးတို့နည်းအတိုင်း ဆေးပြန်ခတ်ထားသည်။

မိန်းကလေးက ရေနွေးသောက်ရန် ဟန်ပြင်လိုက်သောအခါ မနေနိုင်တော့ဘဲ ရယ်မိလိုက်သည်။

မိန်းကလေး အံ့သြသွားပြီး ရေနွေးကိုမသောက်တော့ဘဲ ပြန်ချကာ မေးလိုက်မိသည်။

"ရှင်က ဘာရယ်တာလဲ"

ဝါယင်လုံ မျက်နှာပိုးသတ်လိုက်ပြီး ...

"ဩော် ... ဘာမှ မဟုတ်ပါဘူး"

မိန်းကလေးသည် ဆက်မမေးတော့ဘဲ ရေနွေးသောက်ရန် ဟန်ပြင်လိုက်သည်။

ဝါယင်လုံမှာ စိတ်ထဲ၌ ဒွိဟဖြစ်နေသည်။

သူသည် မိန်းကလေးအား ရေနွေးကိုမသောက်စေလိုပါ။

သို့သော်လည်း သူတို့၏ပညာအတိုင်း သူတို့ကိုပြန်ထိကာ ခံစားစေချင်သည်။ သူတစ်ပါးကို ထိစေချင်လျှင် ကိုယ်ကို ပြန်ထိတတ်ကြောင်း သင်ခန်းစာယူစေချင်သည်။

သူသည် အတန်ကြာ ဝေခွဲမရဖြစ်နေသည်။

ထိုအခိုက် မိန်းကလေးက ရေနွေးခွက်ကို လှမ်းယူ၍ပါးနှင့် တေ့လိုက်သည်။

ထိုအခါ ဝါယင်လုံသည် မနေနိုင်တော့ဘဲ ထပ်မံ ရယ်မောမိလေတော့သည်။ ခွက်ထိုးခွက်လှန် ရယ်နေခြင်းဖြစ်သည်။

မိန်းကလေးက လက်ကို အောက်ပြန်ချကာ ...

"ရှင် ဘာရယ်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ရှင်ရယ်တာ အကြောင်းရှိရမယ်"

ဝါယင်လုံ ဆုံးဖြတ်လိုက်သည်။

သူတစ်ပါးအား ဆေးခတ်သည့် အောက်တန်းကျသော ပညာမျိုးကို သူ မသုံးလိုတော့ပါ။

သူ၏ သိုင်းပညာနှင့်ဆိုလျှင် မိန်းကလေးအား ကောင်းစွာထိန်းချုပ်နိုင်သည်ဟုလည်း တွေးမိ၏။

ထို့ကြောင့် အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။

"ကျုပ်ရယ်တာက မိန်းကလေးကို ရေနွေးမသောက်စေချင်လို့ပါ"

မိန်းကလေးက အံ့သြသွားပြီး ...

"ဘာဖြစ်လို့လဲ"

ဝါယင်လုံက သက်ပြင်းချကာ ...

"ရေနွေးက မသန့်လို့ပါ"

မိန်းကလေး တွေဝေသွားသည်။ ရေနွေးဌ် ရဲနန် ဆေးခတ်ထားသည်ကို သူမ သိသည်။

သို့သော် သူမအတွက် ခွက်ကိုမူ မခတ်ထားပါ။

ယခု အဘယ်ကြောင့် ဝါယင်လုံက ဟန့်တားရပါသနည်း။

သူက ရေနွေးသောက်ရင်း ဆေးခတ်ထားသည်ကို ရိပ်မိသွားပြီး မိမိကိုလည်း ဆေးခတ်ထားသော ရေနွေးသောက်မိမည်စိုး၍ ဟန့်ဘားခြင်းသာ ဖြစ်မည်ဟု ယူဆလိုက်ပြီး ...

"ကိစ္စမရှိပါဘူးရှင်"

ဟုပြောကာ ရေနွေးသောက်ရန် ဟန်ပြင်လိုက်သည်။

ဝါယင်လုံ မနေနိုင်တော့ပါ။ ရေနွေးခွက်ကို လျှပ်တစ်ပြက် လုယူလိုက်ပြီး စားပွဲပေါ် ချထားလိုက်သည်။

ပြီးမှ သူက တောင်းပန်လိုက်၏။

"ကျွန်တော် တောင်းပန်ပါတယ်၊ ဒီရေနွေး မသောက်ပါနဲ့"

မိန်းကလေး အံ့သြသွားလေသည်။

ဝါယင်လုံသည် မိန်းကလေးကို စိုက်ကြည့်ကာ ...

"မိန်းကလေး ... ခင်ဗျားဟာ ကျွန်တော့်ရဲ့ပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးဆိုတာ သိထားပါ၊ ဒါကြောင့် ကျွန်တော်မေးတာကို အေးအေးဆေးဆေး အမှန်အတိုင်း ဖြေပါ၊ ရှန်းမုဂိုဏ်းနဲ့ မပတ်သက်ဘူးဆိုရင် ကျွန်တော် ဒီက ထွက်သွားပါ့မယ်၊ ဒီရေနွေးတော့ မသောက်ပါနဲ့တော့"

ဟု တစ်လုံးချင်း ပြောလိုက်သည်။

မိန်းကလေး အံ့အားသင့်နေသည်။

ရေနွေးခွက်ဌ် တစ်ခုခုထူးခြားနေကြောင့် ရိပ်စားမိသဖြင့် စစ်ပိတ်ထားလိုက်သည်။

စိတ်ထဲမှလည်း သူမနှင့်ရဲနန် နှစ်ယောက်ပူးပေါင်းတိုက်ခိုက်သူ ဝါယင်လုံအား နိုင်,မနိုင်ကို ချိန်ဆနေမိသည်။

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်နေသော ရဲနန်က ရှေ့တိုးထွက်ပြီး ရေနွေးခွက်ကို ကိုင်လိုက်သည်။

ပြီးနောက် ...

ဝါယင်လုံအား စိုက်ကြည့်ကာ ...

"အိမ်ရှင်တည်ခင်းတဲ့ ရေနွေးကို အိမ်ရှင်ကိုယ်တိုင် မသောက်ဘူးဆိုတာ ရှက်စရာပဲ"

ဟုပြောရင်း မော့ချလိုက်သည်။

ဝါယင်လုံက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း ...

"အင်း ... ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ၊ ကျုပ် တားလျက်သားနဲ့ သောက်တာတော့ ကျုပ်အပြစ် မရှိပါဘူးလေ"

ဟု တစ်ကိုယ်တည်း ပြောလိုက်သည်။

ရဲနန်က ရေနွေးခွက်ကို ပြန်ချလိုက်ပြီး ခက်ထန်စွာ ပြောလိုက်လေသည်။

"မင်း ဒီနေ့အဖို့တော့ ဒီကနေထွက်သွားချင်တောင် ထွက်သွားလို့ မရတော့ပါဘူး"

ပြောရင်း သူက အတွင်းဒဏ်ကို စုစည်းလိုက်သည်။

အရိုးအဆစ်များ၏ တဖျစ်ဖျစ်မြည်သံပင် ထွက်ပေါ်လာသည်။

ဝါယင်လုံ့ သက်ပြင်းချလိုက်သည်။

ရဲနန်အား အထင်သေး၍မရကြောင်း နားလည်လိုက်သည်။

ထိုစဉ် ရဲနန်သည် လက်နှစ်ဖက်ဖြင့် ဝါယင်လုံ့၏ခေါင်းနှင့် ပခုံးကို ရုတ်တရက် ကုတ်ချလိုက်သည်။

ဝါယင်လုံ့က ကုလားထိုင်ကိုလှဲချကာ ရှောင်တိမ်းလိုက်သည်။

ထို့နောက် မတ်တတ်ပြန်ရပ်လိုက်ပြီး ရဲနန်အား စိုက်ကြည့်လိုက်သည်။

ရဲနန်၏မျက်လုံးအစုံဟာ စူးရှတောက်ပနေသည်။ သူမ၏ လက်ဝါးတစ်ခုလုံးမှာ ညှိုမည်းနေပြီး လက်သည်းပါ ညှိုမည်းနေကြောင်း တွေ့လိုက်ရသည်။

ထိုစဉ် မိန်းကလေးက ထိုင်ရာမှထပြီး ဓားဆွဲထုတ်လိုက်သည်။

ဝါယင်လုံ့က ပြုံးလိုက်ပြီး...

"မင်းတို့နှစ်ပေါင်းပြီး တိုက်ခိုက်တောင် ငါ့ကို မနိုင်ပါဘူး၊ ဒီတော့ အေးအေးဆေးဆေး ကျုပ်မေးတာကိုသာ ဖြေကြပါ"

ဟု အေးတိအေးစက် ပြောလိုက်သည်။

ရဲနန်က ဘာမှပြန်မပြောပါ။ လက်ဝါးနှစ်ဖက်ကို အသုံးပြုပြီး တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးကလည်း ဓားတိုနှင့် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ဝါယင်လုံ့က ယပ်တောင်ကိုသာထုတ်၍ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏ မထီမဲ့မြင်ပုံစံကြောင့် ရဲနန်မှာ ဒေါသခြောင်းခြောင်း ထွက်သွားပြီး တရကြမ်း တိုက်ခိုက်လိုက်တော့သည်။

ဝါယင်လုံ့က ရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူက မိန်းကလေးအား ဒဏ်ရာမရစေလိုသဖြင့် လျော့ပေါ့တိုက်ခိုက်သော်လည်း မိန်းကလေးကမူ သူ့အား အပြင်းအထန် တိုက်ခိုက်နေသည်။

သိုင်းကွက်နှစ်ဆယ်မျှ ရောက်သည်နှင့် အခြေအနေမှာ တစ်ဖြုံးပြောင်းလဲသွားလေသည်။

ရဲနန်မှာ ဝါယင်လုံ့၏ဆေး အစွမ်းပြသည်ကို ခံလိုက်ရသဖြင့် ဒိုင်နှိပ်ကာ လဲကျသွားလေတော့သည်။

သူမတစ်ကိုယ်လုံး ချွေးများစိုရွှဲနေသည်။

မျက်လုံးအပြူးသားနှင့် ဝါယင်လုံ့အား စိုက်ကြည့်လိုက်ပြီး...

"သခင်မလေး... သူ့ကို သတ်လိုက်၊ ဒါမှ သခင်ကြီးအသက်ကို ကယ်တင်နိုင်မယ်"

ဟု အော်ပြောလိုက်လေသည်။

ဝါယင်လုံ့မှာ ထိုစကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။ မိန်းကလေးက ရဲနန်၏ သွေးကြောသုံးလေးနေရာကို ပိတ်လိုက်ပြီး အဆိပ်မပြန့်စေရန် ပြုလုပ်ပေးလိုက်သည်။

ဝါယင်လုံ့က ရဲနန်အား စိုက်ကြည့်လိုက်ပြီး...

"ကျုပ်အသက်နဲ့ မင်းတို့သခင်ကြီးအသက် ဘာဆိုင်လို့လဲ၊ ဘယ်လို ပတ်သက်နေသလဲ"

ဟု မေးမြန်းလိုက်သည်။

မိန်းကလေးက ဘာမှ ပြန်မပြောပါ။ အဲကို တင်းတင်းကြိတ်ထားသည်။

ထို့နောက် သူ၏ဓားတို့နှင့် တိုက်ခိုက်သည်။

ဝါယင်လုံက ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်သည်

အမှန်စင်စစ် သူသည် မိန်းကလေးအား လွယ်ကူစွာ တိုက်ခိုက်အနိုင်ယူနိုင်သည်။

သို့သော် မိန်းကလေးအား ထိခိုက်မိမည်ကို မလိုလားသောကြောင့် အလျှော့ပေးကာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ထိုစဉ် ရဲနန်က ကြမ်းပေါ်မှကိုယ်ခန္ဓာကို လူးလိမ့်ရွေ့လျားလာပြီး ဝါယင်လုံ၏ခြေထောက်အား လာဖက်လိုက်သည်။

ထိုတိုက်ကွက်မျိုးမှာ သူသေကိုယ်သေ ရင်ဆိုင်သောတိုက်ကွက်ဖြစ်သဖြင့် ဝါယင်လုံက အခက်ကြုံသွားသည်။

သူ မည်ကဲ့နိုင်တော့ပါ။

ပြေးလိုမ့်ဝင်လာသော ရဲနန်အား ခြေထောက်ဖြင့်ဆီး၍ ကန်ကျောက်လိုက်သည်။ ဝါယင်လုံ၏ လူပ်ရှားမှုမှာ လျင်မြန်လှသည်

"ဝုန်း ..."

ရဲနန်မှာ နောက်သို့လွင့်စဉ်သွားပြီး မီးဖိုဆောင်ဘက် ရောက်ရှိသွားသည်။

ဝါယင်လုံက မိန်းကလေးထံသို့ လျှောက်လာလေသည်။

"ကျုပ်မေးတာ မှန်မှန်ဖြေပါ"

မိန်းကလေးက ဘာမှမပြောပါ။

လက်ထဲမှဓားတိုဖြင့် တိုက်ခိုက်လိုက်ပြန်သည်။

ဝါယင်လုံက ရှောင်တိမ်းလိုက်ပြီး ...

"မိန်းကလေး ... မင်း ကျုပ်ကို မနိုင်ပါဘူး၊ ဒီတော့ ကျုပ်ကေ တာကိုသာ ဖြေပါ"

သူက မိန်းကလေးအား စိုက်ကြည့်လိုက်၏။

မြို့မှ စကားဆက်လိုက်သည်။

"မိန်းကလေး ... မင်း ဘယ်သူလဲ၊ သခင်ကြီးဆိုတာရော ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို အခုလို လုပ်ကြံရတာလဲ၊ မင်းရော မင်းပြောပြတဲ့ ရှန်းမုဂိဏ်းက လူပဲလား"

မိန်းကလေးက အံတင်းတင်းကြိတ်ထားသည်။

သူမ၏မျက်လုံးအစုံမှ မျက်ရည်များ ဝဲလာနေသည်။

ထိုစဉ် တဲအိမ်လေးအတွင်းသို့ မီးခိုးများအုပြီး ဝင်လာသည်။

မီးရောင်မှာလည်း လင်းလက်လာသည်။

ဝါယင်လုံက သတိမမူမိပါ။

တွေးတော၍သာ နေမိသည်။

မိန်းကလေးတို့သည် လျှို့ဝှက်မှုတစ်စုံတစ်ရာ ရှိနေသည်။

စီးမာမိသားစု လုပ်ကြံခံရမှုနှင့်လည်း တစ်စုံတစ်ရာ ပတ်သက်နေရမည်ဟုလည်း တွေးတောနေမိသည်။

ထိုစဉ် တဲအိမ်အတွင်း၌ မီးရောင်က ရုတ်တရက် လင်းထိန်လာသည်။

သူက သတိဝင်လာပြီး လှမ်းကြည့်လိုက်ရာ ...

ရဲနန်က မီးတုတ်နှစ်ချောင်းကို ဇော့်ယမ်းရင်း ပြေးဝင်လာသည်ကို တွေ့ရသည်။

ဝါယင်လုံမှာ ထိတ်လန့်သွားသည်။

ရဲနန်၏ သွေးရူးသွေးတန်း တိုက်ခိုက်လာမှုကို အလျင်အမြန် ရှောင်တိမ်းလိုက်ရသည်။

ဝါယင်လုံအား မိန်းကလေးကပါ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်သည်။

ဝါယင်လုံက ဒေါသချောင်းချောင်းထွက်လာပြီး ...

"ဟေ့ ...မင်းနဲ့ငါ ဘာရန်ငြိုးရှိလို့လဲ"

မိန်းကလေးနှင့် ရဲနန်က မဖြေပါ။

တရကြမ်း တိုက်ခိုက်နေသည်။

ဝါယင်လုံက စိတ်ဆိုးလာပြီး ...

"ငါ မညှာနိုင်တော့ဘူး၊ မင်းတို့ တော်တော်ရက်စက်တဲ့လူတွေပဲ"

သူသည်ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူက မိန်းကလေးအား မမှုပါ။

သို့သော် ရဲနန်၏ တိုက်ခိုက်မှုက သူ့အား အကျဉ်းအကျပ်ထဲသို့ ရောက်စေသည်။

သူသည် ဤအတိုင်း ဆက်လက်တိုက်ခိုက်နေ၍ မဖြစ်မှန်းသိလိုက်သည်။

ထို့ကြောင့် နောက်ဆုတ်ရင်း လျှပ်တစ်ပြက် မိန်းကလေး၏ မ်ားကို လုယူလိုက်သည်။

သူ၏ လှုပ်ရှားပုံမှာ လျင်မြန်လှသောကြောင့် မိန်းကလေးမှာ မ်ားကို လွှတ်ပေးလိုက်ရတော့သည်။

ဝါယင်လုံသည် တစ်ဆက်တည်းမှာပင် မ်ားတိုဖြင့် ရဲနန်အား တိုက်ခိုက်လိုက်သည်။

ထိုစဉ် မိန်းကလေးက သူ၏ မ်ားကြားသို့ အသေခံကာ တိုးဝင်လာလေသည်။

ဝါယင်လုံ အံ့သြသွားသည်။

ချက်ချင်း မ်ားကိုပြန်ရုတ်သိမ်းလိုက်သော်လည်း နောက်ကျသွားသည်။

မိန်းကလေး၏ပခုံးအား ထိုးစိုက်မိသွားလေသည်။

ဝါယင်လုံ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"မင်း ... မင်း"

ထိုစဉ် ရဲနန်က အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ဝါယင်လုံက ကမန်းကတန်းရှောင်တိမ်းကာ ခုခံလိုက်သည်။

ရဲနန်သည် တိုက်ခိုက်နေရင်းမှ မိန်းကလေးအား လှမ်း၍ အော်ဟစ်သတိပေးလိုက်သည်။

"သခင်မလေး ... အပြင်ထွက်တော့"

မိန်းကလေးသည် တံ့ဆိုင်းမနေတော့ဘဲ တဲအိမ်အပြင်သို့ ပြေးထွက်သွားလေတော့သည်။

ရဲနန်သည် တံခါးပေါက်၌ ပိတ်ရပ်လိုက်ပြီး အိမ်နံရံများကို မီးရှို့လိုက်သည်။

တဲအိမ်ဖြစ်သောကြောင့် တစ်ခဏချင်းပင် မီးလောင်လာသည်။

ရဲနန်သည် မီးတုတ်ဖြင့် ဝါယင်လုံအား တိုက်ခိုက်ရင်း ကြိုးဝါးလိုက်သည်။

"မင်း ဒီကနေထွက်သွားလို့ မရတော့ပါဘူး"

ဝါယင်လုံက ဘာမှပြန်မပြောတော့ပါ။ လက်ထဲမှမ်းတိုဖြင့် တိုက်ခိုက်လိုက်သည်။

တဲအိမ်မှာ တစ်စထက်တစ်စ မီးလောင်လာသည်။

သူတို့နှစ်ဦး တိုက်ခိုက်နေရာ သိုင်းကွက်ငါးဆယ်မျှအရောက်တွင် ဝါယင်လုံ၏ဓားက ရဲနန်၏ မီးတုတ်နှစ်ခုစလုံးကို ဖြတ်တောက်နိုင်ခဲ့လေသည်။

ဝါယင်လုံက ဆက်လက်မတိုက်ခိုက်တော့ပါ။

တဲအိမ်မှာ မကြာခင် အကုန်လုံးလောင်ကျွမ်းသွားတော့မည်ကို နားလည်ထားသည်။

ထို့ကြောင့် မီးလောင်ထားသောနံရံကို ကိုယ်နှင့်အတင်းဝင်တိုက်ကာ ဖောက်ထွက်လိုက်သည်။

သို့သော် သူက အပြင်ရောက်သည်နှင့် မျက်လုံးပြူးသွား၏။

အကြောင်းမှာ တဲအိမ်အပြင်ဘက်ရှိ ချုံပုတ်များမှာလည်း မီးများလောင်ကျွမ်းနေသောကြောင့် ဖြစ်သည်။

ပြေးပေါက်မရှိတော့ပါ။

ထိုစဉ် ...

"ဂွီး ..."

မြားတစ်ချောင်းက သူ့ထံသို့ ပျံသန်းလာသည်။

သူက ဓားတိုဖြင့် ကမန်းကတန်း ပက်ထုတ်လိုက်သည်။

ထိုစဉ် ရဲနန်လည်း အပြင်သို့ရောက်လာပြီး သူ့အားတိုက်ခိုက်လိုက်သည်။

ဝါယင်လုံက လျှပ်တစ်ပြက်ရှောင်တိမ်းရင်းက ရဲနန်အားဖမ်း ချုပ်လိုက်သည်။

ထိုစဉ် ...

မြားဆယ်စင်းက သူ့ထံ ပြေးဝင်လာသည်။

သူက ဓားတိုဖြင့်ဝေယမ်းကာကွယ်ရင်း ရဲနန်ကိုလည်း ရှေ့ကာကွယ်ကာ ဒိုင်းသဖွယ် အသုံးပြုလိုက်သည်။

"အ ..."

ရဲနန်မှာ ခြေထောက်၌ မြားတစ်စင်းစိုက်ဝင်ခြင်းကို ခံလိုက်သည်။

ဝါယင်လုံမှာ အကျဉ်းအကျပ်ထဲရောက်နေရာမှ ကံကောင်းသည်ဟု ဆိုရပေမည်။

ချုံဖုတ်များမှာ မီးလောင်သော်လည်း တစ်တခဏအတွင်းပင် သောင်စရာမရှိဘဲ လောင်စာကုန်ခန်းကာ ပြာကျကုန်၏။ ထို့ကြောင့် ဒိုင်းသည့်ဘေးမှ လွတ်မြောက်ခဲ့ရသည်။

မီးရောင်များမရှိမှ မြားသမားဆယ်ယောက်ခန့်ကို တွေ့လိုက်သည်။

ထိုစဉ် ...

"ရှီ ..."

လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

မြားသမားများမှာ လေချွန်သံကြားသည်နှင့် ဆက်လက်မတိုက်ခိုက်တော့ဘဲ နောက်ဆုတ်ပျောက်ကွယ်သွားလေတော့သည်။

❄ ❄ ❄

နေရောင်မှာ ထွက်ပေါ်လာနေပြီ ဖြစ်သည်။

နေရောင်အောက်၌ မြင်းတစ်ကောင် တောင်ကုန်းပေါ်သို့ တက်လာသည်ကို တွေ့လိုက်ရသည်။

မြင်းမှာ နီရဲသောမြင်းတစ်ကောင် ဖြစ်သည်။

ထို့အတူ မြင်းပေါ်မှလူလည်း နီရဲသောဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ထွက်ပြူစနေရောင်အောက်ဝယ် မြင်းနီနှင့် ဝတ်စုံနီမိန်းကလေးမှာ လွန်စွာပန်းတင့်နေသည်။

သူက မိန်းကလေးအား စိုက်ကြည့်လိုက်သည်။

မိန်းကလေးကမူ မြင်းကိုမှန်မှန်စီးကာ သူနှင့်မလှမ်းမကမ်း သို့ရောက်မှ ရပ်တန့်လိုက်သည်။

ဝါယင်လုံမှာ ထိုမိန်းကလေးသည် ရန်သူပင်လော ...

သို့မဟုတ် လမ်းကြုံ၍ ရောက်လာခြင်းပေလောဟု တွေးနေမိသည်။

မဖြစ်နိုင်ပါ။

သံသယဖြစ်စရာတစ်ခုကို အနီးကပ်လာတော့မှ တွေ့ရှိလိုက်ရသည်။

မိန်းကလေးက ပြုံးပြလိုက်သည်။

ဝါယင်လုံကလည်း ကြောင်အမ်းအမ်းနှင့် ပြန်ပြုံးပြလိုက်သည်။

ထို့နောက် ဦးညွှတ်လိုက်ပြီး မေးလိုက်လေသည်။

"မိန်းကလေးက ဘာယ်သူပါလဲ"

မိန်းကလေး ...

အခန်း (၆)

ကြားနေသူ

ဝါယင်လုံမှာ ရဲနန်အား ချုပ်ကိုင်ထား၏။

သူက မြားသမားများနောက်သို့ လိုက်ရန်ဟန်ပြင်ပြီးမှ မလိုက်တော့ပါ။

ဧလေဈန်သံသည် သူနှင့်မလှမ်းမကမ်းရှိ တောင်တန်းပေါ်မှ ထွက်ပေါ်လာကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် သူက ရဲနန်အားဆွဲခေါ်ကာ တောင်ကုန်းပေါ်သို့ ပြေးတက်ခဲ့သည်။ သို့သော် ရဲနန်က ရုန်းကန်နေသဖြင့် အချိန်မှာ လေးဖင့်သွားသည်။

သူ တောင်ကုန်းပေါ်သို့ရောက်သောအခါ ...

မည်သူ့ကိုမှ မတွေ့ရပါ။

ထိုစဉ် ရောင်ကုန်း၏တစ်ဖက် တက်လာရာလမ်းမှ မြင်းခွသံက စည်းချက်မှန်စွာ ထွက်ပေါ်လာလေတော့သည်။

❄ ❄ ❄

"ဝမ်ကျောက်နိုပါ၊ ဒါနဲ့ ရှင်ကရော ဘယ်သူလဲ"

သူက နာမည်တစ်ခုကို အလျင်အမြန် စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

"ကျွန်တော်က ကျောက်ဖြူပါ"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး ရဲနန်အား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ခါးမှလက်နက်တစ်ခုကို ဆွဲထုတ်လိုက်သည်။

ထိုလက်နက်မှာ သံချိတ်တစ်ခုဖြစ်ပြီး လက်ကိုင်နေရာတွင် ကျောက်စိမ်းဖြင့်ပြုလုပ်ထားကြောင်း တွေ့လိုက်ရသည်။

ထိုစဉ် ရဲနန်က စူးစုံးဝါးဝါးအော်ဟစ်လိုက်သည်။

သူမ၏ စူးစူးဝါးဝါးအော်သံကြောင့် ဝါယင်လုံက ထိတ်လန့်ပြီး ချုပ်ကိုင်ထားရာမှ လွတ်လိုက်မိလေသည်။

ရဲနန်းက မြေပေါ်လဲကျသွားပြီးနောက် ...

သူ၏ခြေထောက်၌ စိုက်ဝင်နေသောမြားကို ဆွဲထုတ်လိုက်လေသည်။

ထို့နောက် ထိုမြားတံကို အတွင်းအားအသုံးပြုကာ ဝတ်စုံနှင့် မိန်းကလေးထံသို့ ပစ်လွှင့်တိုက်ခိုက်လိုက်သည်။

"ဂုစ် ..."

အနီးကပ် တိုက်ခိုက်ခြင်းဖြစ်သောကြောင့် မိန်းကလေးမှာ အံ့အားသင့်သွားပြီး လက်ထဲမှသံချိတ်ဖြင့် မြားကိုဖယ်ရှားလိုက်သည်။

ရဲနန်က တက်တစ်ချက်ခေါက်ပြီး ...

"ဘီလူးမ ..."

ဟု အော်ငေါက်လိုက်သည်။

မိန်းကလေး၏မျက်နှာ နီရဲသွား၏။

သူမက ရဲနန်အား စိုက်ကြည့်ကာ ...

"ရှင်နဲ့ စောစောက ယောဂီဝတ်စုံနဲ့မိန်းကလေးက ဘာတော်သလဲ"

ဟု ခပ်အေးအေး မေးလိုက်သည်။

ရဲနန်မဖြေမီ ဝါယင်လုံက အလျင်ဦးအောင် ဖြေလိုက်သည်။

"အဲဒါ သူ့ရဲ့သခင်မလေးပါ"

ဝတ်စုံနီမိန်းကလေး ဝမ်ကျောက်နိုက ရဲနန်အားစိုက်ကြည့်ကာ ...

"ရှင့်ကိုသတ်ရမှာ ကျွန်မလက်နက် သနတယ်၊ ရှင့်သခင်မကို ချုပ်တွေ့နောက်မှာ ပုန်းနေတယ်၊ သူ့ကို ခေါ်လိုက်ပါ"

ဟု ပြောလိုက်သည်။

ရဲနန်က ချုပ်များကြားသို့ တစ်ချက်ကြည့်လိုက်သည်။

ဝါယင်လုံကလည်း ချုပ်နွယ်များဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ကဲ ... ခင်ဗျား သွားလိုရာသွားပါတော့၊ ခင်ဗျား သခင်မလေးအန္ဒရာယ်ကို ခင်ဗျား စိုးရိမ်နေမှာပါ၊ နောက်တစ်ခါဆုံရင် စာရင်းရှင်းကြတာပေါ့၊ ကျုပ်စိတ်ထင် ခင်ဗျားတို့နဲ့ကျုပ် နောက်တစ်ခါတွေ့ဆုံကြမယ်လို့ပဲ ထင်နေတယ်"

ဝါယင်လုံက တစ်လုံးချင်းပြောလိုက်သည်။

ရဲနန်က မျက်နှာပျက်သွားသည်။

ပြီးမှ အဲကိုတင်းတင်းကြိတ်ကာ ...

"မင်း ငါ့ကိုလွတ်တာ နောင်တမရဘူးလား"

"မရပါဘူး"

"အေး ... ငါ နောက်တစ်ခါ မင်းကိုတွေ့ရင်တော့ သေအောင် သတ်မယ်ဆိုတာ ကြိုကြိုတင်တင် သတိပေးခဲ့ပါရစေ"

ဝါယင်လုံကလည်း ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း နောက်တစ်ခါဆိုရင် အခုလို ညာတာမှာ မဟုတ်ဘူးဆိုတာ သိထားပါ"

ရဲနန်ကို ဝတ်စုံနီမိန်းကလေး ဝမ်ကျောက်နီအား တစ်ချက် ကြည့်ပြီး ...

'ထွီ' ခနဲ တံတွေးလှည့်ထွေးကာ ထွက်သွားသည်။

ရဲနန်၏ အပြုအမူကြောင့် ဝမ်ကျောက်နီ ဒေါသခြောင်းခြောင်း ထွက်သွားသည်။

သူမက ကျောခိုင်းထွက်သွားသော ရဲနန်ဆီသို့ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဝှစ် ... ဝှစ်"

ဝါယင်လုံသည် ဝမ်ကျောက်နီ၏ အပြုအမူကြောင့် ရင်ထိတ် သွားသည်။

ကမန်းကတန်း ရဲနန်အား လှမ်းအော် သတိပေးလိုက်သည်၊

"ရဲနန် ... သတိထား လက်နက်ပုန်း"

ဝါယင်လုံ ယင်းသို့သတိပေးလိုက်ခြင်းမှာ ရဲနန်ဘက်မှ ရပ် တွန့်ပေးခြင်း မဟုတ်ပါ။

တစ်နည်းအားဖြင့် ဆိုရလျှင် ပုဂ္ဂိုလ်စွဲအရ စိုးရိမ်ထိတ်လန့် ခြင်းဖြင့် သတိပေးခြင်း မဟုတ်ပါ။

လူတစ်ယောက် အကြောင်းမဲ့ ဒုက္ခမရောက်စေလိုသောကြောင့် သူသားအချင်းချင်း စာနာထောက်ထားသည့် အသိစိတ်ဓာတ်ဖြင့် သတိပေးလိုက်ခြင်းသာ ဖြစ်ပေသည်။

သူ၏ သတိပေးသံကြောင့် ရဲနန်သည် ရှေ့သို့ ကပျာကယာ ခုန်ချလိုက်သည်။

သို့ဖြစ်ရာ ဝမ်ကျောက်နီ ပစ်လွှင့်လိုက်သည့် ရွှေဆံထိုးလက် နက်ပုန်းသည် ရဲနန်ကိုမထိတော့ဘဲ ခေါင်းပေါ်မှကျော်၍ လွဲချော် သွားတော့သည်။

ထိုအဖြစ်ကို မြင်တွေ့လိုက်သောအခါ ဝမ်ကျောက်နီသည် ဝါယင်လုံအပေါ် အကြီးအကျယ် ဒေါသထွက်သွားသည်။

"ရှင် ဘယ်လိုလူလဲ၊ ရန်သူမိတ်ဆွေ မခွဲခြားတတ်ဘူး"

ဝမ်ကျောက်နီက ဒေါသတကြီး လှမ်းအော်ပြောသည်။ သူမ၏ ကောားကြောင့် ဝါယင်လုံ ပြုံးလိုက်သည်။

ဝမ်ကျောက်နီအနေဖြင့် ရန်သူနှင့်မိတ်ဆွေကို မည်သို့သော နည်းဖြင့် ခွဲခြားသည်မသိ။

ဝါယင်လုံကမူ ရန်သူနှင့်မိတ်ဆွေကို အပြုအမူအပေါ်၌ မူတည် ၍ ခွဲခြားသည်။

ရန်သူပင်ဖြစ်လင့်ကစား ပွင့်လင်းရိုးသားပါက ထိုသူသည် မိတ်ဆွေကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။

ယခုလည်း ဝမ်ကျောက်နီနှင့် ရဲနန်ကို မည်သူက ရန်သူ၊

မည်သူက မိတ်ဆွေဟူ၍ လတ်တလော၌ ခွဲခြားရန်ခက်ခဲနေသည်
ဖြစ်ရာ အခြေအနေကိုပင် အကဲခတ်စောင့်ကြည့်နေရသည်။

ဝမ်ကျောက်နီသည် သူ့အား ရန်သူမိတ်ဆွေ မခွဲခြားတတ်ဟု
ပြောလာသဖြင့် ဝါယင်လုံ ပြုံးလိုက်မိသည်။

ဝမ်ကျောက်နီကို ပြုံးကြည့်ကာ ...

"လက်နက်ပုန်းနဲ့ အလစ်ချောင်းတိုက်ခိုက်တာဟာ အောင်
တန်းကျတဲ့ အပြုအမူပဲဗျ၊ သိက္ခာမကျအောင် ကျုပ် တမင်တကာ
သတိပေးလိုက်တာပါ"

ဤသည်မှာ မိတ်ဆွေကောင်းတစ်ယောက်၏ အပြုအမူပင်
ဖြစ်သည်။

တစ်စုံတစ်ယောက်သည် တရားနည်းလမ်းမကျသော အပြုအမူ
ကို လုပ်မှန်းသိလျက် အားပေးအားမြှောက်ပြုခြင်းသည် မိတ်ဆွေ
ကောင်းတစ်ယောက် မဟုတ်ပေ။

အမှားအမှန်ကို ဝေဖန်သတိပေးမှသာ မိတ်ဆွေကောင်းပီသ
ပေမည်။

ထိုသဘောကိုရည်ညွှန်း၍ ဝါယင်လုံ ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ဝမ်ကျောက်နီသည် ဝါယင်လုံ၏စေတနာကို နား
လည်နိုင်ခြင်း မရှိပေ။

မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"ရှင့်စကားက ကြားကောင်းအောင် ပြောတာလား၊ တကယ်
တော့ ရှင်က ဟိုသခင်မလေးမျက်နှာကြောင့် အခုလို ပြောနေတာ
မဟုတ်လား"

အမှန်တော့မူ ဝါယင်လုံသည် အမှန်တရားကိုလိုလားသူ တစ်
ယောက်ဖြစ်သည်။

ကောက်ကျစ်ယုတ်မာမှုကို လုံးဝ လိုလားသူမဟုတ်ပေ။

ထို့ကြောင့် မျက်စိရှေ့မှောက်၌ မြင်တွေ့ရသော ဝမ်ကျောက်နီ
၏အပြုအမူကို ဝင်ရောက်ဟန့်တားခြင်း ဖြစ်သည်။

စင်စစ် ...

တိတ်တဆိတ် အလစ်ချောင်းမြောင်း တိုက်ခိုက်ခြင်းသည်
သိုင်းလောကသားများအဖို့ ယုတ်မာကောက်ကျစ်မှုပင် ဖြစ်၏။

အထက်လမ်း သိုင်းသမားများသည် ဤသို့ အလစ်ဝင်ရောက်
မတိုက်ခိုက်တတ်ပေ။

တစ်နည်းအားဖြင့် ဆိုရလျှင် ...

အောက်တန်းကျသော အပြုအမူပင် ဖြစ်ပေသည်။

ထို့ကြောင့် အမှန်တရားကိုလိုလားသော ဝါယင်လုံက ကြားမှ
ဝင်ရောက်ဟန့်တားခြင်းသာ ဖြစ်သည်။

ဝမ်ကျောက်နီက ရဲနန်၏သခင်မလေးကြောင့် ဝါယင်လုံက
ဝင်ရောက်ဟန့်တားသည်ဟု ထင်မှတ်ထားသည်။

သို့ဖြစ်ရာ ...

ဝါယင်လုံက ရယ်ချင်လာမိသည်။

သူက ရယ်လိုက်ပြီး ...

"ဒါကတော့ဗျာ သူ့သခင်မလေးက ဘွေ့တဲ့လူတိုင်း ချစ်ချင်
နေရပဲ မဟုတ်လား"

ဝမ်ကျောက်နီ နှုတ်ခမ်းစူသွားသည်။

ထိုစဉ် ရဲနန် ပြန်ရောက်လာပြီး ဝါယင်လုံရှေ့၌ ရပ်လိုက်သည်။

ဝါယင်လုံကို လေးစားသောအကြည့်ဖြင့် ကြည့်ကာ ...

"မင်းဟာ ယောကျ်ားပီသတဲ့ လူတစ်ယောက်ဆိုတာ ငါသိသွားပြီ၊ ဒါကြောင့် မင်းကို ငါ စကားနည်းနည်းပြောချင်တယ်"

စိတ်ထားဖြောင့်မတ်တည်ကြည်ပြီး ယောကျ်ားပီသပါက မိမိအား ရန်ရှာသော ရန်သူပင်ဖြစ်လင့်ကစား လေးစားကြည်ညိုမှုကို ရရှိတတ်သည်။

ယခုလည်း ရဲနန်သည် ဝါယင်လုံကို ရန်ရှာခဲ့သော်လည်း ဝါယင်လုံက သူမအား ပြန်လည်ကူညီသည်ကို တွေ့ရသောအခါ မလေးစားဘဲ မနေနိုင်တော့ချေ။

ရန်သူမိတ်ဆွေ မခွဲခြားဘဲ အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်ခြင်းကြောင့် ရဲနန်သည် ဝါယင်လုံအပေါ် ယခင်ကထက်ပိုမို၍ လေးစားကြည်ညိုသွားသည်။

ထို့ကြောင့် စကားပြောခွင့်တောင်းလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ ပြောပါ"

ရဲနန်က လေးစားတည်ကြည်သောလေသံဖြင့် ...

"အခု ငါပြောမယ့်စကားဟာ မင်းအတွက် အရေးကြီးတယ်၊ ဒါကြောင့် သေသေချာချာ နားထောင်ပါ၊ သခင်မလေး ပြောပြခဲ့တဲ့ ရှန်းမုဂိုဏ်းဟာ အင်အားသိပ်ကြီးတယ်၊ မင်းအနေနဲ့ ဖြိုခွဲဖို့မလွယ်ဘူး၊ ဒါကြောင့် မင်း အိမ်ပြန်ပါ၊ ကိုယ့်ထက်အင်အားကြီးတဲ့လူကို မနိုင်မှန်းသိလျက်နဲ့ ယှဉ်ပြိုင်ဖို့ကြိုးစားတာဟာ လူမိုက်တွေရဲ့အလုပ်ကွယ်"

ရဲနန်၏စကားကြောင့် ဝါယင်လုံ အံ့သြသွားသည်။

"ခင်ဗျားတို့ရော ရှန်းမုဂိုဏ်းကပဲလား"

ရဲနန်က စကားဆက်ပြောလိုက်သည်။

"ရှန်းမုဂိုဏ်းမှာ သိုင်းပညာအဆင့်မြင့်တဲ့လူတွေနဲ့ ဖွဲ့စည်းထားတယ်၊ ငါတို့ကတော့ သာမန်ပါပဲ၊ ရှန်းမုဂိုဏ်းကို ဝင်ချင်တဲ့ဆန္ဒကြောင် ဝင်ဖို့မလွယ်ကူပါဘူး"

ဝါယင်လုံက ...

"ဒါထက် ကျွန်တော် တစ်ခုမေးပါရစေ"

"မေးပါ"

"ခင်ဗျားနဲ့ကျွန်တော် ဘာမှ ရန်ငြိုးမရှိပါဘူး၊ ဘာကြောင့် ကျွန်တော့်ကို လုပ်ကြံရတာလဲ"

"ဒီမေးခွန်းကို ငါ မဖြေနိုင်တာ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် အစအရာရာ ရှေ့ဆက်ပြီး သတိထားနေပါ၊ သတိတစ်ချက်လစ်တာနဲ့ မင်း သေသွားမှာပဲ"

ဝါယင်လုံက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်ခင်ဗျ"

ရဲနန်က ...

"နောက်ထပ် ငါ ပြောစရာ၊ စ်ခု ရှိသေးတယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

ရဲနန်က ဝတ်စုံနီမိန်းကလေး ဝမ်ကျောက်နီအား လက်ညှိုးထိုးကာ ပြောလိုက်သည်။

"သူဟာ ကောင်းတဲ့မိန်းကလေး မဟုတ်ဘူး၊ သူနဲ့ မင်းပေါင်း

ရင် ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် အကောင်းဆုံးကတော့ သူ
သုတ်သင်ပစ်လိုက်ပါ"

ရဲနန်၏စကားကြောင့် ဝမ်ကျောက်နီမှာ ဒေါသခြောင်းခြော
ထွက်သွားသည်။

မြင်းပေါ်မှခုန်ဆင်းလာပြီး သံချိတ်ဖြင့် ရဲနန်အား တိုက်ခို
လိုက်လေသည်။

ရဲနန်ကလည်း တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုများမှာ လွန်စွာပင် ရက်စက်ကြ
ကြုတ်သည်။

တစ်ဖက်လူ၏ သေကွင်းသေကွက်များကိုသာ ဦးတည်တိုက်
ခုက်နေခြင်း ဖြစ်သည်။

ဝါယင်လုံကကြည့်ကာ သက်ပြင်းချလိုက်သည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေရာ တစ်ခဏအတွင်း သိုင်
ကွက်ဆယ်ကွက်မျှ ရောက်ရှိလာသည်။

သို့သော် မည်သူကမျှ အသာမရပါချေ။

ဝါယင်လုံကလည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်
တစ်စထက်တစ်စ တိုက်ပွဲက ပြင်းထန်လာသည်။

သိုင်းကွက်ငါးဆယ်မျှ ရောက်ရှိလာသောအခါ ရဲနန်က ရ
တရက် သိုင်းကွက်ကိုပြောင်းလဲလိုက်သည်။

ထိုသို့ပြောင်းလဲလိုက်သည်နှင့် ဝမ်ကျောက်နီမှာ အခက်အ
တွေ့ရလေသည်။

ရဲနန်က သူမလက်ဝါးနှင့် လက်သည်းကို အသုံးပြုကာ ဝ
ကျောက်နီအား တိုက်ခိုက်လိုက်သည်။

သူမက ဘယ်လက်ဝါးကို အယောင်ပြကာ ညာလက်သည်း
ဖြင့် ဝမ်ကျောက်နီ၏ခါးဆီသို့ ကုတ်ချလိုက်သည်။

ဝမ်ကျောက်နီမှာ ရုတ်တရက် မည်သို့ရှောင်ရမှန်းမသိ ဖြစ်
သွားသည်။

ဝါယင်လုံက မနေသာဘဲ သိုင်းကွက်တစ်ကွက်ကို အော်ဟစ်
ပြောလိုက်သည်။

"နဂါးမြေလျှိုး"

ထိုအခါမှ ဝမ်ကျောက်နီ သတိရလာပြီး နဂါးမြေလျှိုးသိုင်း
ကွက်ဖြင့် လွတ်အောင်ရှောင်တိမ်းလိုက်သည်။

ရဲနန် အသာစီးရနေသဖြင့် ဆက်လက်ဝိုက်ခိုက်လိုက်သည်။

ဝါယင်လုံက တိုက်ခိုက်မှုကိုကြည့်ကာ ရှောင်ရမည့်အကွက်
များကို တစ်ကွက်ချင်း အော်ပြောလိုက်သည်။

ထို့ကြောင့် ဝမ်ကျောက်နီက လွတ်အောင်ရှောင်တိမ်းနိုင်ပြီး
အေးအေးဆေးဆေး ပြန်လည်တိုက်ခိုက်လာနိုင်လေသည်။

ရဲနန် မျက်နှာပျက်သွားသည်။

သူမအနေနှင့် ဝမ်ကျောက်နီကို မကြောက်ပါ။

သို့သော် ဝါယင်လုံက ဝမ်ကျောက်နီအား ကူညီနေသဖြင့်
ဆက်လက်တိုက်ခိုက်လျှင် အကျိုးထူးတော့မည်မဟုတ်ကြောင်း တွက်
ဆမိသည်။

ထို့ကြောင့် သူမသည် ဆုတ်ခွာသွားရန် စဉ်းစားပြီးနောက်
ဆုတ်လိုက်၏။

သို့သော် ဝမ်ကျောက်နီက သူမအား အလွတ်မပေးပါ။

တရကြမ်းဖိ၍ ဆက်လက်တိုက်ခိုက်နေသည်။

ရဲနန်က နောက်ဆုတ်လိုက်သဖြင့် သိုင်းကွက်တစ်ကွက် နောက်ကျသွားပြီး ခံစစ်အနေအထားသို့ ကျရောက်သွားလေသည်။

ဝမ်ကျောက်နီက အသာစီးရထားသဖြင့် အတင်းဖိ၍ တိုက်ခိုက်နေသည်။

ထိုသို့တိုက်ခိုက်ရင်းက လက်နက်ပုန်း အပ်ကလေးများကိုပါ ရောရှ် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ရဲနန်မှာ ဒုက္ခရောက်သွား၏။

ဝါယင်လုံလည်း မျက်မှောင်ကြုတ်သွားပြီး ...

ဤတစ်ကွက်ဖြင့် ရဲနန် ဒုက္ခရောက်တော့မည်ကို တွက်ဆမ်လိုက်သည်။

ထို့ကြောင့် သူက ...

"ရဲနန် ... အရာရာသည် ပင်မဆီသို့"

ဟု အော်ပြောလိုက်လေသည်။

ရဲနန်က ဝါယင်လုံပြောသည့်အတိုင်း မဆိုင်းမတွပင် သူ၏ လက်တစ်ဖက်အား စက်ဝိုင်းခြမ်းတစ်ဝိုက်ပုံသဏ္ဌာန် ဝှေ့ယမ်းလိုက်လေသည်။

လက်နက်ပုန်း အပ်ကလေးများမှာ ရဲနန်၏အင်္ကျီလက်မောင်းစနှင့်ရိုက်မိပြီး ပြုတ်ကျသွားလေတော့သည်။

ရဲနန်က ဝါယင်လုံအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

ဝမ်ကျောက်နီက ဆက်လက်မတိုက်ခိုက်တော့ပါ။

ဝါယင်လုံဆီသို့ လျှောက်သွားပြီး ...

"ရှင်က ဘယ်သူ့ကို ကူညီနေတာလဲ"

ဝါယင်လုံက ပြုံးပြီး ...

"ငါ ဘယ်သူ့မှ မကူညီပါဘူး"

ဝါယင်လုံ၏စကားကို ဝမ်ကျောက်နီက ဘဝင်မကျနိုင်အောင် ဖြစ်သွားသည်။

မည်သူ့ကိုမျှ အကူအညီမပေးဟုသာ ဆိုသည်။

ယခု အနေအထားအရ ဝါယင်လုံသည် နှစ်ဦးစလုံးကို အကူအညီပေးနေရ၏။

ဘာကြောင့် ဤသို့ ပြုမူရပါသနည်း။

ဝမ်ကျောက်နီ နားမလည်နိုင်ချေ။

အမှန်တော့မူ ...

ဝါယင်လုံသည် သွေးထွက်သံယိုမှုကို မလိုလားသောကြောင့် ဖြစ်သည်။

သွေးထွက်သံယိုမှု ဖြစ်လာပါက တစ်ဖက်နှင့်တစ်ဖက် ရန်ငြိုးရန်စများ ဖြစ်လာတော့မည်။

ထိုအခါ သိုင်းလောကအတွင်း မငြိမ်မသက်ဖြစ်လာပြီး သွေးထွက်သံယိုမှုများ အတောမသတ်နိုင်အောင် ရှိလာတော့မည်။

ရပ်ရွာအေးချမ်းရေး ပျက်ပြားပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာပေတော့မည်။

ထိုအဖြစ်ကို မလိုလားသောကြောင့် ဝါယင်လုံသည် ဝမ်ကျောက်နီနှင့် ရဲနန်တို့အား မည်သူမျှ အနာအဆာမရှိစေရန် အားနည်းသည့်ဘက်မှ တစ်လှည့်စီ ဝင်ရောက်ကူညီပေးနေခြင်း ဖြစ်သည်။

ဝမ်ကျောက်နီသည် ဝါယင်လုံ၏ ခံယူချက်ကို နားမလည်နိုင်သောကြောင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ...

"ဒါဆို ဘာကြောင့် သူ့ကို သိုင်းကွက်ပြပေးရတာလဲ"

"မင်းကိုရော ငါ မပြောပြပေးခဲ့လို့လား"

ဝမ်ကျောက်နီက ကြောင်သွားသည်။

ပြီးမှ ခြေတစ်ချက်ဆောင့်ကာ ...

"ရှင်က ကျွန်မကို အထင်သေးတာပေါ့ ဟုတ်လား၊ စမ်းကြည့်ရအောင် ရှင်က ဘယ်လောက်များ တော်နေသလဲလို့"

ဝါယင်လုံက ...

"ကျုပ်က သိုင်းပညာ ဒီလောက်မဟုတ်ပါဘူးဗျာ၊ ကျုပ် တကယ်တတ်ကျွမ်းတာ တစ်ခုပဲရှိပါတယ်"

"ဘာလဲ"

"မင်းကိုယ်မှာ အသုံးပြုထားတဲ့အမွေးနဲ့ သုံးခုရှိတယ်၊ အင်္ကျီမှာဆွတ်ထားတာက နှင်းဆီအမွေးနဲ့၊ အတွင်းခံအင်္ကျီမှာ ဆွတ်ထားတာကတော့ သင်္ဘောပဲ၊ ပြီးတော့ မင်းကိုယ်မှာ လိမ်းကျံထားဟာကတော့ နေပြည်တော်ကထွက်တဲ့ ကိုယ်လိမ်းနံ့သာပဲ"

မိန်းကလေး၏ မျက်နှာ နီရဲသွားလေသည်။

"ရှင် ... ရှင်"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... မိန်းကလေးတွေ ဘာအမွေးအကြိုင်ကို အသုံးပြုသလဲဆိုတာကိုတော့ ကျုပ်က အတော်ဆုံး အကဲခတ်သမားပဲဗျ"

ရဲနန်မှာ တွေဝေသွားသည်။

စိတ်ထဲမှလည်း တွေးမိလေသည်။

"အင်း ... မိန်းကလေးကလည်း မကောင်းဘူး၊ ဒီကောင်ကလည်း မြှောက်မယ့်လူပဲ၊ ဒီအတိုင်းဆိုရင် သူတို့ပေါင်းမိသွားနိုင်တယ်၊ ဒီကနေ အမြန်ဆုံးထွက်သွားမှပဲ"

သူမက တွေးမိသည်နှင့် ချက်ချင်း နောက်ဆုတ်သွားလေသည်။ ထို့နောက် လှည့်ပြေးသွားလေတော့သည်။

❋ ❋ ❋

အခန်း (၇)
ရန်သူအသစ်

တောင်ကုန်းပေါ်၌ ရဲနန် မရှိတော့ပါ။

ဝါယင်လုံနှင့် ဝမ်ကျောက်နီတို့သာ ကျန်ခဲ့တော့သည်။

ဝါယင်လုံက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်သည်။

ပြီးမှ ... ဝမ်ကျောက်နီအားကြည့်ကာ ပြုံးပြီး ပြောလိုက်သည်။

"အင်း ... ဒီမှာ ဘယ်သူမှ မရှိတော့ဘူး၊ မင်းနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းပဲ ကျန်တော့ပါလား"

ဝါယင်လုံသည် ယောကျ်ားလေးများထဲ၌ အလွန်ချောမောသူ ဖြစ်သည်။ ထို့ကြောင့် မိန်းကလေးများကြားထဲ၌ ရေပန်းစားသည်။

သူကလည်း ဝါသနာပါသဖြင့် ချစ်သူမိန်းကလေး အများအပြားရှိခဲ့သည်။

ယခု သိုင်းလောကသို့ ဆင်းလာသောအခါ၌လည်း မိန်းမချောလေးများနှင့် လာတွေ့ပြန်သည်။ သူ့ခမျာ မျက်နှာပိုးမသတ်နိုင်ဘဲ ဖြစ်နေရသည်။

သူ့စကားကြောင့် ဝမ်ကျောက်နီက ထိတ်လန့်သွားပြီး ...

"ရှင် ... ရှင် ဘာလုပ်မလို့လဲ"

ဝါယင်လုံက ပြုံးကာ ...

"စကားပြောကြတာပေါ့"

ဝမ်ကျောက်နီက ...

"မလိုပါဘူး"

"ဒါဆို မင်းသွားတော့မလို့ပေါ့"

ဝမ်ကျောက်နီက ဘာမှပြန်မပြောပါ။

မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

ဝါယင်လုံက ...

"ဟေ့ ... မင်းရဲ့မြင်းက တယ်ကောင်းပါလား၊ ဒီမြင်းနဲ့သွားငှားတော့ ကျုပ် ဘယ်လိုမှလိုက်မီမှာ မဟုတ်ဘူး"

မိန်းကလေးက သူ၏မြင်းကို ဂုဏ်ယူဟန်ဖြင့် ...

"ဟုတ်တယ်၊ ကျွန်မမြင်းက သိပ်ကောင်းတာ ဘယ်မြင်းမှ လိုက်လို့မမီဘူး၊ ကျွန်မက အကောင်းဆုံးမြင်းကို ရွေးထားတာ"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ဒီမြင်းမှာ နာမည်ရှိသလား"

"ရှိတာပေါ့၊ အနီလေးတဲ့"

"ကြော် ... ဟုတ်လား၊ ကျုပ်က နဂါးလေးလို့ခေါ်ရင် ပိုကောင်းလိမ့်မယ်ထင်တာ၊ မင်းက အနီလေးလို့ပေးထားတော့ ခက်ပါပေါ့"

ပြောရင်း သူက ကျယ်လောင်စွာအော်လိုက်၏။

"နဂါးလေး"

မြင်းနိမှာ နဂါးလေးဟု ခေါ်သံကြားလိုက်သောအခါ ချက်ချင်း ပတ်ထရပ်လိုက်သည်။

ကျောပေါ်မှ ဝမ်ကျောက်နီကိုလည်း ခါချလိုက်သည်။

ဝမ်ကျောက်နီမှာ မြင်းကိုမထိန်းသိမ်းနိုင်ဘဲ ပြုတ်ကျလာသည်။

သို့သော် ကိုယ်ဖော့ပညာကောင်းသဖြင့် မြေပေါ်သို့ လှလှပပ ပင် ကျလာပြီး ရပ်လိုက်သည်။

ဝမ်ကျောက်နီက မျက်နှာတစ်ခုလုံး နီရဲနေပြီး ဝါယင်လုံအား စိုက်ကြည့်လိုက်သည်။

ဝါယင်လုံက မြင်းပေါ်ခုန်တက်လိုက်ပြီး ပြောလိုက်၏။

"ကျုပ်က မင်းကို မြင်းပေါ်ကတွန်းချတာ မဟုတ်ပါဘူးနော်၊ မင်းဘာသာမင်း မြင်းပေါ်ကပြုတ်ကျတာ၊ ဟား ... ဟား ... ဟား"

သူသည် လူငယ်သဘာဝအပြုအမူကို မစွန့်လွှတ်နိုင်ပေ။

ထို့နောက် သူက မြင်းကို အသားကျကျစီးကာ တောင်ကုန်း လေးပေါ်၌ တစ်ပတ်ပတ်လိုက်၏။

မိန်းကလေးမှာ ဒေါသထွက်သွားသည်။

"ဟေ့ ... ကျွန်မမြင်းကို ဘာလို့ခိုးရတာလဲ"

သူမသည် အော်ငေါက်ရင်း ဝါယင်လုံအား ဝင်ရောက်တိုက် ခိုက်လေတော့သည်။

ဝါယင်လုံက ရှောင်တိမ်းပြီးနောက် လျှပ်တစ်ပြက် ဝမ်ကျောက် နီ၏ခါးကိုဖက်ကာ မြင်းပေါ်ဆွဲတင်လိုက်သည်။

ဝမ်ကျောက်နီက အလိုက်သင့်ပါလာပြီး မြင်းပေါ်အရောက်၌ ဝါယင်လုံ၏သွေးကြောပိတ်ရန် ကြိုးစားလိုက်၏။

သို့သော် ဝါယင်လုံက ဦးအောင် သွေးကြောပိတ်လိုက်သဖြင့် သူမမှာ မလှုပ်နိုင်ဘဲဖြစ်သွားရသည်။

ဝမ်ကျောက်နီက ဒေါသထွက်သွားပြီး ...

"လွတ်စမ်း ... မြင်းသူခိုး"

သူမက အော်ငေါက်လိုက်သည်။

ဝါယင်လုံက ပြုံးရင်း ...

"မင်းကသာ သူခိုးမ"

"ရှင် လူကို ဘာပြောတာလဲ၊ ရှင်ကသာ မြင်းသူခိုး၊ သတ္တိရှိ ရင် ကျွန်မကို လွှတ်စမ်း"

"မင်းသာ သူခိုးမ၊ ဒီမြင်းဟာ မင်းပြောသလို အနီလေးမဟုတ် ဘူး၊ သူ့နာမည်က နဂါးလေးတဲ့၊ ငါ တည်းခိုခန်းမှာ ထားခဲ့တာ၊ မင်းက မခိုးဘဲနဲ့ ဘာကြောင့် ဒီကိုစီးပြီးလာနိုင်ရမသလဲ"

မိန်းကလေး အံ့အားသင့်သွား၏။

သို့သော် သူ့အား မြင်းသူခိုးဟု စွပ်စွဲနေသဖြင့် ဒေါသလည်း ခြောင်းခြောင်းထွက်လာသည်။

သူမက ...

"ရှင် သတ္တိရှိရင် သွေးကြောဖွင့်ပေး၊ ဘယ်သူက မြင်းသူခိုး သဆိုတာ သိသွားမယ်"

ဟု ပြန်အော်လိုက်၏။

ဝါယင်လုံ အုံ့ဩသွားသည်။

မိန်းကလေး၏ ပြောဆိုပုံအရ မြင်းကို ခိုးလာဟန်မတူပါ။

ဤသို့ဆိုလျှင် သူမသည် မြင်းကို မည်သည့်နေရာမှ ရလာပါ သနည်း။

မိန်းကလေးသည်လည်း သူ၏ ရန်သူတစ်ယောက်ပင်လော။

သူ မတွေးတတ်တော့ပါ။

သူ၌ ယခု မမြင်ရသော ရန်သူများက ရှိနေပြီ မဟုတ်ပါလော။

သူက မိန်းကလေးအား သွေးကြောဖွင့်ပေးလိုက်ပြီး အောက်သို့ ပြန်ချပေးလိုက်၏။

ပြီးမှ သူက ...

"ဒီမြင်းကို ဘယ်ကရသလဲဆိုတာ ပြောပါ"

ဝမ်ကျောက်နီက ...

"ရှင်ကလည်း လုယူသေးတယ်၊ လူကို ဘာဖြစ်လို့ လာပြီးစွပ်စွဲနေရတာလဲ"

ဝါယင်လုံက ...

"ဒါဆိုင် ခင်ဗျား တကယ် မခိုးဘူးပေါ့"

ဝါယင်လုံ ဒေါသထွက်သွားသည်။

ဝါယင်လုံ ဒေါသထွက်သွားသည်။

ဝမ်ကျောက်နီအား စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"မင်းက ခိုးတတ်ရုံတင်မကသေးဘူး၊ လိမ်လည်း လိမ်တတ်သေးပါလား"

ဝမ်ကျောက်နီမှာ ဒေါသခြောင်းခြောင်းထွက်သွားသည်။

ဝါယင်လုံအား တိုက်ခိုက်လေတော့သည်။

ဝါယင်လုံသည် ရှောင်တိမ်းရင်း မြင်ပေါ်မှခုန်ဆင်းလိုက်၏။

ဝမ်ကျောက်နီက ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။

သို့သော် ဝါယင်လုံအား မထိခိုက်ချေ။

ထို့ပြင် သိုင်းကွက်ဆယ်ကွက်မျှ ရောက်သည်နှင့် ဝါယင်လုံ၏ လက်ချုပ်မှုကို ခံလိုက်ရလေသည်။

သူသည် ရင်ခွင်ထဲရောက်လာသော ဝမ်ကျောက်နီ၏ မျက်နှာကလေးကို စေ့စေ့ကြည့်လိုက်၏။

ထို့နောက် မချင့်မရဲဖြစ်လာပြီး ဝမ်ကျောက်နီ၏ နဖူးကို အသာယာ ငုံနမ်းလိုက်လေသည်။

ဝမ်ကျောက်နီ၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

စိတ်အတွင်း၌ ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ ကျေနပ်ခြင်း၊ နှားထွေးခြင်း စသည့် ခံစားမှုများကို တစ်ပြိုင်တည်း ဖြစ်ပေါ်လာသည်။

ရင်ထဲမှာလည်း တထိတ်ထိတ်ခုန်လာသည်။

ဝမ်ကျောက်နီသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ကျွန် ... ကျွန်မကို လွှတ်ပါရှင်"

ဝါယင်လုံက ယဉ်ကျေးစွာ ပြောလေသည်။ သူ့အမူအရာက ခိုတ်ဆွေများ ဆက်ဆံသည့်ပုံပင်။

"လွှတ်ပေးမှာပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ငြင်းကို မြင်းသူခိုးလို့ စွပ်စွဲမိတာကိုလည်း တောင်းပန်ပါတယ်"

ထို့နောက် ဝမ်ကျောက်နီအား ကျောက်တုံးတစ်တုံးပေါ် ထိုင်ခိုင်းပြီး သူကလည်း နံဘေးဌာ ဝင်ထိုင်လိုက်သည်။

ပြီးမှ ...

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ အန္တရာယ်တွေ ဝိုင်းနေတော့"

ဝမ်ကျောက်နိုက ...

"ရှင့်မှာ အန္တရာယ်တွေဝိုင်းနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်ကို လုပ်ကြံမယ့်လူတွေ အများကြီးပဲ"

ဝမ်ကျောက်နိုက မဟုံကြည်နိုင်ဟန်ဖြင့် ပြောသည်။

"ရှင်က အသက်ငယ်ငယ်လေးပဲ ရှိသေးတာ၊ ဘာကြော လုပ်ကြံချင်တဲ့လူ များနေရသလဲ၊ ရန်ငြိုးတွေဘာတွေ ဖွဲ့မိလို့လား ဒါမှမဟုတ် ရှင်က မဟုတ်တာတွေများ လုပ်နေလို့လား"

"ကျုပ်လည်း မသိပါဘူး"

"ရန်သူတွေက ဘယ်သူလဲ"

"အဲဒါကို ကျုပ်လည်း မသိဘူး၊ ဒါကြောင့် အမြဲသတိထား နေနေရတယ်"

"အင်း ... ကိုယ့်ရန်သူ ကိုယ်မသိဘူးဆိုတော့ တော်တော် အန္တရာယ်များတာပဲ၊ ဘယ်လိုလုပ် ကာကွယ်ရမလဲ"

"ဟုတ်ပါတယ်၊ အခုလည်း ကျုပ်က ဒီမြင်းကို တည်းခိုခန်း ထားခဲ့တယ်၊ အခု ခင်ဗျားက ဒီနေရာကို စီးလာတော့ ကျုပ် စွပ်စွဲမိတာပါ"

"ရှင်က ကျွန်မကို ရန်သူလို့ထင်တယ်ပေါ့"

ဝါယင်လုံက ဘာမှ ပြန်မပြောပါ။

ပါးစပ်ပိတ်၍ အသာငြိမ်နေလိုက်၏။

ဝမ်ကျောက်နိုက ...

"ဒီမြင်းကို ကျွန်မခိုးလာတာ မဟုတ်ပါဘူး၊ ကျွန်မကို ... လိုက်တာပါ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ဝါယင်လုံက အံ့သြသွားပြီး ...

"ဟင် ... ဘယ်သူက ပေးလိုက်တာလဲ"

"ကျွန်မရဲ့ ဂိုဏ်းတူအစ်ကိုပါ"

ဝါယင်လုံက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒါဆိုရင် ခင်ဗျားရဲ့ဂိုဏ်းတူအစ်ကိုက မြင်းသူခိုးပဲ"

ထိုစဉ် ဝါယင်လုံ၏ကျောဘက်မှ စကားသံတစ်သံ ထွက်ပေါ် လာသည်။

"မင်း စကားပြောတာ ကြည့့်ပြောပါ"

ဝါယင်လုံက လှည့့်မကြည့့်ဘဲနှင့် ပြောလိုက်၏။

"ခင်ဗျား စောစောကတည်းက ထွက်လာဖို့ ကောင်းတယ်၊ ဘာဖြစ်လို့ ပုန်းနေရတာလဲ"

သူ၏စကားဆုံးသည်နှင့် သူတို့အနီးသို့ လူရွယ်တစ်ယောက် ရောက်ရှိလာသည်။

ထိုလူရွယ်မှာ မင်းသားလေးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထား သည်။ မသိလျှင် နန်းတွင်းမှ မင်းသားတစ်ပါးကဲ့သို့ပင်။

သူ၏မျက်နှာတစ်ခုလုံးမှာ တင်းမာခက်ထန်နေသည်။

ထိုလူရွယ်၏အမည်မှာ ရှောင်ကျူဖြစ်သည်။

ဝမ်ကျောက်နိုမှာ ရှောင်ကျူ၏ တင်းမာသောမျက်နှာထားကို မြင်လိုက်သည်နှင့် ဝါယင်လုံအား ရန်ပြုတော့မည်ဖြစ်ကြောင်း ရိပ်စား မိသည်။

ထို့ကြောင့် သူမက အထစ်ထစ်အငေါ့ငေါ့နှင့် လှမ်း၍ ဟန့် တားလိုက်သည်။

"အစ်ကို ... အစ်ကိုနဲ့ မဆိုင်ပါဘူး၊ ငင်မစွပ်ပါနဲ့"

ရှောင်ကျူက ဝမ်ကျောက်နီအား စိုက်ကြည့်ကာ ...

"ညီမလေး ... ဒီကောင် ဘယ်သူလဲဆိုတာရော ညီမလေးက သေသေချာချာသိရဲ့လား"

ဝမ်ကျောက်နီက ...

"သူ ဘယ်သူဖြစ်ဖြစ် အစ်ကိုနဲ့ မဆိုင်ပါဘူး"

"သူက ညီမလေးကို လိမ်နေတာ၊ သူဟာ ကျောက်ဖြူမဟုတ်ဘူး၊ ဝါဂိသားစုက ဒုတိယသခင်လေး ဝါယင်လုံဆိုတဲ့လူပဲ"

ထိုစကားကြောင့် ဝမ်ကျောက်မီ အံ့သြပြီး ဝါယင်လုံအား ကြည့်လိုက်၏။

ဝါယင်လုံကလည်း ရှောင်ကျူအား အံ့သြစွာဖြင့် လှမ်းကြည့်လိုက်လေသည်။

ပြီး သူက ...

"ခင်ဗျားနဲ့ကျွန်တော် မသိဘူး၊ ဘာကြောင့် ခင်ဗျားက ကျွပ်နာမည်ကို သိနေတာလဲ၊ ခင်ဗျားဟာ ကျွပ်ရဲ့ရန်သူတစ်ယောက်ပဲ ထင်တယ်"

"ခင်ဗျားက ကျွပ်ကို ရန်သူထင်လဲ ဘာလုပ်ချင်သလဲ၊ စဉ်းစားကြည့်စမ်းပါ"

ဝမ်ကျောက်နီက ...

"ရှင် ... ရှင်က ကျွန်မကို ဘာကြောင့် လိမ်ပြောရတာလဲ"

ဝါယင်လုံက ပြုံးပြီးပြောလိုက်သည်။

"မင်းနာမည်က ဝမ်ကျောက်နီဆိုတော့ ငါကလည်း မင်းနဲ့

လိုက်သင့်ဖြစ်အောင် ကျောက်ဖြူလို့ပြောလိုက်တာပါ၊ လိမ်ညာပြောတာ မဟုတ်ပါဘူး"

သူသည် စကားဆုံးသွားသည်နှင့် ရှောင်ကျူဘက်သို့ လှည့်ကြည့်သည်။

ရှောင်ကျူအား စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏ ...

"ခင်ဗျားက ဘာကြောင့် ကျွပ်မြင်းကို ခိုးရတာလဲ"

ရှောင်ကျူ၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

ဝမ်ကျောက်နီက ရှောင်ကျူအား လှမ်းပြောလေ၏။

"အစ်ကို ဒီကနေ အေးအေးဆေးဆေး ထွက်သွားပါ"

ဝါယင်လုံကလည်း ...

"ဟုတ်တယ်၊ မင်း ထွက်သွားစမ်း"

ရှောင်ကျူက ဒေါသချောင်းချောင်း ထွက်သွား၏။ ချက်ချင်းပင် ခားကိုဆွဲထုတ်ကာ တိုက်ခိုက်လေတော့သည်။

ဝါယင်လုံက ကမန်းကတန်း ရှောင်တိမ်းလိုက်ရသည်။

ရှောင်ကျူက ဆက်တိုက်ဆိုသလိုပင် တိုက်ခိုက်လိုက်သည်။

ဝါယင်လုံက ပြန်လည်မတိုက်ခိုက်ပါ။ အေးအေးဆေးဆေး ရှောင်တိမ်းနေသည်။

သိုင်းကွက်ငါးကွက်မျှ ရောက်သောအခါ ဝါယင်လုံက မအေးဆေးနိုင်တော့ချေ။

ရှောင်ကျူ၏ ခားသည် သူ့အား တစ်စထက်တစ်စ ခြိမ်းခြောက်လာသည်။

ရှောင်ကျူးမှာ သာမန်ဓားသမားကဲ့သို့ ညာဘက်ကိုအသုံး
ခြင်းမဟုတ်ပါ။ ဘယ်ဘက်သမားတစ်ဦး ဖြစ်သည်။

ထို့ကြောင့် သူ၏တိုက်ခိုက်မှုက တစ်မျိုးထူးဆန်းနေသည်

ရှောင်ကျူးက အသာစီးရလာသည်နှင့် မခိုးမခန့်ပြုံးပြီး ခ
လိုက်လေသည်။

"မင်း ဓားမထုတ်ဘူးလား၊ ငါက လက်နက်မဲ့ကို အနိုင်မ
ချင်ဘူး"

ဝါယင်လုံက ...

"ငါ ဓားထုတ်တာနဲ့ မင်း ရှုံးသွားမှာစိုးလို့ပါ"

ရှောင်ကျူး ဒေါသထွက်သွားပြီး ...

"မင်း ဓားထုတ်ပါ၊ မင်းကို သုံးကွက်နဲ့ အနိုင်ယူပြမ

ဝါယင်လုံ ပြုံးလိုက်ပြီး ...

"ကဲ ... ဒါ ဓားထုတ်မယ်၊ ငါ ဓားထုတ်ပြီးတာနဲ့ မင်း
လွတ်ကျစေရမယ်"

ဟုပြောရင်း ဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သ
တိုက်ခိုက်လိုက်ရာ ...

"ချွမ် ..."

သုံးကွက်မပြည့်မီမှာပင် ရှောင်ကျူး၏ဓားမှာ အဝေးသို့
ထွက်သွားသည်။

ဝါယင်လုံက ဓားကို ပြန်သိမ်းလိုက်သည်။

ပြီးမှ ရှောင်ကျူးအား စေ့စေ့ကြည့်ကာ မေးလိုက်သည်

"ငါ့မြင်းကို ဘယ်ကရတယ်ဆိုတာ ရှင်းပြပါ၊ ငါထာ

နေရာမှာမရှိဘဲ မင်းလက်ထဲရောက်တယ်ဆိုတာနဲ့ ဒါက တစ်မျိုးတစ်
ဘာသာ ဖြစ်သွားပြီကွ"

ရှောင်ကျူးမှာ ရှုံးနိမ့်သွားသဖြင့် ခံပြင်းနေသည်။ မျက်နှာတစ်
လုံးမှာလည်း ညိုမည်းနေသည်။

သူက အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"မပြောနိုင်ဘူး"

ဝါယင်လုံသည် ဆောင့်ကြွားကြွားနိုင်သော ရှောင်ကျူးအား
ကြည့်ရင်း ဆုံးမမည်ဟုစဉ်းစားကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ဝမ်ကျောက်နိုက ဟန့်တားလိုက်သည်။

"မလုပ်ပါနဲ့၊ အစ်ကို ပြောပြလိုက်ပါ"

ရှောင်ကျူးမှာ ဒေါသပိုထွက်သွားသည်။

သူက ဂိုဏ်းတူညီမလေးအား တစ်ဖက်သတ်ချစ်မြတ်နိုးနေသူ
တစ်ယောက် ဖြစ်သည်။

စောစောကတည်းက ဝမ်ကျောက်နိုမှာ ဝါယင်လုံနှင့် အတူတူ
ဆိုင်နေသည်ကို မကျေမနပ်ဖြစ်ခဲ့၏။

ယခုတစ်ဖန် ဝါယင်လုံဘက်က ကူပြောသောအခါ ပို၍မခံချင်
ဖြစ်လာသည်။

"ငါ မပြောဘူး၊ ဘာမှ မပြောဘူး"

ဝမ်ကျောက်နို သက်ပြင်းချလိုက်၏။

"အစ်ကို ဒီကို ဘာကြောင့်ရောက်လာရတာလဲ၊ ဆရာ့စကား
နားမထောင်ဘဲ ဘာကြောင့် ထွက်လာရတာလဲ"

ရှောင်ကျူးက ...

"ညီမလေးကို စိတ်မချလို့ပါ"

ဝါယင်လုံသည် ရှောင်ကျူအား ကြည့်လိုက်၏။

ရှောင်ကျူမှာ အတော်ပင် မာနကြီးပုံရ၏။ သူ့အား ရွံးနိမ့်
သဖြင့် ခံပြင်းနေကြောင်း သိသာသည်။

ထို့ကြောင့် သူ မေးမြန်း၍လည်း ပြောမည်မဟုတ်ကြောင်း
နားလည်လိုက်သည်။

ထို့ကြောင့် သူက မမေးတော့ပါ။

ရှောင်ကျူထံသို့ သူ့မြင်းရောက်ရှိနေခြင်းမှာ တစ်စုံတစ်ရာ
သော အကြောင်းကြောင့်ဟုသာ မှတ်ချက်ချလိုက်ပြီး...

"ကဲ... ဒီနေ့ဖြစ်ခဲ့ကြတာတွေကို ကျေအေးကြစို့ဗျာ"

ဝမ်ကျောက်နီသည် ထိုစကားကြောင့် ဝမ်းသာသွားပြီး...

"ဟုတ်တယ်၊ ဘာမှ ဖြစ်လောက်တဲ့ကိစ္စမှ မဟုတ်တာ
ကဲ... အစ်ကို ကျေအေးလိုက်ပါ"

ရှောင်ကျူ ဘာမှပြန်မပြောပါ။

ဝါယင်လုံအား လက်ဆန့်ပေးလိုက်၏။

ဝါယင်လုံကလည်း လက်ဆွဲနှုတ်ဆက်ရန် လက်ကို ပြန်ဆန့်
ပေးလိုက်သည်။

ဝမ်ကျောက်နီကကြည့်ရင်း မျက်နှာပျက်သွားပြီး ထိတ်လန့်
စွာ အော်ဟစ်လိုက်သည်။

"သတိထား... လက်နက်ပုန်း"

ဝါယင်လုံမှာ ဝမ်ကျောက်နီ၏အော်သံကြောင့် ထိတ်လန့်သွား
ပြီး ကမန်းကတန်း ရှောင်လိုက်၏။

ပြီးနောက် ရှောင်ကျူ၏ရင်ဝကို လက်ဝါးဖြင့်ရိုက်ချလိုက်
သည်။

"ဝှစ်... ဝှစ်"

"ဝုန်း..."

ရှောင်ကျူ၏ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်သွား၏။

ချက်ချင်း ပြန်မထနိုင်ပါ။

ပါးစပ်မှလည်း သွေးများ ယိုစီးကျလာသည်။

ဝါယင်လုံက လက်မောင်း ရင်ဝနေရာများတင် စိုက်ဝင်နေ
သော လက်နက်ပုန်းအပ်များကို ဆွဲနှုတ်လိုက်၏။

အပ်ကလေးများတွင် အဆိပ်ရှိကြောင်းကိုလည်း တွေ့လိုက်
ရသည်။

ဝါယင်လုံက...

"အင်း... တော်တော်ရက်စက်တာပဲ"

ရှောင်ကျူက လက်နက်ပုန်းအပ်များကို လက်ဖြင့်တိုက်ခိုက်
ခြင်း မဟုတ်ပါ။

သူ၏လက်ခုပ်ထဲတွင် ထည့်ထားပြီး လက်ဆွဲနှုတ်ဆက်ဟန်
ဖြင့် ပစ်လွှင့်တိုက်ခိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဝါယင်လုံက အမြန်ရှောင်လိုက်သော်လည်း အပ်
ငါးချောင်း ထိမှန်ခြင်းကို ခံရသည်။

ဝမ်ကျောက်နီက စိုးရိမ်တကြီးနှင့်...

"ရှင် သေသေချာချာ စစ်ဆေးကြည့်ပါဦး၊ အဆိပ်မိသွားသေး
သလား"

ဟု မေးလိုက်၏။

ဝါယင်လုံက ...

"ငါ့အတွက် ကိစ္စမရှိပါဘူး"

သူ၏ရင်ဝသို့ ထိမှန်သောအပ်များမှာ အတွင်းခံကိုယ်ကျပ် အင်္ကျီ ဝတ်ဆင်ထားသဖြင့် ဘာမျှ ဒဏ်ရာမရစေပါ။

သို့သော် လက်မောင်းခွံမူ ထိမှန်ခဲ့သည်။

ဝမ်ကျောက်နီက ...

"ရှင့်ရဲ့လက်တွေ ထုံကျင်တဲ့ဝေဒနာ ခံစားနေရပြီလား"

ရောင်ကျူက လဲကျနေရာမှ ထရပ်လိုက်သည်။

သူ့ခန္ဓာကိုယ်မှာ မတ်မတ်မရပ်နိုင်ဘဲ ယိမ်းယိုင်သွားသည်။

သို့သော် သူက ခြောက်ကပ်ကပ်အသံဖြင့် တစ်ချက်ရယ်မော လိုက်ပြီး ...

"တို့အဆိပ်ဟာ ဖြေဆေးမရှိပါဘူး ညီမလေး၊ ပြီးတော့ သေကို သေရမယ်"

ဟုပြောပြီး ထွက်သွားသည်။

ဝမ်ကျောက်နီက သူ၏ဂိုဏ်းတူအစ်ကို ထွက်သွားသည်ကို စွေ့ရသောအခါ ...

"ခဏနေဦး"

ဟု ဟန့်တားရင်း ပြေးလိုက်သွား၏။

တစ်ဖန် နောက်ပြန်လှည့်ကြည့်ပြီး ...

"ရှင် ... ရှင် ဒဏ်ရာတော်တော်ပြင်းသလား"

ဟု စိတ်မချစွာ လှည့်မေးလိုက်သည်။

ဝမ်ကျောက်နီက ခွီဟဖြစ်နေသည်။

ယခုအချိန်၌ နှစ်ယောက်စလုံး ဒဏ်ရာရနေကြသည်။

တစ်ဦးက သူ၏ဂိုဏ်းတူအစ်ကိုဖြစ်ပြီး တစ်ဦးက သူမ၏စိတ် လှုပ်ရှားစေသူ ဖြစ်သည်။

ထို့ကြောင့် မည်သူ့ကိုပြုစုမှုန်း ဝေခွဲ၍မရ ဖြစ်နေသည်။

ဝါယင်လုံက အော်ပြောလိုက်သည်။

"မင်း သွားတော့၊ မင်းအစ်ကို အတွင်းဒဏ်ရာ ရသွားတယ်၊ သူ့ကိုလိုက်ပြီး ပြုစုလိုက်ပါ"

ဝမ်ကျောက်နီက ...

"ရှင်ရော"

"ငါက ကိစ္စမရှိပါဘူး၊ ဒီအဆိပ်နဲ့ ငါ့ကို မသေစေနိုင်ပါဘူး"

ဝမ်ကျောက်နီက ...

"အဲဒီအဆိပ်က သိပ်ပြင်းတယ်၊ ဖြေဆေးလည်း ကျွန်မမှာ မရှိဘူး"

ဝါယင်လုံက ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... ဟား ... ဘယ်အဆိပ်မှ ကျုပ် မကြောက်ဘူး၊ သွားမှာသွားပါ၊ တော်တော်ကြာ မင်းအစ်ကိုကို ဆေးထိုးနေမယ်"

ဝမ်ကျောက်နီက ခေါင်းညိတ်လိုက်ပြီး ...

"ရှင့်ကိုယ်ရှင် ဂရုစိုက်ပါ၊ ကျွန်မသွားပြီ"

ဟုအော်ပြောရင်း သူမ၏ဂိုဏ်းတူ အစ်ကိုနောက်သို့ ပြေးလိုက်သွားလေတော့သည်။

ဝါယင်လုံက ဟန့်တားလိုက်၏။

"နေဦး ..."

ဝမ်ကျောက်နိုက ပြန်လှည့်ကြည့်ကာ ...

"ရှင် ဘာပြောစရာ ရှိသေးလဲ"

"မင်းအစ်ကိုရဲ့ဓားကို ပြန်ယူသွားဦး"

ဟုပြောရင်း ရှောင်ကျူလွတ်ကျခဲ့သောဓားကို ကောက်ယူက
ပစ်ပေးလိုက်၏။

ဝမ်ကျောက်နိုက ဓားကိုဖမ်းယူကာ ပြေးထွက်သွားသည်။

ဝါယင်လုံက ဝမ်ကျောက်နို ပျောက်ကွယ်သွားသည်အထိ ေ
ကြည့်နေပြီးမှ မြင်းကိုစီးကာ မြို့တွင်းသို့ ပြန်ဝင်လာခဲ့လေတော့သည်

❋ ❋ ❋

အခန်း (၈)
ထောင်ချောက်

မြို့ကလေးထဲ၌ လူအများ စည်ကားနေ၏။

ဈေးသွားဈေးလာများဖြင့် အတော်ပင် ရှုပ်ပွေနေသည်။

ထို့အပြင် ဆိုင်တိုင်း၌လည်း စားသောက်သူများ ပြည့်နေသည်။

သူက တည်းခိုခန်းဆီသို့ မြင်းကိုဆွဲကာ လျှောက်လာခဲ့သည်။

တည်းခိုခန်းအဝသို့ ရောက်သောအခါ ...

စားပွဲထိုးကလေးက ပြေးထွက်လာသည်။

"သခင်လေး ဘယ်တုန်းက ထွက်သွားတာလဲ"

သူက မေးမြန်းလေသည်။

ဝါယင်လုံက ဘာမှပြန်မပြောဘဲ မြင်းကို ဆိုင်လုလင်လက်ထဲ
ထည့်လိုက်၏။ ဆိုင်လုလင်လေးက အံ့သြဟန်ဖြင့် ...

"သခင်လေးထွက်သွားတာလည်း မတွေ့ဘူး၊ မနက်စာပို့မလို့
ဟာတော့လည်း မတွေ့ဘူး၊ ညကတည်းက ထွက်တာနဲ့တူတယ်၊
ကုတ်ရဲ့လား သခင်လေး"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"ငါ့ကို လာမေးတဲ့လူကော ရှိသေးလား"

"မရှိပါဘူး"

ထိုစဉ် ဆိုင်ဝဠ္ဍ စားသောက်နေသော လူကြီးတစ်ယောက်က ဝါယင်လုံအားကြည့်ကာ အနီးသို့ကပ်လာ၏။

"ညဘက် အပျော်အပါးလိုက်စားချင်ရင် ကျုပ်နဲ့ လာဆက်သွယ်ပါ"

တိုးတိုးပြောလာလေသည်။

ဝါယင်လုံ ကြောင်သွားသည်။ သို့သော် ချက်ချင်း သဘောပေါက်သွားသည်။

ထို့ကြောင့် တစ်ချက်ပြုံးကာ ကိုယ့်အခန်းဆီသို့ လျှောက်လာခဲ့လေတော့သည်။

ဝါယင်လုံသည် ခုတင်ပေါ်၌ လဲလျောင်းရင်း သူကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်လည်သုံးသပ်ကြည့်သည်။

ပထမဆုံး 'ယူ'ဆိုသည့် အမျိုးသမီးအား ပြန်လည်သတိရလာသည်။

'ယူ'သည် ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သိုင်းပညာမှာလည်း မဆိုးလှပါ။

သို့သော် ထူးခြားသည်က စီးမာချန်ချင်း၏အိမ်ဖော်ဟု ဆို၏။

ဤသို့ဆိုလျှင် သူ့အား အဘယ့်ကြောင့် လုပ်ကြံရပါသနည်း။

'ယူ'ဆိုသည့် အမျိုးသမီး၏ လုပ်ကြံမှုမှာ ကြိုတင်စီစဉ်ထားပုံ ရသည်။

ထို့ကြောင့် စီးမာချန်ချင်းတို့ နေ့မောင်နှံကိုလည်း အဘယ့်ကြောင့် လုပ်ကြံရပါသနည်း။

'ယူ'သည် သာမန်ဂိုဏ်းသားဟု ယောဂီဝတ်မိန်းကလေးက သူ့အား ပြောခဲ့၏။

ဤသို့ဆိုလျှင် 'ယူ'အား ကြိုးကိုင်နေသူမှာ မည်သူနည်း။

ထိုသူသည် ထက်မြက်ပြီး အလွန်ကြောက်စရာကောင်းမည်ဟု တွေးမိသည်။

ထို့အပြင် 'ယူ'သည် အမှန်တကယ်သာ စီးမာဂေဟာမှ အိမ်ဖော်တစ်ဦးဖြစ်ပါက 'ယူ'သည် ဤအိမ်၌ အတန်ကြာ နေခဲ့ရမည်။

သူ့အား စေလွှတ်သူက လူပ်ရှားရန်အသင့်ဖြစ်မှ သုတ်သင်ခြင်း ဖြစ်ရပေမည်။

အဘယ့်ကြောင့် စနစ်တကျအကွက်ချ၍ စီစဉ်ရပါသနည်း။

တစ်ဆက်တည်းမှာပင် မင်းသားလေးချိုကိုလည်း သတိရမိ၏။

မင်းသားလေးချိုမှာ စီးမာမိသားစုအား လုပ်ကြံသည်ဟုဆို၏။

မင်းသားလေးဟု ခေါ်သည့်အတွက် အသက်အရွယ် မကြီးရင့်နိုင်သေးပါ။ ငယ်ရွယ်သူတစ်ဦးမျှသာ ဖြစ်ရပါမည်။

ဤသို့ဆိုလျှင် မင်းသားလေးချိုသည် ယင်ယင်နှင့် ပတ်သက်သူ မဟုတ်နိုင်ပါ။

နောက်တစ်ချက်က ရှန်းမဲ့ဂိုဏ်းသည် ယင်ယင်တည်ဇာတ်သားသော အဖွဲ့ပင်လော။

မင်းသားလေးချိုသည် ရှုန်းမုဂိုဏ်းသား ဖြစ်၏။

ယင်ယင်ကသာ ရှုန်းမုဂိုဏ်း တည်ထောင်ထားလျှင်တော့ ပတ်သက်နေရပေမည်။

မင်းသားလေးချိုအား ရအောင် ဖမ်းဆီးစစ်ဆေးရမည်လော။ မင်းသားလေးချိုကို မည်သည့်နေရာသို့ လိုက်ဖမ်းရမည်နည်း။

သို့သော် မင်းသားလေးချိုမှာလည်း အရေးပါအရာရောက်သူ တစ်ယောက် မဟုတ်ဟုဆို၏။

ဖမ်းဆီးစစ်ဆေး၍လည်း အကြောင်းထူးများ သိနိုင်ရန် အခွင့် အရေးရှိမည် မဟုတ်ချေ။

ဖမ်းဆီးဖို့နေနေသာသာ သူက မင်းသားလေးချိုကို မတွေ့ဘူး ကြောင်းသိရသဖြင့် တွေးရင်းပြုံးလာမိသည်။

တစ်ဆက်တည်းပင် ...

ယောဂီရောင်ဝတ်ထားသော မိန်းကလေးကို သတိရလာသည်။

ယောဂီရောင်ဝတ်ထားသော မိန်းကလေးသည် သူ့ကို လုပ်ကြံခဲ့သည်။

သူမတို့သည် ရှုန်းမုဂိုဏ်းက အကျပ်ကိုင်၍ ခိုင်းစေသော ကြောင့် ဖြစ်နိုင်သည်ဟု တွေးမိ၏။

အဘယ့်ကြောင့်ဆိုသော ရဲနန်က သူ့အား သုတ်သင်နိုင်မှ သခင်ကြီး၏ အသက်ကို ကယ်တင်နိုင်မည်ဟုဆိုခဲ့သည် မဟုတ် ပါလား။

ထို့အပြင် သူ့အား ပြောပြခဲ့သော စကားအရ...

ရှုန်းမုဂိုဏ်း၏ ပထမခြေလှမ်းသည် စီးမာမိသားစုကို လုပ် ကြံပြီး သိုင်းလောကကို ခြိမ်းခြောက်ခြင်းဖြစ်၏။

ဒုတိယခြေလှမ်းသည် မိမိတို့ ဝါမိသားစုသာ ဖြစ်ရပေမည်။

ဆူက တွေးရင်း ရင်လေးလာ၏။

မိမိအနေဖြင့် တရားခံကို ရှာဖွေနိုင်ပါမည်လော။

မိမိက မရှာဖွေနိုင်မိ မိမိတို့ဝါမိသားစုသည် မမြင်ရသော ရန်သူ၏ လက်ချက်ဖြင့် ကျဆုံးရတော့မည်လော။

ဤကိစ္စနှင့် အသက်ဆိုင်ဆုံးလူမှာ ယင်ယင်ပင် ဖြစ်၏။

ယင်ယင် သေ,မသေ သူ မသိပါ။

ယင်ယင်အား သူ မမြင်ဘူးပါ။

သူက မည်သို့ရှာဖွေရမည်နည်း။

တွေ ရင်း ခေါင်းခြောက်လာသည်။

ထိုစဉ် သူက မင်းသားလေးချိုတို့အဖွဲ့မှာ ဤနန်းယန်မြို့၌ ပင် ရှိနေသေးသည်ဆိုသောစကားကို သတိရလာ၏။

ချက်ချင်းပင် မင်းသားလေးချိုအား ရှာဖွေမည်ဟုဆုံးဖြတ် လိုက်သည်။

သူသင် လဲလျောင်းနေရာမှ ထလိုက်သည်။

ဓားကိုပြင်ဆင်ပြီးနောက် အခန်းထဲမှ ထွက်ခဲ့လေတော့သည်။

အပြင်သို့ ရောက်ပြီးနောက် ...

ဝါယင်လုံသည် မြို့လယ်လမ်းမ၌ လမ်းသလားနေ၏။

သူက ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မင်းသားလေးချိုအား ရှာဖွေနေ၏။

သူ မမြင်ဖူးသော်လည်း အသက်အရွယ်ငယ်ပြီး သားသားနှ နာ ဝတ်ဆင်ထားသူဖြစ်ရမည်ဟု စိတ်က ခန့်မှန်းကာ ထိုပုံစံရှိလူ များကို လိုက်ရှာမိ၏။

သို့သော် မည်သူ့ကိုမျှ သံသယဖြစ်စရာ မတွေ့ခဲ့ချေ။

နောက်ဆုံး မြို့ထဲ၌လျောက်သွားရင်းဖြင့် အချိန်မှာ တစ်ရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။ အလင်းရောင်မှာလည်း တစ်စထက်တစ်စ ကွယ် ပျောက်လာ၏။

နှန်းယန်မြို့တွင်းရှိ အိမ်တိုင်းအိမ်တိုင်းလိုပင် မီးများ စတင် ထွန်းညှိနေကြပြီ ဖြစ်သည်။

ဝါယင်လုံမှာ လျှောက်သွားနေရင်းက စီးမာဂေဟာဘက်သို့ ရောက်လာသည်။

ပိုးမာဂေဟာမှာ မှောင်မည်းနေ၏။

စီးမာဂေဟာရှေ့တွင် ရပ်လိုက်ပြီး အထဲဝင်သင့်မဝင်သင့် တွေး လိုက်သည်။

သူ့အတွေးထဲ၌ ...

"အင်း ... စီးမာမိသားစု လုပ်ကြံခံရတာ ရက်ကြာလာပြီ အလောင်းဟာ ဒီအတိုင်းပဲရှိသေးတယ်၊ ဒီအလောင်းကို ထောင် ချောက်ဆင်ပြီးတော့ စီးမာချန်ချင်းရဲ့ မိတ်ဆွေတွေကို ခုံကွပေးနိုင် တယ်၊ ဒီတော့ အလောင်းတွေကို ရွှေ့ထားရရင် ကောင်းမလား"

"အို ... မဖြစ်သေးပါဘူး၊ သူ့သမီးရဲ့ခွင့်ပြုချက်မရဘဲ ရွှေ့လို့ ကောင်းပါ့မလား"

"အို ... ရွှေ့တာပဲကောင်းတယ်၊ ဒါမှ ရန်သူထောက်ချောက် ဆင်လို့မရမှာ၊ ပြီးတော့မှပဲ စီးမာချင်းကို တောင်းပန်လိုက်တော့မယ်"

သူက ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ဂေဟာအတွင်းသို့ လှမ်း ဝင်လာခဲ့၏။

အလောင်းထားသော အဆောင်သို့ရောက်သောအခါ ...

အခေါင်းကိုကာထားသော လိုက်ကာမရှိတော့ကြောင့် သတိ ပြုလိုက်မိ၏။

ထို့အတူ အခေါင်းထားသောနေရာကို ကြည့်မိသောအခါ မျက် လုံးပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ အခေါင်းနှစ်ခုစလုံး ပျောက်ချင်းမလှ ပျောက် ဆုံးသွားသောကြောင့်ပင် ဖြစ်ပါသည်။

ဝါယင်လုံ သက်ပြင်းချလိုက်ရင်း ...

"မဖြစ်နိုင်ဘူး၊ ငါ ဒီကထွက်သွားတာ တစ်ရက်တောင်မပြည့် သေးဘူး၊ ဘယ့်နယ်ကြောင့် အခေါင်းက ပျောက်သွားရတာလဲ"

သူက တစ်ကိုယ်တည်းရေရွတ်ရင်း သဲလွန်စများကို ရှာဖွေ ကြည့်လိုက်၏။

အခေါင်းထားသောနေရာ၌ ဖုန်များ ထူထပ်နေသည်။

သို့သော် ဖုန်များတွင် ခြေရာလက်ရာမျှပင် ထင်ကျန်နေသည် ကို မတွေ့ရပါ။

ဝါယင်လုလဲသည် ကြိတ်၍ သက်ပြင်းချလိုက်ပြန်၏။

အခေါင်းအား သယ်ဆောင်သွားသောလူသည် ထိပ်တန်း ကိုယ် ဖော့ပညာရှင်တစ်ယောက်ဖြစ်ကြောင်း သိလိုက်၏။

ရင်ထဲ၌ လေးလံလာသည်။

သူသည် ထိုနေရာကို ဆေးချာချာ အကဲခတ်နေသော်လည်း သဲလွန်စမတွေ့သောကြောင့် အခြားအဆောင်များကိုပါ စစ်ဆေးရန် ထွက်လာခဲ့၏။

အခန်းတစ်ခုပြီးတစ်ခု ရှာဖွေခဲ့ရာ အခန်းတစ်ခုသို့အရောက်၌ အသံတစ်သံကို ကြားလိုက်ရသည်။

"မင်း မဆိုးဘူး၊ သတ္တိကောင်းသားပဲ၊ ဒါပေမယ့် ဒီနေ့တော့ မင်း မလွတ်တော့ပါဘူး၊ မင်း သေရမဲ့နေရာကို မင်း ရွေးလိုက်တာပဲ"

တစ်ဆက်တည်းပင် သူ၏နောက်ကျောသို့ ဓားတစ်လက်တိုး ဝင်လာကြောင်း ခံစားလိုက်ရသည်။

ဝါယင်လုံသည် ရင်ထိတ်သွားပြီး ကပျာကယာ ယပ်တောင်ဖြင့် ထိုးလာသောဓားကို ဖယ်ထုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် နောက်သို့ ခုန်ခနဲလှည့်ကြည့်လိုက်၏။

အမှောင်အတွင်းတွင် ကျင့်သားရနေသဖြင့် သူ့ရှေ့ မလှမ်းမကမ်း၌ လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ဝါယင်လုံသည် ယပ်တောင်ကိုမာန်ပါပါခတ်ရင်း မေးလိုက်၏။

"ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို ခုလို အလစ်ဝင်တိုက်ခိုက်ရတာလဲ"

အလစ်တိုက်ခံလိုက်သဖြင့် သူ ဒေါသထွက်သွားသည်။

ထိုသူက ရယ်မောလိုက်၏။

"မင်းကို သတ်တဲ့နောက်တော့ အလစ်တိုက်လည်း ဘာဖြစ်မှာလဲ၊ ဒီည သေအောင်သတ်မလို့ပါပဲ၊ သေဖို့ပဲ လိုရင်းပါကွာ၊ ဘယ်လို သတ်သတ် အကြောင်းမထူးပါဘူး"

ထိုလူ၏စကားသံအရ အသက်ငယ်ရွယ်သူတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရ၏။

ထို့ကြောင့် သူက တစ်စုံတစ်ယောက်ကို သတိရလာပြီး ...

"ခင်ဗျားက မင်းသားလေးချို မဟုတ်လား"

ထိုစသူသည် အံ့အားသင့်သွားပြီး ...

"မင်း မဆိုးဘူး၊ ဝါမိသားစုကို အထင်သေးလို့မရပါလား၊ တစ်ရက်ပဲ ရှိသေးတယ်၊ မင်းက ငါ့ကို သိနေပြီကိုး၊ ဒါပေမယ့် မင်းသိတာ အလာကားဖြစ်သွားပြီ၊ အခု မင်းက ထောင်ချောက်ထဲ ဝင်လာတာကိုး"

ထိုစဉ် အမှောင်အတွင်းတွင် လူပ်ရှားလာသံများကို ကြားလိုက်ရသည်။

"မီးထွန်းလိုက်ကြ၊ သူ့ကို လင်းလင်းချင်းချင်းနဲ့ သေပါစေ"

မင်းသားလေးချို၏ စကားအဆုံး၌ အခန်းတစ်ခုလုံး မီးများ လင်းထိန်သွားသည်။

မီးရောင်ဖြင့်ကြည့်လိုက်ရာ ဇီးရောင်ဝတ်ဆင်ထားသော လူရုစ်ယောက်က သူ့အား ဝိုင်းရံထားသည်ကို တွေ့ရ၏။

လူရုစ်ယောက်စလုံးမှာ ဘယ်လက်တွင် မီးတုတ်ကိုင်ပြီး ညာလက်၌ ဓားများကို အသင့်ကိုင်ဆောင်ထားကြ၏။

မင်းသားလေးချိုဆိုသူမှာ သူနှင့် မတိမ်းမယိမ်း လူငယ်တစ်ယောက် ဖြစ်သည်။

အစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားပြီး ပခုံးပေါ်၌လည်း အစိမ်းရောင်အဝတ်စတစ်ခုကို တင်ထားသည်။

မင်းသားလေးချိုမှာ မျက်နှာထားသွယ်ပြီး မျက်ခုံးမွေးကောင်းကောင်းနှင့် ဖြစ်၏။

ခါးလယ်၌ ဓားတစ်လက်ကို ချိတ်ဆွဲထား၏။

ဝါယင်လုံသည် ယပ်တောင်ကိုခတ်ရင်း ...

"မင်းသားလေးရှိုက ကျုပ်လာမယ်ဆိုကာကို ကြိုသိထားလို့ အခုလို ထောင်ချောက်ဆင်ထားတာလား"

မင်းသားလေးရှိုက ...

"ကြိုသိလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်း အခုရောက်လာတော့ တို့အတွက် ထောင်ချောက်ဆင်ရကျိုး နပ်တာပေါ့"

ဝါယင်လုံက ...

"ခင်ဗျားနဲ့ကျုပ် မသိပါဘူး၊ ဘာကြောင့်များ ခင်ဗျားက ကျုပ်ကို သတ်ချင်နေရတာလဲ"

မင်းသားလေးရှိုက ...

"မင်းသိသားနဲ့ ဘာကြောင့် မေးနေရတာလဲ"

"ဒါဖြင့် ခင်ဗျားဟာ ရှန်းမုဂိုဏ်းကလူလား"

မင်းသားလေးရှိ ကြောင်သွားသည်။

"မင်း ငါ့အကြောင်းတောင် သိနေပါလား၊ ဒါပေမယ့် ကိစ္စ မရှိပါဘူး၊ ငါတို့ ရှမ်းမုဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို ချုပ်ကိုင်တော့မှာပဲ၊ ချုပ်ကိုင်ပြီးတဲ့နောက် ဘာလိုတော့မှာလဲ"

ဝါယင်လုံက ...

"စီးမာချန်ချင်းကို လုပ်ကြံတာရော ခင်ဗျားတို့ဂိုဏ်းရဲ့ အကြံအစည်ပဲလား၊ ဒါကို ကျုပ် သိချင်တယ်"

"ဟုတ်တယ်၊ ကျုပ်ရဲ့အကြံအစည်ပဲ"

"ဟား ... ဟား ... ဟား ... တကယ့်လူပဲ၊ မသိရင်ခက်မယ်၊ ခင်ဗျား နာမည်ကောင်းယူမနေပါနဲ့၊ ခင်ဗျားဟာ အရေးပါတဲ့လူ မဟုတ်ပါဘူး"

"မင်း တော်တော်သိပါလား"

"ကျုပ်မေးတာ ဖြေပါ၊ ခင်ဗျားတို့ဂိုဏ်းချုပ်က ဘယ်သူလဲ"

"မင်း ဂိုဏ်းချုပ်ကိုသိချင်ရင် ဂိုဏ်းချုပ်ရှေ့က ငါ့ကို အရင် ဖြတ်ဆိုင်ပါ"

"ခင်ဗျားနာမည် အပြည့်အစုံက ဘာလဲ"

"ရှီဂုဂ"

"ခင်ဗျားဆရာကရော"

"ဆရာ့နာမည်က စန့် ..."

စကားဆုံးအောင် မပြောလိုက်ရပါ။

ဖီးရောင်ဝတ်ထားသော လူတစ်ယောက်က သတီပေးစကား ပြောလိုက်လေသည်။

"မင်းသားလေး စကားသတိထား"

သူသည် ကမန်းကတန်း ရပ်တန့်လိုက်ရသည်။

ဝါယင်လုံက ...

"ဒါထက် စီးမာချန်ချင်းရဲ့အလောင်းကို ခင်ဗျားတို့ ရွှေ့ထားသိုက်သလား"

မင်းသားလေးရှိုက စားကိုဆွဲထုတ်လိုက်ပြီး ...

"မင်း မေးတာတွေများနေပြီ၊ စားကို ထုတ်လိုက်ပါတော့"

ဝါယင်လုံက မဲ့ပြုံးပြုံးကာ ...

"ကိစ္စမရှိပါဘူး၊ ခင်ဗျား စချင်တဲ့အချိန် စနိုင်ပါတယ်"

မင်းသားလေးရှိုက ...

"ဒါဆို သတီထားပေတော့"

သူသည် စကားဆုံးသည်နှင့် တိုက်ခိုက်လေတော့၏။

ဝါယင်လုံက အေးအေးဆေးဆေးပင် ယပ်တောင်နှင့် ပြန်လည် တိုက်ခိုက်လိုက်၏။

မင်းသားလေးချို၏ သိုင်းပညာမှာ အဆင့်မြင့်၏။

ဘို့သော် ဝါယင်လုံကိုမူ ထိခိုက်အောင် မတတ်နိုင်ပါ။

တစ်စထက်တစ်စ အခြေအနေ ပြောင်းလဲလာ၏။

မင်းသားလေးချိုမှာ ဓားကိုအသုံးပြု၍ တိုက်ခိုက်နေသော်လည်း ဝါယင်လုံ၏ တိုက်ခိုက်မှုအောက်၌ အလူးအလဲခံနေရသည်။

ဝါယင်လုံက ထေ့ငေါ့သည်။

"ခင်ဗျားသိုင်းပညာက ထင်သလောက် မထက်ပါလား"

မင်းသားလေးချိုက ကောက်ကျစ်စွာ တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

"မင်းကိုယ်မင်း အထင်မကြီးပါနဲ့၊ ဒီနေ့ညေ ငါတို့လက်က မင်း မလွတ်ပါဘူး"

ဇီးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က ...

"မင်းသားလေး ... အသင့်ပြင်လိုက်မယ်"

"အေး ..."

ချက်ချင်းပင် ဇီးရောင်ဝတ်ဆင်ထားသူ ရုန်ယောက်က ဝါယင်လုံအား ပတ်ချာလည် လှည့်ပတ်လိုက်သည်။

ဝါယင်လုံက ပြုံးလိုက်၏။

မင်းသားလေးချိုတို့ ခင်းကျင်းလိုက်သည်မှာ ရုန်ကွက်အင်း ဝက်ပါဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထိုဝက်ပါ၏ အဓိကသော့ချက်မှာ အလယ်လူဖြစ်သော မင်းသားလေးချို ဖြစ်၏။

မင်းသားလေးချိုကိုသာ ချုပ်ကိုင်နိုင်ပါက ဤဝက်ပါမှာ အလိုအလျောက် ပျက်စီးသွားမည်ဖြစ်ကြောင်း နားလည်လိုက်၏။

သို့ရာတွင် သူသည် မင်းသားလေးချိုအား လွတ်လပ်စွာ မတိုက်ခိုက်နိုင်ပါချေ။

သွက်လက်လျင်မြန်၍ အကွက်စေ့လှသော လူရုန်ယောက်၏ ဝက်ပါသိုင်းကွက်ထဲ၌သာ ပိတ်မိနေ၏။

ထို့ကြောင့် ဝါယင်လုံက ဒေါသထွက်လာပြီး ဓားကိုဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လိုက်သည်။

တစ်ခဏအတွင်းပင် ဓား ဓားချင်းထိခတ်သောအသံများ ထွက်ပေါ်လာသည်။

မကြာမီ ...

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

❄ ❄ ❄

အခန်း (၉)

မမျှော်လင့်သော အကူအညီ

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သိုင်းကွက် တစ်ရာကျော်ခန့်မျှ ရောက်လာသောအခါ...

ဝါယင်လုံမှာ တိုက်ခိုက်ရန်မဆိုထားနှင့် ဒဏ်ရာမရအောင်ပင် ကြိုးစားခုခံနေရသည်။

သူ၏ခန္ဓာကိုယ်၌ ဝတ်ဆင်ထားသော ကိုယ်ကျပ်အင်္ကျီအစွန်းကြောင့်သာ ဒဏ်ရာမရသေးခြင်း ဖြစ်၏။

ထိုစဉ် ဝင်္ကပါခင်းကျင်းထားသော လူရှစ်ယောက်သည် တိုက်ခိုက်နေရင်းမှ မြားတိုလေးများ ကိုယ်စီဆွဲထုတ်လိုက်ကြ၏။

ထို့နောက် မြားတိုလေးကို မီးရှို့လိုက်၏။ မြားတိုလေးများမှာ ယမ်းလူးထားသောကြောင့် ချက်ချင်းပင် မီးတောက်လာသည်။

လူရှစ်ယောက်က တိုက်ခိုက်ရင်း တစ်ဆက်တည်းမှာပင် ဝါယင်လုံထံသို့ မြားတိုကလေးကိုပါ ပစ်ခတ်တိုက်ခိုက်လိုက်ကြလေတော့သည်။

မြားတိုရှစ်စင်းမှာ လေးဘက်လေးတန်မှ အထက် အောက် အလယ်ခွဲ၍ ဝင်လာသောကြောင့် ဝါယင်လုံ အခက်တွေ့သွား၏။

သူက ကြိုးစားရှောင်တိမ်းပါသော်လည်း မြားတိုနှစ်ခုကမူ သူ၏ အင်္ကျီ၌ စိုက်ဝင်သွား၏။

မြားတိုမှမီးများက အင်္ကျီကို ကူးစက်လောင်ကျွမ်းလာလေ၏။

ထိုစဉ်...

အဘိုးအိုတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"ယင်လုံ ကြမ်းပေါ်ကိုအိပ်ချပြီး မီးငြိမ်းလိုက်"

သူက ထိုစကားအတိုင်း ကြမ်းပေါ်၌လူးလဲမှိန်းကာ မီးကို ကြိုးစားကာ ငြိမ်းသတ်လိုက်သည်။

ထိုအခိုက် လူရိပ်တစ်ခုက လျှပ်တစ်ပြက်ပြေးဝင်လာပြီး မင်းသားလေးချို့ဂှာ အပါအဝင် ဧီးရောင်ဝတ်ထားသူ ရှစ်ဦးကိုပါ သွေးကြောပိတ်လိုက်သည်။

ထိုလူရိပ်၏ လျှပ်ရှားမှုမှာ လေကဲ့သို့လျင်မြန်လှသောကြောင့် ချို့ဂှာတို့မှာ မရှောင်နိုင်တော့ဘဲ သွေးကြောပိတ်ခံရပြီး ဓားများလည်း လွတ်ကျသွားသည်။

"ချွမ်း... ချွမ်း"

ဝါယင်လုံမှာ မီးကို ငြိမ်းသတ်နေရသည့်အတွက် ထိုအဖြစ်အပျက်ကို မမြင်လိုက်ပါ။

သူက မီးငြိမ်းသတ်ပြီးမှ ထရပ်လလိုက်၏။

ကောက်ကျစ်စဉ်းလဲစွာ တိုက်ခိုက်လာသော ချို့ဂှာတို့လူစုအပေါ် သူက ဒေါသချောင်းချောင်းထွက်နေသည်။

"မင်းတို့ ကောက်ကျစ်ယုတ်မာတယ်၊ မင်းတို့ကို တစ်ယောင်္ကျ အရှင်မထားဘူး"

သူသည် အော်ငေါက်ရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုအခိုက် အဘိုးအိုအသံက ထွက်ပေါ်လာသည်။

"ယင်လုံ... မင်းက ဘာဖြစ်လို့ ခုခံနိုင်စွမ်းမရှိတဲ့လူတွေကို တိုက်ခိုက်ချင်ရတာလဲ"

ထိုစကားကြောင့် ဝါယင်လုံက မင်းသားလေးချို့တို့လူစုအား လှမ်းကြည့်လိုက်၏။

ချို့ငှာတို့လူစု မလှုပ်မယှက်ရပ်နေသည်ကို တွေ့ရသောအခါ အံ့သြသွားသည်။

ချို့ငှာ၏ မျက်နှာပေါ်၌လည်း ကြောက်ရွံ့ထိတ်လန့်သော အရိပ်အယောင်များ ထွက်ပေါ်နေသည်။

တစ်ကိုယ်လုံး ချွေးများလည်းစိုရွှဲနေသည်ကို တွေ့လိုက်ရ၏။

ယခုမှ သူက ချို့ငှာတို့လူစုမှာ သွေးကြောပိတ်ခံထားရကြောင်း သိရှိလိုက်သည်။

ထိုစဉ် အဘိုးအိုတစ်ယောက်က သူ့ထံသို့လျှောက်လာသည်။

အသက်အရွယ်မှာ ခုနှစ်ဆယ်ခန့် ဖြစ်၏။

သို့သော် လူပ်ရှားမှုမှာ လျင်မြန်သွက်လက်လှသည်။

ဝါယင်လုံမှာ အဘိုးအိုအား တွေ့လိုက်ရသောအခါ ဝမ်းသာသွားပြီး အော်ဟစ်မိလေ၏။

"ဘိုးဘိုး..."

သူ၏အသံသည် အခန်းထဲ၌ တုန်ဟီးသွားသည်။

အဘိုးအို၏အမည်မှာ ပိုင်ရှောက်ထင်း ဖြစ်၏။

ဝါယင်လုံ၏မိခင် ပိုင်ကျွမ်ယီ၏ဖခင် ဖြစ်သည်။

ထို့အပြင် ဝါယင်လုံအား အလွန်ချစ်သော အဘိုးပင်ဖြစ်၏။

အဘိုးများသည် မြေးများကို အလွန်ချစ်ကြ၏။

အဆိုးဆုံးမြေးကို အချစ်ဆုံးဖြစ်၏။

အချို့အဘိုးများသည် မြေးများကိုမချစ်ယောင် ဟန်ဆောင်နေတတ်ကြ၏။ အချို့အဘိုးများကတော့ ဟန်ဆောင်မနေကြပေ။ ဂရုစိုက်၏။ ယုယ၏။

ဝါယင်လုံသည် ပိုင်ရှောက်ထင်း၏အသည်းပင် ဖြစ်တော့သည်။

ဝါယင်လုံက ပိုင်ရှောက်ထင်းအား ခွေးထောက် ဂါရပြုလိုက်၏။

ပိုင်ရှောက်ထင်းက...

"ကဲ... အခု ဒီလူတွေကို ဘယ်လိုလုပ်ကြမလဲ"

ဝါယင်လုံက...

"ဒီလူတွေက ရက်စက်ကြမ်းကြုတ်တဲ့လူတွေ၊ ပြီးတော့ ရှုန်းမဲဂိုဏ်းကလူတွေပဲ ဘိုးဘိုး၊ ဒါကြောင့် သူတို့ကို သုတ်သင်ပစ်လိုက်တာ ကောင်းမယ်"

ပိုင်ရှောက်ထင်းက ရယ်မောပြီး ပြန်မေးလိုက်လေ၏။

"မင်းအဖေ ဝါထင်းဟုန်ဟာ သိုင်းလောကမှာ ကျော်ကြားပြီး မိတ်ဆွေတွေများတာ ဘာကြောင့်လဲ၊ မင်း သိသလား"

ဝါယင်လုံ ပြုံးလိုက်၏။

သူ၏အဘိုး ဆိုလိုသောအဓိပ္ပါယ်ကို သူ ကောင်းစွာနားလည်လေသည်။

သူ၏ဖခင်သည် အကြောင်းမဲ့ လူသတ်လေ့မရှိပါ။

သူသည် ရန်သူများကို တိုက်ခိုက်၍ အနိုင်ရသည်နှင့် ဆက်လက်မတိုက်ခိုက်ပါ။ ဆက်လက်တိုက်ခိုက်လျှင် ထိုရန်သူ သေရမည်။ လူသေမည်ကို သူ့ဖခင်က မကြည့်ရက်ပါ။

အသက်ချမ်းသာခွင့် ပေးတတ်၏။

ထို့ကြောင့်လည်း သူ၏ဖခင်အား ရန်သူများက အလွန်ပင် လေးစားကြ၏။

မိတ်ဆွေများဆိုလျှင်မူ ပြောဖွယ်ရာ မရှိတော့ပါ။

ယခုလည်း သူ၏အဘိုးက ရန်သူများအားမသတ်ဘဲ လွှတ်ပေး ရန်အတွက် စကားစခြင်းဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် သူက သူ့အဘိုးအား ကတိခံဝန်ပေးလေ၏။

"ကျွန်တော် နားလည်ပါပြီ ဘိုးဘိုး၊ သူတို့ကို ကျွန်တော် လွှတ်ပေးပါ့မယ်"

အဘိုးအို က တဖျစ်တောက်တောက် ညည်းညူနေသည်။

"မင်းရဲ့သိုင်းပညာက မင်းအဖေကို မမီသေးဘူး၊ ဘာကြောင့်များ မင်းကို သိုင်းလောကထဲ စိတ်ချလက်ချ လွှတ်လိုက်ရတာလဲ ငါသာ အခုလိုထွက်မလာရင် မင်း ခုကွရောက်မှာ သေချာတယ်"

ဝါယင်လုံက ...

"ဘိုးဘိုး ... ရောက်နေတာ ကြာပြီးလား"

"အေး ... မင်း ဘာလို့ သိုင်းလောကထဲကို တစ်ယောက်တည်း ထွက်လာရတာလဲ"

"အဘွားရဲ့အမိန့်နဲ့ပါ ဘိုးဘိုး"

"အေး ... အေး ... ပြီးမှ အေးအေးဆေးဆေး ပြောကြမယ်၊ အခု ဒီကိစ္စကို အရင်ရှင်းမှ"

ဝိုင်ရောက်ထင်းသည် ချိုဂွာတို့လူစုအား မေးငေါ့ပြလိုက်၏။

ဝါယင်လုံက ...

"သူတို့ကို လွှတ်လိုက်ပါတော့ ဘိုးဘိုး"

ဝိုင်ရောက်ထင်းက ...

"မင်း သူတို့ကို မစစ်ဆေးတော့ဘူးလား၊ မင်း သိချင်တဲ့ကိစ္စကို မေးရတာပေါ့"

ဝါယင်လုံက ...

"ကိစ္စမရှိပါဘူး ဘိုးဘိုး၊ သူတို့က ရှန်းမုဂိုဏ်းရဲ့ အရေးပါတဲ့ လူတွေ မဟုတ်ပါဘူး"

ဝိုင်ရောက်ထင်းက ဝါယင်လုံ၏ အလေးမထားပုံကို သဘော မကျချေ။

"ဒါပေမယ့် ဂိုဏ်းချုပ်ဘယ်သူဘယ်ဝါဆိုတာရော မင်း သိလို့လား၊ မသိရင်တော့ မေးမှပေါ့ကွ"

"သူတို့ဂိုဏ်းချုပ်ကို မသိပါဘူး၊ ဂိုဏ်းချုပ်က လျှို့ဝှက်တယ်၊ ကျွန်တော့်ဘာသာပဲ လိုက်ပြီးစုံစမ်းပါ့မယ်"

ဝိုင်ရောက်ထင်း ကျေနပ်သွားလေ၏။

"အေး ... အေး ... ဒါဆိုလည်း ပြီးရောပေါ့"

အဘိုးအိုသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ကျောက်တုံးကလေးများ ထွက်လာပြီး ချိုဂွာတို့လူစုအား ထိမှန်သွား၏။

ကျောက်တုံးကလေးများ ထိမှန်သွားသည်နှင့် ချိုဂွာတို့လူစုမှာ သွေးကြောများပွင့်သွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ပိုင်ရှောက်ထင်းက ချိုဖွာတို့လူစုအား သေသေချာချာ စိုက်ကြည့်လိုက်ပြီး အေးစက်မာကြောစွာ ပြောလိုက်၏။

"မင်းတို့ ဒီနေရာက အမြန်ဆုံးထွက်သွားကြတော့၊ နောက်တစ်ခါဆိုရင်တော့ ခုလို အလွယ်တကူ လွတ်ပေးမှာမဟုတ်ဘူး"

အားလုံးက ကျနေသောလက်နက်များကို ကောက်ယူလိုက်ကြသည်။ သူတို့ကိုင်ဆောင်ခဲ့သည်မှာ ဓားများသာ ဖြစ်သည်။

ထို့နောက် ချက်ချင်းပင် ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

စီးမာဂေဟာထဲ၌ ပိုင်ရှောက်ထင်းတို့ မြေးအဘိုးသာ ကျန်ရစ်ခဲ့တော့သည်။

ပိုင်ရှောက်ထင်းက ကုလားထိုင်တစ်လုံး၊ ဝါယင်လုံက ကုလားထိုင်တစ်လုံး၌ ထိုင်သည်။

ပိုင်ရှောက်ထင်းသည် မြေးဖြစ်သူအား ချစ်ခင်စွာကြည့်နေ၏။ သားအချစ် မြေးအနှစ် မဟုတ်ပါလော။

ပိုင်ရှောက်ထင်းသည် မည်သူ့ကိုမျှ ဂရုမစိုက်ချေ။ အတွေ့အကြုံ နှစ်ယဉ်သော သူ၏မြေးအား သိုင်းလောကတည်းသို့ လွှတ်လိုက်သဖြင့် တဖျစ်တောက်တောက် ပြောဆိုနေ၏။

ဝါယင်လုံက သူ့အဘိုးအားကြည့်ပြီး အော်လိုက်သည်။

"ဘိုးဘိုး... ကျွန်တော် သိပြီ"

သူအော်လိုက်သည်မှာ အလန့်တကြားဖြစ်သည်။ အခြားသူဆိုလျှင် လန့်၍ထခုန်မိပေမည်။

ပိုင်ရှောက်ထင်းက မျက်မှောင်ကြုတ်ရင်း...

"မင်းက ဘာသိတာလဲ"

"ဦးလေးစီးမာချန်ချင်းတို့ အခေါင်းတွေကို ဘိုးဘိုး ရွှေပြောင်းဆားတာ မဟုတ်လား"

ပိုင်ရှောက်ထင်းက ရယ်မောရင်း ခေါင်းညိတ်လိုက်၏။

"ဟား... ဟား... ဟား... မင်းက သိပြီဆိုလို့ ဘာများလဲလို့ငါတောင် လန့်သွားတယ်၊ မင်းသိတာ ဘာများထူးဆန်းလို့လဲ၊ ဒါ ရွှေထားရာ မင်းက အခုမှသိသလား"

ဝါယင်လုံက...

"ဘယ်ကိုရွှေထားလိုက်တာလဲ ဘိုးဘိုး"

"မြင်းဖြူဘုံကျောင်းကိုပါ၊ အဲဒီမှာ ချီယွင်ဆရာတော် ရှိတယ်၊ သူ့ကိုပဲ စောင့်ရှောက်ခိုင်းလုလိုက်တယ်၊ ဒီမှာက အစောင့်တစ်ယောက်မှ မရှိဘူးလေ၊ အစောင့်လိုတယ်ကွ"

"ချီယွင်ဆရာတော် ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော် မသိပါလား၊ ဘယ်က ဆရာတော်လဲ"

"အေး... သူက မင်းမမွေးခင်လောက်က ကျော်ကြားခဲ့တဲ့ သိုင်းသမားတစ်ဦးပေါ့၊ အခုတော့ သာသနာ့ဘောင်ထဲ ဝင်ရောက်နေတဲ့ ဘိုးဘိုးရဲ့မိတ်ဆွေတစ်ဦးပဲ"

"ဒါဆို ကျွန်တော် ကြုံရင် ဝင်ပြီးဂါရဝပြုဦးမှာပဲ"

"ဟား... ဟား... ဟား..."

"ဟား... ဟား... ဟား"

အဘိုးအိုပိုင်ရှောက်ထင်းသည် ခွက်ထိုးခွက်လန် ရယ်မောလေတော့သည်။

ဝါယင်လုံ အုကြောင်ကြောင်ဖြစ်သွား၏။

"ဘိုးဘိုးက ဘာဖြစ်လို့ ရယ်တာလဲ"

"မင်းကို သဘောကျလို့ပေါ့"

"ကျွန်တော်က ဘာများ လုပ်လိုက်မိလို့လဲ"

"မင်းရဲ့ အပြောကိုပါ"

ဝါယင်လုံက ရှက်ပြုံးပြုံးလိုက်ပြီး ...

"ဂါရဝပြုတာ မှားသလား ဘိုးဘိုးရဲ့"

အဘိုးအိုပိုင်ရောက်ထင်းက ...

"ငါ့မြေး အခုမှ လူလိုသူလို ဆက်ဆံလာတတ်တာကို ဘိုးဘိုး အံ့သြလို့ပါ"

ဝါယင်လုံ မျက်နှာနီရဲသွားပြီး ...

"ဘိုးဘိုးကလည်း ကျွန်တော်က နဂိုက မကောင်းလို့လား"

အဘိုးအိုက အားရပါးရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား"

ဝါယင်လလုံက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဘိုးဘိုး ဒီကို ဘယ်တုန်းကရောက်လာတာလဲ"

ပိုင်ရောက်ထင်းက ...

"မနေ့ညက ရောက်တာကွယ်၊ မိတ်ဆွေဟောင်းတွေနဲ့ ဝင်ပြီး နှုတ်ဆက်ရင်း စီးမာချန်ချင်းဆီ ရောက်လာတော့ သူ သေနေပြီ၊ သူ့အခေါင်းထဲမှာလည်း အဆိပ်တွေရှိနေတယ်၊ ပြီးတော့ တိုက်ပွဲဖြစ်ထားတဲ့ လက္ခဏာတွေလည်း တွေ့ရတယ်၊ ပြီးတော့ ထောင်ချောက်ဆင်ထားတာလည်း တွေ့ရတယ်၊ တော်တော်ကြာ စီးမာချန်ချင်းရဲ့

ဒိတ်ဆွေတွေလာရင် ထောင်ချောက်မိနေမှာစိုးလို့ အခေါင်းကိုယူသွားတာပဲ၊ ဒါနဲ့ မင်းရော ဘာကိစ္စနဲ့ ထွက်လာရတာလဲ"

ဝါယင်လုံက ...

"ကျွန်တော့်ကို အဘွားက လွှတ်လိုက်တာပါ"

"ဘာကိစ္စလဲ"

"စီးမာချန်ချင်းတို့ကို လုပ်ကြံတဲ့တရားခံကို ရှာဖွေစုံစမ်းဖို့ပါ"

"ဟာ ..."

"ဘိုးဘိုးက ဘာဟာတာလဲ"

"မင်းကိုပေးတဲ့တာဝန်က ကြီးလှချည်လား၊ မင်းက ကလေးပဲ ရှိသေးတယ်၊ မင်းထက်ကြီးတဲ့လူတွေကို လွှတ်သင့်ဝါပေါ့၊ နောက်ပြီး ဒါက တူတူပုန်းတမ်းကစားတာမျိုး မဟုတ်ဘူးကွ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ရအောင်ဖော်ထုတ်မှာပါ"

"မင်းက သဲလွန်စရော ရနေပြီလား၊ ဘယ်တုန်းက ဒီကို ရောက်လာတာလဲ"

"မနေ့ညက ရောက်တာပါ၊ သဲလွန်စကတော့ ရှိပြာတို့အဆင့် ဒဲ့ ရှိပါသေးတယ်"

အဘိုးအို ပိုင်ရောက်ထင်းက ...

"ဒါဆို သဲလွန်စ ပြတ်သွားပြီပေါ့"

"ဟုတ်ကဲ့ ... ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော် မရမချင် ကြိုးစားမှာပါ၊ ဒီကိစ္စက ဆက်လိုက်နေရင် ပေါ်လာမှာပါ၊ သူတို့ကလည်း အပြတ်ရှင်းကြမှာပဲ"

ဝါယင်လုံသည် လူပင်ငယ်သော်လည်း ဖွဲ့နပဲကြီးသူ ဖြစ်၏၊

ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် အခက်အခဲတွေ့သည့်တိုင် စိတ်လျှော့ခြင်း မရှိပေ။ အားမပျက်တတ်မေ။

စိတ်ပျက်လက်ပျက် ဖြစ်သွားခြင်းလည်း မရှိချေ။

စိတ်ရှည်လက်ရှည် ရှိလှ၏။

ယောကျ်ားကောင်းတို့ မည်သည်မှာ မည်မျှအခက်အခဲရှိစေကာမူ စိတ်ပျက်လက်လျှော့ခြင်းမရှိဘဲ ဇွဲနပဲဖြင့် မိမိရည်မှန်းချက်သို့ ပေါက်ရောက်အောင် လျှောက်လှမ်းလေ့ရှိသည်။

ယခုလည်း ဝါယင်လုံသည် သဲလွန်စပြတ်သွားသည့်တိုင် စိတ်ပျက်သွားခြင်းမရှိပေ။ သဲလွန်စ မတွေ့ခြင်းက သူ့အား သဲလွန်စရှာဖွေရန် ပို၍ပင် တိုက်တွန်းလှုံ့ဆော်နေသည်။

ထို့ကြောင့် ပိုင်ရောက်ထင်းသည် မြေးဖြစ်သူ ဝါယင်လုံကို သဘောကျသွားသည်။ သူချစ်သော မြေးကလေးသည် 'အာဂလူပါလား' ဟု တွေးတောမိသည်။

တစ်နေ့တွင် ထူးချွန်လာနိုင်သည်ဟုလည်း တွေးမိလိုက်၏။

အဘိုးအို ပိုင်ရောက်ထင်းက ...

"ကဲ ... တို့ဒီမှာဆက်နေလို့ အကျိုးမရှိဘူး၊ သွားကြစို့"

ဝါယင်လုံက ...

"ဘယ်ကိုလဲ ဘိုးဘိုး"

"မြင်းဖြူဘုံကျောင်းကိုပေါ့ကွာ၊ အခု အဲဒီနေရာကိုပဲ သွားစရာရှိတာကွ"

ဝါယင်လုံ စဉ်းစားရင်း ခေါင်းခါလိုက်၏။

"မဖြစ်သေးဘူး ဘိုးဘိုး၊ ကျွန်တော့်မြင်းရော အဝတ်အစားတွေရော တည်းခိုခန်းမှာပဲ ရှိသေးတယ်"

"ဒါဆိုလည်း အဲဒီကိုပဲ အရင်သွားကြတာပေါ့"

မြေးအဘိုးနှစ်ယောက် စီးမာဂေဟာထဲမှ ထွက်လာခဲ့၏။

ဝါယင်လုံမှာ ကလေးငယ်တစ်ဦးပမာ အဘိုး၏လက်မောင်းကိုကိုင်ရင်း တစ်လမ်းလုံး ခုန်ပေါက်ကာ လိုက်လာလေတော့သည်။

တကယ့် မြေးအဘိုးပင်။

အဘိုးအိုကလည်း သူ့မြေးပါလာသဖြင့် တပြုံးပြုံးဖြင့် ရှေ့မှ သွားနေလေတော့သည်။

❋ ❋ ❋

အခန်း (၁၀)

ဘိုးဘိုး၏ ဆုံးမစကား

တည်းခိုခန်းတွင် မြေးအဘိုးနှစ်ယောက် အတူတူ စားသောက်ကြလေ၏။

ပိုင်ရှောက်ထင်းက စားသောက်ရင်း ဝါယင်လုံ၏အတွေ့အကြုံများကို မေးမြန်းနေ၏။

ဝါယင်လုံက သူ၏အတွေ့အကြုံများကို အဘိုးဖြစ်သူအား သေချာစွာ အသေးစိတ် ပြောပြလိုက်၏။

အဘိုးဖြစ်သူ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

ဝါယင်လုံ အလုံးစုံပြောပြီးသောအခါမှ သူ၏ဘယ်လက်ဝါးကို ဖြန့်ပြလိုက်သည်။

ပြီးနောက် တစ်ဆက်တည်း မေးမြန်းလိုက်၏။

"ဘိုးဘိုး ... မေမေက ဘာကြောင့် ကျွန်တော့်လက်မှာ 'မုန်း' လို့ ရေးပေးရတာလဲ"

အဘိုးအိုက စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"အင်း ... မင်းအမေနဲ့ မင်းအဘွားက ဒါကို အကြောင်းမဲ့ ရေးပေးလိုက်တာဟော့ မဖြစ်နိုင်ပါဘူး၊ အဓိပ္ပါယ်တော့ ရှိမှာပါပဲ"

ဝါယင်လုံက ...

"မေမေနဲ့ဘွားဘွားက ကျွန်တော့်ကို မမုန်းဘူးလို့တော့ ပြောပါတယ်၊ ဒါပေမယ့် လက်မှာ ဒီလိုရေးပေးလိုက်တာ ဘာကြောင့်ဆိုတာ တွေးမရဘူး၊ ကျွန်တော်လည်း ကျွန်တော်ကိုမုန်းမှာကိုတော့ ကြောက်တယ် ဘိုးဘိုးရယ်"

ပိုင်ရှောက်ထင်းက ...

"တွေးမရလည်း အပင်ပန်းခံပြီး တွေးမနေနဲ့ပေါ့ကွာ"

"ဟွန်း ... ဘိုးဘိုးကလည်း ဘွားဘွားလေသံအတိုင်း ပြင်းလာပြီ၊ ဘိုးဘိုးပဲ စဉ်းစားကြည့်ပါ၊ ကျွန်တော် ဆောင်ရွက်ရမယ့်တာဝန်ရယ်၊ ဟောဒီ 'မုန်း' ဆိုတဲ့ စာလုံးရယ်၊ ဒါကို မစဉ်းစားဘဲနဲ့ကို နေလို့မရဘူး"

"မင်း စဉ်းစားလို့ကော ရရဲ့လား"

"စဉ်းစားနေတုန်းပဲ"

ပိုင်ရှောက်ထင်းက ပြုံးလိုက်ပြီး ...

"ဘာလဲ ... မင်းက စီးမာမိသားစုအမှုနဲ့ ပတ်သက်နေတယ်ထင်လို့လား"

ဝါယင်လုံက ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့၊ ဒီအမှုနဲ့ ပတ်သက်နေရမယ်၊ ဘာကြောင့်လဲဆိုရင် ဒီစာရေးပေးခါနီး ဘွားဘွားက မေမေ့ကို စာလုံးရေးနည်းရောဟန်ရော မှတ်မိသေးရဲ့လားလို့ မေးခဲ့တယ်၊ အဲဒါ ဆက်စပ်နေလို့ပေါ့ ဘိုးဘိုးရဲ့"

အဘိုးအို ပိုင်ရှောက်ထင်းက ...

"မင်း သိပ်စဉ်းစားမနေပါနဲ့၊ မင်းအဘွားဟာ ဉာဏ်ကောင်းတယ်၊ အကြောင်းရှိမှာပါ၊ သူတို့ လုပ်တာကိုင်တာမှန်သမျှ အကိုင်းအကြောင်းနဲ့ချည်းပဲ"

"ဘိုးဘိုးကရော ဒီစာလုံးအကြောင်း စဉ်းစားမိရဲ့လား၊ ကျွန်တော့်ကို ကူပြီး စဉ်းစားပေးပါလား"

အဘိုးအို သက်ပြင်းချကာ ...

"အား ... ငါ စဉ်းစားဦးမယ်"

ဝါယင်လုံ ငြိမ်နေလိုက်၏။

ထိုအခိုက် အတွေးတစ်ခု ခေါင်းထဲဝင်လာ၏။

သူ၏အဘိုးသည် တစ်ချိန်က ကျော်ကြားခဲ့သူတစ်ဦး ဖြစ်၏။

ထို့ကြောင့် သူ၏အဘိုးသည် ကျောက်စိမ်းပန်းအိုးပိုင်ရှင်အားသိကောင်းသိနိုင်၏။

မေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ် ပိုင်ရှောက်ထင်းက ...

"ငါ မင်းကို တစ်ခုပြောပြမယ်"

"ဘာများလဲ ဘိုးဘိုး"

"ဟိုတုန်းက ကျော်ကြားခဲ့တဲ့ အဖွဲ့အစည်းတစ်ခု ရှိခဲ့တယ်၊ ဒီအဖွဲ့အစည်းအမည်က ကျူးယင်တဲ့၊ ဒီအဖွဲ့အစည်းဟာ ချောမောလှပတဲ့ မိန်းကလေးတွေနဲ့ ဖွဲ့စည်းထားခဲ့တဲ့ အဖွဲ့အစည်းပဲ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ဘိုးဘိုး"

ပိုင်ရှောက်ထင်းက ခေါင်းခါယမ်းပြီး ...

"မင့်ဒီ စကားဆုံးအောင် နားထောင်ပါဦးကွာ၊ မင်းက တယ်ဆန္ဒစောတာပဲ"

"ဟုတ်ကဲ့"

ပိုင်ရှောင်ထင်းက စကားဆက်လိုက်၏။

"ကျူးယင်ဂိုဏ်းဟာ သိုင်းပညာ အဆင့်မြင့်တဲ့ လူတွေနဲ့ ဖွဲ့စည်းထားတယ်၊ သူတို့ ရည်ရွယ်ချက်ကတော့ သိုင်းလောကကို စိုးမိုးဖို့ပဲ၊ ရည်ရွယ်ချက်ကတော့ တကယ်ကြီးတာပေါ့ကွာ"

ဝါယင်လုံ အံ့သြသွား၏။

အကြံကြီးကြံသော ကျူးယင်ဂိုဏ်းကိုလည်း ဒေါသဖြင့် ဆွေးတာမိ၏။

ပိုင်ရှောက်ထင်းက ဆက်ပြောလိုက်ပြန်သည်။

"ဒီကျူးယင်ဂိုဏ်းဟာ ရက်စက်ကြမ်းကြုတ်မူတွေ တစ်ခုပြီးတစ်ခု ကျူးလွန်လာတယ်၊ အဲဒီအခါမှာ မင်းရဲ့ဖခင် ဝါထင်းဟုန်က လက်ပိုက်ကြည့်မနေနိုင်တော့ဘူး၊ သူက ကျူးယင်ဂိုဏ်းကို ရှာဖွေပြီး တိုက်ခိုက်ခဲ့တယ်၊ စီးမာချန်ချင်းကလည်း မင်းအဖေနဲ့အတူ လက်တွဲတိုက်ခိုက်ခဲ့တယ်၊ နှစ်ဦးစလုံး လက်တွဲညီညီနဲ့ပေါ့ကွာ၊ တကယ်လက်ညီတဲ့ အတွဲပါပဲ"

အဘိုးအို ပိုင်ရှောက်ထင်းက အရက်တစ်ခွက်ကို ငဲ့သောက်လိုက်သည်။

ဝါယင်လုံက သူ မသိသေးသော အကြောင်းဖြစ်၍ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

အဘိုးအို ပိုင်ရှောက်ထင်းက အရက်ခွက်ကို ပြန်ချလိုက်ပြီး ...

"အဲဒီမှာ ပထမဆုံး စီးမာချန်ချင်းအကြောင်းကို ပြောပြမယ်၊ စီးမာချန်ချင်းဟာ ကျူးယင်ဂိုဏ်းက ဌာနမှူးတစ်ယောက်နဲ့ ရင်ဆိုင်ခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ လက်ရည်တူနေခဲ့တယ်၊ ဟိုကလည်း ထိပ်တန်းသိုင်းသမားပဲပေါ့ကွာ"

"ဒါဆိုရင် ကျူးယင်ဂိုဏ်းဟာ ကြောက်စရာပဲ"

"အေး ... စီးမာချန်ချင်းနဲ့ ကျူးယင်ဂိုဏ်းက ဌာနမှူးတို့ဟာ မကျေနပ်ကြလို့ နောက်ထပ်တစ်နေရာမှာ ထပ်ချိန်ပြီး ယှဉ်ပြိုင်ကြတယ်၊ ဒီလိုနဲ့ သူတို့ယှဉ်ပြိုင်တိုက်ခိုက်ရင်းက ကစ်ယောက်အကြောင်း တစ်ယောက် သိလာပြီး ချစ်ကြိုက်သွားခဲ့ကြတယ်"

"ဗျာ ..."

ဝါယင်လုံ အံ့သြသွားလေတော့သည်။

အဘိုးအို စကားဆက်လိုက်၏။

"ဟုတ်တယ်၊ အဲဒီ ကျူးယင်ဂိုဏ်းက ဌာနမှူးဟာ သူ့ဂိုဏ်းကနေထွက်လိုက်ပြီး စ်းမာချန်ချင်းနဲ့အတူ မြေပြန့်ကို ဆင်းလာခဲ့တယ်၊ အခု စီးမာချန်ချင်းရဲ့ဇနီးဟာ အဲဒီ ဌာနမှူးပဲပေါ့"

ဝါယင်လုံ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ဩော် ... ဒါကြောင့် ဦးလေးစီးမာချန်ချင်းနဲ့ ဇနီးက အပြင်လောက မထွက်တာကိုး၊ ကျွန်တော်တို့ကေဟာကိုတောင် တစ်ခါပဲ လာဖူးတယ်၊ ကျွန်တော် ခုမှ သဘောပေါက်လာတယ်"

အဘိုးအို က ...

"အဲဒီ ကျူးယင်ဌာနမှူးဟာ သိုင်းပညာတော်တော်ထက်မြက်သလို ရုပ်ရည်းလည်း ချောတယ်ကွ"

"ဟုတ်ကဲ့ ကျွန်တော် တွေ့ဖူးပါတယ်"

"သူတော် စီးမာချန်ချင်းနဲ့ ချစ်ကြိုက်တော့ သူ့ရဲ့ဂိုဏ်းကထွက်လိုက်ပြီး စီးမာချန်ချင်းရဲ့ ရင်ခွင်ထဲက ဘယ်ကိုမှ မထွက်တော့ဘူး၊ တစ်ခါတည်း ဓာတ်မြွေပ်နေလိုက်တော့တာပဲ၊ တစ်ခုပဲဆိုးတယ်"

အဘိုးအိုက စကားရပ်သွားသဖြင့် ဝါယင်လုံက မေးလိုက်၏။

"ဘာဆိုးတာလဲ ဘိုးဘိုးရဲ့"

"သူတို့အတွက် ဆိုးတာပေါ့၊ သူတို့ဓာတ်မြွေပ်တာက ဒီပြည်မဘက်မှာ ဓာတ်မြွေပ်နေတာ၊ တကယ်ဆိုရင် နယ်ခြားတို့ ပင်လယ်ကမ်းပါတို့မှာ ဓာတ်မြွေပ်နေလိုက်ရင် ကိစ္စပြီးသွားတာပေါ့ကွာ"

ဝါယင်လုံက ...

"ဒါဆိုရင် အခု ကျူးယင်ဂိုဏ်းက ခြေရာခံပြီး သူတို့ကို လုပ်ကြံတာများ ဖြစ်နေမလား"

အဘိုးအိုက ...

"ဖြစ်နိုင်တယ်ကွ"

ဝါယင်လုံက ခေါင်းညိတ်ကာ ...

"အဘွားပြောစကားအရတော့ ယင်ယင်နဲ့ ပတ်သက်တယ်၊ တရားခံ ချန်ထားခဲ့တာက ကျောက်စိမ်းပန်းအိုးကလေး တစ်ခုပဲ"

အဘိုးအိုက ...

"အေး ... ငါပြောတာလည်း ယင်ယင်နဲ့ ပတ်သက်နေတာပဲ"

ဝါယင်လုံ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"ဗျာ ... ဘယ်လို ကျွန်တော် နားမရှင်း ..."

"ငါလည်း ချီယွင်ဆရာတော် ပြောခဲ့တဲ့စကားအရ ပြန်ပြော

ပြတာပဲ၊ ယင်ယင်ဟာ မင်းအဖေပေါ်မှာ အများကြီး ကျေးဇူးရှိခဲ့တယ်”

“ကျေးဇူးရှိတယ် ဟုတ်လား”

“ဟုတ်တယ်၊ ငါ သေသေချာချာ ပြောပြမယ်၊ ကျူးယင်ဂိုဏ်းဟာ မင်းအဖေက ဖြိုခွဲခဲ့တဲ့အတွက် မင်းအဖေအပေါ်မှာ အခဲမကြေခဲ့ဘူး၊ ရန်သူအမှတ်တစ်လို့ သဘောထားခဲ့တယ်၊ ဒါတင်မကသေးဘူး ကျူးယင်ဂိုဏ်းချုပ်ဟာ မင်းအဖေရဲ့ ဓားသိုင်းကျမ်းကိုလည်း အရလိုချင်နေတယ်၊ စောစောကပြောခဲ့တဲ့ ယင်ယင်ဟာလည်း ကျူးယင်ဂိုဏ်းက ဌာနမှူးတစ်ယောက်ပဲ၊ စီးမာချန်ချင်းက အခြားတစ်ယောက်နဲ့ မေတ္တာမျှခဲ့ကြသလို မင်းရဲ့အဖေဟာလည်း ယင်ယင်နဲ့ မေတ္တာမျှခဲ့ကြတယ်”

အဘိုးအို ပိုင်ရှောက်ထင်းကပြောရင်း အာခြောက်လာသဖြင့် အရက်တစ်ခွက် ငဲ့သောက်လိုက်သည်။

ဝါယင်လုံမှာ မိမိမသိရသေးသော ဖခင်၏အတိတ်ဇာတ်လမ်းကြောင်း တစ်ပိုင်းတစ်စကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

ပိုင်ရှောက်ထင်းက စကားဆက်လိုက်၏။

“မင်းအမေနဲ့ မေတ္တာမျှနေကြတာကို ကျူးယင်ဂိုဏ်းက သိသွားတယ်၊ အဲဒီအခါမှာ ဂိုဏ်းချုပ်က ယင်ယင်ကိုအသုံးပြုပြီး မင်းအဖေဆီက ဓားကျမ်းကိုရအောင်ယူဖို့ ကြိုးစားတယ်၊ ယင်ယင်ဟာ မင်းအဖေအပေါ် သိပ်ချစ်မြတ်နိုးတော့ မကြိုးစားခဲ့ဘူး၊ ဂိုဏ်းချုပ်အမိန့်ကို ဥပေက္ခာပြုထားခဲ့တယ်၊ ဂိုဏ်းချုပ်ကသိတော့ ယင်ယင်ကို နှိပ်စက်ပြီး မင်းအဖေရဲ့ဓားကျမ်းနဲ့ ယင်ယင်ကိုလဲလှယ်ဖို့ တောင်းဆိုလိုက်တယ်”

ဝါယင်လုံက အံကြိတ်လိုက်ပြီး ပြောလေ၏။

“ကျူးယင်ဂိုဏ်းက တော်တော်ရက်စက်တာပဲ၊ ဖေဖေကရော မသွားဘူးလား”

ပိုင်ရှောက်ထင်းက ...

“မင်းအဖေက ယင်ယင်ကို ဓားသိုင်းကျမ်းနဲ့လဲဖို့ သွားခဲ့တာပေါ့၊ သူက ဒီဓားသိုင်းကျမ်းကို အောင်မြင်အောင် လေ့ကျင့်ပြီးပြီပဲ၊ တကယ်လို့ မလေ့ကျင့်ရသေးဘူး ဆိုရင်လည်း သူက သွားမှာပါပဲ၊ သူက ယင်ယင်ကို တန်ဖိုးထား မြတ်နိုးပါတယ်”

ဝါယင်လုံက ခေါင်းညိတ်ကာ ...

“ဟုတ်တယ်၊ ကျွန်တော်ဆိုလည်း သွားမှာပဲ”

ပိုင်ရှောက်ထင်းက ...

“ယင်ယင်ဟာ လေးစားကောင်းတဲ့ အမျိုးသမီးပါ၊ သူဟာ မင်းအဖေအပေါ် အလွန်ချစ်မြတ်နိုးတယ်၊ သူ့ကိုနှိပ်စက်ထားတာဟာ ကြည့်ရက်စရာဘဲ၊ လူမဆန်တဲ့နည်းတွေပေါ့၊ သူ့တစ်ကိုယ်လုံးကြီးနဲ့တုတ်ထားပြီး မီးနဲ့ ရင်ဝကိုတို့တယ်၊ ဘယ်လောက် ခံစားရမလဲလို့၊ တို့တဲ့အခါ မီးချည်းပဲမဟုတ်ဘူး၊ အဆိပ်လည်း ပါသေးတယ်”

“တောက် ...”

ဝါယင်လုံက နားထောင်ရင်းမှ ဒေါသထွက်လာကာ တက်ခေါက်လိုက်၏။

ပြီးနောက် မကျေမနပ်ဖြင့် ပြောလိုက်၏။

“တကယ် ရက်စက်တာပဲ”

“ဟုတ်တယ်၊ အဲဒီလိုနှိပ်စက်တာဟာ ခုနှစ်ရက်တိတိကြာ

တယ်၊ နောက်ဆုံး အသည်းနှလုံးထဲ အဆိပ်ဝင်သွားပြီး သေဆုံးသွားတယ်လို့ ကြားတယ်၊ မသေခင် ဘယ်လောက် ခံစားရမလဲဆိုတာ စဉ်းစားကြည့်စမ်း"

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး...

"ဒါနဲ့ အဖေက ယင်ယင်ကိုရအောင် ကယ်တင်ဖို့ မကြိုးစားဘူးလား၊ ဓားသိုင်းကျမ်းနဲ့ လဲလိုက်ပြီး ကယ်သင့်တာပေါ့"

ပိုင်ရှောက်ထင်းက...

"မင်းအဖေက ဓားသိုင်းကျမ်းကို မမက်မောပါဘူး၊ သွားပြီး ကယ်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့်..."

ဝါယင်လုံ ဆက်မေးလိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ပိုင်ရှောက်ထင်းက...

"ယင်ယင်က လက်မခံဘူး"

"ဗျာ..."

ဝါယင်လုံမှာ အံ့သြသွားရပြန်လေ၏။

အဘိုးအို ပိုင်ရှောက်တင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ဟုတ်တယ်၊ ယင်ယင်က မင်းအဖေကိုပြောခဲ့တယ်၊ သူ့ကို နှိပ်စက်ချင်နှိမ်စက်ပါစေ၊ ဓားသိုင်းကျမ်းကို မပေးပါနဲ့၊ ခြိမ်းခြောက်တာကို ငုံ့မခံပါနဲ့တဲ့"

ဝါယင်လုံက...

"ဒါပေမယ့် ဘာပဲပြောပြော သူ့အသက်ကိုတော့ ရအောင် ကယ်ရမှာပဲ၊ ဓားသိုင်းကျမ်းပေးသင့်ရင် ပေးရမှာပဲ"

"ဟုတ်တယ်၊ မင်းအဖေကလည်းပြောခဲ့တာပဲ၊ ယင်ယင်အသက်ထက် ဓားသိုင်းကျမ်းကို မမက်မောဘူးလို့၊ မင်းအဖေကလဲမယ်လို့ အတင်းပြောပါတယ်၊ ဒါပေမယ့် ယင်ယင်က လုံးဝလက်မခံဘူး၊ သူနဲ့ ဓားသိုင်းကျမ်းလဲလို့ သူလွတ်မြောက်သွားခဲ့ရင်တောင် သူ့ကိုအသေသတ်မယ်တဲ့"

"ခင်ဗျာ..."

ဝါယင်လုံမှာ ကိုယ့်ကိုယ်ကို နားမလည်နိုင်အောင် ဖြစ်သွား၏။

မိမိဖခင်အပေါ် ချစ်မြတ်နိုးလှသော ယင်ယင်ကို သနားသွားမိ၏။

သူ၏အတွေးဝယ် ယင်ယင်အကြောင်းများ ပြေးဝင်လာသည်။

အဘိုးအိုက စကားဆက်လိုက်၏။

"အဲဒီအချိန်မှာ မင်းအဖေကို ကိုယ်ချင်းစာကြည့်စမ်းပါ၊ ဘယ်လောက် ဒေါသထွက် ခံပြင်းမလဲလို့၊ မင်းအဖေဟာ ဒေါသထွက်လွန်းလို့ ကျူးယင်ဂိုဏ်းတစ်ခုလုံးကို ချေမှုန်းပစ်ဖို့ အဓိဌာန်ပြုခဲ့တယ်"

ဝါယင်လုံ ထောက်ခံလိုက်၏။ သူသည် အဖေ့စိတ်ဓာတ်အမွေရသူ ဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်တော်ဆိုရင်လည်း အဖေလိုပဲ၊ အဓိဌာန်ပြုမှာပဲ၊ ကျူးယင်ဂိုဏ်းကလူတွေကို တစ်ယောက်မကျန် သုတ်သင်ပစ်မှာပဲ၊ တစ်ဂိုဏ်းလုံးကို ရှင်းပစ်မယ်"

အဘိုးအို ပိုင်ရှောက်ထင်းမှာ မြေးဖြစ်သူ၏ ရဲရဲတောက်စကားကို ကြားလိုက်ရသောအခါ ပီတိဖြစ်သွား၏။ တကယ်လိုက်ဖက်သည့် မြေးအဖိုးပါပေ။

မိမိမြေးမှာ တစ်ချိန်တွင် ကျော်ကြားသူတစ်ဦး ဖြစ်လာမည်မှာ မလွဲပေဟု သူ၏ယူဆချက်ကို ပိုမိုခိုင်မာလာစေသည်။

သူ စကားဆက်လိုက်၏။

"အေး ... ဒါပေမယ့် ယင်ယင်ကပြောခဲ့တယ်၊ သူ့အတွက်နဲ့ ကျူးယင်ဂိုဏ်းကို မတိုက်ခိုက်ရဘူးတဲ့၊ အဲဒီကတိကို မင်းအဖေဆီက မရအရ တောင်းခဲ့တယ်၊ မင်း စဉ်းစားကြည့်ပါ၊ ကိုယ်ချစ်မြတ်နိုးတဲ့ သူတစ်ယောက်ကို ကယ်တင်ခွင့် မရပြီး၊ ပြီးတော့ လက်စားချေခွင့်လည်း မရဘူးဆိုတော့ မင်းအဖေ ဘယ်လောက်ခံစားရမလဲလို့၊ အင်း ... ချီယွင်ဆရာတော်က ပြောတယ်၊ မင်းအဖေဟာ အဲဒီအချိန်မှာ ကျားနာတစ်ကောင်လိုပဲတဲ့၊ စိတ်ထိခိုက်လွန်းလို့ မြင်မြင်သမျှကို ရန်ပြုချင်နေတယ်တဲ့၊ ဒါကို ချီယွင်ဆရာတော်က ဖျောင်းဖျခဲ့တယ်၊ နှစ်သိမ့်ခဲ့တယ်၊ မင်းအဖေဟာ ဒီကျူးယင်ဂိုဏ်းအပေါ် လက်စားချေခွင့် မရတဲ့အတွက် အလွန်နာကြည်းပြီး မုန်းတီးသွားခဲ့ရတယ်"

ဝါယင်လုံ သက်ပြင်းချလိုက်၏။

ပြီးမှ သူ တစ်စုံတစ်ရာကို ပြန်လည်သတိရလာတော့သည်။

"အင်း ... အဖေမုန်းလည်း မုန်းထိုက်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်လက်ပေါ်က စာလုံးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

သူက မေးမြန်းလိုက်၏။

အဘိုးအိုက ...

"ဒီ မုန်းဆိုတဲ့စာလုံးဟာ ယင်ယင်ကြောင့် ရလာခဲ့တာပဲ၊ ချစ်ခြင်းမေတ္တာဟာ ဆန်းကြယ်ပါတယ်၊ ရန်သူတစ်ဦးကို မေတ္တာထားမိခဲ့တော့ အချစ်ရေးအချစ်ရာမှာ ရှုပ်ထွေးလာတာပေါ့၊ တကယ်လို့ မင်းအဖေဟာ ယင်ယင်ကို မေတ္တာမရှိခဲ့ရင် မုန်းစရာကောင်းတဲ့ အဖြစ်အပျက်နဲ့လည်း ကြုံတွေ့ရမှာ မဟုတ်ဘူးပေါ့"

ယင်လုံ နားမလည်နိုင်ပါ။

အဘိုးဖြစ်သူအား ငေးကြည့်လိုက်၏။

သူ၏မြေး နားမလည်သေးမှန်းသိ၍ ...

"မင်း နားမလည်သေးဘူး ထင်တယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်၏။ သူက မငြင်းပါ။

သူမှ နားမလည်ဘဲကိုး။

ပိုင်ရှောက်ထင်းက သူ့မြေးကို ကြင်နာစွာကြည့်လိုက်၏။

"လူလေး ..."

ဝါယင်လုံသည် သူ့အဘိုးအား ထူးခြားစွာကြည့်နေမိ၏။ သူ့အဘိုး၏ မျက်နှာ၌ ထူးခြားနေသည်။

"ဘိုးဘိုး ... ပြောပါ"

"လူလေး ... မင်းအဖေဟာ မြားပွေသူတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် သူက စွဲတယ်၊ ခုပဲကြည့်လေ ... မင်းကတော့ ငယ်ငယ်ကတည်းက မြားပွေတယ်၊ မင်းအဖေထက် ခြေတစ်လှမ်းသာနေတယ်၊ မင်းအဖေ ဘယ်လောက်ဒုက္ခရောက်သလဲ၊ အခု မိသားစုပါ ဒုက္ခရောက်နေပြီ၊ မင်းကို သူတို့က ဆင်ခြင်နိုင်အောင် 'မုန်း'လို့ စာရေးပေးလိုက်တာလို့ ထင်တာပဲ၊ နောင်မှ နောင်တရလို့ မဖြစ်ဘူး"

ဝါယင်လုံမှာ မျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။

အဘိုးအိုက စကားဆက်လိုက်၏။

"မင်းအဘွားက မင်းကို သတ္တိရှိရှိ၊ တည်တည်ကြည်ကြည်နဲ့

ယောကျ်ားပီသစေချင်တယ်၊ မင်းအဖေ ငယ်ငယ်တုန်းကလို မဖြစ်စေချင်ဘူး၊ မင်းအဖေရဲ့အကြောင်းလည်း မပြောပြချင်ဘူး၊ ဒါကြောင့် ဒီစာလုံးကို ခရေးပေးခဲ့တာပဲ၊ ဒီတော့ မင်းလည်း အကျင့်ဆိုးကိုပြင်ဖို့ကောင်းပြီ"

ဝါယင်လုံ၏ မျက်နှာမှာ ပို၍ နီရဲလာသည်။

ဖခင်ဖြစ်သူ၏ အကျင့်ဆိုးကြောင့် မိမိကိုပါ ဖခင်ကဲ့သို့ အကျင့်ဆိုးရှိမည်ဟု ယုံကြည်ထင်မှတ်ခြင်းကို ဝါယင်လုံ လက်မခံနိုင်ပေ။ လူတွင် မျိုးရိုးဗီဇရှိသည် မှန်သော်လည်း သားသမီးတိုင်းသည် မိဘများကဲ့သို့ ဖြစ်လာနိုင်မည် မဟုတ်ပါ။

ဆိုးသွမ်းသော မိဘများမှ မွေးဖွားလာသည့် သားသမီးတိုင်း ဆိုးသွမ်းသူ မဖြစ်နိုင်ပါ။

လိမ္မာယဉ်ကျေးသော မိဘများမှ မွေးဖွားလာသည့် သားသမီးတိုင်းလည်း လူတော်လူကောင်းများ မဖြစ်နိုင်ပါ။

ပတ်ဝန်းကျင် အခြေအနေနှင့် ဆရာသမားကောင်းများ၏ ပြုပြင်ဖန်တီးမှုကလည်း အထိုက်အလျောက် ခံယူရသည်ဖြစ်ရာ...

သားသမီးတိုင်းသည် မိဘများကဲ့သို့ ထပ်တူထပ်မျှ ဖြစ်မလာနိုင်ပေ။ ထို့ကြောင့် ဖခင်ဖြစ်သူ၏ ဤအကျင့်ဆိုးများ မိမိတွင်ရှိသည်ဟု ထင်ဟပ်ပြောလာခြင်းကို ဝါယင်လုံမှာ မခံမရပ်နိုင်အောင် ဖြစ်သွားရခြင်းပင်။

သူက အဘိုးဖြစ်သူအား မကျေမနပ်ကြည့်ပြီး မေးလိုက်၏။

"ဘိုးဘိုးကော ကျွန်တော့်ကို မြာပွေတယ်လို့ ထင်နေလို့လား"

အဘိုးဖြစ်သူက...

"ဘာလဲ... မင်း မဟုတ်လို့လား၊ မင်းအကြောင်းကို ငါသိနေတာပဲကွ"

ဝါယင်လုံ၏ မျက်နှာမှာ သုန်မှုန်သွားသည်။

အဘိုးအို ပိုင်ရှောက်ထင်းသည် သက်ပြင်းချရင်း ပြောလိုက်၏။

"အင်း... မင်းက ဆုံးမလို့ မရဘူးထင်တယ်၊ မင်း မကျေမနပ်ဖြစ်မနေနဲ့၊ မိသားစုက ဘယ်သူမဆို ဒုက္ခမတွေ့အောင်၊ တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်ကိုယ်ကို ပြုပြင်နိုင်အောင်ပဲ လိုချင်ကြတယ်"

ဝါယင်လုံ ခေါင်းခါရင်း စောဒကတက်သည်။

"ကျွန်တော်တော့ ဒီသဘောလို့ မထင်ဘူး"

အဘိုးအို ပိုင်ရှောက်ရင်းက မျက်မှောင်ကြုတ်ကာ မေးလေ၏။

"သား... မင်းက ငါပြောတာကို မယုံဘူးလား၊ မင်းက ဘယ် လို ထင်နေလို့လဲ၊ မင်း အထင်ကို ပြောပါဦး"

ဝါယင်လုံ သုန်သုန်မှုန်မှုန်နှင့် ပြောပြ၏။

"ဘိုးဘိုး ပြောပြတဲ့ ဇာတ်လမ်းကိုတော့ ယုံကြည်ပါတယ်၊ ကျွန်တော် မယုံတာက..."

"မင်းက ဘာကို မယုံတာလဲ"

ဝါယင်လုံက လက်ဝါးကို ဖြန့်ပြလိုက်၏။

ထို့နောက် အေးအေးဆေးဆေး ရှင်းပြလိုက်၏။

"အမေနဲ့အဘွားက ကျွန်တော့်ကို လူကောင်းလေးတစ်ယောက် ဖြစ်စေချင်တယ်ဆိုတာကိုတော့ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် မုန်းဆိုတဲ့ စာလုံးဟာ ကျွန်တော့်ကိုယ်ကျွန်တော် ပြုပြင်ဖို့ သတိပေးတဲ့ အဓိပ္ပါယ်တော့ မဟုတ်နိုင်ဘူး"

ပိုင်ရှောက်ထင်းက ...

"မင်းက ဘာလိုတွေးမိလို့လဲ"

ဝါယင်လုံက ...

"ကျူးယင်ဂိုဏ်းက မိန်းကလေးတွေနဲ့ ဖွဲ့စည်းထားတယ် မဟုတ်လား"

"ဟုတ်တယ်"

"ဦးလေးစီးမာချန်ချင်းရဲ့ဇနီးဟာ သူ့တို့ဂိုဏ်းကို သစ္စာဖောက်ပြီးထွက်ပြေးခဲ့သလို ယင်ယင်ကလည်း အဖေအတွက်နဲ့ ဂိုဏ်းချုပ်အမိန့်ကို လွန်ဆန်ခဲ့တယ်"

ပိုင်ရှောက်ထင်း စိတ်တိုသွားပြီး ...

"မင်းက လူကြီးတွေကိစ္စကို ဝေဖန်နေတာလား"

ဝါယင်လုံက ...

"ကျွန်တော်က လူကြီးတွေကို မလေးစားလို့ မဟုတ်ပါဘူး"

ပိုင်ရှောက်ထင်းက သူ့အား တစ်ခွန်းချင်း ခွန်းတုံ့ပြန်နေသော မြေးဖြစ်သူကို အံ့သြစွာကြည့်နေ၏။

အဘိုးတို့၏ထုံးစံအတိုင်း မြေးဖြစ်သူကိုတော့ အပြစ်မမြင်ပါ။ ပြီးမှ သက်ပြင်းချကာ ...

"မင်း လိုရင်းကိုသာ ပြော"

"ဟုတ်ကဲ့ ... ကျူးယင်ဂိုဏ်းဟာ မိန်းကလေးတွေ၊ ကျွန်တော်က တရားခံရှာရမယ့်လူ၊ ဒီတော့ အမေနဲ့အဘွားက ရန်သူကို ချစ်မိမှာစိုးလို့ လက်ဝါးပေါ်မှာ ရေးပေးတယ်၊ ဒါဟာ အပိုအလုပ်တွေပါပဲ၊ ကျွန်တော်ဟာ အဆိုးအကောင်း ခွဲခြားတတ်ပါတယ်၊

မိန်းကလေးတွေကို နစ်နာအောင် မလုပ်ခဲ့ပါဘူး၊ မုန်းဆိုတဲ့ စကားလုံးအမိုးပွါယ်ကို ခုချိန်ထိ စဉ်းစားမရပေမယ့် တစ်ချိန်မှာတော့ သိလာမှာပါ၊ အဲဒီအခါမှာတော့ အဖိုပွါယ်ဟာ ဘိုးဘိုးပြောတာနဲ့ ကွဲလွဲလား ကွဲလွဲဘူးလားဆိုတာ သိရမှာပဲ"

ပိုင်ရှောက်ထင်း စိတ်လည်းညစ်မိ၏။

ဝမ်းလည်းဝမ်းသာမိ ဖြစ်ရသည်။

စိတ်ညစ်ရခြင်းမှာ သူ၏မြေးသင်္ဘ တယူသန်ဖြစ်ပြီး သူ့အကျင့်ဆိုးကို ဆုံးမ,မရနိုင်၍ ဖြစ်သည်။

ဝမ်းသာရခြင်းမှာမူ သူ၏မြေး ဝါယင်လုံသည် ဉာဏ်ထက်မြက်၏။ ဖွဲ့ရှို့၏။

ယောက်ျားပီသပြီး စိတ်ကောင်းရှိသည်ကို သိလိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

အဘိုးအို ပိုင်ရှောက်ထင်း ခေါင်းကုတ်ပြီးပြောလိုက်၏။

"မင်း အခု အသက်ဘယ်လောက်ရှိသေးလို့ မေတ္တာရေးရာကိစ္စတွေကို ခွဲခြားသိနိုင်သလဲ၊ လူကြီးတွေကို အထင်မသေးပါနဲ့"

ဝါယင်လုံက ရှင်းရှင်းလင်းလင်းပင် မေးသည်။

"ခုအချိန်မှာ ဒါတွေက အရေးမကြီးပါဘူး ဘိုးဘိုး၊ အရေးကြီးတာက ရှန်းမဲ့ဂိုဏ်းဟာ အလျင်ကရှိခဲ့တဲ့ ကျူးယင်ဂိုဏ်းလားဆိုတာ ကျွန်တော် ဒါပဲသိချင်ပါတယ်"

အဘိုးအို ပိုင်ရှောက်ထင်း အံ့သြသွား၏။

သူ၏မြေးသည် အာရုံတစ်ခုလုံးအား စီးမာမိသားစု လုပ်ကြံမှုတွင်သာ မြှုပ်နှံထား၏။

တာဝန်ဝတ္တရားကို သိတတ်သောမြေးအတွက် ဂုဏ်ယူမိ၏။

ဝါယင်လုံက ငေးနေသော သူ၏အဘိုးဖြစ်သူအား ထပ်မံခေါ်လိုက်၏။

အဘိုးအိုက ...

"အေး ... ဒါတော့ ငါ သေသေချာချာ မသိဘူး၊ ကျူးယင်ဂိုဏ်းနဲ့ ရှန်းမုံဂိုဏ်းဟာ တစ်ခုတည်းလည်း ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး"

ဝါယင်လုံက ...

"ဘိုးဘိုး ... ကျွန်တော် တစ်ခုစဉ်းစားမိတယ်"

"ဘာလဲ ..."

"ဘိုးဘိုး ကျူးယင်ဂိုဏ်းဌာနချုပ်ကို သိလား၊ သီရင်ပြောပြပါ"

အဘိုးအို ပိုင်ရှောက်ထင်းက ပြန်လည်စဉ်းစားလိုက်၏။

သူ ငယ်စဉ်ကအကြောင်းများပင်။

အတန်ကြာမှ ...

"ကျူးယင်ဂိုဏ်းဟာ လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်ကသာ ပေါ်လာခဲ့တာ၊ ဒါပေမယ့် သိုင်းလောကထဲ ဝင်ဆန့်လောက်အောင် မကျော်ကြားခဲ့ဘူး၊ လျှို့ဝှက်အဖွဲ့အစည်း တစ်ခုသဏ္ဌာန်ပဲ ရှိတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် နှစ်နှစ်ဆယ်လောက်ကတော့ သူတို့ဂိုဏ်းသားတွေ သိုင်းလောကထဲကို ပေါ်ထွက်လာခဲ့တယ်၊ အင်အားလည်း မနည်းလှဘူး၊ သူတို့က ရေပေါ်မှာ အများဆုံးကျက်စားကြတယ်၊ အဲဒီအချိန်မှာ မင်းအဖေဟာ သိုင်းလောကက ရှိသေတဲ့ ခေါင်းဆောင်တစ်ဦးဆိုတော့ သူတို့ဂိုဏ်းသားတွေကို တိုက်ခိုက်ခဲ့တယ်၊

ဒါဆို ခုစမ်းခဲ့တယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကို ခုစမ်းခဲ့တယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ဘယ်သူဆိုတာ မသိခဲ့သလို ဌာနချုပ်ဘယ်မှာရှိတယ်ဆိုတာ မသိရဘဲ ကျူးယင်ဂိုဏ်းဟာ ပြန်ပြီးပျောက်ကွယ်သွားခဲ့တယ်"

အဘိုးအိုက ပြောပြလိုက်သည်။

ဝါယင်လုံက တွေးဆနေသည်။

ပြီးမှ ...

"သူတို့က ရေပေါ်မှာကျက်စားတယ်ဆိုတော့ သူတို့ဌာနချုပ်ဟာ တောင်ပိုင်းမှာရှိမယ် ထင်တယ်"

အဘိုးအို ပိုင်ရှောက်ထင်းက ခေါင်းညိတ်လိုက်၏။

"မင်းပြောတာ ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ စီးမာချန်ချင်းနဲ့သူ့ဇနီးတို့ တွေ့ဆုံခဲ့တာလည်း တောင်ပိုင်းမှာပဲ"

ဟု ပြောလိုက်၏။

ဝါယင်လုံက ...

"ဒါထက် ဘိုးဘိုး၊ ဒီကနေ့ ဘယ်ကိုသွားဦးမလဲ"

ပိုင်ရှောက်ထင်းက ...

"ငါက မင်းတို့ဆီလာပြီး မင်းအမေနဲ့ မင်းကို လာကြည့်ဖို့ ဆုံးမလာတာ၊ အခုတော့ မင်းနဲ့တွေ့ပြီပဲ၊ ကိစ္စမရှိတော့ပါဘူး၊ ငါ မင်းနဲ့အဖော်လုပ်ပေးရဦးမလား"

ဝါယင်လုံ ခေါင်းကို သွက်လက်စွာခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး ဘိုးဘိုး၊ မေမေ့ကိုပဲ သွားကြည့်ပါ၊ ပြီးတော့ ကျွန်တော့်အတွက် စကားတစ်ခွန်းပြောပေးပါ၊ ကျွန်တော် တောင်ပိုင်းကို ခရီးဆက်သွားတယ်လို့"

အဘိုးအို ပိုင်ရောက်ထင်းက ...

"မင်း တကယ်သွားမလို့လား"

"ဟုတ်ကဲ့ ... ဒီအမှုမှာ ရှန်းမုံဂိုဏ်းနဲ့ ပတ်သက်နေသလို ကျူးယင်ဂိုဏ်းနဲ့ ပတ်သက်နေတယ်၊ ပြီးတော့ ယင်ယင်ကလည်းပါနေတယ်၊ ရှန်းမုံဂိုဏ်းနဲ့ ကျူးယင်ဂိုဏ်းဟာ အမှတ္တတူ ဟုတ်မဟုတ်သိ ရအောင် သွားစုံစမ်းရမယ်"

အဘိုးအို ပိုင်ရောက်ထင်းက မြေးဖြစ်သူ၏ စကားကို သဘောကျပုံရသွား၏။ မြေး၏ စိတ်ထက်သန်မှုကို သူ တွေ့လိုက်ရသည်။

သူတားလည်း ရမည်မဟုတ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူက ပြောလိုက်သည်။

"အေး ... ငါ ပြောလိုက်ပါ့မယ်၊ ပြီးတော့ မင်းအစ်ကိုကြီး ဝါချင်းကိုလည်း အကူအညီရအောင် လွှတ်လိုက်မယ်"

ဝါယင်လုံက ကမန်းကတန်း လက်ကာပြလိုက်၏။

"မ ... မဖြစ်ဘူး၊ အစ်ကိုကြီးက အိမ်မှာပဲနေပါစေ၊ ကျွန်တော့် ကိစ္စထဲ လာမရှုပ်ပါစေနဲ့"

အဘိုးအိုက ...

"မင်းမှာ အန္တရာယ်သိပ်များတယ်၊ မင်းတစ်ယောက်တည်း ဆိုတော့ အန္တရာယ်မရှောင်နိုင်မှာ စိုးလို့ကွ"

ဝါယင်လုံ ကြားဖြတ်ပြောလိုက်၏။

"ဘိုးဘိုးတို့ ဖေဖေတို့ သိုင်းလောကမှာ လူပ်ရှားတုန်းကလည်း တစ်ကိုယ်တော်တွေပဲ မဟုတ်လား၊ အခု ကျွန်တော့်လို အကူတွေ ပါလို့လား"

ပိုင်ရောက်ထင်းက ခေါင်းခါယမ်းရင်း ...

"ဒါပေမယ့် မင်းက သိပ်ပြီးငယ်နေသေးတယ်၊ ကိုယ့်ကိုယ်ကို မာနမကြီးစမ်းပါနဲ့၊ မင်းကို စိုးရိမ်လို့ပြောနေတာကွ"

ဝါယင်လုံက ...

"ကျွန်တော် မာနကြီးတာ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ အရွယ်ရောက်နေပါပြီ"

အဘိုးအိုက ...

"အေးလေ ... ဒါပေမယ့် မင်းနဲ့တွေ့တာတော့ ငါ ပြန်ပြောမှ ဖြစ်မယ်၊ မင်းအဖေကိုတော့ ပြောပြရမယ်"

"မပြောပါနဲ့"

"မင်းအဘွားကိုတော့ ပြောမယ်"

"မပြောပါနဲ့ ဘိုးဘိုး"

"ပြောမယ်"

အဘိုးအိုက အသံပြတ်ပြတ်နှင့် အော်လိုက်၏။

ဝါယင်လုံက သူ၏အဘိုး စိတ်တိုလာသည်ကို သိလိုက်သဖြင့် ငြိမ်နေလိုက်သည်။ သူ့အဘိုး သူ့ကိုချစ်ကြောင်းလည်း သိသည်။

အဘိုးအိုသည် သက်ပြင်းချရင်း ...

"ဒီမှာ မင်း သေသေချာချာနားထောင်၊ မင်းပြောစကားအရ သိုင်းလောကဟာ ရှုပ်ထွေးနေတယ်၊ အခု စီးမာမိသားစုပြီးရင် ဝါမိသားစုအပေါ် အန္တရာယ်ကျရောက်လာမှာပဲ၊ ဒီတော့ မင်းအဖေကို ပြောပြရမှာပဲ၊ နို့မဟုတ်ရင် သိုင်းလောကရဲ့ တည်ငြိမ်မှု ပျောက်ဆုံးလာလိမ့်မယ်၊ မင်းက ဟန့်တားနိုင်စွမ်း ဘယ်လောက်ရှိသေးလို့လဲ၊ မင်းကိုယ်မင်း မိုးနတ်မင်းကြီး အောက်မေ့နေသလား"

အဘိုးအို ပြောရင်းက ဝါယင်လုံအား စိုက်ကြည့်လိုက်၏။ ပြီးမှ စကားဆက်လိုက်လေသည်။

"မင်း ငါ့စကားနားထောင်၊ မင်းသွားရမယ့်လမ်းကြောင်း ဘယ်လိုလဲဆိုတာ မင်း မသိသေးဘူး မဟုတ်လား"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ပြီး ...

"မဖြစ်ဘူးဘိုးဘိုး၊ တကယ်လို့ ကျွန်တော်သာ တစ်စုံတစ်ခု ဖြစ်ရင် ဘိုးဘိုးက လမ်းမှာတွေ့ရဲ့သားနဲ့ မကူညီလို့ဆိုပြီး ဘိုးဘိုး အပေါ် အပြစ်ပုံကျလာမှာပဲ"

အဘိုးအို မျက်လုံးပြူးသွား၏။

ဝါယင်လုံက စကားဆက်လိုက်၏။

"ကျွန်တော် သွားပါရစေ ဘိုးဘိုး၊ သိုင်းလောကရဲ့ အတွေ့အကြုံကို ယူပါရစေ"

အဘိုးအို သက်ပြင်းချလိုက်၏။

စိတ်အားထက်သန်သော မြေးကလေး၏ဆန္ဒကို မတားလိုတော့ပါ။

သူအတွက် အတွယ်တာရဆုံး မြေးကလေးမို့ အလိုလိုက်ရန် ဆုံးဖြတ်လိုက်၏။

သူ ဝါယင်လုံကို သေသေချာချာ စိုက်ကြည့်ရင်း ...

"အေးလေ ... ငါ မတားတော့ပါဘူး"

ဝါယင်လုံ ဝမ်းသာသွားပြီး ထအော်လိုက်၏။

"ဒါမှ သားရဲ့ဘိုးဘိုးကွ"

အဘိုးအို စကားဆက်လိုက်၏။

"မင်းကို ငါ မတားပေမယ့် ငါ့စကားတွေတော့ မင်းနားထောင်ရမယ်"

ဝါယင်လုံ ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့"

အဘိုးအို လက်တစ်ချောင်းထောင်ပြကာ ...

"နံပါတ်တစ်အချက်တော့ မင်းကိုမင်း မာနမထောင်လွှားပါနဲ့၊ သိုင်းလောကမှာ မင်းပညာဟာ ထင်သလောက်မဟုတ်ဘူး၊ မင်းထက်ဆော်တဲ့လူတွေ အများကြီးရှိတယ်ဆိုတာ မြဲမြံမှတ်ထားပါ"

မာနထောင်လွှားခြင်းသည် မိမိကိုယ်မိမိ ပျက်စီးအောင်ဖျက်ဆီးသည်နှင့် တူသည်။

ငါသာလျှင် အတော်ဆုံး ...

ငါသာလျှင် အတတ်ဆုံးဟု ...

ထောင်လွှားပါက ထိုသူအဖို့ လမ်းဆုံးသို့ ရောက်ရှိခြင်းပင် ဖြစ်တော့သည်။

သို့ဖြစ်ရာ မာနထောင်လွှားခြင်းကို အထူးသတိထား၍ ကျောင်ကြဉ်ရန် အဘိုးအိုက မှာကြားခြင်းဖြစ်သည်။

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် မှတ်ထားပါ့မယ် ဘိုးဘိုး"

အဘိုးအို လက်နှစ်ချောင်းထောင်လိုက်ပြီး ...

"နံပါတ်နှစ်ကတော့ ရန်သူကို တိုက်ခိုက်တဲ့အခါ ခိုးကြောင်ခိုးဝှက် မတိုက်ခိုက်ရဘူး၊ အောက်တန်းကျတဲ့ တိုက်ခိုက်မှုမျိုး မလုပ်ရဘူး၊ ငါရယ် မင်းအဖေရယ်ဟာ မင်းရဲ့ စံနမူနာယူရမယ့်လူတွေပဲ၊ ပြီးတော့ လှုပ်ရှားတဲ့အခါ ပီရိသေသပ်ပါစေ၊ လျင်မြန်ပါစေ"

ရန်သူကို အတိအလင်း စိန်ခေါ်တိုက်ခိုက်ခြင်းသည် တရားမှု တပြီး ယောကျ်ားပီသ၏။

ရန်သူကို အလစ်ချောင်းမြောင်း တိုက်ခိုက်ခြင်းသည် ကောက် ကျစ်မှုသာ ဖြစ်၏။

အောက်တန်းကျသော အပြုအမူသာဖြစ်သည်။

ထို့ကြောင့် ဝါယင်လုံကို တရားမျှတပြီး ယောကျ်ားပီသစေ လိုသော အဘိုးအို၏ ဒုတိယအချက်အနေဖြင့် မှာကြားလိုက်ခြင်း ဖြစ်သည်။

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။ ခေါင်းမညိတ်လျှင်လည်း မဖြစ်ချေ။ အဘိုးအို ပြောနေသည့်အချက်မှာ လူတိုင်းလိုက်နာသင့် သည့်အချက် မဟုတ်ပါလား။

"ဟုတ်ကဲ့... ဘိုးဘိုး၊ ကျွန်တော် အခြေအနေပေါ် မူတည်ပြီး ပိပိရိရိ လှုပ်ရှားပါ့မယ်၊ မြန်လည်းမြန်ရပါစေ့မယ်"

အဘိုးအို၏ လက်သုံးချောင်း ထောင်လိုက်၏။

"နံပါတ်သုံးအချက်ကတော့ မင်းရဲ့အမေဟာ မင်းတစ်ဦး တည်းပဲ မွေးဖွားလာခဲ့တယ်၊ ဒီတော့ မင်း ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ မင်းကို ချစ်နေမှာပဲ၊ ဒါပေမယ့် အဖေကတော့ လူတော်လူကောင်းတစ်ယောက် ဖြစ်စေချင်မှာပဲ၊ ဒီတော့ မင်းအနေနဲ့ မင်းအဖေ သိက္ခာကျရမယ့် အပြုအမူတွေကို ရှောင်ကြဉ်ပါ၊ မင်းအဖေ မျှော်မှန်းထား သလိုဖြစ်အောင် ကြိုးစားပါ"

သားသမီးမကောင်း မိဘခေါင်းဟူ၍ ဆိုရိုးစကား ရှိသည်။

သားသမီး အပြုအမူတိုင်းအတွက် ဆိုးသည်ဖြစ်စေ ကောင်း သည်ဖြစ်စေ မိဘများအပေါ် တာဝန်ရှိသည်။

သားသမီး၏ အပြုအမူသည် ပတ်ဝန်းကျင်ကောင်းကျိုး၊ ရပ် ရွာကောင်းကျိုး၊ တိုင်းပြင်ကောင်းကျိုးဖြစ်ပါက မိဘဖြစ်သူအနေဖြင့် ဂုဏ်ယူဖွယ်ဖြစ်သည်။

မည်သူမည်ဝါ၏ သားသမီးသည် အများကောင်းကျိုးကို မည် သို့မည်ပုံ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြောင်း ချီးကျူးပြောဆိုခြင်းကို ခံရမည်ဖြစ်သည်။

မိဘများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။

ဆိုးသွမ်းသော သားသမီးများအတွက်မူကား မိဘဖြစ်သူများ မှာ ခေါင်းမဖော်ဝံ့အောင် အရှက်ရကြပေမည်။

သို့ဖြစ်ရာ သားသမီးများသည် မိဘများ၏ ဂုဏ်သိက္ခာမငြိုး ငယ်စေရန် ကိုယ်နှုတ်နှလုံးသုံးပါးစလုံး စောင့်ထိန်းရ၏။

"အေး... ငါပြောတဲ့အချက်တွေထဲက နံပါတ်သုံးအချက်ကို တော့ အမြဲဂရုစိုက်ပါ၊ ငါ သွားတော့မယ်"

အဘိုးအိုသည် စကားဆုံးသည်နှင့် ဆိုင်ထဲမှ ထွက်သွားလေ တော့သည်။

ဝါယင်လုံသည် ကမန်းကတန်း တားလိုက်၏။

"ဘိုးဘိုး..."

ပိုင်ရှောက်ထင်း ပြန်လှည့်လိုက်ပြီး...

"ဘာပြောဦးမလဲ၊ ငါ စိတ်မရှည်ချင်တော့ဘူးကွ"

ဝါယင်လုံက...

"ညဉ့်နက်လှပြီ၊ ဘယ်ကိုသွားမလို့လဲ"

ပိုင်ရှောက်ထင်းက...

"မြင်းဖြူဘုံကျောင်းကို သွားမယ်၊ စီးမာချန်ချင်း အလောင်း အတွက်စီစဉ်ပြီးမှ မင်းတို့အိမ်ကို သွားမယ်၊ မင်းလည်း တောင်ပိုင်း သွားရင် စောစောသွား၊ အချိန်မဆွဲနေနဲ့"

"ဟုတ်ကဲ့ ဘိုးဘိုး"

ပိုင်ရှောက်ထင်း ထွက်ခွာသွားလေသည်။

ပိုင်ရှောက်ထင်း ထွက်ခွာသွားသည်နှင့် ဝါယင်လုံကလည်း အခန်းသို့ပြန်ကာ အနားယူလိုက်တော့သည်။

သူ့အဘိုးနှင့်တွေ့ရသည်မှာ နှတ်ဆြာဆေးကြီး စားရသကဲ့သို့ ဝါယင်လုံ အားရှိသွားသည်။

❋ ❋ ❋

အခန်း (၁၁)

ငါးစာ

ဝါယင်လုံမှာ နောက်တစ်နေ့နံနက်စောစော၌ တည်းခိုဌာနရှမ်း ခွေးအား စာရင်းရှင်းပေးလိုက်ပြီး နန်းယန်မြို့မှ ထွက်ခွာလာသည်။

ထို့နောက် တောင်ပိုင်းသို့ သွားရာလမ်းမ၌ မြင်းကို အပြင်းနှင်ကာ ခရီးဆက်နေတော့သည်။

ဤသို့ဖြင့် အချိန်များ ကုန်ဆုံးသွားသည်။

တစ်နေ့....

နေဝင်ဆည်းဆာအချိန်တွင် ဝါယင်လုံမှာ မြို့ကလေးတစ်မြို့အနီးသို့ ရောက်ရှိလာ၏။

ထိုအခိုက် သူ၏အနောက်ဘက်မှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူသည် နောက်သို့လှည့်ကြည့်လိုက်ရာ ဖုန်လုံးများ အလိပ်လိုက်တက်နေပြီး လူဆယ်ယောက်ခန့် မြင်းကိုယ်စီဖြင့် အပြင်းနှင်လာ ကြောင်း သိလိုက်၏။

သူ စိတ်ဝင်စားသွား၏။

သို့သော် သူ၏အမေ မှာကြားလိုက်သော ကိုယ်နှင့်မဆိုင်လျှင် မစပ်စုရဆိုသော စကားကြောင့် သူဘာညာ မြင်းကို လမ်းဘေးချကာ ရှောင်တိမ်းပေးလိုက်၏။

တစ်ခဏအတွင်း သူ့အား မြင်းများက ကျော်ဖြတ်သွား၏။

မြင်းပေါ်မှလူများကို ဖုန်လုံးများအကြား လှမ်းတွေ့လိုက်သည်နှင့် အံ့အားသင့်သွားရသည်။

မြင်းပေါ်မှ လူအများစုမှာ ဧီးရောင်ဝတ်စုံကို ဝတ်ဆင်ထားကြခြင်းကြောင့် ဖြစ်၏။

ဓားရှည်ကိုယ်စီကို လွယ်ထားသည်။

ရှေ့ဆုံးမှလူမှာ လူရွယ်တစ်ယောက် ဖြစ်၏။

အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ပခုံးပေါ်၌ ပိတ်စတစ်စကို တင်ထား၏။

ဝါယင်လုံမှာ အံ့သြလွန်း၍...

"ဟင်...ချိုဂှာပါလား"

ဟု လွတ်ခနဲ ရေရွတ်မိလေသည်။

ထိုလူစုမှာ သူ့အား လျင်မြန်စွာ ဖြတ်ကျော်သွားသဖြင့် အဝတ်အစားများကိုသာ မြင်လိုက်ရပြီး မျက်နှာကိုမူ မတွေ့လိုက်ရပါချေ။

ထိုလူစုကလည်း သူ့ကို မကြည့်ကြပေ။

သူသည် မြင်းကို ပြန်နှင်လိုက်၏။

ထိုလူစုနောက်သို့ အမီလိုက်မိလေတော့သည်။

တဖြည်းဖြည်းနှင့် မြို့ကလေးဆီသို့ ရောက်မှန်းမသိ ရောက်ရှိသွားသည်။ ဝါယင်လုံသည် ထိုလူစု၏နောက်မှ လိုက်လာသည်။

ချိုဂှာတို့လူစုမှာ မြို့ထဲသို့ရောက်သည့်တိုင်အောင် မြင်းများကို အပြင်းစီးနင်းကြ၏။

ထို့ကြောင့် လမ်းသွားလမ်းလာများမှာ ဟိုပြေးသည်ပြေးနှင့် ရှုပ်ယှက်ခတ်သွား၏။ အချို့မှာ လွင့်စဉ်သွား၏။

ဝါယင်လုံက ချိုဂှာတို့လူစု၏ အပြုအမူကိုကြည့်ကာ ဒေါသအမျက် ချောင်းချောင်းထွက်သွား၏။

စိတ်ထဲမှလည်း ကြုံးဝါးလိုက်မိ၏။

"မင်းတို့က ဘာကောင်တွေမို့ ဒီလောက် သောင်းကျန်းနေတာလဲ၊ ငါ မင်းတို့ကို ဆုံးမရမယ်ဟေ့"

သူက နောက်မှ ဆက်လိုက်သွားသည်။

ချိုဂှာတို့လူစုမှာ ဆက်လက်သွားရင်း တည်းခိုခန်းဟု ရေးသားထားသော ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိသွားကြလေ၏။

"တွေ့ပြီဟေ့"

ထိပ်ဆုံးမှ တစ်ချက်အော်လိုက်ပြီးနောက် တည်းခိုခန်းရှိရာ ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားကြသည်။

ဝါယင်လုံကလည်း တည်းခိုခန်းခြံဝင်းရှေ့၌ ရပ်တန့်၍ အကဲခတ်ကြည့်လိုက်သည်။

တည်းခိုခန်းရှေ့၌ မြင်းလှည်းတစ်စီးကို တွေ့လိုက်ရ၏။

မြင်းလှည်းမှာ အနည်းငယ်ကြီးမားပြီး လှပစွာ ပြုပြင်ထား၏။

မြင်းလှည်းတစ်ခုလုံးမှာ ရွှေရောင်များ တောက်ပဝင်းလက်နေသည်။

မြင်းလှည်းကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးများ အသုံးပြုသော မြင်းလှည်းမှန်း သိသာလှသည်။

ဝါယင်လုံသည် မြင်းပေါ်မှဆင်းလိုက်ပြီး တည်းခိုခန်းရှေ့သို့ လျှောက်သွား၏။

ထို့နောက် အထဲဝင်ပြီး တစ်ချက် အကဲခတ်လိုက်၏။

တည်းခိုခန်းအရှေ့မှာ စားသောက်ဆိုင်အဖြစ် ပြုလုပ်ထား၏။ သီးသန့် စားသောက်ခန်းကလေးများလည်း ရှိနေသည်။

ထိုစဉ် ဆိုင်လုလင်တစ်ယောက်က ထွက်၍ ကြိုဆိုလာသည်။

"အစ်ကိုလေးက ဒီမှာ တည်းခိုမလို့လားခင်ဗျာ၊ ဒီမြို့တစ်မြို့လုံးမှာ တည်းခိုခန်းဆိုလို့ ကျွန်တော်တို့တစ်ဆိုင်ပဲ ရှိပါတယ်ခင်ဗျာ"

ဆိုင်လုလင်လေး၏စကားက ချိုသာလှသည်။

ဝါယင်လုံသည် ပြုံးလိုက်ပြီး စောစောကလူစုသည် လှုပ်သော မြင်းလှည်းကြီးကိုတွေ့၍ ဝင်သွားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် တည်းခိုရန် ဆုံးဖြတ်လိုက်ပြီး ...

"အေး ... ငါ့မြင်းကို ကောင်းကောင်း ပြုစုထားပါ"

ဆိုင်လုလင်ကလေးက ခေါင်းညိတ်ပြီး ...

"စိတ်ချပါ အစ်ကိုလေး"

ဝါယင်လုံကို တစ်ချက်ကြည့်ပြီးမှ ဆိုင်လုလင်ကလေးက စကားဆက်လိုက်၏။

"အစ်ကိုလေးက အေးအေးဆေးဆေး တည်းခိုချင်သလား၊ ဒါမှမဟုတ် စည်စည်ကားကား ကြိုက်သလား"

ဝါယင်လုံသည် ထိုအမေးစကားကြောင့် တစ်ချက်ကြောင်သွားလေ၏။ သူသည် တစ်ကြိမ်တစ်ခါမှ ခရီးမထွက်ခဲ့ဖူးပေ။

တည်းခိုခန်းများ၏ အတွေ့အကြုံမရှိ။ ယခု ပထမဆုံးအတွေ့အကြုံသာ ဖြစ်သည်။

ဆိုင်လုလင်ကလေးက ရှင်းပြလိုက်၏။

"ဩော် ... အစ်ကိုလေး အေးအေးဆေးဆေး နားချင်ရင် အနောက်ဘက်မှာ သီးသန့်အဆောင်တွေ ရှိတယ်၊ အလယ်ဆောင်ကတော့ ဧည့်သည်များလို့ စည်ကားပါတယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး ...

"စောစောက ဝင်သွားတဲ့ လူတွေကကော ဘယ်မှာတည်းခိုကြသလဲ"

"အလယ်ဆောင်မှာပါ"

"ဟောဟိုက မြင်းလှည်းပိုင်ရှင်ကကော"

ဆိုင်လုလင်လေးက ပြုံးလိုက်ပြီး ...

"ဩော် ... အစ်ကိုလေးက အမျိုးသမီးနဲ့ တွေ့ချင်လို့လား၊ သူလည်း အလယ်ဆောင်မှာပါ၊ ကျွန်တော် ပို့ပေးပါ့မယ်"

ဝါယင်လုံ ခေါင်းညိတ်ရင်း ပြောလိုက်၏။

"အေး ... ငါ့ကို အဲဒီအမျိုးသမီးနဲ့ ကပ်ရက်အခန်းတစ်ခန်း ပေးပါ"

ထိုစဉ် သူတို့ဘက်နားရှိ သီးသန့်စားသောက်ခန်းတွင်းမှ ချိုလွင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာပြီး ...

"ဘယ်သူများလဲ မသိဘူး၊ ကျွန်မ အခန်းနားမှာ ဘာလို့နေချင်ရတာလဲရှင့်"

ဆိုသော စကားသံ ထွက်ပေါ်လာသည်။

ဝါယင်လုံမှာ မှင်တတ်မိသွား၏။

အသံကလေးမှာ ချိုသာသလို အသံပိုင်ရှင်မှာလည်း ချောမော လှပသူဖြစ်မည်ဟု တွေးထင်မိ၏။

သူက အသံထွက်ပေါ်လာရာ သီးသန့်အခန်းကလေးသို့ လှမ်းကြည့်လိုက်၏။

ထိုစဉ် ...

စကားသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဘယ်သူများပါလဲရှင်"

ဝါယင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ကျွန်တော် ... ကျွန်တော်"

သူ မေ့ပြီး နာမည်ပြောရန် ဟန်ပြင်လိုက်ပြီးမှ သူ့ဘွားဘွား၏ စကားကို သတိရလာပြီး အထစ်ထစ်အငေါ့်ငေါ့်နှင့် ရပ်လိုက်၏။

ဆိုင်လုလင်ကလေးက ဝါယင်လုံ၏ အမှုအရာကိုကြည့်ပြီး ခွီးခနဲ ရယ်မောလိုက်၏။

အခန်းထဲမှလည်း ရယ်မောသံတစ်ချက် ထွက်လာပြီး ...

"ကျွန်တော်ဆိုတာ ဘယ်သူပါလဲ"

ဝါယင်လုံ မဖြေနိုင်သေးဘဲ ဖြစ်နေ၏။

"ရှင်အော်ရေ သွားကြည့်စမ်းပါ၊ ဘယ်သူများလဲလို့"

စကားအဆုံး၌ သီးသန့်အခန်းတံခါး ပွင့်ထွက်သွားပြီး ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက် ထွက်လာ၏။

မိန်းကလေးက ဝါယင်လုံအား သေသေချာချာကြည့်လိုက်ပြီး ပြန်၍ အစီရင်ခံလိုက်သည်။

"သခင်မလေး ... လူငယ်တစ်ယောက်ပဲ၊ တစ်ခါမှတော့ မမြင်ဘူးသေးဘူး၊ ပုံစံကတော့ သူဌေးသားလေး တစ်ယောက်လိုပဲ"

သခင်မလေးဆိုသူက ...

"ဒါဆိုရင် အခန်းထဲကို ဖိတ်လိုက်ပါကွယ်"

ထိုစကားကြောင့် ဝါယင်လုံ အံ့သြသွား၏။

မိန်းကလေးမှာ ပွင့်လင်းရဲတင်းလှသည်ဟုလည်း တွေးမိလေသည်။

သူ ကြောင်ပြီးရပ်နေသောကြောင့် ...

ရွှင်အော် ပြုံးပြလိုက်ပြီး ဝါယင်လုံအား ဖိတ်ခေါ်လေ၏။

"အထဲကိုကြွပါရှင်၊ သခင်မလေး ၎င့်ကိုဖိတ်ခေါ်နေပါတယ်"

ဝါယင်လုံ တစ်ချက်စဉ်းစားပြီးနောက် လိုက်ဝင်သွားမိလေတော့သည်။

"မိန်းကလေးရဲ့ သခင်မကလေးက မိန်းကလေးလိုပဲ ငယ်ငယ်ရွယ်ရွယ်ပဲလား"

မိန်းကလေးက ပြုံးရယ်လိုက်သည်။

"အခန်းထဲရောက်တော့ ကြည့်ပါရှင်၊ သခင်မလေးနဲ့ တွေ့ဆုံရတော့မှာပဲ၊ ဘာဖြစ်လို့ အရေးတကြီး သိချင်နေရတာလဲရှင်"

ဝါယင်လုံ ခေါင်းညိတ်ကာ လိုက်ပါသွားတော့သည်။

အခန်းထဲရောက်သည်နှင့် သူ ငေးမောသွား၏။

အခန်းထဲမှ မိန်းကလေးမှာ အတော်ပင် ချောမောလှ၏။

အလှပဆုံးဟု မဆိုသာသော်လည်း ဆွဲဆောင်မှုကမူ ပြင်းထန်သည်ဟု ထင်မြင်မိသည်။

မိန်းကလေးက ဝါယင်လုံကို စိုက်ကြည့်လိုက်ပြီး ...

"ထိုင်ပါရှင်"

ဝါယင်လုံ ထိုင်ချလိုက်သည်။

မိန်းကလေးက ပြုံး၍ပြောဏ်။

"အခုလို ကျွန်မတို့ မမျှော်လင့်ဘဲ တွေ့ဆုံရတာ ဝမ်းသာပါ တယ်ရှင်"

မိန်းကလေးမှာ ဝါယင်လုံကို စိုက်ကြည့်ပြီးနောက် သူမ၏ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

ဝါယင်လုံက လက်နှစ်ဖက်ဆုပ်ကိုင်ပြီး ပြောလိုက်သည်။ သူ လည်း အတွေ့အကြုံများသူပေပဲ။

"နတ်သမီးလေးလို ချောမောလှပတဲ့ မိန်းကလေးနဲ့ စကား ပြောခွင့်ရတာကိုပဲ ဂုဏ်ယူပါတယ်ဗျာ"

မိန်းကလေး တစ်ချက်ရယ်မောလိုက်ပြီး သူမက အပြင်သို့ လှည့်ပြောလိုက်သည်။

"ရှင်အောင်ရေ... အရက်ယူလာခဲ့ပါ"

မကြာမီ အရက်အိုးနှင့်အရက်ခွက်များ ရောက်ရှိလာ၏။ မိန်း ကလေးက အရက်ခွက်ကိုင့်ကာ ပေးလိုက်ပြီး...

"ကျွန်မနာမည် ကျားယန်ပါ"

သူမသည် စကားဆုံးသည်နှင့် အရက်ခွက်ကို သောက်ပြလိုက် လေသည်။

ဝါယင်လုံက...

"ကျွန်... ကျွန်တော့်နာမည်က ကျောက်... ကျောက်ဖြူပါ"

သူသည် တစ်ငေါ့နေ၏။

သို့သော် မိန်းမလှလေးတစ်ဦးနှင့် အတူထိုင်နေရသဖြင့် ထ ငေါ့သွားဟန် ဆောင်လိုက်၏။

ကျားယန်က မေးလေသည်။

"ရှင့်လေသံအရ ဒီနယ်ကမဟုတ်ဘူးနဲ့တူတယ်၊ ဒီကို အလည် လာတာလား"

သူမ ပြုံးနေသည်။

ဝါယင်လုံက ထူအအဟန်ဖြင့် ပြောသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျန်းနန်နယ်ရဲ့ ရွှေခင်းတွေကို လာကြည့် တာပါ၊ မိန်းကလေးနဲ့တွေ့ရတာလည်း ရေစက်ကြောင့်ပဲ ထင်ပါရဲ့"

ဝါယင်လုံမှာ မိန်းမလှလေးများနှင့် တွေ့သည်နှင့် ဗီဇကပေါ် လာ၏။ သူ ပျော်လာသည်။

သူ၏စကားကြောင့် ကျားဟန်၏မျက်နှာပေါ်တွင် ရှက်ရိပ် ကလေးများ အမှတ်မထင် ဖြတ်သန်းသွား၏။

သို့သော် သူမကသည် ရယ်မောလိုက်၏။

"ကျွန်မတို့က ကျင်လင်မြို့ကပါ၊ ဒီကို ဘုရားလာဖူးတာပါ၊ ရှင်လည်း ဒီနယ်ကို နှံ့စပ်ချင်ရင် ကျွန်မတို့နဲ့အတူ ခရီးဆက်ပါလား၊ ကျွန်မ လမ်းပြနိုင်ပါတယ်၊ ကျွန်မတို့ လူလည်းမများပါဘူး"

ဝါယင်လုံမှာ ထိုစကားကြောင့် အံ့သြသွားရသည်။

မိန်းကလေး၏ အပြုအမူအပြောဆိုတို့ကို ကြည့်ရင်း သံသယ ဝင်လာမိလေ၏။

"သတိ..."

"သတိ..."

"သတိ..."

သတိအမြဲရှိရမယ်ဟုလည်း တွေးလိုက်မိသည်။

သတိဟူသည် ပိုသည်မရှိပါ။

လိုလျှင်သာ လိုမည်။ မည်သည့်အခါမျှ ပိုသည်မရှိပါ။

သတိတစ်ချက်လွှတ်လျှင် ဒုက္ခလှလှကြီးရောက်မည် မဟုတ်ပါလား။

ရန်သူမိတ်ဆွေ မကွဲပြားမီ သတိကြီးစွာထား၍ ဆက်ဆံပါက ကျရောက်လတ္တံသော အန္တရာယ်ကို ကောင်းစွာ ရှောင်ကြည်ကျော်လွှားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဝါယင်လုံသည် မိနစ်းကလေးအား သတိထား၍ ဆက်ဆံရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ထို့အပြင် မိမိအား ရန်သူတွေဝိုင်းနေသည် မဟုတ်ပါလော။

ဤမိန်းကလေးသည်လည်း ရန်သူမဟုတ်ဟု မပြောနိုင်ပါ။

သူ တွေဝေစဉ်းစားနေစဉ်မှာပင် ...

ရွှင်အော်က အရက်ခွက်ပေးလိုက်ပြီး ဝါယင်လုံအား ကမ်းပေးလိုက်၏။

ထို့နောက် ပြုံး၍ ပြောသည်။

"ဟုတ်ပါတယ်ရှင်၊ ဒါဟာ ရေစက်ရှိခဲ့လို့ အခုလို တွေ့ဆုံရတာပါ၊ တစ်လမ်းလုံးလည်း အဖော်ရတာပေါ့၊ သောက်ပါဦးရှင်"

ဝါယင်လုံ သတိဝင်လာပြီး အရက်ခွက်ကို လှမ်းယူလိုက်၏။

သူကလည်း ပြန်ပြုံးလိုက်ပြီး ...

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့ ခင်ခင်မင်မင် နေကြတာပေါ့"

သူက အရက်ခွက်ကိုမြှောက်ကာ ...

"ကဲ ... မိတ်ဆွေဖြစ်တဲ့ အထိန်းအမှတ်အတွက်"

ဟုပြောရင်း သောက်ချလိုက်သည်။

ရွှင်အော်၏ မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ရိပ် ဖြတ်သန်းသွားသည်။

ဝါယင်လုံမှာ အရက်ဝင်လာသောကြောင့် အာသွက်လာသည်။

နဂိုကပင် မြာပွေခဲ့သူမို့ ဇာတိက ပြန်ပေါ်လာသည်။

ဤသို့ဖြင့် စားလိုက်သောက်လိုက်ဖြင့် အချိန်အတောင်ပင် ကုန်ဆုံးသွားသည်။

သူတို့နှစ်ဦးမှာလည်း အမည်ကိုပင် မခေါ်နိုင်တော့ဘဲ အစ်ကို ညီမဟု သုံးနှုန်းကြသည်အထိ ရင်းနှီးလာကြ၏။

နောက်အုံး မည်မျှကြာသွားသည် မသိပါ။

အရက်အိုးမှာလည်း ကုန်ခန်းသွား၏။

ကျားယန်မှာလည်း ခေါင်းမထောင်နိုင်တော့ဘဲ ...

"အစ်ကို တော်လောက်ပြီ ထင်ပါဟယ်နော်၊ ညီမတို့ မနက်ကျရင် ခရီးဆက်ရဦးမယ်၊ ဆက်ပြီး မသောက်နိုင်တော့ဘူး၊ နောက်နေ့ကျမှပဲ ဆက်သောက်ကြတာပေါ့"

သူကသည် ပြောရင်းက ထရပ်လိုက်သည်၊

သူမခန္ဓာကိုယ်မှာ မတ်မတ်မရပ်နိုင်တော့ပါ။

ဝါယင်လုံ၏ ကိုယ်ပေါ်သို့ ယိမ်းယိုင်ကျလာလေ၏။

ဝါယင်လုံက အလိုက်သင့်ဖက်ထားလိုက်ပြီး ...

"အင်း ... ဟုတ်သားပဲ၊ ဒီနေ့ နားကြစို့"

ပြောရင်း ထလိုက်၏။

ထို့နောက် ကျားယန်အား ပွေ့ဖက်ထိန်းပေးထားရင်း ရွှင်အော်အား အသိပေးလိုက်၏။

သူ့အသံက မူးသံပင်။

"ရွှင်အော်ရေ... မင်းရှေ့ကနေ အခန်းပြပေးပါ"

ရွှင်အော်က ခေါင်းညိတ်ပြကာ အလယ်ဆောင်ရှိ အိပ်ခန်းဆီသို့ လျှောက်သွား၏။

ဝါယင်လုံကလည်း ကျားယန်ကိုတွဲကာ နောက်မှလိုက်ပါသွားလေတော့သည်။

❄ ❄ ❄

အခန်း (၁၂)

ပျော်တော်ဆက်မယ်နှင့် တွေ့ဆုံခြင်း

ကျားယန်မှာ အရက် တကယ်မူးနေသလား မသိပါ။

ဝါယင်လုံအား တင်းကျပ်စွာ ဖက်ထားသည်။

ဝါယင်လုံကတော့ မမူးသေးပါ။

သို့သော် မြားပွေသူတစ်ယောက်ပီပီ အခွင့်အရေးကို လက်လွှတ်မခံပါ။

သူကပါ မူးချင်ယောင်ဆောင်ပြီး ပြန်ဖက်ထားလိုက်၏။

အခန်းထဲရောက်သည်နှင့် ရွှင်အော်က တံခါးပိတ်ကာ မီးထွန်းလိုက်သည်။

ထိုစဉ် ကျားယန်က ဝါယင်လုံအားဖက်တွယ်ထားရာမှ အသာလျှော့လိုက်ပြီး ကျောပြင်ကို ပွတ်သပ်နေ၏။

ထိုသို့ပွတ်သပ်ရင်းက လျှပ်တစ်ပြက် ကျောပြင်ရှိသွေးကြောများအား ထောက်ပိတ်လိုက်သည်။

ဝါယင်လုံ၏ မျက်နှာမှာ ရုတ်တရက် ပြုံးယောင်သန်းသွား၏။

ထိုစဉ်မှာပင် ...

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး အခန်းတံခါးပွင့်သွားသည်။

အားလုံးက လှမ်းကြည့်ရာ အခန်းတံခါးဝ၌ လူတစ်ဦးရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူက ကျားယန်အားကြည့်ကာ ...

"ကောင်းကွာ ... မိန်းကလေးက ယောကျ်ားရှားသလား၊ ငါ ချီဖွာကကော ဒီကောင်လေးထက် ဘာများ ညံ့လို့လဲ"

ဟု မကျေမနပ်နှင့် ပြောလိုက်၏။

ဝါယင်လုံက အံ့အားသင့်သွားပြီး ထိုသူအားကြည့်ကာ ပြောလိုက်၏။

"မင်းက ချီဖွာ ဟုတ်လား"

ထိုသူက ဝါယင်လုံအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ပြောလိုက်လေ၏။

"အေး ... မင်းက ငါ့ကိုဘီတယ် ဟုတ်လား"

ဝါယင်လုံက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။

ချီဖွာဆိုသူက အော်ကြီးဟစ်ကျယ် ပြောလေ၏။

"မင်း ဘာဖြစ်လို့ ဒီအခန်းထဲက မထွက်သေးတာလဲ၊ ငါ့ကို သိတယ်ဆိုရင် ဒီအခန်းထဲက ထွက်တော့"

ဝါယင်လုံ သူ့နားကိုသူ မယုံကြည်နိုင်အောင် ဖြစ်သွား၏။

ယခု ချီဖွာဆိုသူမှာ သူ စီးမာဂေဟာ၌ တွေ့ခဲ့ရသောချီဖွာနှင့် နည်းနည်းမှပင် မတူချေ။ အသက်အရွယ်သာ တူညီလောက်၏။

ယခုလာသောသူသည် ချီဖွာနှင့် မျက်နှာချင်း လားလားမှမတူပါ။

ယခုလူက မျက်ခုံးမွေးကောင်းသည်။

သို့သော် မျက်လုံးသေးကာ ပါးစပ်ပြဲ၏။

သူ၏နှာခေါင်းမှာ နီပြီးရှည်၏။

ပုံစံကိုကြည့်ရသည်မှာ မြင်းတစ်ကောင်နှင့် တူလှ၏။

ထို့အပြင် သူ၏မျက်လုံးများ၌ ရမ္မက်ခိုးများ လျှံနေသည်ကို တွေ့လိုက်ရသည်။

သို့သော် ထူးဆန်းသည်က ယခုလာသော ချီဖွာသည် အလွှာတစ်ခါတွေ့ခဲ့သော ချီဖွာနှင့် အဝတ်အစား အရောင်အသွေး ဆင်ယင်ပုံ အစအဆုံး တူညီနေသည်။

ထိုစဉ် ကျားယန်က ဝါယင်လုံအား ပိုမိုတင်းကျပ်စွာ ဖက်လိုက်ပြီး ဆဲစလေးများကို လက်နှင့်သပ်ပေးရင်းက ...

"ဒီက သခင်လေးက ကျွန်မတို့နဲ့ တစ်ခါမှ မတွေ့ဘူးပါလား၊ ဘယ်သူများပါလဲရှင်"

ဟု မခိုးမခန့်နှင့် မေးလိုက်၏။

ချီဖွာ၏မျက်နှာမှာ တင်းမာသွားပြီး ...

"ကျုပ် တစ်လမ်းလုံး မင်းနောက်ကိုလိုက်လာတာ၊ မင်းနဲ့ နေ့တိုင်းတွေ့နေတာပဲ"

ကျားယန်က မယုံကြည်ဟန်လေးဖြင့် ...

"ဒါဆို သခင်လေးက ကျွန်မကိုတွေ့တာ ခြောက်ရက်ခန့် ရက်လောက် ရှိနေပြီပေါ့"

"ဟုတ်တယ်"

"ရွှင်အော်ရေ... ညည်းကော သူ့ကို မြင်ဖူးသလား"

ရွှင်အော် ပြုံးလိုက်ပြီး...

"သခင်မလေးတောင် မမြင်ဖူးတာ၊ ကျွန်မလည်း ဘယ်လို လုပ် မြင်ဖူးရမှာလဲ"

ဟု ခပ်ထေ့ထေ့ ပြောလိုက်၏။

ချိုဇာမှာ ဒေါသပိုထွက်လာသည်။

သူက ကျားယန်အား စိုက်ကြည့်ကာ မေးလိုက်၏။

"မင်း ကျပ်ကို ဘာကြောင့် ရှောင်ရှောင်နေတာလဲ၊ ပြောစမ်း"

ကျားယန်က ခေါင်းကိုခါယမ်းကာ...

"ကျွန်မတော့ ဦးနောက်ခြောက်လာပြီ၊ ရွှင်အော်... ညည်း ကော ဦးနောက်မခြောက်ဘူးလား"

ရွှင်အော်မှာ အပြင်၌နေရသဖြင့် မပြောသာတော့ချေ။

ကျားယန်က ဆက်ပြောသည်။

"ကျွန်မနဲ့ရှင်နဲ့ သိလို့လား၊ သိရင်တော့ ကျွန်မကို ရှောင်နေ တာလို့ ပြောလို့ရပါတယ်၊ အခု ရှင်နဲ့ကျွန်မလည်း သိမှမသိဘဲ၊ ကျွန်မက ရှင့်ကို ဘာဖြစ်လို့ ရှောင်ရမှာလဲ"

အမှန်စင်စစ် ကျားယန်မှာ ချိုဇာ သူ့နောက်သို့ တစ်ချိန်လုံး လိုက်နေသည်ကို သိရှိခဲ့သည်။

သို့သော် မိန်းကလေးဟူသည် အလှအပကြိုက်သဖြင့် ရုပ်ဆိုး သော ချိုဇာအား ရှောင်တိမ်းနေခဲ့သည်။

ချိုဇာက ကျားယန်စကားကြောင့် တွေဝေသွားပြီး...

"အေး... ဟုတ်သားပဲ၊ မင်းအပြစ် မဟုတ်ပါဘူး"

ထိုအခါမှ ကျားယန်က အခန်းရှေ့၌ရပ်နေသော ရွှင်အော် ဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ရွှင်အော်ရေ... အခန်းရှေ့မှာရပ်နေတဲ့ သခင်လေးရဲ့လူတွေ ကိုပါ အထဲကို ဖိတ်လိုက်ပါကွယ်"

ချိုဇာမှာ အံ့သြသွား၏။ ယခု သူမ၏အသံ တစ်မျိုးပြောင်း သွားပြီ မဟုတ်ပါလား။

မှန်ပါသည်။

သူ၏လူများသည် အခန်းရှေ့၌ အသင့်စောင့်နေကြပေသည်။

ချိုဇာက ခေါင်းခါယမ်းလိုက်ပြီး...

"ကိစ္စမရှိပါဘူး၊ ငါ့ငယ်သားတွေကို မဖိတ်ပါနဲ့၊ ရပါတယ်"

ကျားယန်က ပြုံး၍...

"ဘယ်ဟုတ်ပါ့မလဲရှင်၊ အပြင်မှာ အေးကအေးပါဘိနဲ့၊ ရွှင် အော် သွားခေါ်ပါကွယ်"

ချိုဝါက လက်ကာရင်း ပြောသည်။

"နေပါစေ၊ ကျုပ် သူတို့ကို ပြန်ခိုင်းလိုက်ပါ့မယ်"

သူ၏လူများကို အမိန့်ပေးလိုက်၏။

မကြာမီ အခန်းရှေ့၌ လူတစ်စုထွက်သွားသံကို ကြားလိုက် ရတော့သည်။

ဝါယင်လုံက တွေးတောနေ၏။

ကျားယန်သည် သူ့အား သွေးကြောပိတ်ခဲ့၏။

သူမ၏ သိုင်းပညာမှာလည်း မဆိုးလှပါ။

အခန်းအပြင်ဘက်၌ လူရှိနေသည်ကိုပင် သိရှိနေသည်။

ယခု ဝင်လာသူအား သူမ မနှစ်သက်လျှင်လည်း မောင်းထုတ်နိုင်စွမ်းရှိကြောင်း ယုံကြည်၏။

ယခု မောင်းမထုတ်ဘဲ စကားလက်ခံပြောခဲ့၏။

အကြောင်းတစ်ခုခု ရှိမည်ဟု တွေးတောမိသည်။

ထိုစဉ် ချိုဂှာ၏အသံက ပြန်လည်ထွက်ပေါ်လာသဖြင့် သူ၏အတွေးစမှာ ပြတ်တောက်သွားသည်။

"မင်းက ကျုပ်ကို မရှောင်ဘူးသာဆိုတယ်၊ တစ်ခါမှအတွေ့မခံဘူး၊ ဒီတစ်ခါတော့ မင်းကို ငါ လက်မလွှတ်နိုင်တော့ဘူးလို့ ပြောပါရစေ"

ကျားယန်က ရယ်မောလိုက်ပြီး ...

"ကျွန်မလည်း မသွားပါဘူးရှင်"

"အေး ... ဒီလိုလိမ္မာမှပေါ့"

"ထိုင်ပါဦးရှင်"

ချိုဝါက ထိုင်ချလိုက်သည်။

ကျားယန်က ဝါယင်လုံ၏ လက်မောင်းကို ပွတ်သက်ကာ တရင်းတနှီးနှင့် ပြုမူနေသည်။

သို့သော် ဝါယင်လုံမှာ မကြည်နူးနိုင်ပါ။ မသာယာနိုင်ပါ။ ကြားခဲ့ လူတစ်ယောက်ရှိနေမှတော့ မည်သူ သာယာနိုင်ပါမည်နည်း။

သူ၏စိတ်ထဲ၌ တွေးနေသည်။

"အင်း ... သူက ငါနဲ့ချိုဂှာကို ရန်တိုက်ပေးမလို့လား မသိဘူး၊ ငါ ဘာကောင်လဲဆိုတာ မသိသေးဘူးနဲ့ တူတယ်"

ချိုဂှာကမူ ဝါယင်လုံနှင့် ကျားယန်တို့၏ တရင်းတနှီးနေပုံကို မြင်သောအခါ ဒေါသထွက်လာ၏။

ချိုဂှာမှာ ဝါယင်လုံအား မသိပါ။

သိသည့်တိုင်အောင် ဂရုမထားချေ။

မာနကြီးသည့် လူတစ်ယောက်ဖြစ်၏။

ယခုလို ပူးပူးကပ်ကပ်နေသည်ကို မနာလိုနိုင်ပါ။ မကြည့်ရှုနိုင်ပါ။ မျက်စိစပါးမွှေး စူးနေသည်။

ထို့အပြင် ဝါယင်လုံက သူ့ထက် များစွာယောက်ျားပီသခန့်ညားနေသဖြင့် ကြည့်၍မရဘဲ ဖြစ်နေသည်။

သူက အံကိုတစ်ချက်ကြိတ်လိုက်သည်။

ထိုစဉ် ကျားယန်က ...

"ရှင် တကယ်ပဲ ကျွန်မနောက်ကို လိုက်ခဲ့တယ် ဟုတ်လား"

ချိုဂှာက ...

"ဟုတ်တယ်၊ မင်း မသိဘူးလား"

"ဘာကြောင့် ကျွန်မနောက်ကို လိုက်ရတာလဲ၊ ကျွန်မအလှကို သဘောကျလို့လား"

ကျားယန်၏စကားမှာ ပွင့်လင်းလှ၏။

ချိုဂှာပင် အံ့သြငေးကြောင်သွား၏။

ကျားယန်က ရယ်မောလိုက်ပြီး ...

"ကျွန်မကတော့ မထင်ပါဘူးရှင်၊ ရှင်ဟာ ယောကျ်ားမပီသသးပါဘူး"

"ဗျာ ..."

ချိုဇာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ကျားယန် စကားဆက်လိုက်၏။

"ဟုတ်ဘယ်လေ... ရှင့်ကိုကြည့်ရတာ ကျွန်မကို ကြိုက်နေတဲ့ ဟန်မူရာမှ မတွေ့ရတာပဲ"

ချိုဇာက ပြုံးလိုက်ပြီး...

"ငါ မိန်းကလေးအများကြီးနဲ့ တွေ့ခဲ့ဖူးပါတယ်၊ ဒါပေမယ့် မင်းလိုလှတာ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"

ကျားယန်က...

"ရှင် ကျွန်မကို တကယ်မကြိုက်သေးပါဘူး"

"ဘာဖြစ်လို့ မကြိုက်ရမှာလဲ၊ ဒီလောက်လှတဲ့ မိန်းကလေးကိုမှ မကြိုက်ရင် ယောကျ်ားဘယ်ဟုတ်တော့မှာလဲဗျာ"

ကျားယန် ရယ်မောလိုက်ပြီး...

"ရှင်သာ ကျွန်မကို တကယ်ကြိုက်ရင် ကျွန်မအခန်းကို ရှင် လာရမှာပေါ့၊ ရှင်မှ မလာရဲတာပဲ၊ ဘာကြောင့် ကျွန်မကို လာမတွေ့ ဝံ့ရတာလဲ"

ချိုဇာ ထိုစကားကိုကြားသောအခါ ငိုင်ကျသွား၏။

ကျားယန် စကားဆက်လိုက်၏။

"ရှင်တို့ ယောကျ်ားတွေဟာ..."

သူမ၏ စကားမဆုံးခင် ချိုဇာက ဒေါသတကြီးနှင့် အော်ပစ် လိုက်၏။

"မဟုတ်ဘူး၊ မင်းပါးစပ် ပိတ်ထား"

ကျားယန်က ပြုံးကြည့်ကာ ပြန်မေးလိုက်၏။

"ဘာမဟုတ်တာလဲရှင့်"

ချိုဇာက သက်ပြင်းချကာ မချိပြုံးပြုံး၍ ပြောလေ၏။

"ငါ အခန်းထဲရောက်တာနဲ့ မင်းဆီလာဖို့ ပြင်တာပဲ၊ ဒါပေ မယ့် သိပ်အိပ်ချင်မိလို့ အိပ်ပျော်သွားတယ်ကွ"

"ဘာလို့ အိပ်ချင်ရတာလဲ၊ ကျွန်မကို ရှင် အလေးမထားဘူး ဆိုတာ သိသာတာပေါ့"

"ငါ မင်းနောက်ကို နေ့တိုင်းလိုက်ခဲ့တယ်၊ မင်း တည်းခိုတဲ့ နေရာ ငါ တည်းခိုတယ်၊ ညဘက်ရေချိုးပြီး မင်းဆီလာမယ်လုပ် တိုင်း ငါဟာ ဘယ်လိုမှ မလန်းဆန်းတော့ဘူး၊ တအား အိပ်ချင်လာ ပြီး အိပ်ပျော်သွားတယ်၊ တစ်ရေးနိုးတော့ မိုးလင်းသွားရော၊ ငါ့ရဲ့ ခန္ဓာကိုယ်က မလိုက်လျောနိုင်တော့လို့ အိပ်ပျော်သွားတာပါ"

"ဒါ ရှင် ကျွန်မကို တကယ်မကြိုက်လို့ပေါ့"

"မဟုတ်ပါဘူး"

"ရှင် အပိုတွေပြောမနေပါနဲ့၊ ရှင်ဟာ လာချင်တဲ့စိတ်ရှိရင် ဘယ်အိပ်ပျော်မှာလဲ၊ လာရမှာပေါ့ရှင်"

"ငါဟာ သုံးရက်သုံးညလောက်မအိပ်ဘဲ ခရီးတောက်လျှောက် သွားရလည်း ကိစ္စမရှိဘူး၊ ခံနိုင်ရည်ရှိတဲ့လူပါ၊ အခုဟာ အကြောင်း ရှိရမယ်"

မှန်ပါသည်။

ကျားယန်မှာ ချိုဇာက သူမထံလာမည်စိုးရိမ်သဖြင့် ညတိုင် အိပ်ဆေးခတ်ခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

ချိုဇာကပြောရင်း ဝါယင်လုံအား စိုက်ကြည့်ကာ မေးလိုက်၏။

သူ၏ မေးပုံမှာ လူမိုက်မေး မေးခြင်း ဖြစ်သည်။

"မင်း ဘာကောင်လဲ"

ဝါယင်လုံလည်း ပြန်လည်စိုက်ကြည့်လိုက်ပြီး ပြန်မေးလိုက်၏။

"မင်းကရော ဘာကောင်လဲ"

ချိုဇာမှာ ဒေါသချောင်းချောင်း ထွက်သွားပြီး ရှေ့တစ်လှမ်း တိုးလာသည်။

"မင်း သေချင်ပြီနဲ့တူတယ်"

ချိုဇာက အော်ငေါက်လိုက်၏။

ဝါယင်လုံက အေးတိအေးစက်ပုံစံဖြင့် ...

"ဒါ တည်းခိုခန်း၊ မင်းမဲ့ ဥပဒေမဲ့နေရာ မဟုတ်ဘူး၊ မင်းသတ် ချင်တိုင်း သတ်လို့ရမယ်တဲ့လား၊ ဘာလဲ ... မင်းက ရှင်ဘုရင်လား"

ချိုဇာက မဲ့ပြုံးပြုံးလိုက်၏။

"စိတ်ချ ... မင်းကို မသတ်ဘူး၊ မင်းမျက်လုံးကို ထိုးဖောက် ပစ်မယ်"

သူက စကားဆုံးသည်နှင့် လက်က လှုပ်ရှားလာ၏။

သူ့ လက်ညှိုးနှင့်လက်သူကြွယ်မှာ ဝါယင်လုံ၏ မျက်နှာဆီ သို့ ရောက်ရှိလာ၏။

စာစဉ်(၁)ပြီး၏

တက္ကသိုလ်နေလင်းအောင်


ကဏ္ဍသုံးလ
ဖန်လင်းဝင်းဇာတ်ဝင်
ကုလုံမီးဝဲရဲ့ ဘွန်းကျော်
သိုင်းကောင်းရာဇဝင်
လက်လွှတ်စီးပွားမီဒီယာ
စာစဉ်(၂)

တက္ကသိုလ် ဇနယင်းဇောင်

ဒိုင်းကာဇင်သဂျူ လက်လှမ်းမမှီသူ

စာစဉ်(၂)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၄၀၀၈၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၈၈၃၀၈၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကော်ခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅–လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တို့ ဘက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
  နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဝါယင်လုလဲက မရှောင်တိမ်းပါ။

ထို့အပြင် ခုခံခြင်းလည်း မပြုပါချေ။

ကြားထဲမှ ကျားယန်က တံတောင်ဆစ်ကို အပေါ်ပင့်တင်လိုက်ပြီး ချိုဂွာ၏တိုက်ခိုက်မှုကို ချေဖျက်လိုက်၏။

သူမက ချိုဂွာကိုကြည့်ကာ ဒေါသဖြင့် မေးလိုက်၏။

"ရှင်က ဘာကြောင့် တိုက်ခိုက်နေရတာလဲ၊ သူက ရှင့်ကို ဘာများလုပ်မိလို့လဲ"

ရွှင်အော်ကမူ ပြုံးပြုံးလေးဖြင့် အခြေအနေကို ဝင်ထိန်းပေးလိုက်၏။

"ရှင်တို့ ဒီကိုရောက်လာတာ ပျော်ချင်လို့ပဲ မဟုတ်လား၊ ဘာကြောင့် စိတ်ဆိုးနေရတာလဲ၊ ကဲ ... ကဲ ... အရက်သောက်ကြပါ၊ ပျော်ပျော်ပါးပါးပေါ့"

ချိုဂွာက လက်ကို ပြန်ရုပ်လိုက်၏။

ထို့နောက် ကျားယန်ကို တစ်ချက်ကြည့်လိုက်၏။

အရက်ကိုမူ လုံးဝ မသောက်ချေ။

ရွှင်အော်က ပြောသည်။

"သခင်မလေးဟာ ကျွင်လင်မြို့က ထိပ်တန်းပျော်တော်ဆက် မဟုတ်ပေါ့ကော်၀ါ၊ ကဲ ... ဒီတော့ ရှင်တို့ အေးအေးဆေးဆေး ပျော်ရွှင်မယ်၊ အခုတော့ အရက်သောက်ကြပါ၊ အလကားနေရင်း ရန်ဖြစ်မနေကြပါနဲ့ရှင်"

ချိုဂုာက ...

"ငါ မေးစရာရှိသေးတယ်"

ကျားယန်က ...

"ဘာမေးမလို့လဲ"

"မင်းတို့ ဘာကြောင့် ငါ့ကို ညတိုင်းအိပ်ပျော်အောင် လုပ်ရတာလဲ"

ကျားယန်က ခေါင်းခါယမ်းကာ ...

"ရှင့်ဟာရှင် အိပ်ချင်တာကို ကျွန်မတို့နဲ့ဘာဆိုင်သလဲ၊ ကျွန်မတို့ကို ဒုက္ခလာမပေးပါနဲ့"

"နေဦး ... ရှိသေးတယ်၊ မင်းဟာ ပျော်တော်ဆက်မယ်သာဆိုဘယ်၊ ငါ့သိုင်းကွက်ကို ချေဖျက်နိုင်ခဲ့တယ်၊ မင်းလည်း ခေတဲ့သူမဟုတ်ဘူး၊ ဘာကြောင့် ပျော်တော်ဆက်မယ် ဟန်ဆောင်နေရသလဲ၊ ပြီးတော့ မင်းတို့နှစ်ယောက် ငါ့ကို ဘာကြောင့်အိပ်ဆေးခတ်ရတာလဲ"

ကျားယန်က ဒေါသထွက်လာပြီး အော်လေ၏။

"ရှင် လွန်လာပြီ၊ ကျွန်မအမှန်းထဲလာပြီး စော်ကားနေပါလား၊ ရွှင်အော် ... သူ့ကို ပြန်ပို့လိုက်ပါ"

ချိုဂုာ ဒေါသထွက်သွားသည်။

"ငါ့ကို ဘာအောက်မေ့လို့လဲ"

ကျားယန်က ပြောလိုက်၏။

"ရှင့်စကားတွေဟာ ကျွန်နဲ့ မိတ်ဆွေပုံစံ မရှိတော့ဘူး၊ ဒါကြောင့် ရှင်နဲ့မိတ်ဆွေဖြစ်ဖို့ ကျွန်မ လုံး၀ မလိုချင်တော့ဘူး၊ ရှင် ထွက်သွားပါ၊ ကဲ ... တို့လည်း အတွင်းသွားကြစို့"

သူမသည် ၀ါယင်လုံကိုဖက်ကာ အတွင်းခန်းဘက်သို့ ၀င်ရန် ဟန်ပြင်လိုက်သည်။

ချိုဂုာမှာ ဒေါသချောင်းချောင်း ထွက်သွားပြီး ...

"ရပ်စမ်း ..."

ကျားယန်က ...

"ဒါ တည်းခိုခန်းပါ၊ အပျော်မယ်ဆောင် မဟုတ်ဘူး၊ ရှင့် သဘောနဲ့ရှင် အမိန့်ပေးနေလို့ မရဘူးဆိုတာ သိထားစမ်းပါ"

ရွှင်အော်က ...

"နေပါဦး သခင်မလေး"

"ညည်းက ဘာပြောမလို့လဲ"

"သူဟာ တစ်လမ်းလုံး သခင်မလေးနောက်ကို လိုက်လာတာ ဆိုတော့ သခင်မလေးကို တကယ်နှစ်သက်လို့ ဖြစ်ပါလိမ့်မယ်"

ကျားယန်က ပြန်ထိုင်လိုက်၏။

ရွှင်အော်က အရက်ခွက်များကို တစ်ယောက်စီ ကမ်းပေးလိုက်ပြီး ...

"ကဲ ... မိတ်ဆွေဖြစ်တဲ့ အထိန်းအမှတ်အနေနဲ့ပေါ့"

ဟု ပြောလိုက်၏။

အားလုံး ပြိုင်တူသောက်လိုက်ကြသည်။

ချို့တွာက ...

"ကျုပ်စိတ်ထဲမှာ မင်းတို့နှစ်ယောက်ဟာ ထူးဆန်းနေတယ်၊ ဒီကို ဘာရည်ရွယ်ချက်နဲ့ လာကြတာလဲ"

ရွှင်အော်က ...

"တစ်နေ့ရာတည်းမှာ စီးပွားရှာလို့မကောင်းဘူး၊ ဒါကြောင့် ခရီးထွက်လာရင်း စီးပွားရေးအတွက် ရှာတာပါ၊ ဒါလေးတောင်မှ ရှင် မစဉ်းစားနိုင်ဘူးလား"

ချို့တွာက ...

"ငွေအတွက်လား၊ ရော့ ... ဒီမှာငွေ၊ ဒီည ငါဒီမှာနေမယ်၊ ဟုတ်ပြီလား"

ပြောရင်း တစ်ဆယ်ကျပ်သားခန့်ရှိ ငွေတုံးကလေးကို စားပွဲပေါ်သို့ တင်ပေးလိုက်၏။

ကျားယန်က ...

"မဖြစ်နိုင်ပါဘူးရှင်"

ချို့တွာက ...

"ဘာလဲ ... ငွေနည်းလို့လား၊ ထပ်ပေးမယ်"

ပြောရင်း ငွေတုံးများကို စားပွဲပေါ်သို့ တင်လိုက်ပြန်၏။

ကျားယန်က ခေါင်းခါပြီး ...

"စီးပွားရေးလုပ်တယ်ဆိုတာ အလျင်လာတဲ့လူကို ဦးစားပေးရပါတယ်၊ ဒီညမှာ သူက အလျင်ရောက်လာတာဆိုတော့ သူ့ကိုပဲ ဦးစားပေးရပါမယ်"

ချို့တွာမှာ ဒေါသချောင်းချောင်း ထွက်သွား၏။

သူသည် တစ်စုံတစ်ခု ပြောမည်လုပ်ပြီးမှ မပြောနိုင်တော့ဘဲ ခုံပေါ်မှ လိမ့်ကျသွားတော့သည်။

"ဝုန်း ... "

ကျားယန်က ...

"ဟင် ... သူက ဘာလိုဖြစ်တာလဲ"

ဝါယင်လုံက ပြုံးပြီး ...

"ဝက်ရူးပြန်တာနဲ့ တူတယ်"

"သူသေသွားရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မအပေါ် အမှုပတ်လာဦးမယ်"

ဝါယင်လုံ လက်ကာပြပြီး ...

"ကိစ္စမရှိပါဘူး၊ ကျုပ် မင်းကိုယ်စား သက်သေခံပေးပါ့မယ်"

ကျားယန်က နှစ်ခြိုက်စွာပြုံးလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ဝါသခင်လေး"

ဝါယင်လုံ အံ့သြသွားပြီး ...

"မင်း ... မင်း ဒီအရက်ထဲမှာ ဘာဆေးခတ်ထားသလဲ"

ကျားယန်က အောင်နိုင်သူ၏အပြုံး ပြုံးကာ ...

"ခုနှစ်ရက်တိတိ မူးနေမယ့်ဆေးပါ၊ အသက်အန္တရာယ် မရှိစေရပါဘူး"

"မင်း ရည်ရွယ်ချက်က ဘာလဲ"

သူသည် စကားဆုံးအောင် မပြောနိုင်တော့ပါ"

"ဝုန်း ... "

ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့၏။

ကျားယန်သည် အားရပါးရ ရယ်မောလိုက်ပြီး ...

"အင်း ... ကျွန်မက ရှင့်ကို မေ့ဆေးနဲ့ဖမ်းလို့ မရဘူးထင်နေတာ၊ အခုတော့ ရှင်လည်း ကျွန်မရဲ့မေ့ဆေးဒဏ် မခံနိုင်ပါလား၊ သိုင်းလောကမှာ ရှင့်လို ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့လူ ဘယ်နှစ်ယောက်လောက်များရှိသလဲ မသိပါဘူး"

သူမသည် ရွှင်အော်ဘက်လှည့်လိုက်ပြီး လှမ်းပြောလိုက်၏။

"ရွှင်အော်ရေ ... မြင်းလှည်းကို မြန်မြန်အသင့်ပြင်လိုက်၊ တို့ ဒီညပဲ သွားကြမယ်"

သူမသည် ချိုဂွာထံသို့ လျှောက်သွားပြီး ပွေ့ချီလိုက်၏။

ထို့နောက် ခုတင်ပေါ်သို့ တင်ပေးလိုက်၏။

ဝါယင်လုံသည် ကြမ်းပြင်ပေါ်၌ မှောက်လျက်ကျနေ၏။

သို့သော် သူ၏မျက်လုံးအစုံက မှေးမှေးကလေးပွင့်နေပြီး ကျားယန်၏လှုပ်ရှားမှုကို အကဲခတ်နေသည်။

သူ၏စိတ်ထဲ၌ ကြိတ်၍ ပြုံးမိ၏။

တစ်ခါတစ်ရံ လည်လွန်းသည့် ဘီးသည် ချေးနင်းမိတတ်၏။

ယခုလည်း ကျားယန်သည် သူမ၏အဆိပ်ဆေးကြောင့် ဝါယင်လုံ သတိလစ်သွားပြီဟု ထင်မှတ်နေ၏။

ရန်သူကို အထင်သေးခြင်းသည် အမှန်စင်စစ် အန္တရာယ်ကို ဖိတ်ခေါ်လိုက်ခြင်းသာ ဖြစ်ကြောင်း ကျားယန်တစ်ယောက် သတိပြုမိပုံ မရပါချေ။

ဝါယင်လုံသည် ရန်သူအား အထင်မသေးမိရန် လွန်စွာ သတိထားသည်။

ကျားယန်သည် သူ့အဆိပ် မထိခိုက်နိုင်ကြောင်း သိမထားသည်မှာ မှားလေစွဟုလည်း တွေးမိ၏။

သူက အလိုက်သင့် ဟန်ဆောင်နေပြီးမှ ကျားယန်တို့၏ရည်ရွယ်ချက်ကို ရအောင်စုံစမ်းဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ရွှင်အော်က ဝါယင်လုံအားကြည့်ပြီး မေးလိုက်၏။

သူမသည် ဝါယင်လုံကို ဝါသခင်လေး ဟုတ်မဟုတ် သံသယရှိနေသည်။

"သူက တကယ် ဝါသခင်လေးကော ဟုတ်ရဲ့လား"

ကျားယန်က ...

"ဟုတ်တယ်၊ သူ့ကိုယ်သူလည်း မငြင်းဘူး၊ ပြီးတော့ သူ့ရဲ့ မိဘရုပ်ရည်နဲ့လည်း ဆင်ဆင်တူတယ်၊ မမှားနိုင်ပါဘူး"

ရွှင်အော်ကို ချိုဂွာဘက်ကို လှမ်းကြည့်လိုက်ပြီး ...

"ဟောဟိုလူကိုရော တစ်ခါတည်း ခေါ်သွားကြမှာလား"

ကျားယန်က ခေါင်းခါယမ်းလိုက်လေ၏။

"ရယ်စရာ ကောင်းလိုက်တာ၊ ညည်းက ငါ့ကို ဘာဖြစ်လို့ အခုလိုမေးတာလဲ"

"မဟုတ်ဘူးလေ၊ အခု နှစ်ယောက်စလုံး အိပ်ပျော်နေတယ်၊ နှစ်ယောက်စလုံးကို ခေါ်သွားမလို့လားလို့ပါ"

"တော်စမ်းပါ ... သူ့ကိုခေါ်ချင်ရင် အစကတည်းက လက်ခံလိုက်မှာပေါ့၊ ဒီလူက မြင်းတစ်ကောင်လိုပဲ၊ ရုပ်ဆိုးလိုက်တာလည်း အလွန်ပဲ၊ သူ့ကို မခေါ်ပါဘူး၊ ခေါ်မယ့်စကား ထပ်မပြောနဲ့"

ရွှင်အော်က ...

"ခုနေရိုန်ခါမှာ လူများလေကောင်းလေပဲ မဟုတ်လား၊ မြင်းကြည်းတည်း ကွယ်သားပဲ"

ကျားယန်က ...

"နင် သေပါဘူး၊ သိုင်းလောကမှာ ဝါမိသားစုဟာ တကယ့် စားကြေကွေတွေ၊ အခု သူတို့ထဲက တစ်ယောက်ရတာ ငါဂုဏ်ယူလို့ ဆုံးဘူး၊ ကဲ ... ကဲ ... မြန်မြန်ခရီးထွက်ဖို့ ပြင်ဆင်ပါ"

ရွှင်အော်က ဘာမှပြန်မပြောတော့ပါ။

အခန်းထဲမှ လှမ်းထွက်သွားသည်။

ရွှင်အော်ထွက်သွားပြီးမှ ကျားယန်က ဝါယင်လုံအား မွေ့ချိုလိုက်သည်။

သူမက ဝါယင်လုံ၏ နဖူးကို ညင်သာစွာဖြင့် တစ်ချက် ငုံနမ်းလိုက်ပြီး ...

"ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ရှင့်ကို ကျွန်မ တကယ်အလိုရှိနေလို့ပါ"

ဟု တီးတိုးရေရွတ်လိုက်၏။

ထို့နောက် သွေးကြောသုံးလေးနေရာကို ပိတ်လိုက်သည်။

ဝါယင်လုံက ပြုံးလိုက်၏။

သူက အသင့်အနေအထားနှင့် သတိရှိနေသည်မို့ ကျားယန်က သွေးကြောပိတ်လိုက်သောအခါ သူက သွေးကြောများကို နေရာလွှဲထားလိုက်သည်။

သို့သော် သူ၏ဦးခေါင်းအခွံ စစ်ခနဲတစ်ချက်နာကျင်သွားသည်ကို ခံစားလိုက်ရပြီး ဘာဆိုဘာမှ မသိတော့ပါချေ။

ဝါယင်လုံသည် ကျားယန်ခေါ်ဆောင်ရာနောက်သို့ ပါသွားလေတော့သည်။

◆ ◆ ◆

အခန်း (၁၃)

ကျင်လင်ငါးဖော်

သန်ခေါင်းယံ ... ။

တည်းခိုဆောင်တစ်ခုလုံး အိပ်ကုန်ကြပြီ ဖြစ်သည်။

ကျားယန်နှင့် ရွှင်အော်သည် ဝါယင်လုံအားတွဲ၍ အခန်းထဲမှ ထွက်လာ၏။

ယခုအချိန်၌ သူမတို့အားအမှတ်တမဲ့ကြည့်မည်ဆိုလျှင် အရက်မူးနေသူဟစ်ဦးကို တွဲလာခြင်းသာဖြစ်သည်ဟု အားလုံးက ယူဆကြမည် ဖြစ်လေသည်။

အလယ်ဆောင်မှထွက်၍ အရှေ့ဘက် စားသောက်ဆောင်သို့ ရောက်သောအခါ ဆိုင်လုံလင်လေးများပင် အိပ်ပျော်နေကြပြီကို တွေ့လိုက်ရ၏။

သူတို့နှစ်ယောက်က မြင်းလှည်းဆီသို့ လျောက်လာပြီး ဝါယင်လုံအား မြင်းလှည်းတွင်းသို့ ပွေ့တင်လိုက်၏။

မကြာမီ မြင်းခွာသံမှာ တိတ်ဆိတ်နေသော ညဉ့်ယံကိုဖောက်ထွင်းကာ ထွက်ပေါ်လာတော့သည်။

"ခွပ် ... ခွပ် ... ခွပ်"

"ခွပ် ... ခွပ် ... ခွပ်"

အရှိန်လင်းလုလု ဖြစ်လာချေပြီ။

လမ်းမပေါ်၌ ရွှေရောင်တောက်ပနေသော မြင်းလှည်းမှာ အရှိန်ပြင်းစွာ မောင်းနှင်နေသည်။

ထိုသို့ မောင်းနှင်လာရင်း ကျင်လင်မြို့ကို လှမ်း၍မြင်တွေ့လိုက်ရသည်။

ထိုအချိန်၌ မြင်းလှည်းသမားက မြင်းကို ပို၍အရှိန်မြှင့်တင်လိုက်သည်။

ထိုစဉ် သစ်ပင်ရိပ်တစ်ရိပ်ရှေ့မှ မြင်းစီးသမားငါးယောက်က လမ်းကိုပိတ်ကာ ရပ်နေကြသည်။

သူတို့ငါးဦးစလုံးမှာ လူငယ်များပင် ဖြစ်၏။

သူတို့၏မျက်နှာများမှာ ပြုံးရွှင်နေကြပြီး ရန်လိုသောအရိပ်အယောင်ကို မတွေ့ရချေ။

တက်ကြွပျော်ရွှင်သော လူငယ်တို့၏ဟန်ပန်ကိုသာ တွေ့ရ၏။

လူငယ်တစ်ဦးက မြင်းလှည်းကိုလှမ်းတွေ့လိုက်သည်နှင့် အော်လိုက်၏။

"ကျားယန် ပြန်လာပြီလား"

မြင်းလှည်းတွင်းမှ ကျားယန်သည် ထိုအသံကိုကြားသောအခါ ခွက်နှာပျက်သွားသည်။

"သူတို့ကို ဂရုစိုက်မနေနဲ့"

ဟု လှမ်းပြောလိုက်၏။

ထို့ကြောင့် မြင်းလှည်းသမားက မရပ်ဘဲ ကျောက်ဖြတ်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် လူငယ်ငါးဦးက ရှေ့မှလမ်းပိတ်ရပ်ထားသောကြောင့် မြင်းလှည်းကို ကမန်းကတန်း ရပ်တန့်လိုက်ရလေတော့သည်။

မရပ်ဘဲ ဆက်မောင်းသွားလျှင် ထိုလူငယ်များကိုသော်လည်းကောင်း တိုက်မည်။ မြင်းလှည်းသော်လည်းကောင်း မှောက်မည်မှာ သေချာလှလေ၏။

ကျားယန်က မြင်းလှည်းလိုက်ကာကို ဖွင့်ကြည့်သည်။

"ဘယ်သူ လမ်းပိတ်ထားတာလဲ"

မြင်းလှည်းမောင်းသမားအား မေးလိုက်၏။

မြင်းလှည်းမောင်းသမားက ဖြေဆိုလိုက်သည်။

"ကျင်လင် ငါးဖော်ပါ"

"ဩော်... ယီကျောင်နန်တို့လား"

"ဟုတ်ပါတယ်"

ထိုစဉ် ကျင်လင်ငါးဖော်မှ ယီကျောင်နန်က ကျားယန်ကို တွေ့မြင်သွားသည်။

သူက မြင်းလှည်းတံခါးဆီသို့ လျှောက်လာပြီး ဝမ်းသာအားရဖြင့် နှုတ်ဆက်လိုက်သည်။

"ကျားယန် ပြန်လာပြီလား၊ ကျုပ်တို့မျှော်နေတာ ကြာပြီ၊ ဘယ်ကိုခရီးထွက်သွားတာလဲဗျ၊ ကျုပ်တို့ကိုတောင် အသိမပေးဘူး"

ကျားယန်မှာ အခြားအချိန်ဆိုလျှင် ယီကျောင်နန်တို့အား ကောင်းမွန်စွာ ဆက်ဆံမည်ဖြစ်ပါသည်။

သို့သော် သူမ ယခုအချိန်မရှိပါ။

ကျင်လင်မြို့တွင်းသို့ အမြန်ရောက်ရန်သာ လောနေမိ၏။

ထို့ကြောင့် သူမက အရေးတကြီးခွင့်ပန်၏။

"ဩော်... ယီကျောင်နန်ပါလား၊ ညဘက်မှ ကျွန်မအဆောင်ကို လာခဲ့ပါ၊ အခုတော့ ကျွန်မ မအားသေးလို့ပါ"

ယီကျောင်နန်က...

"ကိစ္စမရှိပါဘူး"

ပြောရင်း မြင်းလှည်းတံခါးကိုး ခွဲဖွင့်ကာ ဝင်ထိုင်ရန် ဟန်ပြင်လိုက်၏။

ယီကျောင်နန် ထိုကဲ့သို့ တံခါးဖွင့်ဝင်လာမည်ဟု ကျားယန် မထင်မိခဲ့ပါ။

ထို့ကြောင့် ဝင်လာသောအခါ မျက်နှာပျက်သွားပြီး အတင်းတွန်းလွှတ်ကာ...

"ညကျမှ လာတွေ့ပါရှင်"

ယီကျောင်နန် မြင်းလှည်းတွင်းသို့ ဝင့်မိသည်နှင့် မျက်လုံးပြူးသွား၏။

လှည်းကြမ်းပြင်၌ လူတစ်ယောက် လဲလျောင်းနေသောကြောင့် ဖြစ်သည်။

သူ ရယ်မောလိုက်သည်။

"ဩော်... ကျားယန်က လူတစ်ယောက်ပါလာလို့ မြင်းလှည်းကို မရပ်တာကိုး၊ ကိစ္စမရှိပါဘူး၊ ငါ သူ့ကို ဆင်းသွားခိုင်းလိုက်မယ်၊ ဒီမြို့မှာ ငါတို့ကလွဲပြီး ဒီမြင်းလှည်းပေါ်ကို ဘယ်သူမှ မတတ်ရဘူးဆိုတာ သူ သိစေရမယ်"

ပြောရင်း ဝါယင်လုံအား ဆွဲထုတ်လိုက်၏။

ဆွဲထုတ်လိုက်တော့မှ မမှောနေသော လူတစ်ယောက်ဖြစ်ကြောင်း ယီကျောင်နန် သိရှိလိုက်ရတော့သည်။

သူ အံ့သြသွား၏။

ထိုအခိုက် ကျားယန်က အေးစက်သော လေသံဖြင့် ...

"ယီကျောင်နန် ငါ့လူကို ပြန်ချထားစမ်း"

ယီကျောင်နန် စိတ်ထဲ၌ ဩဟဖြစ်နေ၏။

ကျားယန်သည် အာဃာတ်ကြောင့် လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာပါသနည်း။

ဤကိစ္စသည် ဒုစရိုက်မှုတစ်ခုပင်လော ...

သူ တွေးမနေတော့ပါ။

ဝါယင်လုံကို ဆွဲထုတ်လိုက်ပြီး သူ၏အဖော်များဘက်သို့ လွှဲပြောင်းပေးလိုက်၏။

"ရီပျောင်း ... ဒီလူကို အိမ်ခေါ်သွားလိုက်၊ ငါ ကျားယန်နဲ့ မြို့ထဲကို လိုက်သွားမယ်"

သူ့အဖော်များကို မှာကြားလိုက်သည်။

ထိုအခါ ကျားယန် မျက်နှာပျက်သွားတော့သည်။

သူမ ဝါယင်လုံအား လက်လွှတ်မခံနိုင်ပါ။

ထို့ကြောင့် မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး ...

"ဒီလူကို ခေါ်မသွားကြပါနဲ့"

ယီကျောင်နန်က ...

"ဘာကြောင့် မင်းက ဖမ်းလာရတာလဲ"

"ရှင်နဲ့မဆိုင်ဘူး၊ ဘေးဖယ်"

သူမသည် ဝါယင်လုံအား ပွေ့ချည်ထားသော ရီပျောင်းထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

သို့သော် ယီကျောင်းနန်၏ ဟန့်တားမှုကြောင့် သွား၍မရဘဲ ဖြစ်သွားရသည်။

"ဟေ့ ... ဒီလူကို မင်းဘာကြောင့် ဒီလောက်လိုချင်နေတာလဲ၊ ငါရှိရင် လုံလောက်ပါပြီ"

ကျားယန် ဘာမျှပြန်မပြောပါ။

လျှပ်တစ်ပြက် ယီကျောင်နန်၏ခေါင်းပေါ်မှ ကျော်လွှားသွား၏။

ယီကျောင်နန်ကလည်း ကမန်းကတန်း ကာပိတ်ဆို့လိုက်ပြီး စိတ်ထဲမှလည်း အတွေးများစွာ ဝင်လာသည်။

"ဟင် ... ကျားယန်က သိုင်းပညာလည်း တတ်ပါလား၊ အဆင့်လည်းမြင့်တဲ့ပုံပဲ၊ ဘာကြောင့် အပျော်မယ်ဖြစ်နေရတာပါလိမ့်၊ အကြောင်းတစ်ခုတော့ ရှိမှာသေချာတယ်"

သူက ကျားယန်အား လက်နှစ်ဖက်ဆုပ်လိုက်ပြီး ဂါရဝပြု၏။

"ဘာဖြစ်လို့ ဒီလောက်လောနေရတာလဲ၊ အခက်အခဲရှိရင် ကျွပ်တို့ ကူညီပါရစေ"

သူက ယဉ်ကျေးစွာ ပြောလိုက်၏။

ကျားယန်က မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကျွန်မမှာ အခက်အခဲမရှိပါဘူး၊ ခက်ခဲအောင်သာ ရှင်တို့က လုပ်နေကြတာပါ"

ယီကျောင်နန်က ထပ်မံမပြောလေ၏။

"ကျားယန် ... မင်း အထင်မလွဲပါနဲ့၊ မင်းနဲ့ငါတို့ ခင်မင်လာတာ နှစ်မနည်းတော့ပါဘူး၊ ဒီတော့ မင်းမှာ အခက်အခဲရှိရင် ငါတို့ ကူညီပါရစေ"

ကျားယန်က ...

"ရှင်နဲ့ မဆိုင်ပါဘူး၊ ဒီတော့ ကျွန်မရဲ့လူကိုသာ ကျွန်မကို ပြန်ပေးပါ၊ ဒါဆို အခက်အခဲ ပြေလည်သွားပါပြီ၊ ရှင်တို့က ကျွန်မကို ပြဿနာဖြစ်အောင် လုပ်နေကြတာပဲ"

ယီကျောင်နန်က သက်ပြင်းချရင်း ...

"မင်းဟာ သိုင်းပညာလည်း အဆင့်မြင့်ပုံရတယ်၊ ဘာကြောင့် များ မင်းက အပျော်မယ်လုပ်နေရတာလဲ၊ ဒါကို ရှင်းရှင်းပြောပြပါဦး၊ ဒါဟာ တို့အတွက်ပြဿနာပဲ၊ မင်းက မင်းရဲ့ ဘဝအစစ်အမှန်ကို လျှို့ဝှက်ထားတာကိုး"

ကျားယန်က ...

"ရှင်နဲ့ ဘာမှမဆိုင်ပါဘူး"

"ဒါဆိုရင် မင်းကို မလွတ်သေးပါဘူး"

"ရှင်တို့သိရတော့ ဘာထူးမှာလဲ"

"ကျုပ်မေးတာကိုသာ ပြောပါ"

ကျားဟန်မှာ မျက်နှာပျက်သွား၏။

ချက်ချင်းပင် မျက်နှာမှာလည်း ခက်ထန်သော အရိပ်အယောင် များ ပေါ်ထွက်လာသည်။

သူမက ယီကျောင်နန်အား စိုက်ကြည့်လိုက်၏။

"ရှင်ဟာ တယ်စပ်စုတဲ့လူပဲ၊ ဒီလိုစပ်စုတဲ့အတွက် ရှင် ဒုက္ခ ရောက်လိလမ့်မယ်"

ယီကျောန်နန်က ...

"နေဦး ... ငါသိချင်လှေး ရှိတယ်၊ သူကို ဘာကြောင့်ဖမ်းခေါ် လာရတာလဲ"

ကျားယန်က ...

"ရှင် စကားများလွန်းနေပြီ၊ ကျွန်မရဲ့လူကို ကျွန်မကို ပြန်ပေး ပါ၊ နို့မဟုတ်ရင် ကျွန်မကို ရက်စက်တယ်လို့ မပြောကြနဲ့"

ယီကျောင်နန်က ရယ်မောလိုက်၏။

သူက ရီပျောင်းဘက်သို့လှည့်ကာ ...

"ဒီလူကို သွေးကြောပိတ်ထားသလား"

ရီပျောင်းက ...

"ငါ သွေးကြောဖွင့်ပေးပြီးပြီ၊ ဒါပေမယ့် သတိမရသေးဘူး၊ ပြီးတော့ သူဟာ ယောကျ်ားပီသခန့်ညားတဲ့ လူတစ်ယောက်တွ၊ ငါ သူ့ကို ဘယ်မှာမြင်ဖူးသလဲ မသိဘူး"

ယီကျောင်နန်က ကျားယန်ဘက်သို့ လှည့်ကာ ...

"မင်း ဘာလုပ်ထားသေးသလဲ"

ကျားယန်က မဖြေပါ။

ဓားကို ဆွဲထုတ်လိုက်လေသည်။

ယီကျောင်နန် ရင်ထိတ်သွား၏။

ကျားယန် တကယ်ပင် တိုက်ခိုက်တော့မည်မှန်း သိလိုက်၏။

ဤသို့ဆိုလျှင် ထိုသူသည် ကျားယန်အတွက် အရေးကြီးသူ တစ်ဦးဖြစ်ရပေလိမ့်မည်။

သူက ထိုလူကို ပြန်မပါသွားစေလိုတော့ပါ။

ထို့ကြောင့် သူက အမိန့်ပေးလိုက်၏။

"ရီပျောင်း သူ့ကို အိမ်ခေါ်သွား၊ ဖေဖေ့ကို ကုသခိုင်း"

သူ့အော်သံနှင့် တစ်ဆက်တည်းပင် ကျားယန်ကလည်း အမိန့် ပေးလိုက်၏။

"သူတို့ကို မလွတ်စေနဲ့၊ တားထားလိုက်"

ရွှင်အော်နှင့် မြင်းလှည်းမောင်းသမားတို့က ရိပျောင်းတို့လူစုအား ဟန့်တားလိုက်လေ၏။

ယီကျောင်နန်က ...

"ကျုပ်က မင်းနဲ့မတိုက်ချင်ပါဘူး၊ မင်းက ဘာကြောင့် ဒီလူကို ဖမ်းလာရတာလဲ"

ကျားယန် ဒေါသချောင်းချောင်းထွက်နေပြီး မျက်နှာမှာလည်း ရက်စက်မည်ပုံ ပေါ်လာ၏။

"ရှင်နဲ့ကျွန်မဟာ ရန်သူမဟုတ်ပါဘူး၊ ဘာကြောင့်များ ကျွန်မကိစ္စ ဝင်စွက်ရတာလဲ၊ ဒီနေ့ ဝင်စွက်မိတဲ့အတွက် ရှင် သေကိုသေရမယ်၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ ရှင် ဖျက်လို့မရတော့ဘူး"

စကားဆုံးသည်နှင့် တိုက်ခိုက်လိုက်တော့သည်။

ယီကျောင်နန်က ရယ်မောရင်း ရှောင်တိမ်းပေးလိုက်၏။

ပြီးမှသူက ...

"မင်းမှာ လှို့ဝှက်ချက်တွေ ရှိနေတယ်၊ ဒါကို ငါ မသိရဘဲနဲ့ မင်းကို မလွတ်နိုင်ပါဘူး၊ မင်းကို ငါတို့ စစ်မေးရဦးမယ်"

ထိုစဉ် ရိပျောင်း၏အသံက ထွက်ပေါ်လာ၏။

"ယီကျောင်နန် ငါ စဉ်းစားလို့ရပြီ၊ ဒီလူက ဝါမိသားစုက လူပဲ၊ ခေါင်းခြောက်အောင် စဉ်းစားလိုက်ရတယ်"

ယီကျောင်နန်က ...

"ဝါမိသားစုက ဟုတ်လား"

"ဟုတ်တယ်"

ကျားယန်၏မျက်နှာမှာ ဖြူရော်သွား၏။

သို့သော် ချက်ချင်း ပြောင်းလဲသွားသည်။ သူမ၏မျက်နှာမှာ ကျားတစ်ကောင်၏မျက်နှာကဲ့သို့ ခက်ထန်သွား၏။

သူမက အံကို တင်းတင်းကြိတ်ကာ ...

"ကျွန်မကိုနိုင်ရင်တော့ ခေါ်သွားပေတော့"

ပြောရင်း တရကြမ်း တိုက်ခိုက်လေတော့၏။

ယီကျောင်နန်က ပြန်လည်တိုက်ခိုက်ရင်း တွေးတောမိ၏။

ဝါမိသားစုသည် အထက်လမ်း သိုင်းသမားများ ဖြစ်၏။

သိုင်းလောက၏ ကောင်းရာကောင်းကြောင်းတို့ကိုသာ အမြဲတစေ ဦးဆောင်ဦးရွက်ပြုသူများ ဖြစ်ကြ၏။

မည်သူကမျှလှည့် ဝါမိသားစုအား မထိခိုက် ရဲပါ။

ယခု ကျားယန်သည် အဘယ့်ကြောင့် ထိခိုက်စော်ကားရဲပါသနည်း။

သူက ဝါယင်လုံအား ရအောင်ကယ်တင်ရန် စဉ်းစားလိုက်၏။

ထို့ကြောင့်သူက ကျားယန်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်တော့သည်။

ကျားယန်မှာ သိုင်းပညာအဆင့် မနိမ့်ပါ။

သို့သော် ယီကျောင်နန်ကိုမူ အသာစီးမရဘဲ လက်ရည်တူယှဉ်ပြိုင်နေရ၏။

ထို့အတူ ရွှင်အော်နှင့် မြင်းလှည်းသမားတို့ကလည်း ကျန်လူသေးယောက်ကို အနိုင်မရပုံ ပေါ်နေ၏။

ကြာလျှင် မိမိဘက်ကသာ အရေးနိမ့်လာနိုင်ကြောင်း ကျားယန် တွေးတောမိသည်။

ထို့ကြောင့် သူမက တိုက်ခိုက်ရာမှ ရပ်တန့်ကာ နောက်ဆုတ်သွားလေ၏။

"ရွှင်အော် ... ပြန်လာခဲ့တော့"

သူမက အော်ဟစ်အမိန့်ပေးလိုက်၏။

ရွှင်အော် ကြောင်သွားသည်။ အတိုက်ခိုက် ရပ်လိုက်ရ၏။

"သူတို့ကို လွှတ်ပေးလိုက်ရမယ် ဟုတ်လား"

ဟု ပြန်ပေးလိုက်၏။

"ဟုတ်တယ်"

"ဘာကြောင့် လွှတ်ပေးရမှာလဲ"

"နင်က မလွှတ်လို့ကော သူတို့ကို တားနိုင်မှာလား၊ ကဲ ... တို့သွားကြမယ်"

ပြောရင်း မြင်းလှည်းပေါ်သို့ တက်သွားသည်။

ထို့နောက် မြင်းလှည်းကိုမောင်းနှင်ကာ ကျင်လင်မြို့တွင်းသို့ ဝင်ရောက်သွားတော့သည်။

◆ ◆ ◆

အခန်း (၁၄)

ကျေးဇူး အတုံ့အပြန်

ကျင်လင်မြို့။

ကျင်လင်မြို့မှာ ကျန်နန်နယ်၏ ထင်ရှားသောမြို့တစ်မြို့ဟု ဆိုသော်လည်း မှားမည်မဟုတ်ပါ။

ရှေးယခင်က ဘုရင်မင်းများ ခြောက်ဆက်တိတိ နန်းစိုက်သွားသော မြို့တစ်မြို့လည်း ဖြစ်ခဲ့၏။

ထို့ကြောင့်လည်း ထိုမြို့မှာ ကျန်နန်နယ်၌ ထင်ရှားခဲ့သည်။

ထို့အပြင် ကျင်လင်မြို့သည် ခရီးလမ်းပန်း အဆက်အသွယ် ကောင်းမွန်သောကြောင့် စီးပွားရေးလုပ်ငန်း အများအပြားရှိသော မြို့လည်းဖြစ်၏။

ကုန်သည်ပွဲစားများ၊ လှည်းဆိပ်လှေဆိပ်များ၊ ပွဲရုံဂိုထောင်များလည်း ရှိသည်။

မြို့ကလေးမှာ ချင်ဝိုင်ဟော်မြစ်၏ ကမ်းစပ်၌ တည်ရှိ၏။

နေ့ခင်း၌ လူစည်ကားသလို ညဘက်၌လည်း ညလုံးပေါက် ဖွင့်သောဆိုင်များကြောင့် မခြောက်သွေ့ချေ။

မြို့ကလေး၏ တစ်နေရာ။

ချင်ဝိုင်ဟော်မြစ်ကမ်းအား ကျောပေး၍ လမ်းမဘက်ကို မျက်နှာမူထားသော အဆောင်ကြီးတစ်ခု ရှိ၏။

ထိုအဆောင်ကြီးအား နီရဲသောအုတ်တံတိုင်းကြီးတစ်ခုက မြင့်မားစွာ ကာရံထားသည်။

ထိုအုတ်တံတိုင်း၌ အနောက်ဘက်အပေါက်နှင့် အရှေ့ဘက်တံခါးမကြီးနှစ်ခုသာ ရှိ၏။

အရှေ့ဘက်တံခါးမကြီးတွင် မီးအိမ်နှစ်ခု ချိတ်ဆွဲထား၏။

မီးအိမ်မှာလည်း အနီရောင်ဖြစ်သည်။ မီးအိမ်ကြီးကလည်းကြီး အိမ်ကြီးကလည်း ကြီးလှသည်။

ထိုမီးရောင်နှင့်ပင် တံခါးမကြီးအပေါ်မှ ဆိုင်းဘုတ်အား ဖတ်ရှုနိုင်၏။

ဆိုင်းဘုတ်မှာ ကြီးမားပြီး ရွှေရောင်စာလုံးဖြင့် ရေးသားထား၏။

"ငွေဂေဟာ"

စာလုံးကြီးများက ထင်ရှားလှလေ၏။

ထိုငွေဂေဟာမှာ ကျင်လင်မြို့၏ အကောင်းဆုံး ဂေဟာတစ်ခု ဖြစ်၏။ တကယ်တော့ ကြီးမားသောတည်းခိုခန်းကြီး တစ်ခုပင်။ သို့သော် ငွေရှိမှသာ တည်းခိုနိုင်သည်။

ထိုဂေဟာ၌ သင်မည်သည့်အရာမဆို ရနိုင်သည်။

နှစ်ချို့ အကောင်းစားအရက်များ သောက်ချင်ပါသလား။

လောင်းကစားမှု ပြုလိုပါသလား။

သင့်အတွက် အစစရာရာပြည့်စုံအောင် ဖန်တီးပေးနိုင်သည်။

ထို့ကြောင့်လည်း ကျင်လင်မြို့သို့ ရောက်ရှိလာသူတိုင်းက ငွေဂေဟာဆီသို့ သွားကြ၏။ ငွေဂေဟာကို သိကြသည်။

သို့သော် ငွေကြေးချမ်းသာသူများမှသာ ဝင်ထွက်နိုင်ပေ၏၊

ထိုဂေဟာ၏ တံခါးမှာ ရက်တရက် ပွင့်သွားပြီး အတွင်းသို့ ရွှေရောင်လှည်းတစ်စီးက မောင်းဝင်သွား၏။

ထိုမြင်းလှည်းဝင်သွားပြီး ခဏအကြာ၌ အဆောင်အတွင်း၌ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

သို့သော် တစ်ခဏချင်းမှာပင် ပြန်လည်ငြိမ်သက်သွားလေ၏။

အဘယ့်ကြောင့် ဆူဆူညံညံ ဖြစ်သွားရသနည်း။

အဘယ့်ကြောင့် ဆူဆူညံညံအသံများ ရုတ်ခြည်း တိတ်ဆိတ်သွားရသနည်း။

ငွေဂေဟာထဲသို့ ဝင်ကြည့်နိုင်သူသာ သိရှိပါလိမ့်မည်။

ပြင်ပကတော့ မည်သူမျှ မသိနိုင်ပါ။

◆ ◆ ◆

ကျင်လင်ဂေါဖော်မှာ အိမ်သို့ပြန်ရောက်လာကြ၏။

ယီကျောင်နန်က အိမ်ဂေဟာအတွင်းသို့ ဝင်မိသည်နှင့် အစောင့် တစ်ဦးအား အမိန့်ပေးလိုက်သည်။

"ဖေဖေ့ကို သွားခေါ်ပါ၊ ဒီမှာ ဝါသခင်လေးတစ်ယောက် ပါလာတယ်လို့၊ မြန်မြန်သွား... အချိန်ဆွဲမနေနဲ့"

ကျင်လင်ဂေါဖော်၏ ခန္ဓာကိုယ်တို့၌ ချွေးများရွှဲနစ်နေ၏။

အားလုံး စိတ်ထဲလှုပ်ရှားနေကြသည်။ သူတို့သည် အသက်အန္တရာယ်နှင့် မကြုံရသော်လည်း အတော်လှုပ်ရှားခဲ့ကြရသည်။

ယီကျောင်နန်က ...

"သခင်လေးအခြေအနေ ဘယ်လိုရှိသလဲ ရိပျောင်း"

ရိပျောင်းက ...

"ခုထိတော့ သတိမရသေးဘူး၊ မင်း စစ်ဆေးကြည့်ပါလား"

ယီကျောင်နန်က စစ်ဆေးကြည့်လိုက်၏။

သွေးကြောများကိုလည်း စစ်ဆေးကြည့်လိုက်၏။

အတွင်းဒဏ်ရာ ရှိမရှိကိုလည်း စစ်ဆေးလိုက်၏။

သူက အတန်ကြာ ရှာဖွေသော်လည်း မည်သည့်အရာကိုမှ စစ်ဆေးမရချေ။

ရိပျောင်းက ...

"အဆိပ်များမိနေသလား မသိဘူး"

ယီကျောင်နန်က ...

"အဆိပ်မိတာတော့ မဖြစ်နိုင်ဘူးကွ၊ ငါကလည်း အသုံးမကျလိုက်တာကွာ၊ ဖေဖေ့ရဲ့ပညာကို နည်းနည်းလည်းမှ မသင်ယူမိခဲ့ဘူး၊ ဒါကြောင့် ခုလို အရေးကြုံတဲ့အခါ ဘာမှမလုပ်နိုင်ဘဲ သူသာတစ်စုံတစ်ရာဖြစ်ရင် ငါ့အပြစ်ပဲ"

ကျင်လင်ငါးဖော် အနက် စကားကို တွဲတိုးပြောကတ်သော ချန်ရိက ...

"မင်းက အသုံးမမကျဘဲ၊ မင်း ဘာပဲဖြစ်ဖြစ် မင်းအဖေပညာကို သင်ကြားသင့်တယ်ကွ"

ယီကျောင်နန်က ...

"ခုမှတော့ ပြောမနေပါနဲ့တော့ကွာ၊ ဖေဖေလာမှပဲ ဘာဖြစ်တယ်ဆိုတာ သေသေချာချာ သိရမှာပဲ"

ကျင်လင်ငါးဖော်မှာ ညီအစ်ကိုများ မဟုတ်ပါ။

သို့သော် စိတ်ထားတူညီပြီး ညီအစ်ကိုများသဖွယ် ချစ်ခင်ကြသည့် လူငယ်ငါးဦးဖြစ်၏။ သွေးသောက်ညီနောင် ငါးဖော်သာဖြစ်ကြပါသည်။

သူတို့၏ သိုင်းပညာများမှာ ထိပ်တန်းမဟုတ်သော်လည်း အတော်ပင် အဆင့်မြင့်၏။ သိုင်းလောကတွင် နာမည်ကျော်ကြီးများ မဟုတ်ကြပေ။ အထက်လမ်းသိုင်းသမားများဟု ကိုယ့်ကိုယ်ကို ခံယူထားကြသူများ ဖြစ်ကြသည်။

သူတို့ရှေ့၌ မတရားမှုဖြစ်လျှင် လက်ပိုက်ကြည့်မနေဘဲ ဝင်ရှုတ်တတ်ကြ၏။

သူတစ်ပါးကိစ္စ၌လည်း စပ်စုတတ်ကြ၏။

ယခုလည်း သူတို့က ဝင်စွက်မိသဖြင့် ဝါယင်လုံအား ကယ်ဆောင်လာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ချန်ရိက အတန်ကြာ ငိုင်နေပြီးမှ ...

"ဟေ့ ... ကျားယန် ဘာလုပ်ထားသလဲဆိုတာ သွားမေးရင်ကောင်းမယ်"

ယီကျောင်နန်က ပြုံးလိုက်ပြီး ...

"ဘယ်သူပြောမလဲကွ"

ချန်က ...

"မရရအောင် ကျုပ် မေးလာခဲ့မယ်"

သူသည်ပြောရင်း အပြင်ထွက်ရန် လှမ်းလိုက်စဉ်မှာပင် အဘိုးအိုတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"သားတို့ ဝါသခင်လေးအခြေအနေ ဘယ်လိုနေသေးသလဲ"

ထိုစကားကြောင့် ချိန်ရိ ပြန်လှည့်လိုက်ရလေတော့သည်။

အခန်းတွင်းသို့ ဆံပင်များ၊ မုတ်ဆိတ်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက်က ဆေးအိတ်တစ်ခုကိုကိုင်၍ ဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုမှာ ယီကျောင်နန်၏ဖခင်ပင် ဖြစ်သည်။

သူ၏အမည်မှာ ယီစန်းသက် ဖြစ်၏။

ကျင်လင်မြို့၏ နာမည်ကျော်ကြားသော သမားတော်တစ်ဦးလည်းဖြစ်၏။

ချန်ရိတို့လူငယ်အားလုံးက မတ်တတ်ထရပ်ကာ အရိုအသေပြုလိုက်ကြသည်။

ယီကျောင်နန်က ဖခင်ဖြစ်သူအား မြင်သောအခါ ဝမ်းသာသွားပြီး အခြေအနေကို ပြောပြသည်။

"ဖေဖေ ဒီမှာ ဝါသခင်လေးကို ကြည့်ပေးပါဦး၊ သူ ဘာဖြစ်နေသလဲ မသိဘူး၊ ခုထိ သတိမရသေးဘူး"

သမားတော် ယီစန်းသက်က ဝါယင်လုံ၏အနားသို့ လျှောက်လာသည်။

ထို့နောက် ဆေးအိတ်ကိုချကာ ဝါယင်လုံအား သေသေချာချာစိုက်ကြည့်လိုက်၏။ သူသည် ခန့်မှန်းပြောကြားလိုက်၏။

"အင်း... ရုပ်ရည်ကတော့ ဝါထင်းဟုန်နဲ့ တူတယ်၊ ဒါပေမယ့် နှုတ်ခမ်းတို့ မျက်လုံးတို့ကတော့ ပိုင်ကျွမ်းယိနဲ့ ပိုတူတယ်၊ ဒီတော့ သူဟာ ဝါမိသားစုက ဒုတိယသခင်လေး ဖြစ်နိုင်တယ်"

သူ့ခန့်မှန်းချက်က မှန်ကန်လှ၏။

သူက ဝါယင်လုံ၏သွေးကြောများအား စမ်းသပ်လိုက်၏။

ကျင်လင်ငါးဖော်ကမူ သမားတော်ယီစန်းသက်၏ အပြုအမူကို ဝိုင်းကြည့်နေကြ၏။

သူတို့၏စိတ်မှာ အလွန်လှုပ်ရှားနေ၏။

သိုင်းလောကမှ အလွန်ကျော်ကြားသော ဝါမိသားစု၏ဒုတိယသခင်လေးအား ရန်သူ၏လက်ထဲမှ ကယ်တင်လာနိုင်ခြင်းသည် သူတို့ အတွက် ဂုဏ်ယူဖွယ်ရာလုပ်ရပ်တစ်ခု မဟုတ်ပါလား။

သို့သော် ဝါသခင်လေးအား ကုသနိုင်ပါမှ သူတို့၏လုပ်ရပ်က အောင်မြင်သည်ဟု ဆိုရပေလိမ့်မည်။

ထို့ကြောင့် သူတို့က စိတ်လှုပ်ရှားစွာ ဝိုင်းကြည့်နေကြ၏။

အတန်ကြာသည်အထိ မည်သူမှ စကားမပြောဖြစ်ကြပါ။

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

သမားတော် ယီစန်းသက်၏နဖူးပြင်၌ ချွေးများစိုရွှဲနေ၏။

အတန်ကြာသည်အထိ သွေးကြောများကို စပ်းသပ်ပြီးနောက် သက်ပြင်းရှည်တစ်ချက်ချကာ စမ်းသပ်မှုကို ရပ်လိုက်သည်။

သူ၏မျက်နှာပေါ်တွင်လည်း စိတ်ရှုပ်ထွေးသော အမူအရာများ ဆိုလွင်နေသည်။

ပြီးမှ သက်ပြင်းတစ်ချက် ထပ်မံချလိုက်သည်။

"မင်းတို့ သူ့ကို ဘယ်လိုတွေ့လာတာလဲ၊ ငါ့ကို အစအဆုံး ပြောပြစမ်း"

သူက သားဖြစ်သူဘက်သို့ လှည့်ကာ မေးလိုက်၏။

ယီကျောင်နန်က...

"ကျွန်တော်တို့ အနောက်ဘက်ကို သွားလည်းရင်း ဟိုဟာ ဒီဟာနဲ့တွေ့..."

သူက စကားပြောရင်း တိုးလို့တန်းလန်းနှင့် ရပ်တန့်သွား၏။

သူ၏ မျက်နှာမှာလည်း နီရဲနေသည်။

သူတို့သည် အမျိုးသမီးတစ်ဦးနှင့် သွားတွေ့ဆုံကြောင်းကို ဖခင်အား ပြောမပြရဲသေးသောကြောင့်ပင် ဖြစ်သည်။

သမားတော် ယီစန်းသက်က အကြောင်းသိသည်။ လှမ်း၍ ငေါက်လိုက်၏။

"ဟေ့ကောင် ... မင်း ဘာထစ်ငေါ့နေတာလဲ၊ မှန်မှန်ပြောပြစမ်း၊ ငါ့ကို ဘာတစ်ခုမှ မထိန်ချန်နဲ့"

ယီကျောင်နန်က ခေါင်းကိုအောက်သို့ငုံ့ထားပြီး သူတို့တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အစအဆုံး သေချာစွာ ပြောပြလိုက်လေ၏။

သမားတော် ယီစန်းသက်က သားဖြစ်သူ အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံခြင်းကိုပင် အရေးမလုပ်နိုင်ပါ။ ဤသည်မှာ အရေးကြီးသော ကိစ္စတစ်ရပ် မဟုတ်ပါ။

သားဖြစ်သူ ပြောပြသည်ကိုသာ နားထောင်နေ၏။

ပြီးမှ ...

"မင်းပြောပုံအရဆိုရင် သူတို့ ဘယ်လိုလုပ်ချင်တယ်ဆိုတာ ငါ တွေးမိပြီ၊ သူတို့ရဲ့ပညာက တော်တော်အဆင့်မြင့်တယ်ကွ"

ယီစန်းသက်က အားရပါးရပြောလိုက်၏။

အားလုံး ကြောင်သွားကြ၏။

သမားတော် ယီစန်းသက်ကပြောရင်း ဝါယင်လုံထံ ပြန်လှည့်သွား၏။

ထို့နောက် ဦးခေါင်းကို ညင်သာစွာကိုင်ရင်း နောက်စေ့ကို ကြည့်ရှုစစ်ဆေးလိုက်၏။

တစ်စုံတစ်ရာကို တွေ့သွားသည့်အလား မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

ပြီးမှ ကျင်လင်ငါးဖော်ဘက်သို့ လှည့်ကာ ...

"အင်း ... ကော်သေးတာပေါ့၊ မသေကောင်းမပျောက်ကောင်း"

ချန်ရိုက ...

"ဘာဖြစ်တယ်ဆိုတာ သိပြီလား ဦးလေး"

သမားတော် ယီစန်းသက် ခေါင်းညိတ်ရင်း ...

"သိပြီ၊ မင်းတို့တစ်တွေ သူ့ကို ဟိုပစ်ဒီပစ်နဲ့ လုပ်တုန်းက ကောင်းလို့ သူ့နောက်စေ့ကအပ်ကို မထိတာ၊ ထိများထိမိရင် ဒါသခင်လေးဟာ သေမှာပဲ၊ ငါ အချိန်မီကုနိုင်ရင်တောင်မှ မသေရင် ရူးသွားမှာပဲ"

ချန်ရိုက ...

"နောက်စေ့မှာ အပ်စိုက်ဝင်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကဲ ... လာ တို့ အခန်းထဲသွားကြမယ်"

အဘိုးအိုကပြောရင်း ဝါယင်လုံကို သတိထားပွေ့ချီကာ အခန်းထဲသို့ ဝင်သွားလေတော့သည်။

ကျင်လင်ငါးဖော်လည်း နောက်မှ လိုက်ဝင်သွားလေ၏။

သူတို့၏ စိုးရိမ်မှုများလည်း လျော့ကျသွားသည်။

သို့သော် စိုးရိမ်စိတ်များကတော့ လုံးဝ မပျောက်သေးချေ။

ဝါယင်လုံမှာ အဆိပ်၊ မွေ့ဆေး၊ အိပ်ဆေးတို့ကိုမမှုပါ။

ကျားယန် သွေးကြောထောက်သည်ကိုလည်း သတိရှိသောကြောင့် ကာကွယ်နိုင်ခဲ့သည်။

သို့သော် မထင်မှတ်ဘဲ ခေါင်းမှသွေးကြောကိုမူ အပ်နှင့်အထိုးခံလိုက်ရသဖြင့် မေ့မြောသွားရခြင်း ဖြစ်ပေသည်။

ယခု ဝါယင်လုံမှာ ခုတင်ပေါ်၌ မှောက်လျက်လဲ့ထားဏ်။

သူ၏နံဘေး၌ သမားတော် ယီစန်းသက်က ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေဏ်။

သူ၏လက်ထဲ၌ သံလိုက်တစ်ခုကို ကိုင်ထားလေသည်။

အတန်ကြာမှ သူက ဘယ်လက်ဖြင့် နောက်စေ့မှအပ်စိုက်ဝင်နေရာကို အတွင်းအားစုစည်းကာ ထောက်ထားလိုက်သည်။

ပြီးမှ ဘယ်ဘက်လက်ကသံလိုက်ဖြင့် အပ်ကို ဆွဲနုတ်လိုက်ဏ်။

သူ၏လူပ်ရှားမှုမှာ မကြာမြင့်ပါ။ သို့သော် သူ၏တစ်ကိုယ်လုံး၌ ချွေးများစိုရွှဲ၍နေသည်။

အပ်ထွက်သွားပြီးနောက် သက်ပြင်းချပြီး ဆေးမှုန့်များကို အပ်ပေါက်အတွင်းသို့ သိပ်ပေးလိုက်ဏ်။

ပြီးမှ တစ်ကိုယ်တည်း ရေရွတ်လိုက်လေသည်။

"တော်ပါသေးရဲ့၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကြောင့် လူကောင်းတစ်ယောက်ကို ကယ်တင်နိုင်ခဲ့ပြီ၊ ငါ့အတွက် ကောင်းမှုတစ်ခုပါပဲကွာ"

ချန်ရိုက သမားတော်ယီစန်းသက်ကိုကြည့်ကာ အံ့သြနေဏ်။

နောက်စေ့မှအပ်ကို သံလိုက်ဖြင့်ဆွဲနှုတ်ပေးခြင်းသည် ဘာမှမခက်ဟု သူ ထင်မိဏ်။

ယခုမူ ယီစန်းသက်မှာ ချွေးများပင် ပြန်နေသည်။

"ဦးလေး ... ဒီကိစ္စလောက်နဲ့ ချွေးတွေဘာတွေ ပြန်ရသလား" ဆိုက မေးလိုက်သည်။

ယီစန်းသက်က ...

"မင်းက ကလေးအတွေး တွေးတာကိုး၊ ဒီနောက်စေ့မှာရှိတဲ့ သွေးကြောဟာ လူကို ချက်ချင်းစေနိုင်စွဲ့ သွေးကြောတစ်ခုပဲ၊ ~ ပါတန်တန် သဘောထားလို့ မရဘူး၊ သံလိုက်နဲ့ထုတ်ရတော့ ဘိုးပြ့ အန္တရာယ်ကြီးတယ်"

ချန်ရိုက မယုံကြည်ဟန်ဖြင့် ...

"အန္တရာယ်ကြီးတယ် ဟုတ်လား"

"ဟုတ်တယ်၊ သံလိုက်ဆွဲအားက ပြင်းတယ်၊ အပ်ကိုနုတ်တဲ့အခါမှာ အပ်ဟာ တည်ငြိမ်နေရမယ်၊ ပြီးတော့ မလှုပ်ရှားဘဲ ဝင်တဲ့အပေါက်ကနေ ပြန်ထွက်လာရမယ်၊ တုန်ခါသွားလို့မဖြစ်ဘူး၊ တကယ်လို့များ တုန်ခါသွားရင် သွေးကြောကိုထိခိုက်ပြီး သေရင်သေ၊ မသေရင် ရူးမှာပဲ၊ ဒါကြောင့် အတွင်းအားနဲ့ထိန်းပြီး နုတ်ရတာ"

ချိန်ရိုက ထိုအခါမှ သဘောပေါက်သွားလေတော့ဏ်။

"ဒါကြောင့် ဦးလေးက ချွေးပြန်နေတာကိုး၊ အတော်ပင်ပန်းသွားမှာပဲနော်"

ယီစန်းသက်က ...

"ကဲ ... ကဲ ... ဝါသခင်လေးရဲ့ အခြေအနေက စိတ်ချသွားရုပါပြီ၊ မင်းတို့ ထိုင်ကြဦး၊ မင်းတို့ကို ငါ စကားနည်းနည်းပြောစရာရှိသေးတယ်၊ ကြဲကြိုက်တုန်း ပြောရတာကွ"

ထိုစဉ်မှာပင် အဘွားအိုတစ်ယောက် ဝင်လာဏ်။

ထိုအဘွားအိုမှာ ယီကျောင်နန်၏အမေ ဖြစ်ဏ်။

အားလုံးက အဘွားအိုအား ကြိုဆိုဂါရဝပြုလိုက်၏။

အဘွားအိုက ...

"ထိုင်ကြ ... ထိုင်ကြ၊ ဝါသခင်လေးအခြေအနေ ဘယ်လိုရှိသေးသလဲ၊ စိတ်ချရပြီလား"

ယီစန်းသက်က ...

"ကုသပြီးသွားပါပြီ၊ ဘာမှ မဖြစ်တော့ပါဘူး၊ ထိုင်ပါဦး"

အဘွားအိုမှာ တောင်ဝှေးတစ်ချောင်းကို ဆောင်ထားသော်လည်း လူပ်ရှားမှုလျင်မြန်၏။

မျက်လုံးများက စူးရှတောက်ပပြီး နားထင်မှာလည်း ချိုင့်ဝင်နေလေသည်။

အဘွားအိုက ...

"ဘာပြောစရာရှိလို့လဲ၊ ကျောင်နန်မကောင်းတဲ့ကိစ္စတွေ ပြောမလို့လား၊ ဒါက ဘာပြောစရာလိုလို့လဲ၊ အားလုံး သိကြပြီးတဲ့ကိစ္စပဲဟာ"

ယီစန်းသက်က ...

"ဒါတွေရော တခြားကိစ္စတွေရော ပြောစရာရှိလို့ပါ"

အဘွားအိုက ထပ်မပေးတော့ပါ။

ကုလားထိုင်တစ်လုံး၌ ထိုင်ချလိုက်သည်။

ယီစန်းသက်က ကျင်လင်ငါးဖော်ဘက် လှည့်ကာမေးလိုက်၏။

"ငါက မင်းတို့ကို သိုင်းပညာရော၊ ဆေးပညာရော အတင်းအကျပ်မသင်ခိုင်းဘူး၊ မင်းတို့လုပ်ချင်တာ လုပ်ခွင့်ပေးခဲ့တယ်၊ အရက်သောက် အပျော်အပါးလိုက်တာတွေကအစ ငါ မတားခဲ့ဘူး၊ အဲဒါ ဘာကြောင့်လဲ သိသလား"

ယီကျောင်နန်က ...

"မသိပါဘူး၊ ဒါပေမယ့် ဖေဖေ့မှာ အကြောင်းရှိနေပြီ ထင်တယ်"

ချန်ရိုက ...

"ကျွန်တော်တို့ အပျော်အပါးလိုက်စားတဲ့ အကျိုးကျေးဇူးကြောင့်လည်း ဝါသခင်လေးကို ကယ်တင်နိုင်တာပဲ မဟုတ်လား"

ယီစန်းသက်က ပြုံးရွှင်ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ ဝါသခင်လေးကို ကယ်တင်ခဲ့တာဟာ တို့မိသားစုက သူ့ကို ကျေးဇူးပြန်ဆပ်တာပဲ၊ သိုင်းလောကမှာ အန္တရာယ်ကျတုန်းက ဝါထင်းဟုန်ဟာ ရှေ့ကနေ ဦးဆောင်ပယ်ရှင်းခဲ့တယ်"

ယီကျောင်နန်သည် ခေါင်းညိတ်၍ ...

"ဟုတ်ကဲ့ ... ကျွန်တော်သိပါတယ်၊ ကျွန်တော် ကြားပါတယ် ဖေဖေ"

ယီစန်းသက်က ...

"ငါ ဘာကြောင့် မင်းတို့ကို အပျော်အပါးလိုက်စားတာကို မတားခဲ့သလဲဆိုတာရော မင်းတို့ သိချင်ကြသေးသလား"

ကျင်လင်ငါးဖော်က ခေါင်းညိတ်လိုက်ပြီး ပြုံရွှင်တူပြောလိုက်ကြ၏။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ သိချင်ပါတယ်"

အဘွားအိုက ...

"အေး ... ဝါမိသားစုဟာ တို့တစ်တွေအပေါ် ကျေးဇူးရှိခဲ့တယ်၊ ငါက ကျေးဇူးမဆပ်နိုင်သေးတဲ့ အတွက် သူတို့အတွက် နေ့တိုင်း

ဆုတောင်းပေးရဲပဲ တတ်နိုင်ခဲ့တယ်၊ ဒါတွေထားပါတော့၊ မင်းတို့ တတွေကို ဆုံးမဘဲ လွှတ်ထားခဲ့တာကတော့ မှားတယ်လို့ ငါ ယူဆတယ်၊ မင်းတို့ အပျော်အပါးလိုက်စားလို့သာ ဝါသခင်လေးကို မင်းတို့ ပြောတာလည်း မှားတယ်"

သမားတော် ယီစန်းသက်က ရယ်မောလိုက်၏။

"ငါ့သားတွေဟာ တိုးတက်မှုမရှာဘူးလို့ မင်း ထင်လို့လား"

"ဒီလောက် အပျော်အပါးလိုက်စားနေမှတော့ ဘယ်လိုလုပ်ပြီး တိုးတက်တော့မှာလဲ၊ အပျော်အပါးများနေတော့ တိုးတက်ဖို့အားထုတ်မှုမှာ နည်းနေတာပေါ့"

သမားတော် ယီစန်းသက်က ခေါင်းခါယမ်းရင်း ...

"သိုင်းလောက တည်ငြိမ်ခဲ့တာ နှစ်နှစ်ဆယ်ရှိပါပြီ၊ တစ်နေ့မှာ ပြန်ပြီးလှုပ်ရှားလာဦးမယ်လို့ ငါ ယူဆတယ်၊ ရုံးနိမ့်လို့ငြိမ်နေခဲ့ရတဲ့ ဒုစရိုက်သမားတွေဟာ ကျေနပ်ကြမှာ မဟုတ်ဘူး၊ ပြန်ပြီးတော့ ထကြွလာမှာပဲ"

ယီစန်းသက်က စကားကိုရပ်လိုက်ပြီး သားငါးယောက်နှင့် အဘွားအိုကိုကြည့်လိုက်၏။

အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြောင်း တွေ့ရသဖြင့် စိတ်ကျေနပ်သွားသည်။

"သိုင်းလောကဟာ ၄ က်ခါးပုံသလိုပဲကွ၊ နိမ့်ချည်မြင့်ချည် ဖြစ်နေတာပဲ၊ အေးငြိမ်းသွားလို့ ဆူပူလာလိုက်၊ အေးငြိမ်းသွားလိုက် ဆူပူလာလိုက်နဲ့ တစ်ပြန်စီဖြစ်နေတာပဲ"

အားလုံး စိတ်ဝင်စားနေကြသည်။

ယီစန်းသက်က ...

"အခုတော့ ငါမျှော်မှန်းခဲ့တဲ့ တစ်နေ့ကိုရောက်လာပြီ၊ မင်းတို့ မှတ်မိကြဦးမှာပါ၊ ငါတို့ ကိုးကွေးမှာတိုက်ခိုက်ကြရတယ်၊ တကယ့်ကို အပြင်းအထန် တိုက်ခိုက်ခဲ့ကြတယ်၊ အဲဒီမှာ ငါတို့ နိုင်ခဲ့တယ်"

ယီကျောင်နန်က ခေါင်းညိတ်သည်။

"မှတ်မိပါတယ် ဖေဖေ"

"အဲဒီတိုက်ပွဲမှာ ငါတို့ဟာ ဆုံးရှုံးရမယ့် ဆေးကျမ်းတွေ မဆုံးရှုံးတော့ဘူး၊ ဆေးကျမ်းတွေအားလုံး ပြန်ရခဲ့တယ်၊ ဒီဆေးကျမ်းလေ့လာခဲ့ရတယ်၊ ငါဟာ သမားတော်အကျော်အမော်တစ်ယောက် ဖြစ်ခဲ့ရတယ်၊ သိုင်းလောကမှာ ပြန်လည်ရှင်သန်ခဲ့ရတယ်"

သူ ခဏနားပြီးမှ ဆက်ပြောသည်။

"ငါ့ဆေးကျမ်းတွေ ပြန်ရခဲ့တာဟာ ဝါထင်ဟုန်ရဲ့ကျေးဇူးကြောင့်ပဲ၊ သူက ရန်သူတွေကို တိုက်ခိုက်အနိုင်ယူခဲ့တယ်၊ အဲဒီကတည်းက ဒီကောင်တွေကို သတ်ပစ်ဖို့ကောင်းတယ်၊ ဝါထင်ဟုန်ဟာ တကယ်စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပဲ၊ သူဟာ ရန်သူတွေကို မသတ်ခဲ့ဘူး၊ အဲဒီကတည်းက ဒီကောင်တွေဟာ သိုင်းလောကကို ဆူဆူပူပူဖြစ်အောင် ပြန်လှုပ်လိမ့်မယ်လို့ ငါ မျှော်မှန်းခဲ့တယ်"

သူသည်ပြောရင်း အာခြောက်ဟန်ဖြင့် ရေနွေးတစ်ခွက်ကို သောက်လိုက်၏။

ပြီးမှ စကားဆက်လိုက်သည်။

"ဒါကြောင့် ငါက သိုင်းလောကရဲ့သတင်းကို အမြဲနားစွင့်နေခဲ့တယ်၊ ပြီးတော့ ဒီမြို့မှာအခြေချပြီး ကောင်းမှုတွေလုပ်ခဲ့တဲ့

အတွက် ငါ့မှာ မိတ်ဆွေတွေပေါများလာခဲ့တယ်၊ အဲဒါပဲ အချိုပင်စိုက်ရင် အချိုသီးစားရမယ်၊ အချည်ပင်စိုက်ရင် အချည်သီးစားရမှာပဲလို့ ငါ ယုံခဲ့တယ်"

ချန်ရိုက ...

"ဒါဆို ကျွန်တော်တို့ကို ဒီလို လွှတ်ပေးထားတာကလည်း သိုင်းလောကသစ္စာင်းတွေကို လိုချင်လို့လား"

ယီစန်းသက်က ...

"မင်းတို့က သတင်းရအောင်တော့ မတတ်နိုင်သေးပါဘူး၊ ဒါပေမယ့် မိတ်ဆွေတွေ များလာခဲ့တယ်၊ အခုလည်း မမျှော်လင့်ဘဲ ဝါသခင်လေးကို ကယ်တင်နိုင်ခဲ့တယ် မဟုတ်လား၊ မင်းတို့ဟာ သိုဒ်းပညာလည်း မဆိုးကြပါဘူး၊ စိတ်ထားလည်း ကောင်းကြတဲ့ သူတော်ကောင်းကလေးတွေပါပဲ"

ထိုစကားကြောင့် ကျင်လင်ငါးဖော်မှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ခေါင်းငုံ့သွားကြလေ၏။

ယီစန်းသက်က စကားဆက်လိုက်၏။

"ငါ့ရဲ့ရည်ရွယ်ချက် အမှန်ကတော့ မင်းတို့ကို လွှတ်ထားတဲ့ အတွက် သိုင်းလောကရဲ့ ပြောင်းလဲမှုကို သဘောပေါက်လာအောင် မိတ်ဆွေတွေ များလာအောင်၊ ပြဿနာတစ်ခု ဖြစ်ပေါ်လာရင် ဝါမိသားစုကို အကူအညီပေးနိုင်အောင်ပဲ"

အားလုံး ခေတ္တမျှ ငြိမ်သက်သွား၏။

အတန်ကြာမှ အဘွားအိုက ဥအပ်ကလေးကို ညွှန်ပြရင်း ...

"ရှင် ဒီနေ့ စကားလည်းအများကြီး ပြောပါလား၊ ဒီအပ်လေးက ရှင့်ကို စိတ်ညစ်အောင်လုပ်လိုက်လို့ ထင်တယ်"

ယီစန်းသက်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ်၊ မင်း စဉ်းစားကြည့်စမ်း၊ ကျားယန်ဟာ ဟော်ဆက်မယ် တစ်ယောက်၊ ဒါပေမယ့် သူ့ရဲ့သိုင်းပညာအဆင့်က မနိမ့်ဘူး၊ ဘာကြောင့် ဇာတ်မြို့ပ်ထားရသလဲ၊ ပြီးတော့ သူက ဘာကြောင့် ဝါသခင်လေးကို လုပ်ကြံရသလဲ၊ ဒါဟာ သိုင်းလောကရဲ့ အလွှပ်အထွေးတစ်ခု စတင်လိုက်တာပဲ၊ အသေးစိတ်ကတော့ ပြီးမှပဲ ဝါသခင်လေးကို မေးကြည့်ရမယ်"

ထိုစဉ် ...

"အား ... ရင်တွေပူလိုက်တာ"

ဟု ညည်းညူသံနှင့်အတူ ဝါယင်လုံက လူးလဲထလာလေ၏။

သမားတော် ယီစန်းသက်က ...

"ဝါသခင်လေး ... ခဏလောက် လှဲနေပါဦး"

ဝါယင်လုံ မျက်လုံးဖွင့်ကြည့်လိုက်၏။

အဘိုးအိုတစ်ယောက်၊ အဘွားအိုတစ်ယောက်အပါအဝင် လူငယ်လေးများက သူ့အား ဝိုင်းကြည့်နေကြသည်ကို တွေ့လိုက်ရ၏။

သူက အားယူထထိုင်ရင်း ...

"ဒါ ဘယ်နေရာလဲ"

သမားတော် ယီစန်းသက်က ...

"ကျုပ်ရဲ့ ဂေဟာပါ"

ဝါယင်လုံသည် အခန်းကို တစ်ချက်လှည့်ပတ်၍ အကဲစတ်ကြည့်လိုက်သည်။

ပြီးမှ မေးခွန်းတစ်ခု ထပ်မံ ထုတ်လိုက်ပြန်၏။

"ခင်ဗျားကကော ဘယ်သူလဲ"

"ကျုပ်က ကျန်းနန်သမားတော် ယီစန်းသက်ပါ"

ဝါယင်လုံ အံ့သြသွား၏။

သူသည် သမားတော်တစ်ဦး၏ နေအိမ်သို့ မည်သို့မည်ပုံရောက်ရှိနေရပါသနည်း။

ထို့ကြောင့် သူက ...

"ကျွန် ... ကျွန်တော် ဘာရောဂါများ ရလို့ပါလဲ"

ယီစန်းသက်က ...

"ဝါသခင်လေးဟာ သွေးကြောကို မေ့ဆေးအပ်နဲ့ ပိတ်ခံထားရလို့ပါပဲ"

"မေ့ဆေးအပ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျားယန်ကော"

"ကျားယန်ဟာ ကျင်လင်းက အပျော်မယ်တစ်ယောက်ပဲ"

ဝါယင်လုံ ခုတင်ပေါ်မှဆင်းလိုက်ပြီး ...

"အင်း ... ကျားယန်က မခေဘူးဗျ၊ သူ ဘယ်မှာနေသလဲ၊ ကျုပ် သူ့ကိုသွားတွေ့ရမယ်"

ယီစန်းသက်က ...

"ခဏနေပါဦး၊ သူ ဒီမှာရှိမနေတော့ဘူးလို့ ထင်ပါတယ်"

ဝါယင်လုံသည် ယခုမှ သူ့အား အဘိုးအို၏ သိကျွမ်းသည့် ပုံစံပေါ်နေကြောင်း သိလိုက်၏။

သူကမူ အဘိုးအိုအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပါ။

"ဦးလေးက ကျွန်တော့်ကို ဘယ်လိုလုပ်သိတာလဲ"

"ဝါသခင်လေးကိုတော့ မသိပါဘူး၊ ဒါပေမယ့် ဝါသခင်လေးရဲ့ မိဘတွေကိုတော့ မြင်ဖူးထားလို့ပါ၊ ကဲ ... ဒါတွေကို ထားလိုက်ပါတော့၊ အခု သခင်လေးကိုယ်မှာ ဘာများ ခံစားရသေးသလဲ"

ဝါယင်လုံက သမားတော်သည် သူ၏မိဘများနှင့် တွေ့မြင်ဖူးသူဟုဆိုသဖြင့် စိတ်အေးသွားသည်။

ချက်ချင်းပင် သမားတော် ယီစန်းသက်အား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။ ဤကား အထက်တန်းကျသူတို့၏ ယဉ်ကျေးမှု၊ နိမ့်ချမှုပင်တည်း။

သမားတော် ယီစန်းသက်ကလည်း လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"ကဲ ... သခင်လေးကိုမှာ ဘာမှမခံစားရတော့ဘူးဆိုရင် သခင်လေးကို မေးချင်လို့ပါ"

သမင်းတော် ယီစန်းသက်သည် မိမိအား ဖခင်နှင့်ပတ်သက်၍ လေးစားဖော်ရွေစွာ ဆက်ဆံနေသဖြင့် သူက အားနာသွားသည်။

သူက ပြန်လည်ပြုံးပြလိုက်ပြီး ပြောပြသည်။

"ကျွန်တော်က မေ့ဆေးတို့ အဆိပ်တို့ကြောင့်တော့ ဘာမှ မဖြစ်နိုင်ပါဘူး"

ယီစန်းသက်က ...

"ကဲ ... ကဲ ... သခင်လေး ထိုင်ပါဦး"

ဝါယင်လုံ ထိုင်လိုက်၏။

ယီစန်းသက်က ယီကျောင်နန်ဘက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်။

"ကဲ... သားတို့ ဝါသခင်လေးကို ဘယ်လိုကယ်တင်လာခဲ့ရသလဲဆိုတာ ပြောပြလိုက်ပါကွယ်"

◆ ◆ ◆

အခန်း (၁၅)

ငွေဂေဟာသို့ အဝင်

ယီကျောင်နန်က ပျာပျာသလဲ ရှင်းပြလိုက်လေ၏။

ယီကျောင်နန်က ကျားယန်နှင့်တွေ့ခဲ့ရာမှ ယခုအချိန်အထိ အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်သည်။

ယီစန်းသက်က...

"သခင်လေး တောက်လျှောက်သတိမေ့နေရတာက ဟောဒီ ဆွေအပ်နဲ့ နောက်စေ့ကသွေးကြောကို ထိုးစိုက်ထားလို့ပဲ"

ဟုပြောရင်း ငွေအပ်လေးကို ထောင်ပြလိုက်သည်။

ဝါယင်လုံက အားလုံးကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်အရိုအသေပြုလိုက်ပြီး ပြောလိုက်လေသည်။

"အခုလို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဦးတို့တစ်တွေသာ မကယ်ရင်ရင် ကျွန်တော့်ဘဝ ဘယ်လိုဖြစ်မယ်ဆိုတာ မသိတော့ပါဘူး"

ယီစန်းသက်က...

"ဒါနဲ့ မင်း ပစ္စည်းတွေဘာတွေ ပျောက်သေးသလား"

သတိပေးလိုက်သည်။

ဝါယင်လုံက သူဂ အတွင်းခံကိုယ်ကျပ်အင်္ကျီကို လက်နှင့်စမ်းသပ်လိုက်၏။

မြပုလဲသုံးလုံးနှင့် စာကို တွေ့လိုက်ရ၏။

ကျန်သည့် ပစ္စည်းများကို သူ အရေးမထားပါ။

ယခု သူ့ကိုယ်ပေါ်မှပစ္စည်းများမှာ တစ်စုံတစ်ရာမျှ ပျောက်ရှခြင်း မရှိခဲ့ချေ။

ထို့ကြောင့် သူက ယီစန်းသက်အား လေးစားစွာပြောကြားလိုက်လေသည်။

"တစ်ခုမှ မပျောက်ပါဘူးခင်ဗျာ"

ယီစန်းသက်က အံ့သြသွားပြီး ...

"ကျားယန်က ဘာကြောင့် မရှာဖွေတာလဲ၊ ဒါနဲ့ မင်းက ဘယ်လိုလုပ် အဖမ်းခံရတာလဲ"

ဝါယင်လုံ၏ မျက်နှာမှာ နီရဲသွားသည်။

"ကျွန်တော် ပေါ့ဆမိလို့ပါ"

ဟု အစချီရင်း အသေးစိတ် ပြောပြလိုက်သည်။

ကျင်လင်ငါးဖော်က ဝါယင်လုံ အဆိပ်ကိုမကြောက်ဟူသည့် စကားအား မယုံကြည်ကြပါ။

သမားတော် ယီစန်းသက်ကမူ ဘာမျှမပြောဘဲ ခေါင်းညိတ်နေသည်။

သူ့ရင်ထဲ၌ မရှင်းသောအချက်တစ်ခုသာ ရှိ၏။

ဖမ်းဆီးမိသော ဝါယင်လုံအား အဘယ့်ကြောင့် မရှာဖွေပါသနည်း။

အခန်းမှာ ငြိမ်သက်တိတ်ဆိတ်သွား၏။

အတန်ကြာသောအခါ ချန်ရိုက တိတ်ဆိတ်မှုကို မလိုလားဟန်ဖြင့် ...

"ကျားယန်က ဘာကြောင့် ဝါသခင်လေးကို ဖမ်းရသလဲဆိုတာ စဉ်းစားမရရင် ကျားယန်ဆီကို သွားမေးမယ်၊ သူနဲ့ ဒီကိစ္စကို အပြတ်ရှင်းရမယ်"

သမားတော် ယီစန်းသက်က ...

"သွားတာတော့ ဟုတ်ပါတယ်၊ ကျားယန်က ငွေကေဟာမှာ နေတာဆိုတော့ သူတို့ ထောင်ချောက်ဆင်နိုင်တယ်၊ သွားလို့ မဖြစ်ဘူး၊ ကျားယန်ကို အန္တရာယ်ပြုလိုက်တာနဲ့ နောက်ကွယ်ကလူတွေဟာ ချောက်ကွယ်သွားမယ်၊ ရန်သူကို သတိပေးလိုက်သလို ဖြစ်သွားမယ်၊ ဒါတွေကို မင်းတို့ စဉ်းစားမိကြရဲ့လား"

အဘွားအိုက တောင်ဝှေးကိုဆောင့်ရင်း ပြောလေ၏။

"ကိစ္စမရှိဘူး၊ ရန်သူများချင်များပါစေ၊ ငါပါ သူတို့နောက်လိုက်သွားမယ်၊ သခင်လေးအတွက် ငါ တြိုးစားပေးမယ်"

သူမက တက်ကြွစွာ ပြောခြင်းဖြစ်သည်။

ယီစန်းသက်က ...

"မင်းက အိုနေပြီ၊ တိုက်ခိုက်နိုင်တယ်ဆိုဦးတော့ ပျော်တော်ဆက်မယ်အဆောင်အထိ ဝင်လို့ရမှာ မဟုတ်ဘူး"

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး ...

"ဒီကိစ္စဟာ ကျွန်တော်ပေါ့ဆလို့ အခုလိုဖြစ်ရတာပါ၊ ကျားယန်အကြောင်းလည်း သိချင်ပါတယ်၊ သူဟာ ဘာကြောင့် အပျော်ဟန်ဆောင်နေတာလဲ၊ ဒါတွေကို ကျွန်တော် ရှင်းပါ့မယ်၊

ကျွန်တော့်ကို ကယ်တင်ခဲ့တဲ့ အတွက် နောက်ထပ်ကူညီဖို့တော့ မတောင်းဝံ့တော့ပါဘူ ”

ယီစန်းသက်က လေးနက်စွာပြောလေ၏။

“ကိစ္စမရှိဘူး၊ မင်းရဲ့ဖေဖေကို ကျေးဇူးဆပ်တာပဲ၊ ငါတို့အပေါ် မင်းဖေဖေရဲ့ ကျေးဇူးတွေ ရှိနေတယ်”

ချန်ရိုက ...

“သခင်လေးတစ်ယောက်တည်း သွားတာကို ကျုပ် မလွှတ်နိုင်ဘူး၊ ဘာအခက်အခဲရှိရှိ ကျုပ်တို့ ကူညီရမှာပဲ၊ သခင်လေးတို့ ဝါမိသားစုကလည်း ဒီအတိုင်းပဲ မဟုတ်လား၊ ကျုပ်တို့က ဝါမိသားစုကို စံနမူနာယူနေကြတဲ့ လူငယ်တွေပါ၊ ဒီတော့ အခုလိုကူညီခွင့်ရတုန်း ကူညီပါရစေ”

ဝါယင်လုံမှာ ထိုစကားကြောင့် အံ့သြဝမ်းသာသွားလေသည်။

ဤမိသားစုမှာ တကယ့် မိသားစုပင်။

ကျေးဇူးကို တကယ်မမေ့တတ်သော မိသားစု ဖြစ်နေသည်။ ဤမိသားစုမျိုးနှင့် တွေ့ကြုံရသည်မှာ သူ့အဖို့ ကံကောင်းခြင်းတစ်ရပ်ပင် ဖြစ်တော့သည်။

“အင်း ... ညီအစ်ကိုတို့ရဲ့စကားကို ကြားရတော့ ကျွန်တော် ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ ပြောမပြတတ်အောင်ပါပဲ၊ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထသွားပါတယ်ဗျာ”

ယီကျောင်နန်တို့မှာ ခေါင်းငုံ့သွားကြသည်။ သူတို့လည်း ဝမ်းသာသွားကြ၏။

“ကျွန်တော့်ကို သခင်လေးလို့ မခေါ်ကြပါနဲ့တော့ဗျာ၊ ကျွန်တော်တို့ တစ်တွေဟာ ညီအစ်ကိုအရင်းတွေလို ခံစားနေကြရပါပြီ၊

ဘကယ်ဆို ညီအစ်ကိုအရင်းတွေတောင် ဒီစကားမျိုး မပြောကြပါဘူး၊ ကျွန်တော်နဲ့နာမည် ဝါယင်လုံပါ၊ နာမည်ပဲ ခေါ်ကြပါခင်ဗျာ”

ချန်ရိုက ...

“ကောင်းတယ်၊ ယင်လုံလို့ပဲ ခေါ်မယ်၊ သခင်လေးလို့ ခေါ်တဲ့သူ လိမ်ပစ်ရမယ်”

သူ၏စကားကြောင့် တစ်ခန်းလုံး ရယ်မောသံများ ညံထွက်သွားလေတော့၏။

သမားတော် ယီစန်းသက်က ဝါယင်လုံအား တစ်ချက်ကြည့်လိုက်ပြီး ...

“ယင်လုံ တစ်ကိုယ်လုံးပေကျံနေတာပဲ၊ သူ့ကို ရေချိုးအနားယူပြီး စားသောက်ဖွယ်ရာတွေ စီစဉ်ပေးလိုက်ပါဦး”

အချန်သည် မသိမသာ ကုန်ဆုံးသွားလေ၏။

အားလုံးမှာ ယခင်ကထက် ပို၍ ရင်းနှီးလာ၏။

စားသောက်ရင်း စကားလက်ဆုံကျနေသည်။

ဝါယင်လုံမှာ သူ၏ လာရင်းကိစ္စကို လျှို့ဝှက်မနေတော့ပါ။

သူက ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောလိုက်သည်။

ဤကဲ့သို့ စိတ်ထားရှိသူများမှ ဖွင့်မပြောလျှင် မည်သူ့ကို နှိုင်းပြောရမည်နည်း။

သူသည် စီးမာဂေဟာလုပ်ကြွမှုအတွက် စုံစမ်းရန် ထွက်လာခြင်းဖြစ်ကြောင်း ...

ယခုတစ်လော ရှန်မုဂိုဏ်းမှာ လူပ်ရှားလာကြောင်း ...

ရှန်မုဂိုဏ်းသည် ယခင်က ကျူးယင်ဂိုဏ်း ဟုတ်မဟုတ်ကို သိလိုကြောင်း ...

ထို့အပြင် ကျောက်စိမ်းပန်းအိုးယင်ယင်အကြောင်း အားလုံးပြောပြလိုက်၏။

သူတို့က တိုင်တိုင်ပင်ပင်နှင့် ဆွေးနွေးလာခဲ့ရာ နောက်ဆုံးကျားယန်အကြောင်းသို့ ရောက်လာခဲ့သည်။

သမားတော် ယီစန်းသက်က ...

"ကျားယန်က ယင်လုံကိုဖမ်းတာဟာ အကြောင်းရင်းတော့ ရှိရမယ်၊ အကြောင်းမရှိဘဲနဲ့တော့ ကျင်လင်ကို ဖမ်းခေါ်လာမှာ မဟုတ်ဘူး"

ချန်ရီက ...

"ဒါက စဉ်းစားလို့မရပါဘူး၊ သူ့ကို မေးကြည့်မှပဲရမှာ"

ဝါယင်လုံက ...

"ဟုတ်တယ်၊ ကျွန်တော် သူနဲ့တွေ့ချင်သေးတယ်"

ယီစန်းသက်က စဉ်းစားလိုက်ပြီးနောက် သဘောတူလိုက်၏။

"မင်း သွားချင်တယ်ဆိုရင် တစ်ယောက်တည်းတော့ မသွားနဲ့၊ ယီကျောင်နန်ကိုပါ ခေါ်သွား"

"ဟုတ်ကဲ့"

ချန်ရီ၏ မျက်နှာ ရူပုပ်သွား၏။

သူ့ကို ပစ်ပယ်ထားသလို ဖြစ်နေသည် မဟုတ်ပါလား။

ယီစန်းသက်ကတော့ သင့်လျော်မည့်လူကို ခေါ်သွားစေခြင်း ဖြစ်သည်။

သူက ဝါယင်လုံအား မြင်မြင်ချင်းပင် မိတ်ဆွေကောင်းများ သဖွယ် ခင်မင်မိ၏။

ထို့ကြောင့် သူကပါ လိုက်ခွင့်ပြုရန် အတင်းပင် ပူဆာလေသော့သည်။

နောက်ဆုံး ယီစန်းသက်က မတတ်သာသဖြင့် သွားခွင့်ပြုလိုက်ရတော့၏။ မပြုလျှင် သူစိမ်းဆန်ရာ ကျဉ်းပေလိမ့်မည်။

ယီစန်းသက်က ...

"မင်းတို့ အခုသွားရမယ့်ကိစ္စက ပါးနပ်ရမယ်၊ ဉာဏ်လည်းဆာရမယ်၊ ဒါကြောင့် ချန်ရီက နေရာတကာ ဝင်မစွက်ပါနဲ့"

ချန်ရီလုံက ခေါင်းညိတ်ရင်း ...

"ဟုတ်ကဲ့ ... ကျွန်တော် ပါးစပ်ပိတ်ထားပါ့မယ်"

သူက ဝါယင်လုံနှင့်အတူ လိုက်ခွင့်ရသဖြင့် ဝမ်းသာနေ၏။

ယီစန်းသက်က ...

"ကဲ ... သွားကြတော့၊ ကိစ္စပြီးတာနဲ့ မြန်မြန်ပြန်လာ၊ မလိုလားအပ်တဲ့ တိုက်ခိုက်မှုတွေ မဖြစ်စေနဲ့"

ဝါယင်လုံက ...

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်တော် ထိန်းပါ့မယ်"

သူတို့ ကတိပေးပြီးနောက် ဂေဟာအတွင်းမှ ထွက်လာကြလေသော့သည်။

◆ ◆ ◆

လမှာ ထိန်ထိန်သာနေ၏။

ကျင်လင်မြို့ကလေးမှာ ညဉ့်နက်သည့်တိုင် လူစည်ကားဆဲပင် ဖြစ်သည်။ ပိုက်ဆံရှိသောလူများ သုံးဖြုန်းနေခြင်းပင်တည်း။

ကျင်လင်ငါးဖော်မှာ ကျင်လင်မြို့တွင် မသိသူမရှိသလောက် ထင်ရှား၏။

ထို့ကြောင့် တစ်လမ်းလုံး တွေ့သမျှလူများက နှုတ်ဆက်နေသောကြောင့် သွားလာရသည်မှာ နှောင့်နေးမှုဖြစ်လာ၏။

ချန်ရိမှာ ကျားယန်နှင့်တွေ့ရန် စိတ်စောနေ၏။

ယခု ခရီးမတွင်သောကြောင့် မျက်နှာမှာ အလိုမကျဖြစ်လာ၏။

ဝါယင်လုံက ကျင်လင်ငါးဖော်အနက် ချန်ရိ၏သဘောထားကို အကဲခတ်နေမိ၏။

ချန်ရိမှာ သဘောကောင်း၏။

ပွင့်လင်းရိုးသား၏။

ဉာဏ်ကိုမူ သိပ်အသုံးမချတတ်ခွေ။

သို့သော် မိတ်ဆွေအတွက်ဆိုလျှင်မူ သူ၏အရေးကိစ္စနှယ် ရှေ့တန်းတင် ဆောင်ရွက်တတ်သောကြောင့် သူကလည်း အလိုလို ခင်မင်လာမိသည်။

ဝါယင်လုံက ချန်ရိနှင့် စကားစမြည် ပြောဆိုလိုက်၏။

ဤသို့ဖြင့် ချန်ရိနှင့် တဖြည်းဖြည်း ခင်မင်ရင်းနှီးလာ၏။

ချန်ရိက ...

"တို့ ညီအစ်ကိုဖွဲ့ရအောင်"

ဝါယင်လုံက သဘောတူလက်ခံကာ ...

"ကျွန်တော်က ၁ လပိုင်း၊ ၁၉ ရက် ဆိုတော့ ၁၈ နှစ်"

ချန်ရိက ရယ်မောလိုက်ပြီး ...

"ဒါဆို ငါ့ကို အစ်ကိုလို့ခေါ်တော့၊ ငါ မင်းထက် တစ်နှစ်ကြီးတယ်"

ဝါယင်လုံ ပြုံးလိုက်ပြီး ...

"ဒါဆိုလည်း အစ်ကိုလုပ်ပေါ့ဗျာ"

ချန်ရိ ဝမ်းသာကာ အားရပါးရ ရယ်မောလိုက်သည်။

ဝါယင်လုံက ...

"ဒါထက် အစ်ကို့ဆရာက ဘယ်သူလဲ"

"ဆရာ သိပ်မတော်ပါဘူး"

"အစ်ကို့ မိဘတွေကော နေကောင်းသလား၊ ညီအစ်ကို ဘယ်နှစ်ယောက် ရှိသလဲ"

"ဖေဖေဆုံးသွားတာ နှစ်မနည်းတော့ပါဘူး၊ အစ်ကို့မှာ ညီမလေးတစ်ယောက်ပဲ ရှိတယ်၊ ညီလေးကို ပြောပြရဦးမယ်၊ ငါ့ညီမလေးက သိပ်ထက်တယ်၊ ကျားမလေးလိုပဲ၊ သူ့ကိုတွေ့ရင်တော့ သတိသာ ထားနေပေတော့"

စကားတပြောပြောနှင့် လျှောက်လာကြရာ မကြာမီ ဂေဟာရှေ့သို့ ရောက်လာတော့သည်။

ယီကျောင်နန်တို့ တံခါးဝသို့ရောက်လာသည်နှင့် အစောင့်တစ်ယောက်က ပြေးထွက်လာပြီး ကြိုဆိုလိုက်၏။

"သခင်လေးတို့ ရောက်လာပြီကိုး၊ သခင်မလေး ကျားယန်စောင့်နေတာ ကြာပါပြီ၊ စားသောက်ဖွယ်ရာတွေလည်း အဆင့်သင့်ပြင်ထားပါတယ်၊ ကြွပါခင်ဗျာ အထဲကို ကြွပါ"

အစောင့်၏ ဆီးကြိုနှုတ်ဆက်မှုကြောင့် သူတို့သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့၏ ရင်ထဲ၌ အံ့အားသင့်နေကြ၏။

ကျားယန်နှင့်သူတို့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်၏။

ကျားယန်မှာ သူမကို မလွှဲမသွေ လာရောက်မည်ကို ကြိုတင် သိထားပြီး ရှောင်တိမ်းနေရပေမည်။

ယခုမူ ရှောင်တိမ်းခြင်းမပြုသည့်အပြင် သူတို့ကိုပင် စောင့် မျှော်နေ၏။

အားလုံး အတွေးကိုယ်စီဖြင့် ရပ်နေမိကြ၏။

တိမ်ဥ အစောင့်က အတွင်းဘက်သို့ လှမ်းအော်ပြောလိုက်၏။

"သခင်လေးယီကျောင်နန်တို့ ရောက်လာပါပြီ"

ယီကျောင်နန်က ဝါယင်လုံအား လှမ်းမေးလိုက်လေ၏။

"တို့ အထဲကိုသွားကြမလား၊ ကျားယန် မရှောင်တိမ်းဘဲ စောင့်နေတာတော့ အံ့သြစရာပဲ၊ ခင်ဗျား ဘယ်လိုလုပ်မလဲ"

ဝါယင်လုံ တစ်ချက်စဉ်းစားပြီး ...

"အခြေအနေကြည့်ပြီး လုပ်ရမှာပေါ့၊ သူ့မှာ ဘာအကြံအစည် ရှိနေသလဲဆိုတာ လိုက်ကြည့်ရမယ်"

ယီကျောင်နန်က ...

"စကားပဲပြောမှာလား၊ တိုက်ခိုက်ဦးမလား"

ဝါယင်လုံက ...

"ခင်ဗျားရဲ့အဖေက သေသေချာချာ မှာလိုက်တယ်၊ ဒီတော့ မတိုက်ခိုက်ကြပါနဲ့၊ ဒါကို ကျွန်တော်တို့ လိုက်နာရမယ်"

ယီကျောင်နန်သည် ခေါင်းညိတ်ပြလိုက်ပြီး ချန်ရိဘက်သို့ လှည့်ကာ ...

"ချန်ရီ မင်းလက်ကို သတိထား"

"ဟုတ်ကဲ့"

"ဒါနဲ့ ခင်ဗျားမှာ ဘာအကြံရှိသလဲ"

ဝါယင်လုံက ...

"အခုထိတော့ အကြံမရှိသေးဘူး"

"ကောင်းပြီလေ ... ကျုပ်တို့ ခင်ဗျားရဲ့အခြေအနေကို ကြည့်ပြီး သုပ်ရှုပ်ပါ့မယ်"

ယီကျောင်နန်က ပြောရင်း အစောင့်အား လမ်းပြခိုင်းကာ အတွင်းသို့ ဝင်လာခဲ့လေတော့သည်။

သူတို့အားလုံး အဆောင်အတွင်းသို့ ဝင်လာကြ၏။

အဆောင်ထဲ၌ အခြေအနေထူးခြားခြင်း မရှိပါ။

တွေ့မြင်နေကျ လူများကိုသာ တွေ့ရ၏။

သူတို့က လျှောက်လာရင်း ကျားယန်နေထိုင်သော သီးသန့် အဆောင်ကလေးဆီသို့ ရောက်ရှိလာ၏။

အဆောင်ကလေးမှာ ရေကန်၏အလယ်၌ တည်ရှိ၏။

ရေကန်ပတ်လည်တွင် လှပသော ပန်းပင်ကလေးများကို အစီ အရီ စိုက်ပျိုးထားလေသည်။

ဝါယင်လုံ၏စိတ်ထဲ၌ ကြိတ်တွေးလိုက်၏။

"အင်း ... ကျားယန်က ပျော်တော်ဆက်မယ်သာ ဆိုတယ် နေထိုင်တာကတော့ အဆင့်မြင့်လှချည်လား"

ထိုစဉ် အစောင့်က လက်ညှိုးထိုးပြကာ ...

"အဲဒါ ကျားယန်နေတဲ့ အဆောင်ပါပဲ၊ အထဲမှာ သခင်မလေး ဆောင့်နေပါတယ်"

ယီကျောင်နန်က အစောင့်အား ငွေအကြွေအချို့ ပေးလိုက်၏။

အစောင့်က အရိုအသေပြုကာ ထွက်သွားသည်။

ထိုစဉ် ကျားယန်၏အသံက ထွက်ပေါ်လာ၏။

"သခင်လေးယီကျောင်နန်က ကျွန်မဆီလာတဲ့နေရာကိုတောင် မမှတ်မိတော့ဘူး ထင်တယ်၊ လမ်းပြတွေတောင် ခေါ်လို့ပါလား"

ယီကျောင်နန်က ...

"ဘာပဲဖြစ်ဖြစ် ရောက်လာဖို့ကသာ လိုရင်းလေ၊ အခု ရောက်လာပြီ မဟုတ်လား"

ကျားယန်က ရယ်မောလိုက်ပြီး ...

"ကဲပါ ... ရှင့်ရဲ့ မိတ်ဆွေသစ်တွေကိုပါ ခေါ်လာခဲ့ပါ၊ အထဲမှာ စားသောက်ဖွယ်ရာတွေကို ပြင်ဆင်ထားတာ အေးတောင်အေးကုန်တော့မယ်"

ရွှင်အော်က အဆောင်ရှေ့မှထွက်၍ ကြိုဆိုလိုက်သည်။

ဝါယင်လုံ တွေးတောနေ၏။

"အင်း ... သူက ငါတို့ လာမယ်ဆိုတာ ကြိုသိနေပါလား၊ ဒီတစ်ခါလည်း သိပ်ပြီး သတိထားမှ တော်ရုံကျနိုင်မယ်၊ နို့မဟုတ်ရင်တော့ ..."

သူတို့က အဆောင်အတွင်းသို့ လှမ်းဝင်လိုက်၏။

ထို့နောက် ကျားယန်၏ရှေ့၌ဝင်၍ ထိုင်လိုက်ကြသည်။

ရွှင်အော်က ဝါယင်လုံ၏ဘေးနှင့် အဝတ်အိတ်ကို လာပေး၏။

ကျားယန်က ...

"ကဲ ... စစ်ဆေးကြည့်ပါဦး၊ ရှင့်ရဲ့ပစ္စည်းတွေ ပျောက်လား မပျောက်လားလို့"

ဝါယင်လုံပြုံး၍ ...

"ပစ္စည်းပျောက်တာတော့ မကြောက်ပါဘူးဗျာ၊ နောက်တစ်ခါ အပ်နဲ့အထိုးခံရမှာပဲ ကြောက်ပါတယ်"

ကျားယန်က ရယ်မောလိုက်ပြီး ပြောသည်။

"ရှင့်ကို ဒီလို မလုပ်ချင်တော့ပါဘူးရှင်၊ အရက်ထဲမှာ အဆိပ်ပါမှာ မကြောက်ရင်တော့ လွတ်လွတ်လပ်လပ် သောက်နိုင်ပါတယ်"

ရွှင်အော်က အရက်ထည့်ပေးရန် ဟန်ပြင်လိုက်၏။

ဝါယင်လုံက ဟန့်တားလိုက်ပြီး ပြော၏။

"နေဦး ... အရက်အိုးမှာ အဲဝက်ရှိမရှိ စစ်ဆေးကြည့်ရဦးမယ်"

ဝါယင်လုံက ရယ်မောရင်းပြောလိုက်ခြင်း ဖြစ်သည်။

ကျားယန်က ...

"ဒီလောက် မစိုးရိမ်ပါနဲ့ရှင်၊ အရက်အိုးထဲမှာ အဲဝက်မရှိပါဘူး၊ အရက်ကတော့ ရှင် မသောက်ရဲရင် မသောက်နဲ့ပေါ့"

ယီကျောင်နန်က အရက်ကိုင့်ကာ ...

"ကဲပါလေ ... အဆိပ်ပါချင်လည်း ပါ၊ ပါစေ၊ တို့ကတော့ သောက်ရမှာပဲ"

"ကျွန်မ အရင်သောက်ပြပါ့မယ်၊ ရှင်တို့ ကျွန်မအပြစ်ကို ခွင့်လွှတ်ကြပါ"

ကျားယန်က အရင်ဦးစွာ တစ်ခွက်သောက်ပြလိုက်၏။

ဝါယင်လုံ ဘာမျှပြန်မပြောပါ။

အရက်ခွက်ကိုယူ၍ မော့ချလိုက်၏။

ပြီးမှ ယီကျောင်နန်တို့ဘက်သို့ မျက်စပစ်ပြလိုက်၏။

ယီကျောင်နန်နှင့် ချန်ရိုက အဆိပ်မပါကြောင်း သိလိုက်သဖြင့် အရက်ကို ယူသောက်လိုက်ကြ၏။

ကျားယန်က မေးလေ၏။ သူမ၏ပုံစံမှာ ယခင်က ဘာမှမဖြစ်ဘူးသည့်အတိုင်းပင်။

"ကျွန်မအမှားကို ကျွန်မ ဝန်ခံပြီးပြီ၊ ရှင်တို့ အပြစ်ယူကြဦးမှာလား"

ချန်ရိုက တဲ့တိုးသမား ဖြစ်၏။

ယခု သူတို့ရောက်လာကြသည်အထိ လိုရင်းစကား မပြောဖြစ်ကြသေးပါ။

သူ ရည်ရွယ်ချက်ပျောက်မည်ကို စိုးရိမ်မိ၏။

ထို့ကြောင့် သူက ဝင်ပြောလိုက်၏။

"အပြစ်ကျူးလွန်ပြီး ဝန်ခံတိုင်း ခွင့်လွှတ်ရမှာလား၊ ဘာကြောင့် ယင်လုံကို ဖမ်းခေါ်ရတာလဲ၊ ရှင်းရှင်းလင်းလင်း ပြောပါ"

ယီကျောင်နန်မှာ ချန်ရိစကားကြောင့် ကျားယန်ကို အားနာသွားလေ၏။

အခြေအနေ တင်းမာသွားမည်ကိုလည်း စိုးရိမ်၏။

သို့သော် ကျားယန်က အပြီးမပျက်ပါ။

"ဟုတ်ပါတယ်၊ ကျွန်မမှာ အပြစ်ရှိပါတယ်၊ ဒါပေမယ့် ရှင်စကားပြောမောက်မာလို့ ရှင့်ကို အပြစ်ပေးရမယ်၊ အရက်တစ်ခွက် သောက်ပါ"

ယီကျောင်နန် စိတ်သက်သာရာ ရသွား၏။

ဝါယင်လုံ အခြေအနေကို ဝင်ထိန်းလိုက်၏။

"ငါတို့ အရက်သောက်ကြတာပေါ့၊ ပြီးမှ စကားပြောကြမယ်၊ ဒါမှလည်း စကားဝိုင်းက စိုပြည်မှာ"

သူသည်ပြောရင်း အရက်ကို သောက်လိုက်၏။

ချန်ရိ မသောက်ဘဲ နေလိုက်သည်။

သူတစ်ခွက် ငါတစ်ခွက်ဖြင့် သောက်နေကြရာ တဖြည်းဖြည်း၊ အချိန်မှာ ကုန်မှန်မသိ ကုန်ခဲ့သည်။

ကျားယန်က ယီကျောင်နန်အားကြည့်ကာ...

"ကျွန်မတို့ မတွေ့တာတောင် အတော်ကြာသွားပြီနော်"

ယီကျောင်နန်က ပြောလိုက်လေသည်။

"အေး...ငါလည်း မင်းကို သိပ်သတိရတာပဲ"

သူတို့သည် ထွေရာလေးပါးစကား ပြောဆိုနေကြသည်။

ချန်ရိမှာ စိတ်မရှည်တော့ပါ။

အချိန်သာ ကုန်လာ၏။

လာရင်းကိစ္စကို မမေးဖြစ်ကြသေးပါ။

သူသည် စိတ်တိုလာပြီး စားပွဲခုံကို လက်ဖြင့်ပုတ်ချလိုက်၏။

အားလုံးက ချန်ရိအား ဝိုင်းကြည့်လိုက်ကြ၏။

ချန်ရိက ယီကျောင်နန်နှင့် ဝါယင်လုံအား လက်ညှိုးထိုးကာ...

"မင်းတို့က မျက်နှာရူးတွေပဲ"

ယီကျောင်နန် အံ့အားသင့်သွားပြီး...

"မင်း ငါ့တို့ကို ဘယ်လိုပြောလိုက်တာလဲ"

"မင်းတို့က မျက်နှာရူးတွေ၊ လှပတဲ့မိန်းကလေးရှေ့ ရောက်ရင် သွားရည်ကျနေကြတယ်၊ ပြောသင့်တဲ့စကားတွေကို မပြောကြဘူး၊ အလကားကောင်တွေ၊ ဒါကို ငါမကြိုက်ဘူး"

ယီကျောင်နန်သည် ဒေါသထွက်လာပြီး...

"မင်း...မင်း"

ချန်ရိုက ဝုန်းခနဲထရပ်ကာ ရင်ဆိုင်သည်။

"မင်းတို့ကို ငါ ဒီလိုကောင်တွေမှန်းမသိလို့ ပေါင်းမိတာ၊ ကျင်လင်ငါးဖော်ထဲက ငါ ထွက်တယ်ကွ၊ သွားမယ် ... ငါ ကျင်လင်ငါးဖော် မဟုတ်တော့ဘူး"

ထွက်သွားရန် ဟန်ပြင်လိုက်၏။

ဝါယင်လုံကမူ သူ့ဇင့်မဆိုင်သည့်အလား အေးအေးဆေးဆေး ဝင် အရက်သောက်နေ၏။

ယီကျောင်နန်က ဟန့်တားလိုက်၏။

"ချန်ရိ ... ပြန်လာ"

"မင်းတို့ကောင်တွေနဲ့ ငါ မတွဲတော့ဘူးကွ"

ကျားယန် သက်ပြင်းချရင်း ပြောသည်။

"ဝါသခင်လေး ရှင့်ကို တကယ်လေးစားပါတယ်"

အဆက်အစပ်မရှိဘဲ သူမက ပြောချလိုက်သည်။

ချန်ရိ ထိုစကားကြောင့် ကြောင်သွားပြီး ပြန်မေးလိုက်သည်။

"မင်း သူ့ကို ဘာများလေးစားလို့လဲ"

ကျားယန်က ...

"သူ့ရဲ့ တည်ကြည်မှု၊ ပြီးတော့ ခန့်ညားမှု"

"ခန့်ညားမှုဆိုတာ ဘာလဲ"

"ရှင် ပြန်လာပါဦး"

ဝါယင်လုံက ပြုံး၍ ပြောလိုက်၏။

"ငါလည်း မင်းကို ချီးကျူးပါတယ်၊ မင်းဟာ သိပ်ဉာဏ်ကောင်းတဲ့ မိန်းကလေးပဲ"

ကျားယန်က ...

"ဉာဏ်ဘယ်လောက် ကောင်းကောင်း၊ တည်ငြိမ်မှု မရှိရင် အလကားပါပဲ၊ ဒါကို ကျွန်မရှင်းပြဖို့ မလိုပါဘူးရှင်"

ဝါယင်လုံက ...

"ငါ ဒီအဆောင်ကို စစ်ဆေးကြည့်ပြီးပါပြီ၊ လူတစ်ယောက်မှ ပုန်းအောင်းမနေပါဘူး၊ ဒီတော့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ချန်ရိ အခန်းဝမှ ပြန်လျှောက်လာ၏။

"အေး ... မင်းတို့ စကားပြောမယ်ဆိုရင် ငါ မပြန်တော့ဘူး"

သူသည် မူလကုလားထိုင်တွင် ပြန်ထိုင်ချလိုက်၏။

ကျားယန်က ...

"ကျွန်မဆရာက ပြောသွားပါတယ်၊ ဝါမိသားစုဟာ အထင်သေးလို့ မရဘူးတဲ့၊ ကျွန်မရဲ့ ညီဖျင်းမူကြောင့် အခုတော့ လျှို့ဝှက်မှုတွေ ပေါ်ကုန်ပါပြီ"

ဝါယင်လုံက မေးလိုက်၏။ သူ့အမေးက မထူးဆန်းပါ။

သိုင်းလောကၦ မေးလေ့မေ့ထရှိသော အမေးမျိုးပင်။

"ခင်ဗျားဆရာက ဘယ်သူလဲ၊ ဒီငွေဂေဟာကကော ခင်ဗျားတို့ ဖွင့်ထားတာပဲ မဟုတ်လား"

ကျားယန်က ...

"ကျွန်မ ဆရာနာမည်က ဖန်းစုရိပါ"

"ဖန်းစုရိ"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ဒီဂေဟာကို ဖွင့်ထားတာလည်း မှန်ကန်ပါတယ်၊ ကျွန်မရဲ့ဆရာဟာ ကျောက်စိမ်းပန်းအိုး ယင်ယင်ရဲ့

ဂိုဏ်းတည်ပေါ့၊ သူ့ရဲ့ သိုင်းပညာဟာလည်း ယင်ယင်နဲ့အတူတူ ပေါက်ပါပဲ”

ထိုစကားကြောင့် ဝါယင်လုံ စိတ်ဝင်စားသွား၏။

ယင်ယင်အား ရှာတွေ့ရန် သဲလွန်စရပြီဟုလည်း တွေးမိ၏။

ထို့ကြောင့် အလောတကြီး မေးလိုက်၏။

“ယင်ယင် ဘယ်မှာရှိသလဲ”

ကျားယန်က...

“ယင်ယင်သေပြီလို့ ကြားတယ်”

ထိုစကားကြောင့် ဝါယင်လုံ စိတ်ပျက်သွားရ၏။

“သေတာ ဘယ်လောက်ကြာပြီလဲ၊ သူ့ကိုကော တွေ့ဖူးလို့လား၊ အကြားနဲ့ တွေ့ဖူးတာမျိုး မဟုတ်ဘူး၊ ကိုယ်တိုင် တွေ့ဖူးရဲ့လား လို့ မေးတာပါ”

ကျားယန်က...

“ကျွန်မ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က တွေ့ခဲ့ဖူးပါတယ်၊ သူဟာ တကယ့်ကို လှပပြီးတည်ငြိမ်တဲ့ အမျိုးသမီးတစ်ယောက်ပါ၊ စိတ်ထားလည်း သိမ်မွေ့နူးညံ့ပါတယ်”

“သူသေပြီဆိုတာ ဘယ်ကကြားတာလဲ”

“ဆရာ့ဆီကပါ”

“မင်းဆရာကကော ဘယ်မှာလဲ”

“ဆရာက အရင်ကတော့ ဒီဌေးဟာမှာပဲ နေထိုင်ပါတယ်၊ အခုတော့ မရှိတော့ပါဘူး၊ ထွက်ခွာသွားပါပြီ”

“ဘာကြောင့်လဲ”

ကျားယန်က မျက်နှာကိုအောက်ငုံ့ကာ...

“ကျွန်မလုပ်ရပ် မှားသွားလို့ပါ၊ ရှင့်ကို ကျင်လင်မြို့ကို ခေါ်မလာသင့်ဘူး”

“မင်းဆရာက ငါ့ကို မတွေ့ချင်လို့လား”

“ဒါလည်း တစ်ကြောင်းပါဝင်ပါတယ်၊ ပြီးတော့ ရှင့်ကိုလည်း အန္တရာယ်မပြုချင်တာကြောင့်လည်း ပါပါတယ်”

ယီကျောင်နန်က ဝင်မေးလေ၏။

“မင်းတို့ ဒီမှာ ဌေဂေဟာကိုဖွင့်ထားတာဟာ ဂိုဏ်းတစ်ခုဖွဲ့ထားတာပဲ မဟုတ်လား”

ဝါယင်လုံ စဉ်းစားနေ၏။

သူမ၏ဆရာကို သူ မသိပါ။

အဘယ့်ကြောင့် သူ့အား မတွေ့ချင်ရပါသနည်း။

ကျားယန်က...

“ကျွန်မ အခုမှာတော့ ဘာမှမဖုံးကွယ်လိုတော့ပါဘူး၊ ဟုတ်ပါတယ်၊ ဆရာက မိန်းကလေးဂိုဏ်းတစ်ခုဖွဲ့ဖို့ ကြိုးစားနေပါတယ်၊ ဂိုဏ်းသားမှန်သမျှ မိန်းကလေးတွေချည်းပေါ့”

ဝါယင်လုံ မျက်မှောင်ကြုတ်သွားလေ၏။

“အောက်လမ်း အဖွဲ့အစည်းပဲပေါ့”

ကျားယန် ခေါင်းခါသည်။

“အထက်လမ်း အောက်လမ်းရယ်လို့ မဟုတ်ပါဘူး၊ ဆရာရဲ့ ရည်ရွယ်ချက်က...”

သူမက ဆက်မပြောဘဲ ရပ်တန့်လိုက်၏။

ဝါယင်လုံက...

“ရည်ရွယ်ချက်က ဘာလဲ”

"ဆရာ့ရဲ့ရည်ရွယ်ချက်ကတော့ ရှင်တို့မိသားစုကို အကူအညီပေးဖို့တဲ့၊ ရှင် ယုံကြည်တာ မယုံကြည်တာတော့ ကျွန်မနဲ့ မဆိုင်ပါဘူး၊ ဒါပေမယ့် ဒီစကားကို မပေါက်ကြားဖို့တော့ ပြောပါရစေ"

ဝါယင်လုံက ထိုစကားကြောင့် ရယ်မောလိုက်သည်။

"ဝါမိသားစုကို ကူညီမလို့၊ ဟား ... ဟား ... ဟား ... ငါတို့က မိန်းကလေးဂိုဏ်းရဲ့ အကူအညီ ..."

ကျားယန်က ကြားဖြတ်ပြောလိုက်၏။

"ရှင် စကားကို လွယ်လွယ်နဲ့မပြောပါနဲ့၊ ရှင့်ရဲ့အဘွားဟာလည်း အမျိုးသမီးထဲက ထက်မြက်တဲ့လူတစ်ယောက်ပါ၊ ပြီးတော့ ရှင့်ရဲ့အစ်မနှစ်ယောက်ဟာလည်း ထက်မြက်တဲ့ အမျိုးသမီးတွေပဲ မဟုတ်လား"

ဝါယင်လုံက ပါးစပ်ပိတ်သွားသည်။

ကျားယန်က ဆက်ပြောလိုက်၏။

"ယင်ယင်ဟာလည်း ရှင့်အဖေကို တော်တော်မြတ်နိုးပြီး ရှင့်အဖေအတွက် ကိုယ်စားခံသွားရတဲ့ အမျိုးသမီးတစ်ဦးပဲ မဟုတ်လား၊ ဒါတွေကို ရှင် ခံစားသိပါ၊ မိန်းမတွေကို အထင်သေးတဲ့စကား မပြောပါနဲ့"

"ဂိုဏ်းတူအစ်မ ..."

ရွှင်အော်က အော်ဟစ်လိုက်၏။

ကျားယန်က ခေါင်းညိတ်လိုက်ပြီး ...

"ကျွန်မ ဒီနေ့စကားပြောတာတွေ တော်တော်များနေပြီ၊ ရွှင်အော်က ကျွန်မကို သတိပေးတာပဲ၊ ရှင်တို့ ကျွန်မကို ကျေးဇူးတင်ဖို့ကောင်းတယ်"

ဝါယင်လုံက လိုရင်းကို ပြောချလိုက်သည်။

"အာပဲဖြစ်ဖြစ်လေ မင်းဆရာနဲ့ ငါ တွေ့ချင်တယ်၊ စီစဉ်ပေးနိုင်မလား၊ မင်း စီစဉ်ပေးရင်တော့ ဖြစ်နိုင်ပါတယ်"

ကျားယန် ခေါင်းခါသည်။

"ကျွန်မ မတတ်နိုင်ပါဘူး"

"မင်း ဘာလို့မတတ်နိုင်ရမှာလဲ၊ ဒီကိစ္စဟာ ခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး"

ကျားယန်က ပြုံးလိုက်ပြီး ...

"ရှင်က စီးမာမိသားစုကို လုပ်ကြံတဲ့လူဟာ ကျွန်မရဲ့ ဆရာလို့ ထင်နေလို့လား"

ဝါယင်လုံက ...

"မင်းက ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ဟုတ်မဟုတ် မင်းဆရာပဲ သိမှာပေါ့၊ ဒီတော့ မင်းဆရာနဲ့တွေ့ဖို့ စီစဉ်ပေးပါ"

"ရှင် မှားနေပါပြီ၊ စီးမာဂေဟာလုပ်ကြံမှုဟာ ဆရာနဲ့ ဘာမှမဆက်သက်ပါဘူး၊ ပြဒါးတစ်လမ်း သံတစ်လမ်းရှင့်"

"စီးမာဂေဟာကို လုပ်ကြံတဲ့တရားခံဟာ ကျောက်စိမ်းပန်းအိုးထားခဲ့တယ်၊ ဒါဟာ ယင်ယင်ရဲ့အမှတ်အသားပဲ၊ ဒီတော့ မင်းရဲ့ဆရာဟာလည်း ဒီကိစ္စနဲ့ ဆက်နွယ်နေမှာပဲ၊ ဒါကြောင့်သာ ကျုပ်ကို ရှောင်နေတာဖြစ်ရမယ်"

ကျားယန်က သက်ပြင်းချကာ ...

"ကျွန်မက ဆရာ့ကိုကာကွယ်နေတာ မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောပြတာပါ၊ ရှင်ယုံချင်မှ ယုံနိုင်ပါတယ်၊ တချို့ကိစ္စတွေကို ကျွန်မ ညာပြောခဲ့ပေမယ့် ဒီကိစ္စကတော့ အမှန်အတိုင်းပါ"

ဝါယင်လုံက ...

"အမှန်အတိုင်းဆိုရင် အထောက်အထားပြလေ၊ ငါဖုံမှာပေါ့၊ မင်း ဘယ်လို အထောက်အထားပြနိုင်မလဲ"

"မပြတော့ မပြနိုင်ပါဘူး"

"အေး ... ငါ မင်းဆရာနဲ့ တွေ့ချင်တယ်၊ တရားခံပဲဖြစ်ဖြစ် လုပ်ကြံတဲ့လူပဲဖြစ်ဖြစ် မင်းဆရာက ငါ့ကိုရှောင်တဲ့အကြောင်းကိုပဲ သိချင်သေးတယ်"

ကျားယန်က ခေါင်းကိုခါယမ်းကာ ...

"ဆရာနဲ့တွေ့ဖို့က ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး၊ ဆရာက ဒီနယ်က ထွက်သွားပါပြီလေ"

"ငါ အကြမ်းနည်း မသုံးချင်ဘူး"

အခြေအနေမှာ တဖြည်းဖြည်း တင်းမာလာသည်။

ထို့ကြောင့် ယီကျောင်နန်က ...

"ယင်လုံ မလောနဲ့၊ သူ့စကားက ယုံသင့်ပါတယ်"

ဝါယင်လုံက ယီကျောင်နန်ဘက်သို့ လှည့်လိုက်ပြီး ...

"ဘာကြောင့် ယုံကြည်ရတာလဲ"

ယီကျောင်နန်က ...

"ကျားယန်က သူပြောသင့်တဲ့ စကားတွေ သူပြောပြခဲ့တယ်၊ ဂိုဏ်းတည်ထောင်မယ်ဆိုတဲ့ လျှို့ဝှက်ချက်ကိုတောင် ဖွင့်ပြောတဲ့နောက် သူ့ရဲ့စကားဟာ အမှန်ပဲဖြစ်ရမှာပေါ့"

ချန်ရိကလည်း ...

"ဟုတ်တယ်၊ ကျားယန်ရဲ့ဆရာဟာ စီးမာမိသားစုနဲ့ မပတ်သက်နိုင်ဘူး၊ သူ့ကို အတင်းအကြပ်မေးနေတာ မတရားသလိုပဲ"

ဝါယင်လုံက ...

"ဘာကြောင့်လဲ"

"စီးမာမိသားစုနဲ့ ပတ်သက်နေမယ်ဆိုရင် သူက သူ့ဆရာရဲ့ ရာဇဝင်ကို ပြောပြပါ့မလား၊ မင်းပဲ စဉ်းစားကြည့်လေ၊ ငါဆိုရင် တော့ မပြောဘူး၊ လျှို့ထားမှာပဲ"

ဝါယင်လုံ တွေဝေသွား၏။

ကျားယန်က သူမဘက်က ကူညီပေးသော ချန်ရိတို့အား ကျေးဇူးတင်သွားသည်။

ကျားယန်က ...

"သခင်လေးချန်ရိကရော နားမလည်တာရှိရင် မေးပါ၊ ကျွန်မ တတ်နိုင်သလောက် ကြိုးစားဖြေပါ့မယ်"

ချန်ရိ ဝမ်းသာသွားပြီး ...

"တကယ်ဖြောတာလား၊ ငါ နားမလည်တာတွေ အများကြီး ရှိတယ်"

"မေးပါရှင်"

ဤအဖြေမှာ ချန်ရိအား ရေငတ်တုန်း ရေတွင်းထဲကျစေသော အမေးဖြစ်၏။ သူသည် စောစောက ယီကျောင်နန် ဝါယင်လုံတို့နှင့် စကားများခဲ့သည်။

သူ ဤဌေးဟာမှ ထွက်သွားမည်ကဲ့သို့ပင် ပြုမူခဲ့သည်။ သူတို့သုံးယောက် ဤဌေးဟာသို့ လာခဲ့ကြခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဝါယင်လုံကို ကျားယန်က အဘယ်ကြောင့်ဖမ်းသည်ကို သိရှိရန်ပင် ဖြစ်သည်။

ဤမေးခွန်းကလေးအတွက် သူတို့ ဤဌေးဟာသို့ လာကြခြင်း

ဖြစ်သည်။ စကားလုံးများသည် အလွယ်တကူပင် ချန်ရီ၏ပါးစပ်မှ ထွက်လာလေတော့၏။

"မင်း ဘာကြောင့် ဝါယင်လုံကို ဖမ်းလာရတာလဲ"

ချန်ရီမှာ ထိုအမေးကို မေးချင်နေသော်လည်း ဝါယင်လုံက မေးမြန်းမည်ဟု ယူဆကာ အောင့်အည်းနေခဲ့၏။

ယခုထိ မည်သူကမျှ မမေးသောကြောင့် သူ မေးလိုက်ခြင်းပင် ဖြစ်ပါသည်။

ကျားယန်မှာ ချန်ရီ၏အမေးကြောင့် ငေးကြောင်သွား၏။

ချန်ရီ ပြုံးလိုက်ပြီး ...

"မင်း ... မဖြေနိုင်တော့ဘူး မဟုတ်လား"

ကျားယန်၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ကျွန် ... ကျွန်မ ... "

စကားအထစ်ထစ် အငေါ့ငေါ့နှင့် ဝါယင်လုံကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ရွှင်အော်က ကြားဖြတ်ဝင်ပြောလိုက်၏။

"ဝါသခင်လေးကို ဖမ်းလာခဲ့တာ ဆရာ့အမိန့်မဟုတ်ပါဘူး၊ ကျွန်မရဲ့အစ်မက ဝါသခင်လေးကို မေတ္တာရှိ ... "

သူက စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။

ကျားယန်မှာ ခေါင်းငုံ့နေသည်။

ချန်ရီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝါယင်လုံက မထိမထိပြုံးကာ ...

"မင်းရဲ့စကားကို ငါ ယုံရမှာလား၊ မင်းတို့ ငါ့ကိုဖမ်းတုန်းက

ချိုဂာကိုလည်း မေ့ဆေးခတ်ခဲ့တယ်၊ အဲဒီအချိန်တုန်းက မင်း လူများလေ ကောင်းလေပေါ့လို့ဆိုခဲ့တယ် မဟုတ်လား"

ကျားယန် ခေါင်းထောင်လာပြီး ...

"ကျွန်မ အမှန်အတိုင်းပြောပါ့မယ်၊ ကျွန်မကို အရှက်မရှိတဲ့လူလို့လည်း မထင်စေချင်ပါဘူး"

ချန်ရီက ...

"ပြောပါ"

ကျားယန်က လေသံတိုးတိုးနှင့် ရှင်းပြသည်။

"ဝါသခင်လေးက ကျော်ကြားတဲ့မိသားစုက ဖြစ်တယ်၊ သိုင်းပညာလည်း ထက်မြက်တယ်၊ ရုပ်ရည်လည်း ချောမောတယ်၊ ဘယ်မိန်းကလေးမဆို စိတ်ဝင်စားကြမှာပဲ၊ ကျွန်မလည်း ဒါကြောင့် သူ့ကို ဖမ်းထားရတာပါ"

သူ့အကြောင်းပြချက်ကတော့ ဒါပဲဖြစ်သည်။

သူမက မျက်ရည်ဝဲလာပြီး ဆက်ပြောလိုက်၏။

"လူများလေ ကောင်းလေဆိုတဲ့စကားကတော့ ဆရာက အမျိုးသမီးဂိုဏ်းဖွဲ့ဖို့ ကြိုးစားနေတယ်၊ ဒါပေမယ့် အမျိုးသမီးအင်အားနဲ့ချည်း မအောင်မြင်နိုင်ပါဘူး၊ ဒီတော့ အဆင့်မြင့်တဲ့ သိုင်းသမားတွေကို ဂိုဏ်းထဲပါအောင် စည်းရုံးချင်တယ်၊ ရှင်ယုံတာ မယုံတာတော့ ကျွန်မ မတတ်နိုင်ဘူး၊ ကျွန်မပြောတဲ့စကားတွေကတော့ အမှန်ပါပဲ"

ဝါယင်လုံမှာ အံ့အားသင့်သွားသည်။

ကျားယန် မျက်ရည်ဝဲနေသည်ကို တွေ့ရသဖြင့် သနားကြင်နာစိတ်များ ဖြစ်ပေါ်လာသည်။

သူက ချန်ရီဘက်သို့လှည့်ကာ ...

"အစ်ကို ဘာမေးဦးမလဲ"

ချန်ရိုကလည်း ကျားယန်အား သနားသွား၏။

ထိုကြောင့် သူက ...

"မမေးတော့ပါဘူး"

"ကဲ ... မေးစရာမရှိရင်လည်း အရက်သောက်ကြရာပေါ့ဗျာ"

ထိုစဉ်မှာပင် အဆောင်အပြင်မှ အစောင့်တစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"သခင်မလေး ... ဧည့်သည်နှစ်ယောက်က သခင်မလေးနဲ့ တွေ့ချင်လို့ပြောပြီး ရောက်နေပါတယ်"

ကျားယန် မျက်မှောင်ကြုတ်သွားပြီး ...

"ဒီမှာ ဧည့်သည်တွေရှိနေတယ်လို့ မပြောပြလိုက်ဘူးလား"

အစောင့်က ...

"ပြောပြပါတယ်၊ ဒါပေမယ့် တွေ့ခွင့်မရရင် အဆောင်တစ်ခုလုံးကို ဖျက်ဆီးပစ်မယ်လို့ ပြောပါတယ်"

ထိုစကားကို ကြားသောအခါ စိတ်တိုလွယ်သော ချန်ရိုက ဒေါသထွက်လာပြီး ...

"ဒီကောင်တွေက ဘာကောင်တွေမို့လို့လဲ၊ ကျုပ် ထွက်ပြီး ဆုံးမလိုက်မယ်"

ကျားယန်က ဟန့်တားလိုက်ပြီး ...

"နေဦး ... ကျွန်မ မေးလိုက်ပါဦးမယ်၊ ဒီလူတွေက လူစိမ်းလား၊ လာနေကျလူတွေလား"

"လူစိမ်းတွေပါ၊ တစ်ဦးက မင်းသားလေးတစ်ယောက် ပုံစံ၊

တစ်ဦးကတော့ ရုပ်ဆိုးတယ်၊ အပြာရောင်ပိုးဖဝတ်ပြီး ဓားရှည်လွယ်ထားပါတယ်"

"နာမည်ကော သိသလား"

"ချိုလို့ပြောပါတယ်၊ သုံး အစ်ကိုကြီး၊ ငါး ညီလေးလို့လည်း ပြောသံကြားပါတယ်"

ထိုစကားကြောင့် ဝါယင်လုံ မတ်တပ်ရပ်လိုက်၏။

ကျားယန်က ...

"သူတို့ကို ခဏအချိန်ဆွဲထားလိုက်ပါ၊ ကျွန်မ လာခဲ့မယ်လို့"

အစောင့် ပြန်လည်ထွက်သွား၏။

ဝါယင်လုံက ...

"ချိုဟာဆိုရာ ကျုပ်ရှာရမယ့်လူဗျ၊ အခုတော့ ဒီမှာ အဆင့်သင့်ဆွဲနေရပြီ"

သူ့စကားကြောင့် ကျားယန် မျက်လုံးပြူးသွား၏။

"ဒီမှာတော့ ပြဿနာရှောင်ဖို့ တောင်းပန်ပါတယ်၊ ကျွန်မတို့က အမျိုးသမီးဂိုဏ်း တည်ထောင်ချင်သေးတယ်၊ ဒီဂေဟာရှိနေမှ ချဲ့ပုံဖွေရမှာမို့ပါ၊ ကျွန်မပြောတာကို သဘောပေါက်ပါရင်၊ ဒီအထိ ပြောရတာလည်း မကောင်းတော့ပါဘူး"

ဝါယင်လုံ သက်ပြင်းချမိလေ၏။

"ချိုဟာဆိုတာက စီးမာဂေဟာလုပ်ကြီးမှုနဲ့ ဆက်နွယ်နေတဲ့ သူတစ်ယောက်ဗျ"

ကျားယန်က ...

"ကျွန်မကို သနားရင် ကျွန်မအတွက် ကူညီပါ၊ ဒီမှာတော့ သူတို့တွေနဲ့ ရင်မဆိုင်ပါနဲ့၊ နောင်တွေ့ဖို့ အခွင့်အရေးတွေ အများကြီး

ရှိပါသေးတယ်ရှင်၊ သိုင်းလောကဆိုတာ တကယ်တော့ ကျဉ်းကျဉ်းလေးပါ”

ဝါယင်လုံ တွေးတောနေ၏။

ယခု ချိုဂွာတို့နှင့် မမျှော်လင့်ဘဲ လာကြုံတွေ့ရပြန်ပြီ မဟုတ်ပါလား။

ထို့ကြောင့် ရခဲသောအခွင့်အရေးကို လက်လွှတ်မခံချင်ပေ။

သူသည် ချိုဂွာအမည်တူနှစ်ယောက်ကိုလည်း တွေ့ခဲ့ပြီဖြစ်၏။ မည်သူသည် သူ့အတွက် ရန်သူဆိုသည်ကိုလည်း သိခဲ့ရလေပြီ။

ချိုဂွာတို့၏ လျှို့ဝှက်ချက်ကို သိချင်နေမိသည်။

ကျားယန်မှာ ဝါယင်လုံ တွေဝေနေသည်ကို တွေ့လိုက်ရသော အခါ ...

“ရှင်က ကျွန်မတို့ဂေဟာ ပျက်စီးသွားတာကို မြင်ချင်လို့လား”

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ပြီး ...

“မမြင်ချင်ပါဘူး”

ကျားယန်က ...

“ရှင့်ကို ကျွန်မ တစ်ခုပြောပါရစေ၊ ကျွန်မနဲ့ ကျွန်မဆရာဟာ သိုင်းလောကကို စောင့်ကြည့်နေတာ ကြာပါပြီ၊ ကျွန်မတို့သိသလောက်ဆိုရင် အုပ်စုနှစ်စုဟာ ရှင့်တို့ ဝါမိသားစုကို ဒုက္ခပေးဖို့ ကြံစည်နေပါတယ်၊ ဒီတော့ ကျွန်မတို့ဂွေဂေဟာ ပျက်စီးသွားရင် ရှင့်အတွက် အကျိုးမရှိတဲ့အပြင် နစ်နာနိုင်ပါတယ်၊ ကျွန်မဆရာက ပြောခဲ့တယ်၊ သူဟာ ရှင့်တို့ ဝါမိသားစုကို ဘယ်တော့မှ အန္တရာယ် မပြုပါဘူးတဲ့”

ဝါယင်လုံက ...

“ကောင်းပြီလေ ... ငါ ချိုဂွာကို ရင်မဆိုင်တော့ပါဘူး”

ကျားယန် ဝမ်းသာသွားပြီး ...

“ရှင် ကျွန်မကို ကူညီတဲ့အတွက် ကျွန်မကလည်း ရှင့်ကို ကူညီမှာပါ၊ ဒီကနေ ထွက်သွားပါတော့”

“ဒါဆို မင်းက်ရော၊ မင်းမှာ ပြဿနာဖြစ်ပြီး ကျန်နေခဲ့မယ်”

“ကိစ္စမရှိပါဘူး၊ ကျွန်မ စီစဉ်တတ်ပါတယ်၊ ရှင်အော် ... သူတို့ကို အနောက်ဘက်အပေါက်ကနေ ပို့လိုက်ပါ”

ရှင်အော်က ဓားနှင့်အဝတ်အိတ်အား ဝါယင်လုံကို လှမ်းပေးလိုက်ပြီး ရှေ့မှ လမ်းပြခေါ်သွားလေသည်။

သူတို့က နောက်မှလိုက်သွားကြလေတော့သည်။

◆ ◆ ◆

အခန်း (၁၆)

ကြက်တွန်သံ ဘုံကျောင်း

တုံ ... တုံ ... တုံ ...

အဝေးမှ အုန်းမောင်းခေါက်သံသုံးချက် ပေါ်ထွက်လာသည်။

ဝါယင်လုံတို့လူစုမှာ အိမ်သို့ ပြန်လာခဲ့ကြလေသည်။

ယီကျောင်နန်က အိမ်အနီးသို့ရောက်လာအခါ ...

"တစ်အိမ်လုံးလည်း မည်းမှောင်နေပါလား၊ အိပ်ကုန်ကြပြီနဲ့ တူတယ်"

ချန်ရိုက ...

"ဟုတ်မှာပေါ့၊ အချိန်မှ မနည်းတော့ဘဲ"

သူတို့သည်ပြောရင်း ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်၏။

ဂေဟာအတွင်း လှမ်းဝင်လိုက်သည်နှင့် အမှောင်ထုထဲမှ လူတစ်ယောက်ထွက်လာပြီး ဟန့်တားလာလေ၏။

"ယီကျောင်နန်လား"

ယီကျောင်နန်က ထိုလူမှာ ကောင်းစွန်ဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် သူက ...

"ဟုတ်တယ် ကောင်းစွန်၊ ဘာလို့ အိမ်ကိုအမှောင်ချပြီး ကင်းစောင့်နေရတာလဲ"

ကောင်းစွန်က ...

"ငါလည်း မသိဘူး၊ ဦးလေး စီစဉ်တာ၊ ဟုတ်စွန်က အနောက်ဆောင်မှာ၊ ကြီးကြီးက အလယ်ဆောင်မှာ၊ ဦးလေးကတော့ ဂေဟာစခန်ခုလုံးကို လှည့်ပတ်စောင့်နေတယ်"

"အခြေအနေရော ထူးခြားလို့လား"

"မထူးခြားပါဘူးကွာ၊ ဘယ်သူမှလည်း လာတာမတော့ပါဘူး"

ထိုစဉ် လူရိပ်တစ်ခုက ရောက်ရှိလာပြီး မေးခွန်းထုတ်လေ၏။

"မင်းက ဘာကြောင့် ဘယ်သူမှမလာဘူးလို့ ပြောနိုင်ရတာလဲ"

ထိုလူရိပ်မှာ သမားတော် ယီစန်းသက်ပင် ဖြစ်၏။

ကောင်းစွန်က ...

"ကျွန်တော် စောင့်နေတာကြာပါပြီ၊ ဘယ်သူမှလာတာကို မတွေ့ပါဘူး"

ယီစန်းသက်က ...

"မင်းတို့ထင်တာ မဟုတ်ဘူး၊ အုန်းမောင်းနှစ်ချက်ခေါက်တုန်းက လူတစ်ယောက် ဝင်လာတယ်ကွ"

"ခင်ဗျာ လူ ... ဟုတ်လား"

"ဟုတ်တယ် ... လူရိပ်ရဲ့ပုံပန်းသဏ္ဌာန်အရ မိန်းကလေးဖြစ်ဟန်တယ်၊ သူတို့က ဂေဟာထဲမှာ ကင်းပုန်းချထားတာကို တွေ့သွားလား မဝင်ဘဲ ပြန်ထွက်သွားတယ်"

ယီကျောင်နန်က ...

"ဖေဖေ မဖမ်းထားလိုက်ဘူးလား"

ယီစန်းသက်က ...

"သူက တော်တော်လေးကို ကိုယ်ဖော့ပညာ ကောင်းတယ်ကွ၊ လိုက်လို့မမီဘူး၊ ဒါနဲ့ မင်းတို့ကော အဆင်ပြေကြလား"

ယီကျောင်နန်က ...

"အဆင်ပြေပါတယ် ဖေဖေ"

"ကဲ ... ကဲ ... အထဲမှာထိုင်ပြီး စကားပြောကြတာပေါ့"

သူတို့သည် စကားပြောရင်း အလယ်ဆောင်သို့ ဦးတည်လျှောက်သွားကြသည်။

အလယ်ဆောင်သို့ ရောက်သောအခါ ဝိုင်းဖွဲ့လိုက်ကြလေ၏။

ယီစန်းသက်က သူတို့၏အတွေ့အကြုံကို မေးမြန်းသည်။

ယီကျောင်နန်က အစအဆုံး ပြောပြလိုက်ရသည်။

ယီစန်းသက်က စကားဆုံးအောင်နားထောင်ပြီးမှ ချန်ရိအားစိတ်လောသည့်အတွက် ဆုံးမစကားများ ပြောဆိုလေသည်။

ပြီးနောက် အဖြစ်အပျက်များကို ပြန်လည်သုံးသပ်လေ၏။

ချန်ရိက ...

"ကျားယန်ဟာ ကျွန်တော်တို့ကိုမရှောင်ဘဲ လက်ခံစကားပြောခဲ့တယ်၊ ဒီကို မိန်းကလေးတစ်ယောက် လာခဲ့စမ်းတယ်လို့ဆိုတော့ သူတို့အဖွဲ့ထဲကပဲ ထင်တယ်"

ယီစန်းသက်က ...

"မဖြစ်နိုင်ဘူး၊ လာတဲ့မိန်းကလေးက ဘာအကြံအစည်မှ မရှိ

ဘူး၊ လေ့လာရုံသက်သက်ပဲ၊ ဒီတော့ သူတို့နဲ့ မပတ်သက်နိုင်ဘူးလို့ ဆင်တယ်"

အဘွားအိုက ...

"ကဲ ... ကဲ ... နောက်နေ့ကျမှပဲ ဆက်ပြောပါတော့၊ အခုတော့ အနားယူဖို့ ကောင်းပြီ"

သူတို့သည် ရယ်မောရင်း လူစုခွဲလိုက်ကြသည်။

ယီစမ်းသက်တို့ဇနီးမောင်နှံက အနောက်ဆောင်၌အိပ်ပြီး ယီကျောင်နန်က အလယ်ဆောင်၌အိပ်၏။

ဝါယင်လုံနှင့် ကျန်လူများကမူ အရှေ့ဆောင်၌ အိပ်စက်လိုက်ကြသည်။

ညမှာ တိတ်ဆိတ်နေသည်။

လမှာလည်း ထိန်ထိန်သာနေသောကြောင့် ညရှုခင်းမှာ ကြည့်ရှု အလွန်လှနေ၏။

ဝါယင်လုံမှာ အခန်းထဲ၌ လဲလျောင်းနေ၏။

သူ မအိပ်နိုင်သေးပါ။

အတွေးများစွာ ဝင်ရောက်နေ၏။

စီးမာမိသားစုအကြောင်း ...

ကျောက်စိမ်းပန်းအိုး ယင်ယင်၏အကြောင်း ...

ယင်ယင်၏ သေတမ်းစာအကြောင်း ...

ကျားယန်၏အကြောင်း ...

ကျားယန်၏ ဆရာအကြောင်းများကို တွေးနေမိ၏။

ကျားယန်သည် သူ့အား စကားအတော်များများ ပြောခဲ့သည်။

ထိုစကားများသည် အမှန်ပင်လော။ အမှားများပင်လော။

သူတို့မိသားစုအား ဒုက္ခပေးရန် ကြိစည်နေသော အုပ်စုနှစ်စု ရှိသည်ဆိုသည်မှာ ခြိမ်းခြောက်ခြင်းပင်လော။

ချို့တွနှင့်သူ့ကို ပေးမတွေ့သည်မှာ ...

ချို့တွနှင့်သူမတို့က တစ်ဖွဲ့တည်းပင် ဖြစ်နေ၍လော။

အတွေးများက ချာလည်နေပြီး လူပေါင်းများစွာ၏ ရုပ်သွင်များ အာရုံတွင် ထင်ဟပ်လာ၏။

နောက်ဆုံး အိပ်ရာပေါ်၌ လူးလိမ့်နေရသည်ကို ငြီးငွေ့လာ၏။ အိပ်မရသောကြောင့် အတင်းမအိပ်လိုတော့ပါ။

ခုတင်ထက်တွင်ထိုင်ကာ အတွင်းအား လေ့ကျင့်မှုများ ပြုလုပ်နေတော့သည်။

အချိန်မည်မျှ ကြာသွားသည်မသိ။

တံခါးဖွင့်သံသဲ့သဲ့ ကြားလိုက်ရမှ သတိဝင်လာသည်။

ကြည့်လိုက်ရာ ...

အခန်းအတွင်းသို့ ချန်ရီတစ်ယောက် ခိုးကြောင်ခိုးဝှက် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

သူက အံ့သြသွားပြီးမေးရန် ဟန်ပြင်လိုက်သည်။

ချန်ရီ ပါးစပ်ရှေ့၌ လက်ညှိုးကိုကပ်ကာ ...

"ရှူး ... တိုးတိုး ..."

ဟု သတိပေးလိုက်၏။

ထို့ကြောင့် သူက အသံတိုးတိုးဖြင့် မေးလိုက်၏။

"အစ်ကိုချန်ရီ ဘာကိစ္စရှိလို့လဲ"

ချန်ရီက ...

"ငါ့နောက်လိုက်ခဲ့၊ မျက်နှာအလျင်သစ်၊ ဘယ်သူမှ မသိစေနဲ့"

ဝါယင်လုံက မျက်မှောင်ကြုတ်ကာ ...

"ကိစ္စရှိလို့လား"

"ကိစ္စတော့ မရှိပါဘူး"

ဝါယင်လုံ အံ့သြသွားပြီး ...

"ဘာလုပ်မလို့လဲ၊ ယီကျော်ငနှန်တို့ရော နိုးပြီလား"

"ဘယ်သူမှ မနိုးသေးဘူး၊ ငါတို့ တိတ်တိတ်လေးသွားကြရအောင်"

"ဘယ်ကိုသွားမလို့လဲ"

ချန်ရီက ...

"ကျင်လင်မြို့ဟာ ကြည့်စရာရှုစရာ လည်ပတ်စရာတွေ တကယ်များတဲ့မြို့၊ ဒီတော့ ထွက်ပြီးလည်မလို့၊ မင်းကို ငါလိုက်ပြချင်လို့၊ သူတို့နိုးလာရင် ငါတို့သွားလို့ရမှာ မဟုတ်ဘူး"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ပြီး ...

"ငါတို့ တိတ်တိတ်ကလေး ထွက်သွားလို့ မကောင်းပါဘူး"

"သူတို့သိရင် သွားခွင့်ရမှာ မဟုတ်ဘူးကွ၊ မင်း လိုက်မလား မလိုက်ဘူးလား"

ဝါယင်လုံမှာ လူငယ်တစ်ဦးပီပီ သွားချင်လာ၏။

ချန်ရီကို အားနာသဖြင့် မငြင်းချင်တော့ပါ။

သူက ချန်ရီအား ...

"တို့ တိတ်တိတ်ကလေးတော့ မသွားချင်ဘူး"

"ငါတို့ နေ့လယ်ပြန်လာမယ်ကွာ၊ ညကျရင် ကျားယန်ဆီ ဆပ်သွားမယ်၊ မင်းရဲ့ကိစ္စကို ထပ်ပြီးစုံစမ်းမယ်၊ ချို့တွကိုလိုက်ရှာမယ်၊ တာဝန်က တာဝန်ပဲ၊ လည်ပတ်တာက လည်ပတ်တာပဲ"

ဝါယင်လုံက ထိုစကားကြောင့် ခေါင်းညိတ်လိုက်ပြီး ...

"ငါ စာရေးခဲ့မယ်"

"နေ ... နေ ... ငါရေးလိုက်မယ်၊ မင့်း မျက်နှာသစ်"

သူကပြောရင်း သူတို့ထွက်လည်သည့်အကြောင်းကို စာရေးလိုက်၏။

စာရေးပြီးသည်အထိ ဝါယင်လုလံက မျက်နှာမသစ်သေးသောကြောင့် ချန်ရိုက ...

"မင်း မလိုက်ဘူးလား၊ ဘာလို့ မျက်နှာမသစ်သေးတာလဲ"

"မသစ်တော့ဘူး၊ အဝတ်နဲ့ပွတ်လိုက်ပြီးပြီ၊ သွားကြမယ်"

သူတို့သည် တိတ်တိတ်ကလေး ထွက်လာခဲ့ကြလေတော့၏။

ဤသို့ဖြင့် တစ်ညတာ လွန်မြောက်သွားခဲ့၏။

အမှောင်ထု ပျောက်ကွယ်သွားသည်။

တဖြည်းဖြည်း အလင်းရောင်ပေါ်လာ၏။

နေလည်း ထွက်ပေါ်လာပြီဖြစ်၏။

သမားတော် ယီစန်းသဲက်၏ ဂေဟာမှလူများ နိုးလာကြ၏။

အားလုံးက နံနက်စာစားရန် စုဝေးတော့မှ ...

ချန်ရိုနှင့်ဝါယင်လုတို့ကို မတွေ့ရသဖြင့် စိုးရိမ်သွားသည်။

သူတို့က ဂေဟာအတွင်းရှာဖွေရာမှ အပြင်သို့ထွက်၍ လည်ပတ်ကြောင်းစာကို တွေ့လိုက်သည်။

သမားတော် ယီစန်းသက်က စိတ်ပူသွားပြီး လူစုခွဲကာ ရှာဖွေခိုင်းလိုက်လေတော့သည်။

◆ ◆ ◆

ဝါယင်လုံနှင့် ချန်ရိုမှာ မြို့ထဲ၌လျှောက်လည်နေကြ၏။

ချိန်ရိုက ဝါယင်လုံအား ရှင်းပြနေ၏။

အတန်ကြာမှ ချန်ရိုက ...

"မြို့ထဲတော့ စုံပါပြီ၊ တို့တစ်တွေ ကြက်တွန်သံဘုံကျောင်းကို သွားကြရအောင်"

ဝါယင်လုံက ...

"အဲဒီ ကြက်တွန်သံဘုံကျောင်းက ဘယ်မှာလဲ"

"ချင်လျန်စန်းတောင်ပေါ်မှာ၊ အဲဒီကိုရောက်မှ လိုက်ကြည့်ကြတာပေါ့၊ ရှုခင်းရှုကွက်တွေ ကောင်းတယ်၊ သာယာတယ်"

ဝါယင်လုံက ဘာမှမေးမနေတော့ပါ။

ချန်ရိုနောက်မှ လိုက်လာခဲ့သည်။

ချင်လျန်စန်းတောင်မှာ ပေတစ်ထောင်ခန့်သာ မြင့်မားသောတောင်ကုန်းဖြစ်၏။

တောင်ထိပ်မှာလည်း ပေငါးဆယ်မျှသာ ကျယ်ဝန်း၏။

ကျေးငှက်တိရစ္ဆာန် ပေါများ၏။

ကြက်တွန်သံဘုံကျောင်းမှာ ချန်လျန်စန်းတောင်ထိပ်၌ရှိပြီး အဓိကစေ ပူဇော်သူများနှင့် စည်ကားနေ၏။

ယခုလည်း သူတို့ကက်လာသော လမ်းတစ်လျှောက်၌ ဘုရားပူဇော်ရန်လာသူများ၊ ပူဇော်ပြီး၍ ပြန်ဆင်းလာသူများကို ကြုံကြားကြုံကြား တွေ့နေရသည်။

ချိန်ရိုက ပြောလိုက်၏။

"ဒီကြက်တွန်သံဘုံကျောင်း နာမည်ကျော်တာဟာ သက်သတ်ပူတ်ဟင်းလျာကြောင့်ပဲ"

ဝါယင်လုံက ...

"သက်သတ်လွတ်ဟင်းလျာ ဟုတ်လား"

"ဟုတ်တယ်၊ ဒီဘုံကျောင်းရဲ့ဟင်းဟာ ဘယ်စားသောက်ဆိုင်ကမှ မမီပါဘူး၊ စားသောက်တဲ့အတွက်လည်း ငွေကြေးပေးစရာ မလိုဘူး၊ တဝစားရုံပဲကွ၊ ဟား ... ဟား ... ဟား"

သူတို့က စကားတပြောပြောနှင့် တောင်ပေါ်သို့ တက်လာကြလေတော့သည်။

ကြက်တွန်သံဘုံကျောင်းမှာ ဘုရားစာရွက်ဖတ်သံများ၊ တုံးခေါက်သံများမှာ ပတ်ဝန်းကျင်သို့ ပျံ့လွင့်နေ၏။

ဘုန်းတော်ကြီးသုံးဆယ်ခန့်မှာ ထိုင်၍ ဘုရားစာဖတ်နေကြ၏။

သို့သော် စားသောက်ခန်းမအတွင်း၌ ဘုန်းတော်ကြီးတစ်ပါးမှာမူ ဝါယင်လုံနှင့်ချန်ရိတို့ တက်လာသည်ကို စူးစိုက်ကြည့်နေ၏။

ဝါယင်လုံက သတိမထားမိပါ။

ဘုံကျောင်းပျက်အား တစ်ပတ်လှည့် ကြည့်ရှုလိုက်သည်။

ထိုအခိုက် ...

ဝါယင်လုံက တောင်အောက်သို့လှမ်းကြည့်မိပြီး ...

"အစ်ကို ... ဟိုမှာကြည့်စမ်း၊ အဲဒါ ကျားယန်ရဲ့မြင်းလှည်းမဟုတ်လား"

ချန်ရိက လှမ်းကြည့်ပြီး ...

"ဟုတ်ပါ့မလားကွ"

"ဟုတ်တယ် အစ်ကို၊ ကျားယန်ရဲ့မြင်းလှည်းက တခြားမြင်းလှည်းနဲ့မတူဘူး၊ သူတို့ ဘာကိစ္စနဲ့ ထွက်လာတာလဲမသိဘူး"

ချန်ရိက စဉ်းစားမနေဘဲ ပြောလိုက်၏။

"ညက ချိုဂုတို့လာတယ် မဟုတ်လား၊ လိုက်ပို့တာဖြစ်မှာပေါ့ကွ၊ လာကွာ ... ဆန်ပြုတ်နဲ့ သက်သတ်လွတ်ဟင်း သွားစားကြမယ်"

ချန်ရိသည် စိတ်သဘောထားကောင်းသော်လည်း ပြဿနာတစ်ရပ်ကို အလေးအနက်မတွေးပေ။ သူသည် ပေါ့ပေါ့ဆဆပင်ပြောကာ ရှေ့မှ ဦးဆောင်ထွက်သွားလေတော့သည်။

စားသောက်ဆောင်မှာ အတော်ကျယ်ဝန်း၏။

စားပွဲခုံ အလုံးနှစ်ဆယ်ခန့် ချထားသည်။

သူတို့ အထဲသို့ဝင်လာသောအခါ စားပွဲတိုင်းလိုလိုပင် လူများပြည့်နှေသည်ကို တွေ့လိုက်ရ၏။

ချန်ရိက ခုံအလွတ်ကိုရှာဖွေ၍ ဝါယင်လုံအား ထိုင်စေကာ ဆန်ပြုတ်နှင့် သက်သတ်လွတ်ဟင်းလျာများ သွားယူလိုက်၏။

ထို့နောက် စားသောက်ကြရာ လေးပန်းကန်မျှ ကုန်သွား၏။

ချန်ရိက ...

"ဘယ်လိုလဲ ... ဟင်းကကောင်းတယ် မဟုတ်လား"

"သိပ်ကောင်း ..."

ဝါယင်လုံမှာပြောရင်း တစ်ခုတစ်ယောက်ကို လှမ်းမြင်လိုက်သောကြောင့် ရပ်တန့်သွား၏။

သူ မြင်လိုက်သူမှာ ရှောင်ကျူပင် ဖြစ်သည်။

ရှောင်ကျူ၏နံဘေးမှ အမျိုးသမီးကို တွေ့သောအခါ ပို၍ ခန့်သွားမိလေ၏။

ထိုအမျိုးသမီးမှာ အနက်ရောင်ကို ဝတ်ဆင်ထားပြီး လက်ထဲ၌ ကောင်နက်တစ်ကောင်ကို မွေ့ပိုက်ထားသည်။

ချန်ရိကလည်း ဝါယင်လုံကြည့်နေရာသို့ လိုက်ကြည့်လိုက်၏။ ထိုမြင်ကွင်းကို ချန်ရိကလည်း မြင်သည်။

ရှောင်ကျူအားမသိသော်လည်း ကြောင်နက်ကိုပိုက်ထားသော အမျိုးသမီးကိုမူ ဝါယင်လုံ ပြောပြသည့်အထဲ၌ ပါနေသောကြောင့် မှတ်မိသွားပြီး ...

"အဲဒီအမျိုးသမီးက 'ယူ'မဟုတ်လား"

ဝါယင်လုံမှာ မမျှော်လင့်ဘဲ 'ယူ'ဆိုသည့်အမျိုးသမီးကို တွေ့လိုက်ရသောကြောင့် ကြောင်နေ၏။

ထိုစဉ် ရှောင်ကျူတို့က ထလာပြီး သူ့နံဘေးမှဖြတ်လျှောက်ရင်းက တီးတိုးပြောလေ၏။

"မင်းကို ကျုစန်းတောင်ပေါ်မှာ စောင့်နေမယ်၊ မင်း လာရဲသလား"

ဝါယင်လုံသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွား၏။

"စိတ်ချ ... ငါမလာဘဲမနေဘူး၊ 'ယူ'လည်းလိုက်ခဲ့၊ တစ်ခါတည်း စာရင်းရှင်းကြတာပေါ့၊ ငါ မင်းတို့နဲ့ စာရင်းရှင်းစရာ ကျန်နေသေးတယ်"

ရှောင်ကျူက ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ငါ စောင့်နေမယ်၊ မင်း ယောကျ်ားဆိုရင် လာဖြင့်အောင်သာ လာခဲ့ပါ"

သူမသည် ပြောပြီးသည်နှင့် ထွက်ခွာသွားသည်။

ဝါယင်လုံ အံကိုကြိတ်ထားလိုက်၏။

မမျှော်လင့်ဘဲ တရားခံကိုတွေ့လိုက်ပြီ ဖြစ်၏။

ထို့ကြောင့် အခွင့်အရေးကို လက်လွတ်မခံသင့်ဟု တေးထားလိုက်၏။

ထို့နောက် သူတို့သည် စားသောက်ဆောင်ထဲမှထွက်ကာ တောင်အောက်သို့ ဆင်းလာကြသည်။

သူတို့အား အကဲခတ်နေသော ဘုန်းကြီးက ခေါင်းကို လေးငင်စွာ တစ်ချက်ခါယမ်းလိုက်ပြီး နောက်မှ နောက်ယောင်ခံကာ လိုက်သွားလေတော့သည်။

◆ ◆ ◆

"လာမယ်လို့ ထင်တယ်"

"သူက တစ်ယောက်တည်း လာပါ့မလား"

"အေး ... သူက အကူအညီခေါ်လာနိုင်တယ်၊ ဒီအခြေအနေကို ကျွန်တော် လိုချင်တာပဲ"

သူတို့ပြောရင်းနှင့် ကျုံးစန်းတောင်ဆီသို့ ရောက်လာ၏။

ထို့နောက် ကျုံးစန်းတောင်ပေါ်သို့ တက်လာခဲ့ကြလေသည်။

သူတို့ တောင်ထိပ်ပေါ်သို့ရောက်ခါနီးခဏ သူတို့အထက်မှ အသံကို ကြားလိုက်ရသည်။

"ရပ်ထား ... ရှေ့တိုးရင် ခြေထောက်ကို ရိုက်ချိုးပစ်မယ်"

ကြိမ်းမောင်းသံကြောင့် ခြေလှမ်းများတုံ့ကာ ရပ်တန့်သွား၏။

ထိုအသံမှာ ရဲနန်၏အသံဖြစ်ကြောင်း ဝါယင်လု သိလိုက်၏။

ထို့ကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ ...

သူတို့ကိုပြောခြင်းမဟုတ်ကြောင်း သိလိုက်ရ၏။

ထိုအခိုက် ယောကျ်ားတစ်ယောက်၏ လှောင်ပြောင်သံကို ကြားလိုက်ရပြန်သည်။

"မင်းလို ရုပ်ဆိုးမကိုများ ဘယ်သူကကြိုက်မှာလဲ၊ သွားစမ်း"

ဝါယင်လု ကြောင်သွားပြန်သည်။

ထိုအသံမှာ ကျားယန်၏ အိပ်ဆေးမိခဲ့သော ချိုတာ၏အသံဖြစ်ကြောင်း သူ မှတ်မိလိုက်၍ ဖြစ်သည်။

ဝါယင်လုနှင့် ချန်ရိတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး အသံလာရာသို့ အမြန်တက်သွားကြလေတော့၏။

မည်ညာသော မြက်ခင်းပြင်ကျယ်တစ်ခုကို တွေ့ရှိရသည်။

အရှေ့နှင့် အနောက်ဘက်၌ ထူထပ်သောသစ်တောအုပ် ရှိ၏။

အခန်း (၁၇)

ထိုးနှက်ချက်

ကျုံးစန်းတောင်နှင့် ကျင်လင်မြို့မှာ ဆယ်မိုင်ခန့်ဝေး၏။

ထို့ကြောင့် ချန်ရိနှင့်ဝါယင်လုတို့က ကျုံးစန်းတောင်သို့သွားရင်း လမ်းတစ်လျှောက်ရှိ နာမည်ကျော်ရှုခင်းများ၊ အဆောက်အအုံများကို ကြည့်ရှုကြသည်။

ချန်ရိက ...

"ဟေ့ ... ညီလေး၊ သူတို့ကိုမင်း ချီန်းသာချီန်းထားတယ်၊ ဘယ်နေရာလဲကွ"

"ကျုံးစန်းတောင်မှာလေ"

"ဟာ ... ကျုံးစန်းတောင်က တော်တော်ကြီးတဲ့ယဲ့၊ ဒါကြောင့် ဘယ်နေရာလဲလို့ မေးတာ၊ မင်းက တော်တော်ခက်တာပဲ၊ ငါ့ကိုလည်း မမေးဘူး"

"မသိဘူးလေ"

"ဒါဆိုရင် တို့ တောင်ထိပ်ကနေ သွားစောင့်မှ၊ ဒါမှ သူတို့လာရင် တွေ့မှာ၊ 'ယူ'ဆိုတဲ့ အမျိုးသမီးကရော လာမှာလား"

မြောက်ဘက်၌ ချောင်းတစ်ခု ရှိသည်။

မြက်ခင်းပြင်၏ သုံးဖက်သုံးတန်၌ လူ ၁၆ ယောက်က ဝိုင်းထား၏။

မြက်ခင်းပြင်၏အလယ်၌ ရဲနန်က ရပ်နေသည်။

သူမ၏နောက်၌ ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေး ရပ်နေလေသည်။

သူတို့၏ မျက်နှာချင်းဆိုင်ဘက်၌ မြင်းမျက်နှာနှင့်တူသော ချိုဂှာနှင့် အသက်နှစ်ခန့် ငယ်သော [illegible] ရပ်နေ၏။

ချိုဂှာက [illegible] ရောင်ဝတ်ဆင်ထားသော မိန်းကလေးအား ရမက်ဝိုးဝေနေသော မျက်လုံးများဖြင့် [illegible] နေ၏။

ချန်ရီ ထိုမြင်ကွင်းကိုတွေ့သောအခါ သဘွက်လာပြီး ...

"ရပ်စမ်း ... မိန်းကလေးတွေကို အနိုင်ကျင့်တာ ယောက်ျားမဟုတ်ဘူးကွ"

သူသည် မြက်ခင်းပြင်ဆီသို့ ပြေးသွား၏။

ဝါယင်လုံလည်း နောက်မှလိုက်သွားရသည်။

ချန်ရီသည် မလွယ်ချေ။ အလွယ်တကူ စိတ်လှုပ်ရှားတတ်၏။

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ဝါယင်လုံကို တွေ့လိုက်ရသောအခါ ဝမ်းသာအားရဖြင့် အော်ခေါ်လိုက်လေ၏။

"သခင်လေး ..."

ချိုဂှာကလည်း ဝါယင်လုံအား တွေ့မြင်လိုက်သည်။

သူက ပြုံးလိုက်ပြီး ...

"မင်း ငါ့ကိုနှိုင်မှာ မဟုတ်ဘူး၊ ဘေးဖယ်ပါ၊ ကျားယန်နဲ့ပဲ သွားနေပါ"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ မျက်နှာနီရဲသွား၏။ သူသည် ချိုဂှာကို အစိမ်းလိုက်ဝါးစားချင်သောစိတ် ဖြစ်ပေါ်လာသည်။

ဝါယင်လုံအား လှမ်းကြည့်လိုက်လေ၏။

ရဲနန်က သတိပေးလိုက်သည်။

"သခင်မလေး ရည်ရွယ်ချက် မပျောက်ပါနဲ့"

ဝါယင်လုံက ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား ပြုံးပြပြီး ပြောလိုက်လေ၏။

"မိန်းကလေး [illegible] လေးကိုကူ [illegible] ကူညီပါ့မယ်၊ မိန်းကလေးရဲ့ ဖခင် [illegible] ကယ်တင်ပေးပါ့မယ်၊ အခုလောလောဆယ်တော့ ဒီက ထွက်ပြေးတာက ပိုကောင်းပါတယ်၊ ဒီမှာက လူမသမာတွေပဲ ရှိနေတယ်"

စကားအဆုံး၌ ချိုဂှာ၏ရယ်မောသံ ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား ... မင်းက ဝင်စွက်ချင်နေတာကိုး၊ ကိုယ့်ဘာသာ အေးအေးနေတာ မဟုတ်ဘူး"

ဝါယင်လုံက ချိုဂှာအား ဂရုမစိုက်ပါ။

"မိန်းကလေး ... ကျွန်တော်တို့မိသားစုဟာ ကတိပျက်တဲ့လူတွေ မဟုတ်ပါဘူး၊ ဒီတော့ ကျွန်တော့်စကားကို နားထောင်ပါဗျာ"

ရဲနန်က မကျေမနပ်ဖြင့် လှမ်းပြော၏။

"မင်းကိုယ်မင်းတောင်မှ ကြည့်မထိန်းနိုင်ဘဲနဲ့၊ သူများကိစ္စ ဝင်စွက်ချင်သေးသလား"

ထိုစဉ် ချိုဂှာနှင့်အတူ ရပ်နေသောလူငယ်က ဝါယင်လုံအား ဆိုက်ခိုက်လိုက်သည်။

ဝါယင်လုံက ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။
ချန်ရိက လူငယ်ကို ဟန့်တားလိုက်ပြီး ...
"မင်းကရော ဘယ်သူလဲ"
လူငယ်က အေးတိအေးစက်ဖြင့် ...
"ချိုဂှာ ..."
ဝါယင်လုံက အံ့သြသွား၏။
ယခုလူငယ်နှင့်ဆိုလျှင် ချိုဂှာသုံးယောက်ရှိသွားပြီ ဖြစ်၏။
ထို့ကြောင့် သူက ...
"ဟင် ... ချိုဂှာက သုံးယောက်တောင်ပါလား"
ဟု လွတ်ခနဲ ရေရွတ်လိုက်၏။
မြင်းမျက်နှာနှင့်တူသော ချိုဂှာက ဝါယင်လုံအား အတင်းဝင်ရောက် တိုက်ခိုက်လိုက်၏။
တစ်ဆက်တည်းမှာပင် ...
"အမှတ်ငါး ... သူတို့ကို မလွတ်စေနဲ့"
လူငယ်က ...
"စိတ်ချ ... အမှတ်သုံး"
ဟုပြောရင်း ချန်ရိကို တရကြမ်း တိုက်ခိုက်လိုက်၏။
ဝါယင်လုံက အေးအေးဆေးဆေး ပြန်ခုခံရင်း ...
"မင်းတို့ ချိုဂှာတွေက များလှချည်လား၊ ဘယ်နှစ်ယောက်တောင် ရှိနေသလဲ၊ နောက်ထပ် ဘယ်နှစ်ယောက်မြောက် ချိုဂှာကို တွေ့ရမလဲမသိဘူး"
မြင်းမျက်နှာနှင့်တူသော ချိုဂှာက ...
"အားလုံး ရှစ်ယောက်"

ဝါယင်လုံက ...
"မင်းတို့ ရှစ်ယောက်စလုံးက တို့မိသားစုကို လုပ်ကြံမှာလား၊ မင်းတို့နဲ့ငါ ဘာရန်ငြိုးရှိလို့လဲ"
ချိုဂှာက မဖြေပါ။
ဝါယင်လုံက ဆက်ပြောလိုက်၏။
"မင်းတို့ ရှန်းမုဂိုဏ်းချုပ်တည်နေရာက ဘယ်မှာလဲ"
ချိုဂှာက ...
"ဌာနချုပ်က မဖွင့်သေးဘူး၊ ဖွင့်တဲ့နေ့ကျရင် သိုင်းလောလက ကို ဖိတ်စာဝေမှာပါ၊ မင်းတို့မိသားစုလည်း ရစေမှာပဲ"
"စီးမာမိသားစုကို လုပ်ကြံတာရော မင်းတို့ပဲလား"
"ဟုတ်တယ် ..."
"မဟုတ်ဘူး ..."
ချိုဂှာနှစ်ယောက်စလုံးက ပြိုင်တူဖြေလိုက်၏။
ဝါယင်လုံက ...
"မင်းတို့စကားက ဘာစကားလဲ၊ တစ်ယောက်က ဟုတ်တယ်၊ တစ်ယောက်က မဟုတ်ဘူးနဲ့"
ချိုဂှာတို့က မဖြေတော့ပါ။ ဆက်လက်တိုက်ခိုက်လေသည်။
ထိုစဉ်မှာပင် ကြောင်နက်ကိုပွေ့ထားသော 'ယူ'ဆိုသည့်အမျိုးသမီးနှင့် ရှောင်ကျူတို့ ရောက်ရှိလာ၏။
သူတို့၏နောက်မှ အဘိုးအိုလေးယောက်လည်း ပါလာသည်။
ချန်ရိ ရင်ထိတ်သွား၏။
"အင်း ... ရန်သူတွေက မနည်းပါလား"

သူက ချိုဂုာအမှတ်ငါးနှင့် တိုက်ခိုက်နေရာမှ ခုန်ထွက်သွားပြီး အဘိုးအိုလေးယောက်အား လမ်းပိတ်ရပ်လိုက်၏။

"ခင်ဗျားတို့ လူကြီးတွေပါ၊ ကလေးတွေကို လူစုလူဝေးနဲ့ အနိုင်မကျင့်ပါနဲ့"

အဘိုးအိုလေးယောက်အနက် တစ်ယောက်က ...

"မင်းက ဘယ်သူလဲ"

ချန်ရိုက ...

"ကျင်လင်ငါးဖော်က ချန်ရိပါ"

"ဟိုသူငယ်ကကော"

"ဝါယင်လုံပါ"

အဘိုးအိုက ...

"အားလုံး ရပ်လိုက်ကြစမ်း"

ဝါယင်လုံနှင့် ချိုဂုာက တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်၏။

အဘိုးအိုက ဝါယင်လုံအား တစ်ချက်ကြည့်လိုက်ပြီး ...

"မင်း ကျူးယင်ဂိုဏ်းကို ကြားဖူးသလား"

ဝါယင်လုံက ခပ်အေးအေး ရှင်းပြလေ၏။

"ကြားဖူးပါတယ်၊ ဒါပေမယ့် ကျူးယင်ဂိုဏ်း ပြိုကွဲခဲ့တာ ကြာပါပြီ၊ နှစ်ပေါင်း မနည်းတော့ဘူး၊ တစ်ချို့ဆိုရင် ကျူးယင်ဂိုဏ်း အကြောင်းပြောရင် ဒဏ္ဍာရီတစ်ခုလို့ မှတ်နေကြတယ်"

အဘိုးအိုက ...

"ဟုတ်တယ်၊ ဒါပေမယ့် မင်းတို့ကိုအနိုင်ယူဖို့ ကျူးယင်ဂိုဏ်း ပြန်လည်ထူထောင်လာပါပြီ"

ဝါယင်လုံမှာ ရင်ထိတ်သွား၏။

"ငါတို့မိသားစုတော့ ဒုက္ခပဲ"

မိမိတို့မိသားစုအား အန္တရာယ်ကျရောက်လာပြီဟု တွေးမိလိုက်သည်။

သို့သော် သူက တည်ငြိမ်စွာပင် ပြန်မေးလိုက်၏။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ခင်ဗျားက ဘယ်သူပါလဲ"

အဘိုးအိုက ...

"ငါ့နာမည်က လီကျိုရီပါ၊ ကျူးယင်ဂိုဏ်းရဲ့ စည်းကမ်းထိန်းသိမ်းရေးမှူး၊ မင်းအဖေရဲ့ လက်ဝါးတစ်ချက် ခံခဲ့ရတဲ့လူတစ်ယောက် ဆိုရင်လည်း မမှားပါဘူး၊ မင်းအဖေဆီမှာ အကြွေးရှိနေတဲ့ လူတစ်ယောက်ဆိုပါတော့"

"ဒါဆိုရင် အကြွေးလာတောင်းတာလား"

အဘိုးအိုက မဖြေပါ။

ထိုစဉ် အဘိုးအိုတစ်ယောက်က ...

"ကျုပ်က ဝမ်ပင်ပါ၊ စည်းရုံးရေးမှူးတာဝန်ယူပါတယ်၊ မင်းက မင်းအဖေအစား လက်ဝါးချက်ကို ခုခံနိုင်မယ်ထင်လို့လား"

ဝါယင်လုံက အပြုံးမပျက်ပါ။

"ဒါကတော့ တာဝန်တစ်ရပ်ပါပဲ၊ ခုခံနိုင်စွမ်းမရှိလည်း ကြိုးစားပြီးတော့ ခုခံရမှာပဲ၊ သေရင်လည်း သေပေါ့ဗျာ၊ ဒါကိုကြောက်နေဖို့ မလိုပါဘူး"

ချန်ရိ သဘောကျသွားသည်။

"ညီလေး ... မင်း တော်တယ်၊ ဒါပေမယ့် မယူပါနဲ့၊ သူတို့ကို အစ်ကိုက အရင်ရင်ဆိုင်မှာပါ"

ဝမ်ပင် ဒေါသထွက်သွား၏။

ရှေ့တိုးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် စူးရှသောအသံတစ်ခု ထွက်ပေါ်လာ၏။

"ဝမ်ပင် ... မင်း ပြန်လာခဲ့စမ်း"

အသံနှင့်အတူ လူနှစ်ယောက်သည် မြက်ခင်းပြင်ဆီသို့ ရောက်လာသည်။

တစ်ယောက်မှာ အဘွားအိုတစ်ဦး ဖြစ်၏။

ဆံပင်များမှာ ငွေရောင်တောက်ပနေ၏။

ညာဘက်လက်၌ အနှက်ရောင် သံမဏိတုတ်ကောက်ကို ကိုင်ထား၏။

အဘွားအို၏ မျက်လုံးမှာ စူးရှနေပြီး ကြည့်မိသူအား ရင်တုန်သွားစေ၏။

အဘွားအို၏ နံဘေး၌ မိန်းကလေးတစ်ယောက် လိုက်ပါလာ၏။

မိန်းကလေးမှာ အဖြူရောင်ဝတ်စုံကို ဆင်မြန်းထား၏။

နတ်သမီးတမျှ ချောမောလှပသည်။

ကျားယန်၊ ဝမ်ကျောက်နီတို့နှင့်စာလျှင် ပို၍ ချောမောလှပသည်ဟု ဆိုရမည်။

ကိုယ်ခန္ဓာအချိုးအစားကလည်း ပြေပြစ်ပြီး မြင်ရသအဖို့ ရင်ခုန်စေသော အလှပိုင်ရှင်ပင် ဖြစ်ပါသည်။

ဝါယင်လုံသည် မိန်းကလေးအား မြင်လိုက်သည်နှင့် စိတ်ဝင်စားသွားသည်။ ဒီဇက ပြန်ပေါ်လာ၏။

ထိုအဘွားအို ရောက်လာသည်နှင့် ဝမ်ပင်တို့လေးယောက်က ဒူးထောက်လိုက်ကြတော့သည်။

ရှောင်ကျူးနှင့် ယူတို့လည်း ဒူးထောက် အရိုအသေပြုလိုက်ကြသည်။

အဘွားအိုက ...

"ကဲ ... ထကြ ... ထကြ"

သူမသည် ဝမ်ပင်အား စိုက်ကြည့်လိုက်၏။

"ဝမ်ပင် ... မင်း အပြစ်ရှိမှန်း သိသလား"

ဝမ်ပင်မှာ ထိတ်လန့်သွား၏။

အဘွားအိုက ...

"ငါ ဘယ်လိုမှာလိုက်သလဲ၊ ဝါထင်းဟုန်ကို ငါကတောင် လေးစားရက်သားနဲ့ မင်းက ဘာကြောင့် မလေးစားတာလဲ၊ သူတို့ မိသားစုကို ဘာကြောင့် အထင်သေးတဲ့စကား ပြောရသလဲ"

ဝမ်ပင်က ...

"သူက လူငယ်သလောက် မာနကြီးလို့ပါ"

"တိတ်စမ်း ... သူတို့မိသားစု သိုင်းပညာဟာ ထိပ်ဆုံးမှာရှိနေတော့ မာနကြီးမယ်ဆိုလည်း ကြီးသင့်တယ်"

"ကျွန် ... ကျွန်တော် ..."

"မင်း မယုံလို့လား"

"ယုံ ... ယုံပါတယ်"

"အေး ... ဝါထင်းဟုန်ဟာ ငါ့ရန်သူ၊ ဒါပေမယ့် သူက လက်ခုံးရည် နှလုံးရည်ပြည့်စုံတဲ့ လူတစ်ယောက်၊ သူဟာ လေးစားစရာကောင်းတယ်၊ အထင်သေးရင် ကိုယ်ပဲ ဒုက္ခရောက်မှာပဲ"

ဝါယင်လုံမှာ အဘွားအို၏ စကားကို နားထောင်ရင်း အဘွားအိုသည် ကျူးယင်ဂိုဏ်းချုပ်ဖြစ်ကြောင်း သိလိုက်တော့သည်။

သူသည် ကျူးယင်ဂိုဏ်းချုပ်ကို ရှာနေသည် မဟုတ်ပါလား။

ထို့အတူ အဘွားအိုသည် ကြောက်စရာကောင်းသော ရန်သူ တစ်ယောက်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

အဘွားအိုက ချိုသာစွာသုံးနှုန်းလိုက်သည်။

"ဝါသခင်လေး ဒီရှေ့ကို လာပါလား"

ချန်ရိုက ကြားဖြတ်ပြောလိုက်၏။

"မလာနိုင်ဘူး"

"မင်းကို ငါ မခေါ်ပါဘူး၊ မင်းက ကြားဝင်မရှုပ်နဲ့၊ လိုအပ်တဲ့လူကိုသာ ငါက ခေါ်တာ"

"သူနဲ့ကျုပ်က ခွဲလို့မရဘူး၊ အတူတူပဲ"

"ဒါထက် မင်းဘယ်သူလဲ"

"ချန်ရို"

"မင်းဆရာရော"

"ကိုယ့်အမျိုးက ကိုယ့်ဆရာပဲ"

အဘွားအိုက ပြုံးလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ငါလို အသက်ကြီးတဲ့လူကခေါ်ရင် ရိုသေလေးစားမှုနဲ့ လာသင့်တာပေါ့"

ချန်ရို တွေသွား၏။

ဝါယင်လုံက သက်ပြင်းချလိုက်သည်။

"အေး ... သူပြောတာ မှန်သားပဲ၊ တို့ သွားကြတာပေါ့"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"သူ့ကို မယုံနဲ့၊ သူက ချိုချိုသာသာဆက်ဆံရင် ကြောက်

စရာကောင်းတယ်၊ လူဖြောင့်စိတ်တို့၊ လူချိုစိတ်ကောက်ဆိုတဲ့စကားကို မကြားဖူးကြဘူးလား"

အဘွားအိုက ငေါက်လိုက်လေ၏။

"မင်း ... ငါ မပြောချင်ဘူး၊ မင်းအမေကို သတိမရဘူးလား"

မိန်းကလေး မျက်နှာပျက်သွား၏။

ရဲနန်က ...

"သခင်မလေး ... သူ့ကို အရေးစိုက်မနေပါနဲ့၊ သခင်ကြီးက အရေးကြီးပါတယ်"

ဝါယင်လုံ အဘွားအိုရှေ့လျှောက်သွားပြီး လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်၏။

အဘွားအိုက ဝါယင်လုံအား စိုက်ကြည့်လိုက်ပြီး ...

"အင်း ... မင်းလည်း မင်းအဖေခြေရာကို နင်းနိုင်တာပါလား"

"ကျွန်တော် ငယ်ပါသေးတယ်၊ အဖေ့ခြေရာကို မမီသေးပါဘူး၊ အဖေက မြင့်မိုရ်တောင်ပါ၊ ကျွန်တော်က ဇီးစေ့ပါ"

"မင်းအဖေ နေကောင်းရဲ့လား၊ မင်းအဘွားရော"

ဝါယင်လုံ ကြောင်သွား၏။

ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး ...

"လောကဝတ်တွေ ထားလိုက်ပြီး လိုရင်းပြောကြရအောင်"

"မင်းက လောလှချည်လား၊ ငါက မင်းအမေ ပိုင်ကျွမ်ယီကို တပည့်အဖြစ် မွေးမလို့၊ ဒါပေမယ့် ရေစက်မရှိလို့ဘဲ ဆိုရမှာပေါ့"

ဤစကားများသည် အပိုစကားများသာ ဖြစ်ပါသည်။ အရေးမရ အဖတ်မရစကားများ ဖြစ်သည်။

ယခင်က မဖြစ်ခဲ့သောအကြောင်းအရာများကို တူးဖော်နေ၍ မည်သူ့မှ အကျိုးမရှိပါ။

ဤသည်ကို အဘွားအိုသည် လျှာအရိုးမရှိသည့်အတိုင်း လျှောက်ပြောနေသောကြောင့် ဝါယင်လုံ စိတ်တိုသွားသည်။

မဆီမဆိုင်စကားများကိုသာ ပြောနေသောကြောင့် သူက လိုရင်းကို မေးမြန်းမည်ဟု စိတ်ကူးလိုက်၏။

"စီးမာချန်ချင်းကို ဂိုဏ်းချုပ်ကြီး သိပါသလား"

"သိတယ်၊ သူ သေပြီမဟုတ်လား"

"ဟုတ်ပါတယ်၊ ပြီးတော့ စီးမာချန်ချင်းရဲ့ဇနီးဟာ တစ်ချိန်က ကျူးယင်ဂိုဏ်းက ဌာနမှူးဆိုတာကော သိတယ်မဟုတ်လား"

"ဟုတ်တယ်၊ သူက ဂိုဏ်းစည်းကမ်း ဖောက်ဖျက်ခဲ့တယ်၊ ယင်ယင်လည်း ဒီအတိုင်းပဲ"

"စီးမာချန်ချင်းတို့ ဇနီးမောင်နှံကို ဂိုဏ်းချုပ်ကြီးက လူလွှတ်ပြီး လုပ်ကြံတာလို့ သတင်းဖြစ်နေပါတယ်"

"ဒါ ဘာဆန်းသလဲ၊ သူတို့က ဂိုဏ်းရဲ့စည်းကမ်းဖောက်တာပဲ မဟုတ်လား၊ ဂိုဏ်းစည်းကမ်းကို ဖောက်ဖျက်တဲ့လူတွေဟာ အသေဆိုးနဲ့ သေတတ်တာပဲ"

"စီးမာချန်ချင်းရဲ့ ဇနီးကတော့ ထားပါတော့၊ စီးမာချန်ချင်းက ဂိုဏ်းဝင်တစ်ယောက်မှ မဟုတ်ဘဲ"

"အဓိကတရားခံကိုကြည့်ရင် သူပဲ၊ သူ့ကြောင့်သာ ငါတပည့်က သစ္စာဖောက်တာပဲ မဟုတ်လား၊ သူ ဆွဲဆောင်လို့သာ ငါတပည့်ပါသွားတာကွ"

ဝါယင်လုံ သက်ပြင်းချလိုက်ပြီး ...

"သူတို့ကို လုပ်ကြံတဲ့တရားခံက 'ယူ'ဆိုတဲ့ အမျိုးသမီးလား"

တစ်ချိန်လုံးငြိမ်သက်နေသော အမျိုးသမီးလေးက နှာခေါင်းရှုံ့လိုက်ပြီး ဝင်ပြောလာသည်။

"ယူဟာလည်း ဂိုဏ်းသားတစ်ယောက်ပဲ၊ ဂိုဏ်းရဲ့အမိန့်နဲ့ လုပ်ကြံတဲ့လူ ဖြစ်မှာပဲ၊ ဒီတော့ ဘာဖြစ်သလဲ၊ ဂိုဏ်းချုပ်ကြီးကသာ အဓိကပဲ"

ဝါယင်လုံ အုံ့သြသွား၏။

မိန်းကလေးသည် ခက်ထန်မာကျောလှသည်။

တစ်ချိန်လုံး အပြုံးကလေးတစ်ချက်ပင် မတွေ့ရပါ။

သူက မိန်းကလေးအား တစ်ချက်ကြည့်လိုက်ပြီး ...

"မိန်းကလေးက ဘယ်သူလဲ"

"ကျွန်မနာမည် မေစု၊ ကျူးယင်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်ပဲရှင့်"

ဝါယင်လုံမှာ မျက်လုံးပြူးသွားလေတော့၏။

မိန်းကလေးမှာ လက်ထောက်ဂိုဏ်းချုပ် ဆိုပါလား။

ငယ်ရွယ်၍ လှပသောမိန်းကလေး၏ ရာထူးအဆင့်သည် ဝါယင်လုံ၏အရှိုက်ကို ထိုးနှက်သလို ဖြစ်သွားလေတော့သည်။

◆ ◆ ◆

အခန်း (၁၈)

အဖမ်းခံရသူ

ကျူးယင်ဂိုဏ်းချုပ် အဘွားအိုသည် အရှေ့သို့ တစ်လှမ်းတိုး လိုက်သည်။ သူမသည် ရှေ့ဆက် မတက်ပါ။

သူမသည် ဝါယင်လုံကို လှမ်းကြည့်ပြီး စကားတစ်ခွန်း ပြောလိုက်၏။

"ငါ့ရဲ့ဂိုဏ်းချုပ်က လှတယ်လို့ မင်း မထင်ဘူးလား"

ဝါယင်လုံ ယောင်ချာချာဖြင့် ဖြေလိုက်၏။

"လှတယ်၊ သိပ်လှတယ်"

ချန်ရီသည် ဝါယင်လုံအား အမြင်ကပ်သွားပြီး ဝင်ပြောလိုက်၏။

"မလှဘူး၊ ကျုပ်ညီမလေးရဲ့ အစေခံလောက်တောင်မှ မလှပါဘူး"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"အဲဒီလှတာဟာ ကြောက်စရာကောင်းတယ်၊ သခင်လေး ရှင့် ကို ထောင်ချောက်ဆင်နေတာ"

အဘွားအိုက ရယ်မောလိုက်ပြီး ...

"ညည်းက မနာလိုဖြစ်နေသလား"

ရဲနန်က အေးတိအေးစက်ဖြင့် ဝင်ပြောလိုက်၏။

"မဟုတ်ဘူး၊ ငါတို့က ဝါသခင်လေးရဲ့အသက်ကို ယူရမယ် လူတွေပါ"

မေစုသည် ဝါယင်လုံအားကြည့်လိုက်ပြီး ...

"ရှင် ဘာမေးချင်သေးသလဲ"

"စီးမာမိသားစုကို လုပ်ကြံတဲ့တရားခံ၊ စီစဉ်ပေးတဲ့လူ၊ ကူညီတဲ့လူ အားလုံးကို သိချင်တယ်၊ ဘာကြောင့် သိချင်တာလဲလို့တော့ မမေးနဲ့"

"ရှင့်အဖေက လူလွတ်မှားသွားတယ်"

"ဘာကြောင့်လဲ"

"သိပ်ခက်တယ်၊ သိပ်ခက်တဲ့ ကိစ္စပဲ၊ လွယ်တဲ့ကိစ္စကို ရှင့် အဖေက ခက်အောင်လုပ်နေတာပဲ"

"ဘာပြောတယ်"

"ဟုတ်တယ်၊ ရှင်က ဒေါပွနေသလား၊ ရှင့်အဖေလုပ်တာ မှားတာ အားလုံး စိတ်ညစ်ရတာပေါ့"

"ကျုပ်အဖေက ဘာလုပ်လို့လဲ"

"ဒီကိစ္စမှာ ရှင့်အဖေက ရှင့်ကိုမလွတ်ဘဲ သူကိုယ်တိုင် ထွက်သာသင့်တာ၊ အဲဒါဆိုရင် အားလုံးအတွက် ကောင်းသွားမယ်"

ဝါယင်လုံ စိတ်တိုသွားသည်။

လိမ်ပြောရန် စဉ်းစားလိုက်ကာ ...

"စီးမာမိသားစုကိစ္စကို ငါတို့က ပေါ့ပေါ့တန်တန် သဘော

ထားပါ့မလား၊ ငါတို့မိသားစုတစ်ခုလုံး အခု သိုင်းလောကကို ထွက်လာကြတာ၊ ငါ့အဖေတောင် ဒီကိုရောက်ချင် ရောက်နေမှာ”

သူ၏စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

အဘွားအိုပင် မျက်နှာပျက်သွားသည်။

ဝါယင်လုံသည် ပြောသာပြောနေသော်လည်း တစ်ချိန်လုံးပင် မေစုအား စိုက်ကြည့်နေ၏။

မေစု၏ အေးစက်ချောမျက်လုံးများအောက်တွင် နွေးထွေးသောကြင်နာမှုများ၊ သံယောဇဉ်များကို ရှာဖွေနေမိသည်။

ထိုအခိုက် ချိုတုတို့လူစုသည် တောင်ပေါ်မှ ထွက်ခွာသွားကြလေ၏။

ရဲနန်ကလည်း ...

“သခင်မလေး ... ကျုပ်တို့ သွားကြစို့”

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

“ကျွန်မ နေဦးမယ်”

ချန်ရိုက သဘောကျစွာ ရယ်မောရင်း ...

“ဟား ... ဟား ... ဟား ... ဝါထင်းဟုန်လည်း လာမယ်ဆိုရော အားလုံးကြောက်ပြီး ပြေးချင်နေကြပါလား”

အဘွားအိုက ဝါယင်လုံကို စိုက်ကြည့်ကာ ...

“မင်းက လိမ်ပြောတတ်ပါလား”

“ယုံတာ မယုံတာ ခင်ဗျားအလုပ်ပါ၊ ကျုပ်က အဖေနာမည်ကိုအသုံးပြုပြီး ခြိမ်းခြောက်ဖို့လည်း မစဉ်းစားပါဘူ ”

သူသည်ပြောင်း မေစုဘက်သို့ လှည့်၍ပြောလိုက်သည်။

“မိန်းကလေးက သိပ်ပြီးချောပါတယ်၊ ကျုပ်ကို တရားခံဟာ ဘယ်သူ့အဖေဝါဆိုတာ ပြောပြပါလား”

မေစုမှာ မျက်နှာတစ်ခုလုံး နီရဲသွားလေ၏။

“ရှင်က ကျွန်မကို မလေးမစားလုပ်တဲ့အတွက် အပြစ်ပေးရမယ်၊ ရှင် ဘာစကားပြောတာလဲ”

ဝါယင်လုံက ...

“ကျုပ်က မလေးမစားလုပ်တာ မဟုတ်ပါဘူး၊ မိန်းကလေးကို တကယ်လှလို့ လှတယ်လို့ ပြောတာပါ၊ နတ်သမီးလေးအတိုင်းပါပဲ”

မေစုမှာ မိန်းကလေးတစ်ယောက်ပင် ဖြစ်၏။

ထို့ကြောင့် သူမကို ချီးမွမ်းသောအခါ ပီတိဖြစ်သွားလေသည်။

သို့သော် သူမက ...

“တိတ်စမ်း ... ရှင်သိချင်တာ တရားခံမဟုတ်လား”

“ဟုတ်ပါတယ်၊ တရားခံက ရှန်းမုဂိဏ်းနဲ့ ကျူးယင်ဂိဏ်း နှစ်ခုဖြစ်နိုင်ပါတယ်၊ ဒါကြောင့် အမှန်ကိုပြောပြပါဦးဗျာ”

မေစုက အေးတိအေးစက်ဖြင့် ...

“ရှင့်ဟာရှင် စုံစမ်းပါလား၊ ရှင်တို့မိသားစုက လူတော်တွေပဲ မဟုတ်လား၊ သိုင်းလောကကို ခါးစောင်းတင်ထားရဲ့ လူတော်တွေလေ၊ စုံစမ်းကြည့်ပေါ့”

ဝါယင်လုံက ...

“ဟုတ်ကဲ့ ... ဒါဆိုရင် ကျုပ်တို့ကို သွားခွင့်ပြုပါဦး၊ လာ ... သွားကြစို့”

ဟုပြောရင်း ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးကိုပါ ခေါ်လိုက်သည်။

"ရုပ်လိုက်"

မေစုက ဟန့်တားလိုက်သည်။

"ဘာပြောချင်လို့လဲ"

မေစုက အေးတိအေးစက်ဖြင့် ...

"ရှင် သွားလို့မရဘူး၊ ရှင် သေရမယ်"

"ဘာသဘောလဲဗျ၊ ခင်ဗျားနဲ့ကျုပ် ဘာရန်ငြိုးရှိလို့လဲ"

မေစုက ....

"ရှင်တို့ ဝါမိသားစုက မိန်းကလေးတွေကို ဖြားယောင်းဖျက်စီးတတ်လို့ ရှင့်ကို ဆုံးမရမယ်၊ ရှင့်မိသားစုရဲ့ အပြစ်ပဲ"

"မင်း အထင်လွဲနေပါပြီ"

"စကားမများနဲ့၊ ဓားထုတ်ပါ၊ တိုက်ကွက်ထုတ်ပါ"

ထိုစဉ် ချန်ရိုက ဝင်ပြောသည်။

"ဒီမိန်းကလေးက တယ်ပြီး ရက်စက်ကြမ်းကြုတ်ပါလား၊ ရုပ်ကလေးက ချောသလောက် စိတ်ဓာတ်ကတော့ ကြမ်းတမ်းတယ်"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဝင်ပြော၏။

"ဝါသခင်လေး သူ့ကို ဆုံးမလိုက်စမ်းပါ"

မေစုက ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား တစ်ချက်စိုက်ကြည့်ကာ ...

"မင်းလည်း သေရမယ်"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ရင်ဆိုင်ရန် ဟန်ပြင်လိုက်ရာ ရဲနန်က တားထားလိုက်သည်။

ချန်ရိုက တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ဝင်ပြော၏။

"ငါသိပြီ၊ မနာလိုဖြစ်နေတာက သူကွ"

ပြောပြီးသည်နှင့် တဟားဟားရယ်မောလေတော့သည်။

မေစု၏မျက်နှာ နီရဲသွား၏။

သို့သော် ချက်ချင်းပင် တင်းမာခက်ထန်သွားသည်။

"ရှင်လည်း သေရမယ်"

သူမသည် စကားဆုံးသည်နှင့် ချန်ရိအား တိုက်ခိုက်လိုက်၏။

ချန်ရိသည် နောက်သို့ ခုန်ဆုတ်ပေးလိုက်သည်။

ဝါယင်လုံက မေစုအား စိုက်ကြည့်ကာ ...

"မင်း ဘာကြောင့် ဒီလောက် ဒေါသကြီးနေရတာလဲ၊ အခုပြောနေကြတာက ဒေါသဖြစ်စရာစကား မပါပါဘူး"

မေစုက ...

"ရှင် ဓားထုတ်ပါ"

ဝါယင်လုံသည် မတတ်သာတော့ပဲ ဓားဆွဲထုတ်လိုက်၏။

သူသည် မိန်းကလေး၏ခံစားချက်ကို နားလည်လိုက်၏။

မေစုမှာ ပုထုဇဉ်လူသားပင်။ ချစ်ခြင်း၊ သနားခြင်း၊ ကြင်နာခြင်းတို့မရှိ၍ မဟုတ်ပါ။

သို့သော် ဂိဏ်းချုပ်အဘွားအိုက ယင်ယင်၊ စီးမာချန်ချင်း၏ဒုံးတို့က သူ့အပေါ် သစ္စာဖောက်လိုက်သည့်အဖြစ်မျိုး နောက်ထပ်မကြုံတွေ့ရအောင် မေစုအား သွန်သင်ထားပြီး ချုပ်ကိုင်ထားသောကြောင့် ဖြစ်မည်ဟု ဇတ္တုမိလိုက်၏။

ထို့ကြောင့် သူကပြုံး၍ ပြောသည်။

"ငါကတော့ မင်းကို အသေမသတ်ပါဘူး၊ နည်းနည်းပါးပါးဆုံးမပြီး မာနလေးတင် ချိုးပေးပါ့မယ်"

မေစုကက အံကိုတင်းတင်းကြိတ်ကာ တိုက်ခိုက်လေတော့၏။

ဝါယင်လုံကလည်း ခုခံလိုက်၏။
ထိုစဉ်မှာပင် လူရိပ်တစ်ရိပ်က ရိပ်ခနဲဝင်လာသည်။
"နေကြဦး ..."
လူရိပ်က ဟန့်တားလိုက်၏။
ထိုလူမှာ အဘွားအိုပင်တည်း။
အဘွားအိုက မေးလိုက်၏။
"သမီး ဝါသခင်လေးဟာ သိပ်ပြီးခန့်ညားတယ် မဟုတ်လား"
မေစုသည် အံကိုကြိတ်လိုက်ပြီး ...
"ကျွန်မ ဘယ်နေရာမှာ မှားသွားလို့လဲဆရာ"
"ငါမေးတာသာ ဖြေပါ"
"ခန့် ... ခန့်ညားတယ်"
"ဘာလို့ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတာလဲ၊ မှန်မှန်ဖြေပါ"
"ခန့်ညားပါတယ်"
သူကပြောရင်း ဝါယင်လုံကို တစ်ချက်ကြည့်လိုက်သည်။
အဘွားအိုက သဘောကျစွာ ပြုံးလိုက်ပြီး ...
"အင်း ... မင်း ငါ့ကိုမလိမ်ဘူး၊ တော်ပါသေးရဲ့"
မေစုက ...
"ကျွန်မက ဆရာ့ကို ဘာကြောင့်လိမ်ရမှာလဲ၊ ကျွန်မ ဆရာ့စကားကို အမြဲအမှတ်ရနေပါတယ်၊ ယောကျ်ားတွေဟာ သိပ်ခန့်ညားလေ သိပ်ကြောက်စရာကောင်းလေ ဆိုတာကို"
"အေး ... မင်း တော်တယ်"
ဝါယင်လုံက မေစုကိုကြည့်ကာ တွေဝေသွား၏။
အဘွားအိုက မေစုကို တစ်ချက်ကြည့်ရင်း ...

"မင်း သူ့ကို မုန်းသလား"
"ကျွန်မ မသိဘူး၊ ဒါပေမယ့် ကြည့်မရဘူး"
"မင်း လိမ္မာတယ်၊ သူ့ကို ငါ အသုံးချစရာတွေ ရှိသေးတယ်၊ ဒီတော့ သတိထားပြီး တိုက်ခိုက်ပါ၊ ငါ သူ့ကို အရှင်လိုချင်တယ်"
မေစုမှာ မိန်းကလေသာဖြစ်၏။
ခန့်ညား၍ ယောကျ်ားပီသသော ဝါယင်လုံအား မမုန်းနိုင်ပါ။
သို့သော် ငယ်စဉ်ကတည်းက ယောကျ်ားဆိုလျှင် မုန်းတီးစိတ်ဝင်အောင် သွန်သင်ထားသော ဆရာ၏ စကားများကြောင့် သူမ၏ နှလုံးသားမှာ ပြန်လည်အေးစက် မာကျောလာ၏။
သူမက ဓားကိုဝှေ့ယမ်းကာ ဝါယင်လုံအား ပြန်လည်တိုက်ခိုက်လိုက်သည်။
ဝါယင်လုံထက် အရင်ဦးအောင် ချန်ရိုက ဝင်ရောက်တိုက်ခိုက်လိုက်သည်။
ချန်ရိုး၏ သိုင်းပညာမှာ ထိပ်တန်းမဟုတ်ပါ။
သို့သော် သူ၏ တိုက်ခိုက်မှုမှာ ကိုယ့်ကိုယ်ကို ကာကွယ်မှုမရှိဘဲ ရန်သူ၏ သေကွင်းသေကွက်ကိုသာ ဦးတည်တိုက်ခိုက်သဖြင့် မေစုမှာ အခက်တွေ့နေသည်။
ကိုယ့်အသက်ကို ဂရုမစိုက်သူတိုင်းအား ရန်သူဖြစ်သူများက ကြောက်တတ်ကြသည်။
အဘွားအိုက ကြားဝင်ဟန့်တားလိုက်၏။
ထို့နောက် ကော့ထင်းတုဟူသည့် ဂိုဏ်းသားတစ်ဦးကိုခေါ်ကာ ယှဉ်ပြိုင်ခိုင်းလိုက်သည်။ သို့မှသာ ဒွိယံဒွိယံ တိုက်ပွဲဝင်နိုင်တော့၏။
မေစုနှင့်ဝါယင်လုံလည်း ဆက်လက်တိုက်ခိုက်ကြလေတော့၏။

တောင်ကုန်းပေါ်၌ တိုက်ပွဲသုံးခု ဖြစ်ပွားနေ၏။

ဝါယင်လုံနှင့် မေစုတို့ကတစ်တွဲ တိုက်ခိုက်နေသည်။

ရဲနန်နှင့် ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဝမ်ပင်နှင့်တိုက်ခိုက်နေ၏။

ချန်ရိကမူ ကော့ထင်းတုနှင့် တိုက်ခိုက်နေသည်။

အချိန်မှာ တဖြည်းဖြည်း ကုန်လွန်လာ၏။

ချန်ရိနှင့် ကော့ထင်းတုက လက်ညှိနေ၏။

ရဲနန်နှင့် ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးတို့မှာမူ ဝမ်ပင်အား မနည်းတိုက်ခိုက်နေရ၏။ ဝမ်ပင်က လက်ရည်သာနေသည်။

ဝါယင်လုံသည် တိုက်ခိုက်နေရင်းမှ စိတ်ပူလာပြီး ...

"ရဲနန် ... ခင်ဗျား သခင်မလေးကိုခေါ်ပြီး ထွက်သွားပါ"

ရဲနန်က ...

"တို့ကို စိတ်မပူပါနဲ့၊ မင်းသာ နိုင်အောင်တိုက်ပါဦး"

"ကိစ္စမရှိဘူး၊ ခင်ဗျားတို့ သွားကြပါ"

ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"သွားရင်လည်း အတူသွားမယ်"

ဝါယင်လုံ စိတ်ညစ်သွားသည်။

ရန်သူမှာ အင်အားများလှ၏။

ထို့အပြင် သိုင်းပညာလည်း အဆင့်မြင့်၏။

မိမိကြောင့် တခြားသူကိုလည်း မထိခိုက်စေချင်ပါ။

ထို့ကြောင့် သူက ...

"ရဲနန် ... ခင်ဗျားတို့ ထွက်သွားပါ၊ ဒီကနေ တိုက်ပွဲပြီးတဲ့အခါ

ခင်ဗျားတို့နဲ့ လာတွေ့ပြီး ခင်ဗျားတို့သခင်ကြီးကိုကယ်ဖို့ တိုင်ပင်ကြတာပေါ့"

ထိုအခိုက် ရှောင်ကျူက ...

"စိတ်ချ ... မင်းသွားခိုင်းလည်း သူတို့ကို မသွားစေရဘူး"

ဝါယင်လုံက ...

"မင်းနဲ့ ဘာဆိုင်သလဲ"

ရှောင်ကျူက မဲ့ပြုံးပြုံးကာ ...

"မင်းလည်း ငါ့ဆီကနေ မိန်းကလေးကိုလုယူတာပဲ၊ အခုသည်း မင်းဆီကနေ ငါပြန်ပြီး လုယူရမယ်"

ဝါယင်လုံသည် မေစုအား သတိထားယှဉ်ပြိုင်နေရင်းက ...

"မင်း သတ္တိရှိရင် ငါနဲ့ယှဉ်"

မေစုက ...

"မလိုဘူး၊ ရှင်နဲ့ကျွန်မ ယှဉ်မှာပဲ"

ရဲနန်သည် အခြေအနေကို တွက်ဆကြည့်လိုက်၏။

သူမတို့အနေနှင့် ထွက်သွားသည်က အကောင်းဆုံးဖြစ်မည်ဟု ဆုံးစားလိုက်၏။

ထို့နောက် လျှပ်တစ်ပြက် သူ့သခင်မလေးအား သွေးကြောပိတ်လိုက်ပြီး မွေ့ချိကာ တောင်အောက်သို့ ပြေးဆင်းသွားသည်။

ရှောင်ကျူက နောက်မှလိုက်ရန် ဟန်ပြင်လိုက်၏။

အဘွားအိုက ...

"မလိုက်နဲ့ ... သူတို့ သွားပါစေ"

ဝါယင်လုံ ယခုမှ စိတ်အေးသွား၏။

ချန်ရိဘက်သို့ လှည့်လိုက်ပြီး ...

"အစ်ကိုချန်ရိ ထွက်သွားပါတော့"

ချန်ရိက ...

"ငါ မသွားနိုင်ဘူး"

"အစ်ကို့သိုင်းပညာ ဒီလောက်မမြင့်ဘူး၊ ဒီတော့ အစ်ကို့ကို စိတ်ပူတာနဲ့ ကျွန်တော် ယှဉ်ပြိုင်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်နိုင်တယ်၊ ဒီတော့ သွားပါ"

ချန်ရိသည် ဒေါသတကြီး အော်ဟစ်လိုက်၏။

"မိတ်ဆွေကိုထားပြီး ငါကထွက်သွားရင် လူမဟုတ်ဘူး၊ ဝက်ဖြစ်သွားမှာပေါ့၊ မင်းဟာ ငါ့ကို လူလိုဆက်ဆံတယ်ဆိုရင် ထွက်မသွားခိုင်းပါနဲ့"

ထိုစဉ်မှာပင် အဝေးမှ ချိုလွင်သောအသံကို ကြားလိုက်ရသည်၊

"အမေရေ ... အစ်ကို့ကို တွေ့ပြီ၊ မြန်မြန်လာ"

အသံနှင့်အတူ လူရိပ်နှစ်ခုကို တွေ့လိုက်ရ၏။

ထိုလူရိပ်နှင်ခုမှာ ကိုယ်ဖော့ပညာကို အသုံးပြုပြီး တောင်ပေါ်သို့ တက်လာနေကြ၏။

သူတို့၏ကိုယ်ဖော့ပညာကို ကြည့်ရခြင်းအားဖြင့် ထိပ်တန်းအဆင့်ပင် ကျော်လွန်နေကြောင်း သိနိုင်သည်။

လူရိပ်နှစ်ခုမှာ တဖြည်းဖြည်း သူတို့အနီးသို့ ရောက်လာ၏။

၁၆ နှစ်ခန့် မိန်းကလေးတစ်ဦးနှင့် အသက် ၄၀ ခန့် အမျိုးသမီးတစ်ဦးတို့ ဖြစ်သည်။

မိန်းကလေးမှာ မေစုကဲ့သို့ပင် ချောမောလှပ၏။

ဝါယင်လုံကြည့်ရင်း တွေးမိ၏။

"လူငယ်သလောက် သိုင်းပညာတော်ပါလား၊ ငါတောင် သူ့လောက်တော့မှာ မဟုတ်ဘူး"

မိန်းကလေးက ...

"ဟင် ... အစ်ကိုက အဘိုးကြီးတစ်ယောက်နဲ့ တိုက်ခိုက်နေတာတောင် မနိုင်ဘူး၊ ရှက်ဖို့ကောင်းလိုက်တာ၊ အမေ အစ်ကို့ကို သုံးရက်လောက် ထမင်းမကျွေးနဲ့၊ အပြစ်ပေးထားလိုက်"

ချန်ရိက မိန်းကလေးအား မြင်သောအခါ ဝမ်းသာအားရဖြင့် အော်လိုက်လေ၏။

"ဟင် ... ညီမလေးပါလား"

မိန်းကလေးက ...

"အစ်ကို အခုတလော တယ်ဆိုးနေပါလား၊ တစ်ညလုံးလည်း ပြန်မလာဘူး၊ လူများနဲ့ ရန်ဖြစ်နေတယ်၊ ပြီးတော့ နိုင်အောင်လည်း မနိုင်ဘူး၊ လေ့ကျင့်ပါ လေ့ကျင့်ပါ ပြောတော့လည်း မလေ့ကျင့်ဘူး"

မိန်းကလေးသည် ချန်ရိကို လူကြီးတစ်ယောက်ကဲ့သို့ ဆုံးမနေသည်။

ချန်ရိက ကော့ထင်းထုနှင့် တိုက်ခိုက်နေရာမှ သူ့ညီမ၏စကားကြောင့် မခံချင်စိတ်ဖြစ်ကာ ပို၍ ဖိတိုက်ခိုက်လိုက်၏။

အဘွားအိုမှာ ရင်ထိတ်သွား၏။

ချန်ရိ၏အမေနှင့် ညီမဆိုသည်အတွက် သူ့အား ဟန့်တားမည့်သူများပင်ဖြစ်ကြောင်း သိလိုက်၏။

သူ၏အကြံအစည် မအောင်မြင်မှာလည်း စိုးရိမ်သွားမိ၏။

ထို့ကြောင့် သူက မေစုနှင့်တိုက်ခိုက်နေသော ဝါယင်လုံ၏အနီးသို့ မသိမသာ တိုးသွားလေသည်။

ထိုအခိုက် ...

ချန်ရိ၏ အမေဖြစ်သူက ...

"သမီးနိအော် သိုင်းပညာဆိုတာ သူများနဲ့ရန်ဖြစ်ဖို့ မဟုတ်ဘူး ကျန်းမာရေးအတွက်ပဲ"

ဝါယင်လုံသည် ချန်ရိတွင် ထိုကဲ့သို့ သိုင်းပညာအဆင့်မြင့်လှသော မိခင်နှင့်ညီမရှိနေသည်ကို တွေ့လိုက်ရသောကြောင့် အံ့သြနေမိသည်။

ချန်ရိ၏ မိခင်က ချန်ရိ တိုက်ခိုက်မှုကိုကြည့်ရင်း ...

"သမီးနိအော် ... ညည်းအစ်ကိုအစား ဝင်လိုက်ပါ၊ တစ်ဖက်လူကိုတော့ မထိခိုက်စေနဲ့"

ဟု ပြောလိုက်၏။

နိအော်က ခွင့်ပြုချက်ရသည်နှင့် ကော့ထင်းထုအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

အဘွားအို မျက်နှာပျက်သွား၏။

သူမက လက်ကို လျှပ်တစ်ပြက်လှုပ်ရှားလိုက်ရာ ဝါယင်လုံမှာ အငိုက်မိသွားပြီး သွေးကြောပိတ်ခံလိုက်ရလေသည်။

အဘွားအိုက ဝါယင်လုံအား လျှပ်တစ်ပြက်ထမ်းလိုက်ပြီး ...

"အားလုံး သွားကြမယ်"

ဟုအော်ဟစ်သတိပေးကာ တစ်ဖက်တောအုပ်ယဲသို့ ပြေးဝင်သွားလေတော့သည်။

ကျန်လူများကလည်း နောက်မှ ပြေးလိုက်သွားကြလေ၏။

ကော့ထင်းထုကလည်း ဆက်လက်မတိုက်ခိုက်ဘဲ နောက်မှ ပြေးလိုက်သွားသည်။

ချန်ရိမှာ ရုတ်တရက် အံ့အားသင့်ပြီး ရပ်နေမိသည်။

ဝါယင်လုံ ပါသွားသည်ကို တွေ့သောအခါ ရင်ထိတ်သွားပြီး နောက်မှ လှမ်းအော်လိုက်သည်။

"ဟေ့ ... ရပ်လိုက်ကြစမ်း"

သူ့အော်သံသည် တစ်တောင်လုံး ပဲ့တင်ထပ်သွားလေတော့၏။

◆ ◆ ◆

အခန်း (၁၉)

အဖိုးတန် အမျိုးမှန်

ချန်ရိ၏ အော်သံသည် တစ်တောလုံးတစ်တောင်လုံး ဟိန်းထွက်သွား၏။

"ဟေ့ ... ရပ်လိုက်ကြစမ်း"

သူသည် အော်ဟစ်ဟန့်တားရင်း နောက်မှလိုက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် ...

ညီမဖြစ်သူ နီအော်က ရှေ့မှပိတ်ကာ ဟန့်တားလိုက်၏။

"ဘယ်သွားဦးမလို့လဲ"

"ဖယ်စမ်း ... ငါ သွားကယ်ရဦးမယ်၊ မရှုပ်နဲ့"

"သူက ဘယ်သူမို့လို့လဲ၊ ဘာဖြစ်လို့ အရေးကြီးနေရတာလဲ"

"ဘယ်သူဆိုတာ နောက်မှပြောမယ်၊ အခု အရေးကြီး ..."

ချန်ရိ၏ စကားမဆုံးမီ ...

အမျိုးသမီးကြီးက ကြားဖြတ်ပြောလိုက်၏။

"ဘယ်သူပဲဖြစ်ဖြစ်၊ ငါတို့နဲ့မဆိုင်ဘူး၊ လာ ... သွားကြမယ်"

ချန်ရိမှာ အမေဖြစ်သူ၏စကားကြောင့် ချိတုံချတုံ ဖြစ်သွားလေတော့သည်။

"မဖြစ်ဘူး၊ သူက ဝါသခင်လေး၊ ကျွန်တော်နဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ၊ သူ့ကိုမကယ်သို့ မဖြစ်ပါဘူး"

နီအော် မျက်မှောင်ကြုတ်သွား၏။

"ဝါသခင်လေးဆိုတာ ဘယ်သူလဲ"

ချန်ရိ စိတ်စောနေသည်။

နီအော်ကို ပြန်လည်ရှင်းမပြနိုင်။ ထွက်ပြေးသွားသူများနောက် သို့လိုက်ရန်သာ ဟန်တပြင်ပြင် ဖြစ်နေသည်။

"နောက်မှမေးစမ်း ..."

သူက နီအော်အား အော်ငေါက်လိုက်၏။

နီအော်က နှုတ်ခမ်းစူသွားသည်။

"အစ်ကိုက မမေးနဲ့ဆို မမေးတော့ဘူး၊ ဒါပေမယ့် အစ်ကို သွားရဘူး"

နီအော်က ယင်းသို့ပြောပြီး လမ်းကိုပိတ်ရပ်ကာ ဟန့်တားထားလိုက်သည်။

ချိန်ရိမှာ စိတ်ရှုပ်သွားသည်။

သူ့ညီမဖြစ်သူ၏ သိုင်းပညာမှာ သူ့ထက်များစွာ သာလွန်၏။

ထို့ကြောင့် သူမသာဟန့်တားထားလျှင် သူ့အနေဖြင့် ကျော်သွားနိုင်မည် မဟုတ်ပါ။ သူ စိတ်လျှော့လိုက်၏။

ထို့နောက် သူ ပြုံးလိုက်ပြီး ...

"ညီမလေးက လိမ္မာပါတယ်ကွာ၊ အစ်ကိုကို သွားခွင့်ပေးပါ၊

သူက အစ်ကို့ရဲ့မိတ်ဆွေ၊ သူ့ကို သူများက ဖမ်းသွားတာ အစ်ကို မကယ်ရင် မိတ်ဆွေ ဘယ်ပီသတော့မလဲ”

မှန်သည်။

မိတ်ဆွေကောင်းဟူသည် မည်သို့သော်လူမျိုးပေနည်း။ မိတ်ဆွေကောင်း,မကောင်း မည်သည့်မှတ်ကျောက်နှင့် ဆုံးဖြတ်မည်နည်း။

စစ်ပွဲ၌ သူရဲကောင်းကို သိနိုင်၏။ အကြွေးတင်သည့်အခါ မည်သူသည် ရိုးဖြောင့်မှန်ကန်သည်ကို သိနိုင်၏။

မိတ်ဆွေကောင်း,မကောင်းကို မည်သို့သိနိုင်မည်နည်း။ မှတ်ကျောက်တင်ခံနိုင်သည့် အဖြစ်အပျက်များ ရှိသည်။

ထိုအဖြစ်အပျက်များကိုကြည့်၍ မိတ်ဆွေကောင်း,မကောင်း သိနိုင်သည်။

ပျက်စီးဆုံးရှုံး လူလုံးမလှဖြစ်ရသည့်အခါ ...

ငတ်မွတ်ခေါင်းပါးသောအခါ ...

ရုံးပြင်ကန္တာရောက်သည့်အခါ ...

သုဿာန်သချိုင်းရောက်သည့်အခါ ...

အဖော်အဖြစ် မိမိ၏ဘေးå၌ မိမိနှင့်အတူ ရပ်တည်လာသူကို မိတ်ဆွေကောင်းဟု သိနိုင်သည်။

မိတ်ဆွေကောင်းဟူသည် ဒုက္ခရောက်နေသူကို မည်သည့်အခါမျှ ဥပေက္ခာပြုလေ့ မရှိပါ။

ချန်ရိသည် မိတ်ဆွေကောင်းပီသသူ ဖြစ်သည်။

ဝါယင်လုံ ရန်သူ့လက်ထဲပါသွားသည့်အတွက် နေမထိထိုင်မသာ ဖြစ်နေသည်။

ဝါယင်လုံကို ကယ်တင်နိုင်ရန် စိတ်စောလျက်ရှိနေသည်။

မိမိကိုယ်ကျိုးစီးပွားကို မငဲ့ကွက်ဘဲ မိတ်ဆွေဖြစ်နေသူကို ကူ ညီမှုသာ မိတ်ဆွေကောင်း ပီသနိုင်သည်။

ချန်ရိသည် မိမိ၏သိုင်းပညာ အနေအထားအရ ရန်သူကို ရင်မဆိုင်နိုင်မှန်းသိသော်လည်း မိတ်ဆွေဖြစ်သူ ဝါယင်လုံကို ကယ်တင်ရန် ဆန္ဒစောနေသည်။

ဤသည်ကပင် မိတ်ဆွေကောင်းတစ်ယောက် ပီသကြောင်း ထင်ရှားနေပေသည်။ သက်သေပြနေသည်။

သို့သော် နီအော်က ခေါင်းခါယမ်းရင်း ...

“ညီမနဲ့ မဆိုင်ဘူး”

ချန်ရိက ...

“ဆိုင်တယ်၊ ညီမနဲ့အစ်ကိုက မောင်နှမပဲ၊ အခု အစ်ကိုမိတ်ဆွေက သိုင်းလောကမှာ လူတိုင်းလေးစားရတဲ့ ဝါမိသားစုကေဟာက ဒုတိယသခင်လေး ဝါယင်လုံပါ၊ သူက ၁ လပိုင်း၊ ၁၉ ရက်မှာ မွေးတယ်ဆိုတော့ ၁၈ နှစ်ရှိပြီ၊ စိတ်သဘောထားက ပြည့်ဝတယ်၊ ရုပ်ရည်ကလည်း ချောမောခန့်ညားတယ်”

ဟု သူသိထားသမျှ ဝါယင်လုံ၏အကြောင်းများကို ပြောပြလိုက်သည်။

ထိုစကားကို ချန်ရိ၏မိခင် ကြားသောအခါ မျက်မှောင်ကြုတ်သွားပြီး ...

“မင်း ဘာတွေလျှောက်ပြောနေတာလဲ”

ဟု ဟန့်တားလိုက်၏။

ချန်ရိက ...

“ကျွန်တော်က အမှန်အတိုင်းပြောတာပါ”

"မင်း ညီမရှေ့မှာ မည်းရဲ့မိတ်ဆွေမွေးရက်တွေပါ ပြောပြနေရသလား၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ မင်းမှာ ဉာဏ်မရှိဘူးလား"

ချန်ရိုက ခေါင်းကုတ်လိုက်ပြီး ...

"အင်း ... ကျူးယင်ဂိုဏ်းက သွားတာကြာပြီ၊ ဒုက္ခပဲ နောက်မှပဲ ဆက်ပြောမယ်"

ဟုပြောရင်း နီအော်ကို လျှပ်တစ်ပြက် ဖြတ်ကျော်ကာ ပြေးထွက်သွားသည်။

နီအော် ကြောင်နေသည့်အတွက် ဟန့်တားရန် မမီလိုက်ချေ။

ချန်ရိ၏မိခင်က အော်ဟစ်ဟန့်တားလိုက်၏။

"သား ... မသွားရဘူး၊ ရပ်စမ်း"

ချန်ရိက နောက်သို့ပြန်လှည့်မကြည့်ဘဲ အော်လိုက်၏။

"ကျွန်တော် သူ့ကိုမကယ်ရင် မိတ်ဆွေမပီသဘူး၊ ရှက်စရာလည်းကောင်းတယ်၊ ရှက်စရာကောင်းတဲ့ သားမျိုးမွေးထားရတာကို ဇမမေ မရှက်ဘူးလား"

ချန်ရိက ကျူးယင်ဂိုဏ်းချုပ် ပြေးဝင်သွားရာ တောအုပ်အတွင်းသို့ ပြေးဝင်သွား၏။

နီအော်နှင့် ချန်ရိ၏မိခင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် ချန်ရိနောက်သို့ အမြန်ပြေးလိုက်သွားကြလေ၏။

ချိန်ရိမှာ တောအတွင်း ပြေးဝင်သွားသည်။

သူ၏နောက်မှ မိခင်နှင့်ညီမဖြစ်သူတို့ လိုက်ပါလာသည်ကို သိလိုက်သဖြင့် အားတက်သွားသည်။

သူသည် လမ်းကလေးအတိုင်း အတန်ကြာ ပြေးလွှားလာသော်လည်း လူရိပ်လူခြေမျှပင် မတွေ့ရချေ။

ချန်ရိသည် အတော်မြင့်သော သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်ပြီး လေးဘက်လေးတန်သို့ ကြည့်လိုက်၏။

ကျူးယင်ဂိုဏ်းချုပ်၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

ချန်ရိ စိတ်ပျက်လက်ပျက်နှင့် သစ်ပင်ပေါ်မှဆင်းကာ သစ်ပင်ခြေရင်း၌ ထိုင်ချလိုက်သည်။

ထိုအခိုက် နီအော်ရောက်လာပြီး ...

"အစ်ကို မိတ်ဆွေကို ကယ်မလို့ဆို"

ချန်ရိ ဒေါသထွက်သွားပြီး ...

"နင်တို့ရှုပ်လို့ အခု ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

ထိုအခိုက် ချန်ရို၏မိခင်လည်း ရောက်လာ၏။

သူတို့သည် ကျူးယင်ဂိုဏ်းချုပ်ကို မတွေ့ရတော့သဖြင့် လက်လျှော့ကာ တောအုပ်အတွင်းမှ ပြန်ထွက်လာခဲ့လေတော့သည်။

ချန်ရို၊ နီအော်နှင့် ချန်ရို၏မိခင်တို့သည် တောအုပ်မှထွက်၍ ခြက်ခင်းပြင်သို့ ပြန်ရောက်လာသောအခါ မြက်ခင်းပြင်၌ အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ချန်ရိမှာ အဘိုးအိုကို တွေ့သောအခါ ဝမ်းသာအားရဖြင့် ပြေးဖက်လိုက်သည်။

"ဘိုးဘိုး ..."

အဘိုးအိုမှာ ချန်ရို၏ဖခင်ဖြစ်သူ ချန်ယင်ဟောင်း၏ဖခင် ချင်ယွင် ဖြစ်သည်။

ချန်ရိ၏ မိခင် ရှင်ဝင်လန်မှာ ချင်ယွင်အဘိုးအိုအား တွေ့သော အခါ ပြေးလာပြီးမေးလိုက်၏။

"ဖေဖေ ... သူ့ကိုတွေ့ပြီလား"

သူမမှာ မောကြီးပမ်းကြီး ဖြစ်နေသည်။

မေးရင်း မျက်ဝန်းအိမ်မှ မျက်ရည်ဥများ တွဲခိုလာ၏။

ချင်ယွင်အဘိုးအိုက သက်ပြင်းချလိုက်ပြီး ...

"စိတ်မညစ်ပါနဲ့၊ မငိုပါနဲ့ သမီး"

ချန်ရိကမူ ဝါယင်လုံကို ကယ်တင်ရန်သာ အရေးကြီးနေ၏။

"ဘိုးဘိုး ... ကျွန်တော့်မိတ်ဆွေကိုရော တွေ့လိုက်သေးလား"

ချင်ယွင်အဘိုးအိုက ...

"တွေ့လိုက်တယ်"

"သူ့ကို ကယ်လိုက်ရောပေါ့"

"ငါလည်း မမီလိုက်ဘူး၊ မင်းတို့နောက်က လိုက်လာပေမယ့် ကိစ္စတစ်ခုရှိလို့ ကြန့်ကြာသွားတာ"

မုန်ပါသည်။

ကြက်တွန်သံဘုံကျောင်း၌ ရသေ့ကြီးတစ်ပါးဟန် ရုပ်ဖျက်ထားသောသူမှာ ချင်ယွင်အဘိုးအိုပင် ဖြစ်သည်။ ချန်ရိတို့ ကံကောင်းသွားခြင်းပင် ဖြစ်သည်။

ချန်ရိက ...

"ကျွန်တော့်မိတ်ဆွေတော့ ဒုက္ခတွေ့ပြီထင်တယ်"

ချင်ယွင်အဘိုးအိုက ပြုံး၍ နှစ်သိမ့်လိုက်သည်။

"မပူပါနဲ့ကွာ၊ သူတို့က မသတ်ချင်လို့ အရင်ဖမ်းသွားတာပဲ၊ သတ်ချင်ရင် သူသေတာ ကြာပြီကွ"

ရှင်ဝင်လန်က မျက်ရည်ကိုသုတ်လိုက်ပြီး ...

"ဖေဖေ ... သူ့သတင်း ဘာကြားသေးလဲ"

ချင်ယွင်အဘိုးအိုက ...

"ငါ့ရဲ့သား ယင်ဟောင်ဟာ သူ့ရဲ့ရုပ်လက္ခဏာအရ ဒီအရွယ်အထိ သေနိုင်မှာမဟုတ်ပါဘူး"

ရှင်ဝင်လန်က ...

"အခု သူပျောက်သွားတာ ၁၅ နှစ်ရှိပြီ၊ ခုထိ သူ့သတင်းဘာမှ မကြားရသေးတော့ ..."

သူမသည်ပြောရင်း အသံတိမ်ဝင်သွား၏။

ထို့နောက် မျက်ရည်များ စီးကျလာသည်။

ချင်ယွင်အဘိုးအိုက ...

"သားယင်ဟောင်ဟာ အခုထိ လူ့လောကမှာ ရှိနေနိုင်ပါသေးတယ်ကွယ်"

ရှင်ဝင်လန်က မေးလိုက်၏။

"ဖေဖေစကားအရဆိုရင် သူ့ကို သူများတွေက ဖမ်းချုပ်ထားတာမျိုးလား"

ချင်ယွင်အဘိုးအိုက ...

"အခုတစ်လော သိုင်းလောကဟာ ဆယ်နှစ်ရှိပြီ၊ ငြိမ်သက်နေတာ၊ ဒါပေမယ့် ဒီငြိမ်သက်မှုက မကောင်းဘူး၊ ပေါက်ကွဲဖို့ တာစူနေသလိုပဲ၊ ယင်ဟောင်ဟာ သိုင်းပညာတော်တယ်၊ သူ့ကို အသုံးချဖို့ တစ်စုံတစ်ယောက်က ထိန်းသိမ်းထားတာ ဖြစ်နိုင်တယ်"

ထိုစကားကြားသော် ရှင်ဝင်လန်က အလောတကြီးနှင့် မေးလိုက်၏။

"ဒါဆို သူ့ကို ဘယ်မှာဖမ်းချုပ်ထားသလဲ"

နီအော်က ...

"မေမေ စိတ်ငြိမ်ငြိမ်ထားပါ၊ ဘိုးဘိုးစကား မမှားနိုင်ပါဘူး"

ချန်ရီ ဝင်ပြောလိုက်၏။

"စိတ်ငြိမ်ငြိမ်ထားတော့ရော ဘာထူးခြားမှာလဲ၊ ကျွန်တော်တို့ လူစုပြီး ဖေဖေ့ကို လိုက်ရှာရမှာပေါ့၊ ဝါမိသားစုဟာ သိုင်းလောကမှာ ခေါင်းဆောင်တွေပဲ၊ သူတို့နဲ့ပူးပေါင်းပြီး ရှာမွေရင် ဖေဖေ့ကို တွေ့နိုင်မှာပဲ"

ရှင်ဝင်လန်မှာ ခင်ပွန်းသည်ကိစ္စကြောင့် ထူပူပြီး အကြံဉာဏ် မရှိ ဖြစ်နေသည်။

ချန်ရီစကားကြောင့် လှည့်ကြည့်လိုက်၏။

ချင်ယွင်အဘိုးအိုက ခေါင်းညိတ်လိုက်ပြီး ...

"ငါ့မြေးချန်ရီပြောတာ မှန်တယ်၊ သိုင်းလောကတစ်ခုလုံးကို ခြိုကြည့်ရင် ဝါမိသားစုဟာ အထက်မြက်ဆုံးပဲ၊ အခု ဒုစရိုက်သမားတွေ လူပ်ရှားလာကြတာဟာလည်း ဝါမိသားစုကို ဦးတည်နေတယ်၊ အခု ယင်ဟောင်ကိုရှာတဲ့ကိစ္စမှာ သူတို့နဲ့ ပူးပေါင်းသင့်တယ်၊ အပြန်အလှန် အကူအညီပေးရမယ်"

ချန်ရီသည် သူ၏အကြံကို အဘိုးဖြစ်သူက သဘောတူသဖြင့် ဝမ်းသာကျေနပ်သွားသည်။

ထို့ကြောင့် သူက ဆက်လက်ပြောလိုက်၏။

"ကျွန်တော်က ဝါထင်းဟုန်ကို မတွေ့ဘူးပေမယ့် သူ့ရဲ့သား ဝါယင်လုံနဲ့တော့ အင်မတန်ခင်မင်ခဲ့ပါတယ်၊ သူ့ရဲ့သိုင်းပညာဟာ

သည်း အတော်ထက်မြက်တယ်၊ ကျွန်တော်တို့ ကျင်လင်ငါးဖော်တိုက်တာတောင် သူ့ကို မမီနိုင်ဘူး"

နီအော်က ...

"ဘယ်ကတော်ရမှာလဲ၊ တော်ရင် သူများက လွယ်လွယ်ကူကူ အမ်းသွားနိုင်မလား၊ ဟင်း ... ကြက်ကလေး ငှက်ကလေးကျနေတာပဲ"

ချန်ရီ စိတ်တိုသွားပြီး ...

"သူ အဖမ်းခံရတာ နင့်ကြောင့်၊ နင်မလာရင် သူ အဖမ်းခံရမှာ မဟုတ်ဘူး"

နီအော်က ...

"သူ သိုင်းပညာ မထက်မြက်လို့ပါ၊ ညီမလေးကြောင့် လုံးဝ မဟုတ်ဘူး"

ချန်ရီ ပို၍စိတ်ဆိုးလာပြီး ...

"သူက မတော်ဘူး ဟုတ်လား"

"ဟုတ်တယ်"

"မင်းကိုယ်မင်းသာ အတော်ဆုံးလို့ ထင်နေသလား၊ ယင်လုံက မင်းလိုလူမျိုး ဆယ်ယောက်လောက် အသာလေးယှဉ်နိုင်တယ်"

နီအော် နှာခေါင်းရှုံ့လိုက်ပြီး နိုင်ရာနှင့်ကိုင်ပေါက်လိုက်၏။

"ဟွန်း ... တော်လို့သာ အဖမ်းခံရတာပေါ့"

ချန်ရီသည် ဒေါသပို၍ထွက်လာပြီး ...

"နင် နှင့်ကြောင့်၊ သူများအာရုံပျက်ပြီး ကျူးယင်ဂိုဏ်းချုပ်က လွယ်လွယ်ကူကူ ဖမ်းနိုင်ခဲ့တာ"

နီအော်က စွက်ပြောသည်။

"ရန်သူ့ရှေ့ရောက်နေတာတောင် သူက အာရုံပြန့်တယ်ဆို

တာဟာ သူ အသုံးမကျလို့ဘဲ၊ အလကားလူ၊ ကိုယ့်ကိုယ်ကိုတောင် မကာကွယ်နိုင်တဲ့လူ"

ချန်ရီသည် ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ရှင်ဝင်လန်က ...

"မင်းတို့ တိတ်ကြစမ်း၊ သူ့သိုင်းပညာ ဘယ်လောက်တော်တော် ငါတို့နဲ့မဆိုင်ဘူး"

ချင်ယွင်အဘိုးအိုက ရှင်းပြ၏။

"သမီး မှားနေပြီ၊ ဝါယင်လုံဟာ သိုင်းပညာမဆိုးပါဘူး၊ စိတ်ထားလည်း ကောင်းပါတယ်၊ ဒုစရိုက်သမားတွေကို နှိမ်နင်းတဲ့အခါ သူက အစွမ်းဆောင်နိုင်ဆုံး လူငယ်တစ်ယောက် ဖြစ်မှာပဲ"

ချင်ယွင်အဘိုးအိုက ချီးကျူးလိုက်ခြင်း ဖြစ်ပါသည်။

ရပ်ရွာအေးချမ်းရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဝါယင်လုံတို့ကဲ့သို့ လူတော်လူကောင်းများစွာ လိုအပ်သည်။

ဝါယင်လုံကဲ့သို့ လူငယ်များကို စုစည်းပြီး စနစ်တကျအသုံးချနိုင်ပါက သိုင်းလောကအကျိုးသာမက ရပ်ရွာအကျိုးပါ ရှိလာနိုင်မည်ဖြစ်ကြောင်း ချင်ယွင်အဘိုးအိုက ယူဆယုံကြည်ထားသည်။

နီအော်က ...

"ဘိုးဘိုးကိုယ်တိုင် ချီးကျူးနေမှတော့ သူ့ကို တော်တယ်လို့ သမီး ယုံရတော့မှာပေါ့"

ချင်ယွင်အဘိုးအိုက ပြုံး၍ပြောသည်။

"လူတစ်ကိုယ် ချို့ယွင်းချက်တစ်မျိုးတော့ ရှိတာပေါ့လေ၊ ပြည်တန်ပတ္တမြားမှာတောင် အနာအဆာမကင်းဘူးလို့ ဆိုကြတယ်

မဟုတ်လား၊ သူဟာ စိတ်ထားကောင်းပေမယ့် လူငယ်ဆိုတော့ နည်းနည်း စိတ်ကစားဖာခေါ့"

ဝါယင်လုံမြားပွေသည်ကို အဘိုးအိုက ဖုံးဖုံးဖိဖိပြောလိုက်ခြင်း ဖြစ်၏။

အဘိုးအိုကဆက်၍ ...

"သူဟာ မျိုးရိုးကောင်းတယ်၊ စိတ်ထားကောင်းတယ်၊ သတ္တိရှိတယ်၊ ဒီလိုသူငယ်မျိုးနဲ့ သမီးချန်မင်မင် နီးစပ်သွားလို့ တို့အသားပဲပါမသွားပါဘူး၊ ပို့တောင်ကောင်းသေးတယ်၊ တခြားလူတွေဆိုရင် ဝါယင်လုံကို သိပ်သဘောကျလိမ့်မယ်"

နီအော်၏မျက်နှာ ရဲတတ်သွား၏။

နီအော်ဆိုသည်မှာ သူမ၏မိသားစုက ချစ်စနိုးခေါ်ကြသော အမည်ဖြစ်ပြီး သူမ၏အမည်ရင်းမှာ ချန်မင်မင်ဖြစ်၏။

ချန်မင်မင်က နှုတ်ခမ်းစူလိုက်ပြီး ...

"သမီးကတော့ သဘောမကျပါဘူး၊ သူနဲ့ တစ်ပွဲတစ်လမ်းလောက် ဖညာစမ်းချင်သေးတယ်"

ရှင်ဝင်လန် စိတ်ရှုပ်ဟန်ဖြင့် ...

"အရေးမကြီးတဲ့ကိစ္စတွေ ထားလိုက်ပါတော့၊ အခု ယင်ဟောင်ကိုလိုက်ရှာဖို့ကိစ္စ ဘယ်လိုလုပ်မလဲ၊ ဖေဖေ ... ကြံစမ်းပါဦး"

ချင်ယွင်အဘိုးအို တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဒီလိုလုပ်၊ သမီးက အနောက်ဘက်ကို တစ်ခေါက်ခရီးထွက်၊ ဝါမိသားစုနဲ့ တွေ့ဆုံပါ၊ ဝါမိသားစုဟာ မိတ်ဆွေပေါများပါတယ်၊ ဒီတော့ ယင်ဟောင်ကိုရှာတဲ့ကိစ္စ အကူအညီရနိုင်ပါတယ်၊ ငါကတော့ ချန်ရီရယ်၊ မင်မင်ရယ်ကိုခေါ်သွားမယ်၊ ဝါယင်လုံကို သွားကယ်မယ်"

ချန်မင်မင် ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မ မလိုက်နိုင်ဘူး၊ မေမေနဲ့ပဲ လိုက်သွားမယ် ဘိုးဘိုး"

ချင်ယွင် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်းပဲ ဝါယင်လုံနဲ့ တစ်ပွဲလောက် ယှဉ်ပြိုင်ချင်တယ်ဆို၊ ခုတော့ တစ်မျိုးဖြစ်သွားပြန်ပြီ"

ချန်မင်မင်က ...

"အခုတော့ အချိန်မကျသေးဘူး၊ မေမေတစ်ယောက်တည်း ခရီးထွက်မှာကို စိတ်မချဘူး၊ နောက်ကြုံမှာပဲ ယှဉ်ပြိုင်တော့မယ်"

ချင်ယွင် စဉ်းစားလိုက်၏။

ချန်မင်မင် ပြောသည်မှာ နည်းလမ်းကျကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူက ခွင့်ပြုလိုက်သည်။

ချန်ရီက ဘိုးဘိုးနှင့်အတူ ဝါယင်လုံကို သွားရောက်ကယ်တင်ရမည်ဖြစ်၍ စိတ်အားထက်သန်နေ၏။

ထို့ကြောင့် လမ်းခွဲကြရန် လောဆော်လိုက်သည်။

"ကဲ ... ကဲ ... အချိန်သိပ်ရှိတာ မဟုတ်ဘူး၊ မြန်လေကောင်းလေပဲ၊ ပြီးတော့ ကိုယ့်ခရီးကိုယ် သွားကြမယ်"

အားလုံး သဘောတူကာ လမ်းခွဲလိုက်ကြလေ၏။

◆ ◆ ◆

အခန်း (၂၀)

အကျဉ်းသား

ကျူးယင်ဂိုဏ်းချုပ်တို့လူစုမှာ ဝါယင်လုံအား ဖမ်းဆီးပြီးနောက် ယန်စီမြစ်ဘက်သို့ဦးတည်ကာ ခရီးပြင်းနှင်လာခဲ့ကြသည်။

ယန်စီမြစ်၏ ကမ်းရိုးတန်းတစ်လျှောက်၌ တောင်များရှိပြီး ထိုတောင်များမှာ အလွန်မြင့်မားလှသည်။

ထိုတောင်များအနက် တောင်တစ်ခု၏ထိပ်၌ ဂေဟာတစ်ခု တည်ဆောက်ထားသည်ကို တွေ့မြင်ရသည်။

ဂေဟာမှာ နီရဲသစ်လွင်နေသဖြင့် ဆောက်လုပ်ထားသည်မှာ မကြာမြင့်သေးကြောင်း သိရှိနိုင်ပေသည်။

ထိုဂေဟာမှာ ကျူးယင်ဂိုဏ်း၏ ဌာနခွဲတစ်ခုပင် ဖြစ်ပါသည်။

ဝါယင်လုံမှာ သွေးကြောပိတ်ခံရသဖြင့် သတိလစ်ပြီး ပါလာခဲ့သည်။

သူ သတိရလာသောအခါ ...

လှုပ်ပြီး ကြိုးမားသောအဆောင်တစ်ခုသို့ ရောက်ရှိနေကြောင်း သိလိုက်ရလေတော့သည်။

အဆောင်တစ်ခုလုံး မီးအိမ်များ၏ အလင်းရောင်ကြောင့် လင်းထိန်နေသည်။

အဆောင်နံရံမှာလည်း ရွှေရောင်ဆေးခြယ်သထားသဖြင့် တောက်ပနေသည်။

ဝါယင်လုံက ကျိန်းစပ်သွားသော မျက်လုံးကို တစ်ချက်ပွတ်သပ်ရင်း အခန်းကျယ်အား အကဲခတ်ကြည့်လိုက်၏။

သူ၏ ရှေ့ဘက်ခပ်လှမ်းလှမ်းရှိ စင်မြင့်တစ်ခုပေါ်၌ ကျူးယင်ဂိုဏ်းချုပ်က ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ကျူးယင်ဂိုဏ်းချုပ်၏ နောက်ဘက်တွင်မူ အေးတိအေးစက် အမူအရာဖြင့် မေစုကရပ်နေကြောင်းပါ သတိထားမိလိုက်သည်။

ကျူးယင်ဂိုဏ်း၏ ဌာနမှူးလေးယောက်မှာမူ ကျူးယင်ဂိုဏ်းချုပ်၏ ဘယ်ညာ၌ နှစ်ယောက်စီခွဲကာ ရပ်နေကြသည်။

ဝါယင်လုံက သူ၏အတွင်းအားကိုထုတ်ကာ အခြေအနေကို ပြန်လည်စစ်ဆေးလိုက်၏။

အတွင်းအားမှာ နဂိုအနေအထားအတိုင်း ရှိနေသလို ...

သွေးကြောများမှာလည်း ပွင့်နေကြောင်း အံ့သြစွာ တွေ့ရှိလိုက်ရလေသည်။

သူသည် ကျူးယင်ဂိုဏ်းချုပ်၏ လုပ်ရပ်ကို တွေးမရအောင် ဖြစ်သွားသည်။

ထိုစဉ် ကျူးယင်ဂိုဏ်းချုပ် အဘွားအို၏ အသံက ထွက်ပေါ်လာသည်။

"ဝါသခင်လေး ... ကျုပ်က မင်းကို အလစ်တိုက်ခိုက်လို့ ဖမ်းခဲတာပါ၊ ကျုပ်ရဲ့လုပ်ရပ်က အောက်တန်းကျတယ်လို့များ မင်းထင်နေသလား"

ဝါယင်လုံက ခေါင်းမော့ကြည့်လိုက်၏။

ထို့နောက် လူးလဲထလိုက်ပြီး ...

"ခင်ဗျားသိမှာပါ၊ ဒီလုပ်ရပ်ဟာ အောက်တန်းကျတဲ့အပြုအမူ ၁၀၀ ခု ဟုတ်မဟုတ်ဆိုတာ"

ဟု ပြောလိုက်၏။

ကျူးယင်ဂိုဏ်းချုပ်နောက်၌ ရပ်နေသော မေစုက နှာခေါင်းရှုံ့တစ်ချက်လိုက်ပြီး ...

"ဟင်း ... ဘာလဲ အောက်တန်းကျတဲ့ အပြုအမူ ... "

ဝါယင်လုံက အေးအေးဆေးဆေးပင် ...

"ဒါကို ခင်ဗျားတို့ မသိဘူးလား"

မေစုက ...

"တိုက်ပွဲတစ်ပွဲ တိုက်တဲ့နေရာမှာ အနိုင်ရဖို့ပဲ အရေးကြီးတယ်၊ အလစ်အငိုက်ဖမ်းတာ၊ လျှပ်တစ်ပြက်တိုက်ခိုက်တာဟာ တိုက်ပွဲယှဉ်ပြိုင်တဲ့လူရဲ့ နည်းစနစ်ပဲ၊ ဉာဏ်ကိုလွှာပြီး အသုံးပြုရမှာပဲ၊ ရှင် ကျေနပ်ရင် ကျွန်မနဲ့ထပ်ပြီး တိုက်ခိုက်နိုင်တယ်"

ဝါယင်လုံမှာ ထိုစကားကြောင့် ဒေါထွက်သွားလေ၏။

သို့သော် မေစု၏အေးစက်စက်အကြည့်နှင့် ဆုံမိသောအခါ သူ၏ဒေါသများ ပြေပျောက်သွား၏။

ကိုယ့်ကိုယ်ကို ပြန်၍ သတိပေးလိုက်၏။

သူမသည် အလွန်လှပ၏။

ယောကျ်ားတစ်ယောက် မူးမေ့သွားလောက်အောင် လှပ၏။ ဤမျှလှပသော မိန်းကလေးတစ်ယောက်၌ အသဲနှလုံးရှိမည်မှာ အမှန်ပင်။

သို့ရာတွင် သူမ၏ တိမ်းမူးဖွယ်ရာအလှကို အေးစက်သော အကြည့်၊ ခက်ထန်သောဒေါသတို့ဖြင့် ဇွတ်အားတင်းပြီး ဖွဲ့စည်းမွမ်းမံထားခြင်းသာ ဖြစ်သည်။

"အင်း ... တစ်ဇွတ်ထိုး ထင်ရာလျှောက်လုပ်လို့ မဖြစ်ဘူး၊ အခြေအနေပေါ်မူတည်ပြီး မီးစင်ကြည့်ကရမယ်"

ဝါယင်လုံသည် ဉာဏ်ရည်ထက်မြက်သူတစ်ယောက် ဖြစ်၏။

အခြေအနေနှင့် အချိန်အခါကိုကြည့်၍ မှန်ကန်စွာဆုံးဖြတ်တတ်သူဖြစ်သည်။ ဉာဏ်ရည်ထက်မြက်သူတိုင်း လုပ်ရပ်မှန်ကန်မည်ဟု မဆိုနိုင်ပါ။

သူသည် ဒေါသထွက်နေသည့်တိုင် ထွက်နေသောဒေါသကို ချုပ်တည်းနိုင်ခဲ့ခြင်းမှာ သူ၏စွမ်းရည်တစ်ရပ်ပင် ဖြစ်၏။

ဒေါသထွက်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက်ချရန် အထောက်အကူမပြုနိုင်သလို လက်ရှိအခြေအနေထက်ပို၍ ဆိုးရွားသောအကျိုးဆက်ကို ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်၍ ဝါယင်လုံသည် ဂမူးရှူးထိုးဖြင့် ရန်တုံ့ပြန်ခြင်းမပြုဘဲ အခြေအနေကြည့်၍ မီးစင်ကြည့်ကရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

သူက မျက်နှာပါပြုံးလာပြီး မေစုကိုစိုက်ကြည့်လိုက်၏။

သူ၏ပုံဟန်မှာ အဖမ်းခံရသည့်အတွက် တုန်လှုပ်ဟန် စိုးစဉ်းမျှ မရှိချေ။ သေခြင်းကို ဂရုမစိုက်လျှင် အဖမ်းခံရခြင်းကို လုံးဝ ဂရုစိုက်မည် မဟုတ်ချေ။

အားလုံးက ဝါယင်လုံ တုန်လှုပ်သွားခြင်းမရှိသည့်အတွက် အံ့သြနေကြ၏။

မေစုကိုယ်တိုင်လည်း အံ့အားသင့်နေပြီး ဝါယင်လုံအား ပြန်ကြည့်မိသည်။

ဝါယင်လုံ၏ ရွှန်းလဲ့နေသော မျက်လုံးအစုံနှင့် ရင်ဆိုင်မိသော အခါ ...

အမျိုးအမည် ခွဲခြားဖော်ပြခြင်းဌာန မတတ်သာသော ခံစားမှုက ရင်ကို ခုန်လာစေလေ၏။

သူမအနေနှင့် တစ်ကြိမ်တစ်ခါမျှ ဤသို့ မဖြစ်ဘူးပေ။

အမျိုးအမည်မသိသော ခံစားမှုက ဝင်လာသောကြောင့် သူမက ဝါယင်လုံအား မကြည့်ရဲတော့ပါ။

မျက်နှာကို ပြန်လွှဲလိုက်၏။

သူမ၏မျက်နှာပေါ်၌ ပန်းရောင်တစ်ချက် ပေါ်ပေါက်သွား၏။

သို့သော် ချက်ချင်း ပြန်လည်ကွယ်ပျောက်သွားလေ၏။

မည်သူကမျှ သူမ အမူအရာပျက်သွားသည်ကို သတိမထားမိလိုက်ကြချေ။ ကျူးယင်ဂိုဏ်းချုပ်လည်း သတိမထားမိချေ။

ကျူးယင်ဂိုဏ်းချုပ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြော၏။

"အမှန်ပြောရရင် ကျုပ်လို ဂိုဏ်းချုပ်ဆိုတဲ့ အဆင့်အတန်းရှိတဲ့ လူတစ်ယောက်အဖို့ အခုလို ခိုးကြောင်ခိုးဝှက် အလစ်တိုက်ခိုက်တာ ဟာ အောက်တန်းကျပါတယ်၊ သိက္ခာလဲကျပါတယ်၊ ဒါပေမယ့် မတတ်သာတဲ့အဆုံး လုပ်လိုက်ရတာပဲ"

ဝါယင်လုံမှာ ဂိုဏ်းချုပ်က ပွင့်ပွင့်လင်းလင်း ပြောလာသောကြောင့် အံ့အားသင့်သွားရသည်။

ကျူးယင်ဂိုဏ်းချုပ်က စကားဆက်လိုက်၏။

"တကယ်တမ်းဆိုရင် မင်းရဲ့အမေနဲ့ ငါဟာ သိပ်ရင်းနှီးပါတယ်။ ဒါပေမယ့် ငါ သိုင်းလောကထဲမှာ လူပ်ရှားလာတာက သိုင်းလောကရဲ့ ပထမနေရာကို လိုချင်လို့ပဲ၊ ဒီတော့ မင်းအဖေနဲ့ ထိပ်တိုက် တွေ့ခဲ့တယ်၊ ရန်သူဖြစ်ခဲ့ရတယ်"

ထိုအခိုက် ဌာနမှူးဝမ်ပင် ကြားဖြတ်ပြောလိုက်၏။

"ကျွန်တော်တို့ သိုင်းလောကမှာ ပြန်လူပ်ရှားမယ်ဆိုကတည်းက ဝါထင်းဟုန်နဲ့ တစ်ချိန်မဟုတ်တစ်ချိန်မှာ ထိပ်တိုက်တိုးရမှာပဲ၊ ဒီတော့ ကျွန်တော်တို့က ဝါယင်လုံကို ဖမ်းချုပ်ထားပြီး သတင်းလွှင့်လိုက်ပါ၊ ပြီးတော့ ရှန်းမုံဂိုဏ်းကျုပ်ကို ဖိတ်ခေါ်ပြီးတော့ ဝါထင်းဟုန်ကို ရင်ဆိုင်ပါ၊ ဝါယင်လုံကိုတော့ ဓားစာခံလုပ်လို့ရရင်လည်း၊ အသုံးချလို့မရရင်တော့ သုတ်သင်ပတ်လိုက်ရုံပါမယ်၊ သုတ်သင်ပစ်တာဟာ သိုင်းလောကမှာ အသေးအဖွဲပါ"

ကျူးယင်ဂိုဏ်းချုပ်က ဘာမှပြန်မပြောပေ။

ဝါယင်လုံကသာ စကားအဆုံး၌ အားရပါးရ ရယ်မောလိုက်လေ၏။

"ဟား ... ဟား ... ဟား ... ဒီအကြံ တော်တော်ကောင်းတယ်၊ ကျွန်တော်လည်း ဘယ်မှသွားဖို့မလိုတော့ဘူးပေါ့"

သူသည် စကားဆုံးသည်နှင့် အဆောင်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

မေစု အော်ဟစ်ဟန့်တားလိုက်၏။

"ရပ်စမ်း"

ဝါယင်လုံ နောက်ပြန်လှည့်ကြည့်ရင်း ...

"အခြေအနေမျှ ရှိသေးလို့လဲ၊ မင်းတို့ ငါ့ကို ချုပ်ထားမယ် မဟုတ်လား၊ ဒီတော့ ငါ အနားယူတော့မှာပေါ့"

သူက ခပ်ပြုံးပြုံး ပြောသည်။

မေစုမှာ ဝါယင်လုံ၏ မခိုးမခန့်အမူအရာကြောင့် စိတ်ထဲ၌ ကလိကလိနှင့် ဒေါသဖြစ်လာသည်။

"အကျဉ်းသားတစ်ယောက်က ဒီလိုမျိုး အေးအေးဆေးဆေး နေခွင့်ရမယ်များ ရှင် ထင်နေသလား၊ ရှင့်ဘဝမှန် ရှင်သိထားရင်ပြီးတာပဲ"

သူမက အော်ဟစ်လိုက်သည်။

ဝါယင်လုံက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျုပ်ကို ခြိမ်းခြောက်လို့ ကြောက်မယ်များ ထင်နေသလား၊ အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် ဆက်ဆံရင် ကျုပ်က မင်းတို့သိချင်တာတွေ ပြောပြချင်ပြောပြမယ်၊ အကြမ်းဖက်ရင်တော့ ငါကလည်း ငြိမ်နေမှာ မဟုတ်ဘူး၊ ငါဟာ မီးလား ရေလားဆိုတာ မင်းတို့ သိရလိမ့်မယ်"

မေစုမှာ ဝါယင်လုံ၏စကားကြောင့် အံကိုတင်းတင်းကြိတ်လိုက်မိသည်။

စည်းရုံးရေးဌာနမှူး စင်စင်စန်းက လက်ကာပြရင်း ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်က စည်းရုံးရေးမှူးပါ၊ ခင်ဗျားသာ ကျုပ်တို့ဂိုဏ်းထဲဝင်မယ်ဆိုရင် အဆင့်မနိမ့်စေရပါဘူး၊ နေရာကောင်းကောင်း ရပါစေ့မယ်"

မိမိအလိုပါအောင် စည်းရုံးသောနည်းများတွင် အခွင့်အရေးပေး၍ စည်းရုံးခြင်းသည် အထိရောက်ဆုံးနည်း ဖြစ်သည်။

မိမိအကြံအစည် အောင်မြင်ရေးအတွက် တစ်ဖက်လူအား အခွင့်အရေးပေး၍ မြှူဆွယ်ခြင်းသည် ထိရောက်မှုရှိသည် မှန်သော်လည်း စိတ်ထားဖြောင့်မတ်တည်ကြည်၍ ယောကျ်ားပီသသူကိုမူ မည်သို့မျှ ဆွဲဆောင်စည်းရုံးနိုင်ခြင်းရှိမည် မဟုတ်ပေ။

ဝါယင်လုံမှာ စိတ်ထားပျော့ညံ့သူတစ်ယောက် မဟုတ်ချေ။ သူသည် သူ၏ရည်ရွယ်ချက်ကို အလွတ်မခံ ဆုပ်ကိုင်ထားသူတစ်ယောက်သာ ဖြစ်သည်။

စင်စင်စန်း၏ စည်းရုံးမှုကြောင့် စိတ်ဓာတ်ယိမ်းယိုင်သွားခြင်း မရှိပါ။

သို့ရာတွင် စင်စင်စန်း၏ စည်းရုံးမှုကို ဝါယင်လုံ အံ့သြမိ၏။

အမှန်စင်စစ် သိုင်းလောကၭ စည်းကမ်းများရှိ၏။

ဂိုဏ်းချုပ်ကိုယ်တိုင် ရှိနေပါက ထိုစကားမျိုး ပြောခွင့်မရှိပေ။ အဘယ့်ကြောင့် ပြောခွင့်မရှိသနည်း။

ဂိုဏ်းချုပ်ထက်ကျော်လွန်ကာ လုပ်ဆောင်သောသဘော သက်ရောက်နေသောကြောင့် ခွင့်မပြုခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကျူးယင်ဂိုဏ်းချုပ် အဘွားအိုမှာ မျက်နှာမဲ့လိုက်ပြီး ဟန့်တားရန်ဟန်ပြင်လိုက်၏။

"ဟား ... ဟား ... ဟား ... ဒါက မဆိုးဘူးဗျ၊ ခင်ဗျားတို့ ဂိုဏ်းထဲဝင်ရင် နေရာကောင်းကောင်းရနိုင်တယ်၊ ပြီးတော့ မေစုနဲ့လည်း အမြဲတမ်း နီးနီးကပ်ကပ် ဆက်ဆံနေရမှာပဲ၊ အင်း ... ရှေ့ရေးကတော့ မဆိုးဘူး၊ ကျုပ်အတွက် ကံကောင်းတာပဲ ဖြစ်မယ်"

ဝါယင်လုံသည် ထိုစကားကို တမင်ပင် ပြောချလိုက်၏။

မေစုမှာ ထိုစကားကြောင့် ရှက်လည်းရှက် ဒေါသလည်းထွက်သွားသည်။

"ရှင့်ပါးစပ် ပိတ်ထားစမ်း"

သူမက အော်ငေါက်လိုက်လေ၏။

ဂိုဏ်းချုပ်မှာ ဝါယင်လုံကို အကဲခတ်ပြီး ...

"မင်း တကယ်ပြောတာလား၊ မင်းသာ ငါ့ဂိုဏ်းထဲဝင်မယ်ဆိုရင် မေစုနဲ့ ငါ တကယ်ပေးစားမယ်"

မေစုမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ချက်ချင်းပင် ဝင်ရောက်ကန့်ကွက်လိုက်လေ၏၊

"ဆရာ ... သူ့စကားကို ဘယ်လိုယုံရမှာလဲ၊ ကျွန်မ ..."

ဂိုဏ်းချုပ်က လက်ဝှေ့ယမ်းကာ ...

"မေစု ... ငါ့အကြောင်းနဲ့ငါ ရှိတယ်၊ မင်း ဝင်ပြီးမပြောနဲ့"

မေစုမှာ ရှက်စိတ်ကြောင့် ခေါင်းငုံ့သွားသည်။

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"တကယ်တော့ ဂိုဏ်းချုပ်ရဲ့အကြိုက ကျွန်တော်သာ ကျူးယင်ဂိုဏ်းထဲကို ရောက်သွားရင် ကျွန်တော့်မိဘတွေက ကျူးယင်ဂိုဏ်းကို လက်ပိုက်ကြည့်နေရတော့မယ်လို့ ထင်နေတယ် မဟုတ်လား၊ ကျွန်တော့်ကို အသုံးချလို့ရမှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် ကျွန်တော်က မေစုအလှကြောင့် စိတ်ပျော့သွားမှာမှ မဟုတ်ဘဲ၊ သိုင်းညာနဲ့လည်း ကျွန်တော့်ကို ကြောက်အောင်လုပ်လို့ မရပါဘူး၊ နည်းပေါင်းစုံသုံးလည်း ကျွန်တော်က ကြောက်မယ့်လူမဟုတ်ဘူးဆိုဘာတော့ နားလည်ထားပါ"

ယောကျ်ားကောင်းတို့မည်သည် အခွင့်အရေးပေး၍ စည်းရုံးမှု ခံရသော်လည်း ယိမ်းယိုင်သွားခြင်း ...

ခြိမ်းခြောက်၍စည်းရုံးလည်း ခေါင်းညိတ်လက်ခံတတ်ခြင်း မရှိပေ။

ယောကျ်ားကောင်းတို့သည် ...

မိမိယုံကြည်ချက်ကို မယိမ်းမယိုင် ခိုင်ကျည်သောစိတ်ဓာတ် ဖြင့် ဆုပ်ကိုင်ထားလေ့ရှိသူများ ဖြစ်သည်။

အခွင့်အရေးကို မက်မောပြီး တွေဝေသွားခြင်း မရှိသလို ခြိမ်း ခြောက်မှုကို ကြောက်လန့်ပြီး နောက်တွန့်သွားခြင်းလည်း မရှိချေ။

အထူးသဖြင့် အများအကျိုးကို ထိပါးနှောင့်ယှက်မည့် ကိစ္စ မျိုးတွင် ဝင်ရောက်ပူးပေါင်းခြင်း မရှိဘဲ မိမိစွမ်းအားရှိသလောက် ဟန့်တားချေဖျက်လေ့ ရှိကြသည်။

ဝါယင်လုံမှာ ယောကျ်ားပီသသူဖြစ်ရာ ကျူးယင်ဂိုဏ်း၏ အခွင့်အရေးပေး၍ စည်းရုံးမှုကို လက်မခံခဲ့ချေ။

ထို့အပြင် ...

ကျူးယင်ဂိုဏ်း၏ ခြိမ်းခြောက်မှုကိုလည်း ကြောက်ရွံ့ခြင်း မရှိချေ။

ထို့ကြောင့် အထက်ပါအတိုင်း ပြတ်ပြတ်သားသား ပြန်ပြော လိုက်ခြင်း ဖြစ်သည်။

သူ့စကားကြောင့် မေစု၏မာနသည် ပြန်လည်ထကြွလာ၏။

မြင်မြင်သမျှ ယောကျ်ားအားလုံးသည် သူမ၏အလှတွင် ယစ် မူးကြသည်။

သူမ၏အလှကို မြင်လိုက်သည်နှင့် ယောကျ်ားတိုင်း ပျပ်ဝပ် ကျိုးစွာ ခစားကြရသည်။

ဝါယင်လုံကကော ဘာသားနှင့်ထုထားသည်မို့လဲ။

မိန်းမဖျက်လျှင် ပြည်ပျက်သည်ဟု ဆိုရိုးစကားရှိသည် မဟုတ် ပါလား။

မေစုသည် လွန်စွာလှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

လှပချောမောခြင်းသည် သူမ၏ ထက်မြက်သော လက်နက်ဟု ယူဆထားသည်။

အလှလက်နက်ဖြင့် ထိုးနှက်ပါက မည်သည့်ရန်သူယောကျ်ား မဆို မခံနိုင်ဟု ယုံကြည်ထားသည်။

သို့ရာတွင် ဝါယင်လုံကဲ့သို့ ယောကျ်ားပီသသူနှင့် ရင်ဆိုင်မိ သည့်အခါ သူမ၏အလှလက်နက်သည် ဘာမျှ အသုံးမဝင်တော့သလို ဖြစ်သွားရာ မေစုအနေနှင့် အကြီးအကျယ် ဒေါသထွက်သွားရခြင်း ဖြစ်တော့သည်။

မြင်မြင်သမျှ ယောကျ်ားများသည် သူ၏အလှကိုမြင်သည်နှင့် ငေးမောကြည့်ကာ ချစ်ခင်လိုကြ၏။

ဝါယင်လုံမှာ သူမအား သတိထားသည့်ပုံစံပင် မရှိပါ။

ထို့ကြောင့် ဒေါသပို၍ထွက်လာပြီး ...

"ရှင်က ပြောခဲ့ပါသေးတယ်၊ အသက်သာ အသေခံမယ်၊ အဖမ်းမခံဘူးဆို၊ ကဲ ... အခု အဖမ်းခံနေရပြီ မဟုတ်လား၊ ဒီတော့ ရှင် သေပြစမ်း"

ဝါယင်လုံ ပြုံးကာမေးလိုက်၏။

"မင်းနဲ့ငါ ဘာရန်ငြိုးရှိလို့လဲ"

"ရှိတယ် ... ရှိတယ်၊ ရန်ငြိုးတွေအများကြီးရှိတယ်၊ ဘာဖြစ်သလဲ"

ဝါယင်လုံက ရယ်မောလိုက်ပြီး ...

"အင်း ... မင်း ရန်ငြိုးရှိလို့ ငါ့ကိုသတ်ရင်လည်း ထားပါတော့လေ၊ အခု ငါ့စိတ်ထဲမှာ ဘာစဉ်းစားနေသလဲ၊ သိသလား"

မေစုဏ်အဖြေစကားကို မစောင့်ဘဲ ဝါယင်လုံသည် တစ်ဖက်သို့ လှည့်လျှောက်သွားသည်။

တမင်သက်သက် မေစုအား မခံချင်အောင် စ,နေခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ပုံသူမှာ ဝါယင်လုံတစ်ယောက်တည်းသာ ရှိ၏။

မေစုသည် အံကို တင်းတင်းကြိတ်လိုက်၏။

ဝါယင်လုံအား စိတ်ရှိလက်ရှိ ထုရိုက်ပစ်လိုစိတ်များ ဖြစ်ပေါ်လာလေ၏။

"ရှင် ဘာပဲစဉ်းစား စဉ်းစား သေရမှာပဲ"

ဝါယင်လုံ ရယ်မောလိုက်ပြီး ...

"ငါသေလို့ မဖြစ်သေးဘူး၊ ငါသေရင် မင်း ..."

သူက ငါသေရင် မင်း မုဆိုးမဖြစ်သွားမှာပေါ့ဟု နောက်ပြောင်ရန် စကားစလိုက်ခြင်း ဖြစ်၏။

သို့သော် ထိုအထိ ပြောမထွက်ပါ။

မေစုကို စိတ်ဆိုးအောင် မစချင်တော့သဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

အမှန်စင်စစ် မေစုမှာ မည်သည့်ယောကျ်ားလေးနှင့်မျှ စကားမပြောဘူးပါ။

သို့သော် သူမ၏စိတ်ကူးထဲ၌ စဉ်းစားထားသူမှာ ဝါယင်လုံနှင့် အတော်နီးစပ်၏။

သို့သော် ဝါယင်လုံနှင့်သူမသည် ရန်ဘက်ဖြစ်နေသည်။

ထို့အပြင် ဝါယင်လုံကလည်း သူမအား အထင်သေးသည့်ပုံရှိသောကြောင့် စိတ်ဆိုးနေခြင်း ဖြစ်သည်။

သူမ၏ရင်တွင်းသို့သာ ဝင်ကြည့်မည်ဆိုပါက ဝါယင်လုံအပေါ် သံယောဇဉ်များ တစ်စထက်တစ်စ ရစ်ပတ်လျက်ရှိနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

မေစုသည် အံကိုကြိတ်လိုက်ပြီး ...

"ရှင့်စကားကို ဆုံးအောင်ဆက်ပြောလေ"

ဝါယင်လုံ အခက်ကြုံသွား၏။

ပြောမထွက်နိုင်ဘဲ မေစုကို ငေးကြည့်မိ၏။

မေစုက အံကိုတစ်ချက်ကြိတ်ပြီး ...

"ရှင် ပြောရင်ပြော၊ မပြောရင် လျှာကိုဖြတ်ပစ်မယ်"

ဝါယင်လုံသည် ကမန်းကတန်းပင် ပြောမိပြောရာ လွတ်ခနဲ ပြောချလိုက်ရတော့သည်။

"ကျုပ် စဉ်းစားနေတာကတော့ ဒီကနေ ဘယ်လိုလွတ်မြောက်နိုင်မလဲလို့ပဲ"

သူ့စကားကြောင့် မေစု ကြောင်သွား၏။

ဝါယင်လုံထံမှ ထိုစကားမျိုးထွက်လာမည်ကို မေစု မျှော်လင့်ထားမိပေ။

ဝါယင်လုံ ထိုစကားကို အဘယ်ကြောင့် ပြောရပါသနည်း။

သူ့အနေဖြင့် လွတ်နိုင်မည်ဟု မထင်မှတ်၍လော။

သူမ တွေးတောနေစဉ် ဝါယင်လုံက အခန်းအလယ်ရှိ ကုလားထိုင်တစ်လုံး၌ ဝင်ရောက်ထိုင်ချလိုက်၏။

သူ၏ပုံစံမှာ အကျဉ်းသားနှင့် မတူပါ။

အလည်အပတ်ရောက်လာသော ဧည့်သည်တစ်ယောက်နှင့် တူနေသည်။

စည်းရုံးရေးမှူး စင်စင်စန်းက သက်ပြင်းချရင်း ခေါင်းကို ခါယမ်းကာ ဂိုဏ်းချုပ်ဖက်သို့လှည့်လိုက်ပြီး ...

"ဂိုဏ်းချုပ်ခင်ဗျား၊ သူဟာ ဝါထင်းဟုန်လို ထက်မြက်တဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ ဒီတော့ သူ့ကိုအသုံးချလို့လည်း အကျိုးထူးမယ် မထင်ဘူး၊ သူ့ကို သုတ်သင်ပစ်တာကသာ အကောင်းဆုံးဖြစ်မယ် ထင်ပါတယ်"

တော်ရုံတန်ရုံလူဆိုလျှင် ထိုစကားကြောင့် ထိတ်လန့်တုန်လှုပ်သွားမည် ဖြစ်သည်။ ကြောက်ဒူးတုန်သွားမည် ဖြစ်၏။

ဝါယင်လုံမကူ မကြားလားသည့်အလား ပြုံး၍နေ၏။

အခန်း၏ နံရံများကိုသာ အဓိပ္ပါယ်မဲ့ လျှောက်ကြည့်နေ၏။

လီကျန်ရီက စကားပြောရန် ဟန်ပြင်သည်။

ထိုစဉ် ဝမ်မင်က ကြားဖြတ်ပြောလိုက်၏။

"သူ့ကို သုတ်သင်ပစ်ဖို့က ကျုပ်လည်း သဘောတူပါတယ်၊ ကျုပ်တို့တစ်တွေ သိုင်းလောကကိုစိုးမိုးဖို့ ကြံစည်တာနဲ့တစ်ပြိုင်နက် ဝါထင်းဟုန်လည်း လူပ်ရှားလာမှာပဲ၊ ကျုပ်တို့သာ သူ့ကို သုတ်သင်လိုက်ရင် ဝါထင်းဟုန်က စိတ်ဓာတ်ပျက်ပြားသွားနိုင်ပါတယ်"

လီကျန်ရီ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ဝါထင်းဟုန်အား စိုက်ကြည့်ပြီး အေးစက်စက် ပြောလိုက်သည်။

"အေး ... မင်းကို သတ်တော့သတ်ရမယ်၊ အနေးနဲ့အမြန်ပဲ၊ ဂိုဏ်းချုပ်အမိန့်ရတာနဲ့ မင်းကို သတ်ပစ်မယ်၊ ငါ့အကြောင်း မင်းကောင်းကောင်း နားလည်စေရမယ်"

ဝါယင်လုံက လီကျန်ရီအား ပြန်လည်စိုက်ကြည့်လိုက်၏။

လီကျန်ရီမှာ ပြောသည့်အတိုင်း လုပ်မည့်လူစားဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့အပြင် လီကျန်ရီမှာ သွေးဆာနေသော သားသတ်သမားတစ်ဦးနှင့် တူသည်ဟုလည်း ထင်မိ၏။

ထို့ကြောင့် စိတ်ထဲ၌ကြိတ်၍ ဆုံးဖြတ်လိုက်ရသည်။

"အင်း ... အခြေအနေ ပြောင်းလဲသွားတာနဲ့ ဒီကောင်ကြီးကို အရင်ရှင်းပစ်ရမယ်"

ကော့ထင်းတု မနေသာတော့ပါ။

သူသည် ဌာနမှူးလေးယောက်အနက် အသက်အကြီးဆုံးဖြစ်သလို အဆင့်အတန်းလည်း မြင့်မားသူဖြစ်၏။

ထို့ကြောင့် သူသည် ဂိုဏ်းချုပ်ကို အရိုအသေတစ်ချက်ပြုပြီးနောက် ...

"ဂိုဏ်းချုပ်ခင်ဗျား ... ဟိုးအတိတ်ကကိစ္စတွေကို ပြန်သတိရနေပါသလား၊ အခု ဝါယင်လုံဟာ သူ့အဖေလိုပဲ ခေါင်းမာတဲ့လူတစ်ယောက်ပါ၊ ဒီတော့ ဂိုဏ်းချုပ်စိတ်တိုင်းကျဖြစ်လာမှာ မဟုတ်ပါဘူး၊ စကားအခြေအတင်ဖြစ်တာပဲ အဖတ်တင်ပါလိမ့်မယ်၊ ဒီတော့ သူ့ကိစ္စကို ဂိုဏ်းချုပ် ပြတ်ပြတ်သားသား စဉ်းစားပါခင်ဗျာ"

ဂိုဏ်းချုပ်က ခေါင်းညိတ်ရုံညိတ်လိုက်၏။

သူတို့၏ပြောစကားမှာ တစ်ခုမှ သူ့ဆန္ဒနှင့် ကိုက်ညီမှုရှိပုံ မရပေ။ သူတို့လိုချင်သည်ကိုသာ ဆွေးပြောနေကြသည်။

ထို့ကြောင့် ဘာမှမပြောဘဲနေခြင်း ဖြစ်၏။

အမှန်စင်စစ် ကျူးယင်ဂိုဏ်းချုပ်သည်လည်း ရက်စက်ကြမ်းကြုတ်သူတစ်ဦး ဖြစ်သည်။

သို့သော်လည်း လူသားပေမို့ သံယောဇဉ်ကမူ ရှိခဲ့သည်။

သူ၏စိတ်ထဲ၌ ပိုင်ကျမ်ယီကို မမေ့နိုင်သေးပါ။

သူမသည် ပိုင်ကျမ်ယီအား သံဟောဇဉ်ဖြစ်ခဲ့သည်။

သူမ၏သိုင်းပညာအားလုံးကို အမွေပေးကာ တပည့်အဖြစ် မွေးလို၏။

ထို့အပြင် သူမသည် ပိုင်ကျမ်ယီကို တပည့်အဖြစ်လိုချင်သည့် အကြောင်းတစ်ခုကလည်း ရှိသေးသည်။

သူမသည် သိုင်းလောကသို့ ဝင်ရောက်လာချိန်မှစ၍ ဝါထင်းဟုန်အား စိုးရွံ့ခဲ့၏။

ထို့ကြောင့် ဝါထင်းဟုန်ကို ချုပ်ကိုင်နိုင်ရန် နည်းအမျိုးမျိုးကို စဉ်းစားခဲ့သည်။

အကယ်၍ ပိုင်ကျမ်ယီသာ လက်ခံပါက ဝါထင်းဟုန်သည် အလိုအလျောက် သူ့ဂိုဏ်းအောက်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

သို့သော် ပိုင်ကျမ်ယီက သူ၏တပည့်အဖြစ် လက်မခံခဲ့ချေ။

ထို့ကြောင့် သူ၏သိုင်းလောကကို စိုးမိုးရန် အကြံအစည်မှာ ပျက်ပြားခဲ့ရ၏။

သူမအနေဖြင့် ဝါထင်းဟုန်အား ကြောက်လည်းကြောက်သည်။

မုန်းလည်းမုန်းတီးသည်။ အဘယ်မှာလျှင် မကြောက်မမုန်းဘဲရှိပါအံ့နည်း။ သူ၏သိုင်းပညာက ကြောက်စရာကောင်း၏။ သူ တပည့်အဖြစ်မွေးလိုသည့် ပိုင်ကျမ်ယီကိုလည်း သိမ်းပိုက်သွား၏။

ယခုလည်း သူက ဝါယင်လုံကို လက်ရဖမ်းဆီးမိခဲ့၏။

ဝါယင်လုံသာ သူ၏ဂိုဏ်းတွင်းသို့ သွတ်သွင်းနိုင်လျှင် ဝါထင်းဟုန်မှာ သူမ၏ဂိုဏ်းကို ဖြိုခွဲရန် မတတ်နိုင်တော့ပါ။

သူ၏အကြံ ပြန်လည်အောင်မြင်လာနိုင်သည်။

ထို့ကြောင့် သူက ဝါယင်လုံအား ချိုသာစွာဆက်ဆံနေခြင်း ဖြစ်သည်၊

သို့သော် ဝါယင်လုံမှာ သူမတို့အပေါ် အပေါ်ယံလိုက်လျောနေခြင်းသာဖြစ်ကြောင်း ရိပ်မိထား၏။

ထို့ကြောင့် ဆုံးဖြတ်ရခက်နေသည်။ သူမအနေနှင့် ဝါယင်လုံအား အသုံးချချင်၏။

ထို့အတူ သုတ်သင်ပစ်ချင်၏။

စိတ်ထဲ၌ ဝေခွဲမရဘဲဖြစ်နေသဖြင့် ကော့ထင်းတုဘက်သို့ လှည့်ကာ မေးလိုက်လေ၏။

"မင်းသဘောကရော ဘယ်လိုရှိသလဲ"

ကော့ထင်းတုက ဂါရုဝပြုလိုက်ပြီး ...

"ဝါယင်လုံက ဉာဏ်ကောင်းတယ်၊ ကျွန်တော်တို့ အကြံကို သူက ကြိုပြီးရိပ်မိတယ်၊ ဒီတော့ သူ့ကို ဆွဲဆောင်လို့ရနိုင်မယ်လို့ ဆာ့ ကျွန်တော် မထင်ဘူး"

ကော့ထင်းတု၏စကားက မှန်သည်ဟု ကျူးယင်ဂိုဏ်းချုပ်က သိလေသည်။

ကျူးယင်ဂိုဏ်းချုပ်အဘွားအိုက ခေါင်းညိတ်လိုက်သည်။

ပြီးမှ ဝါယင်လုံဘက်သို့ လှည့်ကာ ...

"မင်းက စီးမာချန်ချင်းကို လုပ်ကြံခံရတဲ့ကိစ္စကို သိချင်လို့ ထွက်ပြီးစုံစမ်းတာ မဟုတ်လား"

ဝါယင်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါ အဓိကအချက်ပဲ"

ဝါယင်လုံသည် ခေါင်းသာညိတ်လိုက်သော်လည်း ရင်ထဲက မူ ထိတ်လန့်သွား၏။

သူ့အား ဂိုဏ်းချုပ်က သုတ်သင်ရန် သဘောတူလိုက်ပြီဟု ထင်မိ၏။

ကျူးယင်ဂိုဏ်းချုပ်က သက်ပြင်းချပြီး ...

"ဒီလုပ်ကြံတဲ့ကိစ္စမှာ ငါတို့တစ်ဦးတည်းလို့တော့ မထင်ပါနဲ့၊ ရှန်းမုံဂိုဏ်းလည်း ပတ်သက်နေတယ်၊ ပြီးတော့ ကျောက်စိမ်းပန်းအိုး ယင်ယင်လည်း ပါနေတယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး ...

"ဘာကြောင့် ကျွန်တော့်ကို ပြောပြရတာလဲ"

ကျူးယင်ဂိုဏ်းချုပ်က ...

"ကျုပ်တို့အပေါ် ယုံကြည်စေချင်လို့ပါ၊ ကျုပ်တို့က မင်းကို မရက်စက်ချင်ဘူး"

ဝါယင်လုံက ပခုံးတစ်ချက်တွန့်ကာ ပြောလိုက်၏။

"ကျွန်တော့်ကို အကျယ်ချုပ်ပဲထားမယ်လို့ ထင်ပါတယ်"

သူ့ပုံစံမှာ ကြောက်ရွံ့ခြင်း အလျဉ်းကင်းမဲ့နေသဖြင့် မေစုသည် ကြားမှကြည့်မရဘဲ အမြင်ကပ်လာ၏။

ဝါယင်လုံအား နှိပ်စက်ချင်လာသည်။

ထို့ကြောင့် ဂိုဏ်းချုပ်ဘက်လှည့်ကာ ...

"ဆရာ ဆုံးဖြတ်ပြီးပြီလား"

ဂိုဏ်းချုပ်မှာ မေစု၏ဒေါသထွက်နေ သော မျက်နှာကိုမြင်လိုက်ရသဖြင့် ...

"ဘယ်လိုဆုံးဖြတ်ရမှာလဲ"

မေစုသည် ဝါယင်လုံကို တစ်ချက်ကြည့်ကာ ...

"သူ့ကို ချုပ်ထားမှာလား"

ကျူးယင်ဂိုဏ်းချုပ်က ...

"မင်း သဘောကရော"

မေစုက ...

"ဆရာ့ဆုံးဖြတ်ချက်အတိုင်းပဲ၊ သတ်ရင်ပဲဖြစ်ဖြစ် ချုပ်ထားရင်ပဲဖြစ်ဖြစ် ကျွန်မလက်ထဲ အပ်ပါ"

ထိုစကားကြောင့် ဝါယင်လုံ ဝင်ပြောလိုက်၏။

"ညော်... ခင်ဗျားက အဖော်လိုချင်နေတာကိုး၊ ရေစက်လို့ပဲ ထင်ပါရဲ့"

ဝါယင်လုံ၏ ပြက်ချော်ချော်စကားကြောင့် ဂိုဏ်းချုပ်က ရယ်မောလိုက်သည်။ သူ့စကားကို မေစု၏အရှိုက်ကို ထိုးနှက်လိုက်သလို ဖြစ်သွား၏။

မေစု၏မျက်နှာမှာမူ နီရဲသွားသည်။

ဂိုဏ်းချုပ်သည် ရယ်မောရာမှ ရုပ်လိုက်ကာ ...

"မင်းကိုအပ်တော့ ဘာလုပ်မလဲ၊ သူ့ကိုရင်ဆိုင်ဖို့က မလွယ်ကူးနော်"

မေစုက အံကြိတ်လျက် ...

"စိတ်ချပါ၊ ကျွန်မသူ့ကို ကောင်းကောင်းနှိပ်စက်ပြပါ့မယ်"

"ကောင်းပြီလေ ... မင်း သူ့ကို ဆုံးမနိုင်ပါတယ်၊ ဒါပေမယ့် ဒုက္ခိတတော့ မဖြစ်စေနဲ့၊ ငါသူ့ကို အသုံးပြုစရာတွေ ရှိသေးတယ်"

"ကောင်းပါပြီ ဆရာ"

မေစုသည်ပြောရင်း ဝါယင်လုံဘက်သို့ လှည့်လိုက်ပြီး ...

"လိုက်ကဲ့"

ဟု အသံပြတ်ဖြင့် ဖြေလိုက်၏။

ဝါယင်လုံက ပြုံးရင်းပြောလိုက်သည်။

"မင်း ရှေ့ကလမ်းပြမှပေါ့"

မေစု နှာခေါင်းတစ်ချက်ရှုံ့ကာ အဆောင်ထဲမှထွက်သွား၏။

ဝါယင်လုံက ဂိုဏ်းချုပ်ဘက်သို့လှည့်ကာ ဂါရဝပြုလိုက်၏။

ပြီးမှ ပြုံးစိစိဖြင့် ကျူးယင်ဂိုဏ်းချုပ်ကို လှမ်းပြောသည်။

"ကျွန်တော့်အကြောင်း ကျွန်တော့်အမေကို ပြောပြလိုက်ပါ"

ဝါယင်လုံ၏ပုံစံမှာ ရဲရင့်လှ၏။

လီကျန်ရိကကြည့်ရင်း မဲ့လိုက်၏။

ဂိုဏ်းချုပ်က တွေးတောနေမိ၏။

"အင်း ... သူ့ရဲ့စိတ်ထားကို ငါ ခန့်မှန်းလို့မရဘူး၊ သေရမှာလည်း ကြောက်မဲ့ပုံမရှိဘူး၊ ခပ်အေးအေးပဲ"

ထို့နောက် သူမက ဌာနမှူးများဘက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်။

"ကဲ ... အားလုံး အနံ့ယူနိုင်ပြီ၊ နဂိုအစီအစဉ်အတိုင်း ဆက်လုပ်တော့"

ထို့နောက် ကောင်းထင်းတုဘက်လှည့်ကာ ဆက်ပြောလိုက်၏။

"မင်းက ရှမ်းမဲ့ဂိုဏ်းကို အကြောင်းကြားပါ"

ထို့နောက် သူမ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

အခန်း (၂၁)
နှိပ်စက်ခြင်း

မေစု ရှေ့ဦးဆောင်သွားနေ၏။

ခန်းမကျယ်မှတစ်ဆင့် ရှည်လျားသော စင်္ကြံကိုလျှောက်ကာ လာခဲ့ရ၏။

စင်္ကြံအဆုံး၌ အဆောင်ကလေးများ တန်းစီဆောက်ထားသည်ကို တွေ့လိုက်ရသည်။

ထိုအဆောင်ကလေးများအား ကျော်လွန်လာခဲ့ပြီးမှ သီးသန့် အဆောင်ကလေးတစ်ခုသို့ ရောက်ရှိလာခဲ့သည်။

ထိုသီးသန့်အဆောင်ကလေး၏ ဘယ်ဘက်ထောင့်၌ တောင်တစ်တောင် ရှိသည်။

ထို့ကြောင့် ထိုအဆောင်ကလေးမှနေ၍ သဘာဝအလှအပများကို ရှုစားနိုင်သည်။

ဝါယင်လုံတို့ အဆောင်ကလေးများရှေ့သို့ ရောက်လာသော အခါ အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးက ကြိုဆိုလိုက်လေသည်။

လာသူနှစ်ဦးအနက် တစ်ဦးက ပြုံးရွှင်နေပြီး တစ်ဦးကတော့ တင်းမာခက်ထန်နေသဖြင့် ထိုမိန်းကလေးမှာ ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

မေစုက အစိမ်းရောင်ဝတ်စုံ ဝင်ဆင်ထားသော မိန်းကလေးအား ...

"ကြိုးတစ်ချောင်း ယူလာခဲ့"

ဟုအမိန့်ပေးလိုက်ပြီး အဆောင်တွင်း လှမ်းဝင်လိုက်၏။

အဆောင်၏ဧည့်ခန်းမှာ အတော်အတန် ကျယ်ပြန့်၏။

နံရံများ၌လည်း ပန်းချီကားများ ချိတ်ဆွဲထားသည်။

ဝါယင်လုံက အဆောင်အတွင်း လှမ်းဝင်ရင်း မိန်းကလေးအား ပြုံးပြလိုက်၏။

မိန်းကလေးလည်း ကြောင်အမ်းအမ်းဖြင့် ပြန်ပြုံးပြလိုက်၏။

မေစု မျက်နှာကို ပို၍တင်းမာလိုက်ပြီး ...

"ဘာကြောင်နေတာလဲ၊ ကြိုးသွားယူဆိုတာ မကြားဘူးလား"

မိန်းကလေး အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ဟုတ် ... ဟုတ်ကဲ့"

ဟုပြောရင်း အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

မေစုက အခန်းအလယ်ရှိ ကုလားထိုင်မြင့်မြင့်တစ်ခုခွ ဝင်ရောက်ထိုင်ချလိုက်၏။

ဝါယင်လုံကမူ လက်နှစ်ဖက်နောက်ပစ်ကာ အခန်းနံရံ၌ ချိတ်ဆွဲထားသော ပန်းချီကားများကို စိတ်ဝင်စားစွာ လှည့်ပတ်ကြည့်နေ၏။

အခန်းတွင်း၌ အသုံးအဆောင်ပစ္စည်းများမှာ တောက်ပသစ်လွင်နေ၏။

အခန်းတစ်ခုလုံးမှာလည်း သန့်ရှင်းသပ်ရပ်၏။

အခန်းကို အကဲခတ်ရင်း မေစုသည်လည်း လှလှပပသန့်သန့်ရှင်းရှင်းနှစ်ခြိုက်ကြောင်း သတိထားလိုက်မိသည်။

အချိန်မှာ တဖြည်းဖြည်းနှင့် မှောင်စပျိုးလာ၏။

အခန်းတွင်း၌ အလင်းရောင်က အားပျော့လာသည်။

ထိုစဉ်မှာပင် အခန်းတွင်းသို့ အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး ပြန်လည်ရောက်ရှိလာသည်။

သူ၏လက်တစ်ဖက်၌မူ ရေနွေးဗန်းကို ကိုင်ဆောင်လာသည်။

မေစုကကြည့်ရင်း မျက်မှောင်ကြုတ်သွားပြီး မေးလိုက်၏။

"နင့်ကို ဘယ်သူက ရေနွေးကြမ်းယူလာခိုင်းလို့လဲ"

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"ဧည့်သည်ပါလာတယ် မဟုတ်လား၊ ဒီတော့ အိမ်ရှင်အနေနဲ့ ဝတ္တရားကျေပွန်ရမယ်လေ"

သူမသည် ပြုံး၍ပြောရင်းက ရေနွေးဗန်းကို စားပွဲခုံပေါ်တင်လိုက်၏။

ကြိုးခွေကိုမူ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ပြီးမှ ...

"မီးအိမ်သွားယူလိုက်ဦးမယ်၊ နည်းနည်းတောင်မှောင်လာပြီ"

သူမသည် ပြန်ထွက်သွားရန် ဟန်ပြင်လိုက်၏။

မေစုက မိန်းကလေး၏စကားကြောင့် အံ့ကြိတ်လိုက်ပြီး အော်လိုက်၏။

"ဧည့်သည် ... ဘာဧည့်သည်လဲ"

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ မေစု၏အော်သံကြောင့် လန့်ဖျပ်သွားသည်။

ထိုမိန်းကလေးမှာ အသက်အားဖြင့် ဆယ့်သုံးနှစ် ဆယ့်လေးနှင့်ခန့်သာ ရှိသေး၏။

မျက်လုံးဝိုင်းဝိုင်းလေးနှင့် ချစ်စရာကောင်းလှသည်။

သူမက အုံ့အားသင့်နေပြီး ဝါယင်လုံအားတစ်လှည့် မေစုအားတစ်လှည့် ကြည့်လိုက်လေသည်။

ဝါယင်လုံက ပြုံးလိုက်ပြီး မေစုအား လှမ်းပြောလိုက်၏။

"ကျွန်တော်က ဧည့်သည်မဟုတ်ပေမယ့် ရေနွေးကြမ်းတောင်မသောက်ခွင့်မရဘူးလား၊ ဘာကြောင့် ကလေးကို စိတ်ဆိုးနေရတာလဲ"

မေစုက ဂါယင်လုံအား လှည့်ပင်မကြည့်ပါ။

အစိမ်းရောင်ဝတ်ဆင်တားသော မိန်းကလေးအား အမိန့်ပေးလိုက်လေ၏။

"ဖန်အော် ညည်း ဘယ်လိုဖြစ်နေတာလဲ၊ သွားစမ်း ... ရှောင်ကျင်းနဲ့ရှောင်မေကို အရင်ခေါ်ချည်၊ ပြီးမှ မီးတိုင်ခွက်လာထွန်းလှည့်"

ဖန်းအော်က ခေါင်းညိတ်ပြီးထွက်သွားရန် ဟန်ပြင်လိုက်၏။

ပြီးမှ ပြန်လှည့်လာပြီးပြောသည်။

"သခင်မလေး ... ဘာကြောင့် သူတို့ကိုခေါ်ရတာလဲ၊ ဒီမှာရှိသမျှအလုပ်ကိစ္စတွေ ကျွန်မလုပ်ပေးနိုင်ပါတယ်"

မေစု ဒေါသထွက်သွားတော့သည်။

"ငါက ကေါ်ဆိုရင်သွားခေါ်၊ စကားမများနဲ့၊ သူ့ကိုကြိုးတုပ်ဖို့ ညည်း လုပ်နိုင်မလား"

ဝါယင်လုံအား ညွှန်ပြရင်း ပြောလိုက်လေသည်။

ဖန်အော်မှာ ကြောင်သွားစ၏။

မေစုအား နားမလည်နိုင်ဟန်ကြည့်ပြီး ပြန်မေးစ၏။

"သခင်မလေးကို သူက ဘာအပြစ်ကျူးလွန်မိလို့လဲ"

ဝါယင်လုံက ရယ်မောပြီးပြောသည်။

"ဒီကြိုးကလေးတစ်ချောင်းနဲ့ ငါ့ကို ချုပ်နှောင်လို့ရမယ်များမင်း ထင်နေသလား"

မေစုက အေးကိအေးစက်ဖြင့် ...

"ရှမရဆိုတာ တော်တော်ကြာရင် ရှင်သိမှာပါ၊ ရှောင်ကျင်းနဲ့ ရှောင်မေက သူ့ထက် တစ်နှစ်ကျော်ကျော်ကြီးတယ်၊ မယုံရင် ရှင် စမ်းကြည့်ပေါ့"

ဝါယင်လုံက ခေါင်းကိုခါယမ်းရင်း ...

"ဒုက္ခပါပဲ၊ ငါက ကလေးတွေနဲ့ရန်မဖြစ်ချင်ဘူး၊ ငါ့ကို ကြိုးနဲ့လာချည်ဖို့က မင်းလာချည်မယ်ဆိုရင်တောင်မှ ငါက ခွင့်မပြုရင် ချည်လို့ရမှာမဟုတ်ဘူး"

မေစုက ဘာမှပြန်မပြောပါ။

ဝါယင်လုံက စကားဆက်လိုက်စ၏။

"ငါက ဒီလိုကို အချုပ်ခံလို့မဖြစ်ဘူး၊ မင်း သဘောကိုလည်း ငါ နားမလည်ဘူး၊ ဘာကြောင့် ငါ့ကို ချည်နှောင်ရမှာလဲ၊ သက်သက် အလုပ်ရှုပ်တယ်"

မေစုက ဝါယင်လုံအား အေးစက်စွာကြည့်လိုက်ပြီး ...

"ရှင့်ကို ဇောက်ထိုးဆွဲပြီး ချိတ်ထားမလို့"

ဝါယင်လုံက ...

"အဲဒါ ဘာဖြစ်သလဲ၊ ဒါဆိုရင် ငါ့ကို နာကျင်လောက်ပြီလို့ မင်း ထင်လို့လား"

မေစုကပြုံး၍ ...

"ရှင့်ကို ကျွန်မတစ်ခုပြောပြမယ်၊ ရှင် နားထောင်မလား"

"နားထောင်သင့် နားထောင်ရမှာပေါ့"

"ရှင် နားမထောင်ချင်လည်း နားထောင်ရမှာပဲ၊ တိရစ္ဆာန်တွေကို ယဉ်ကျေးအောင် ဘယ်လိုလေ့ကျင့်ရသလဲဆိုတာ ရှင် သိလား"

"ဘယ်လို လုပ်တာလဲ"

"အစာမကျွေးဘဲ ထားတာပေါ့၊ အဲဒီနည်းလမ်းကို အခုအထိ သုံးကြတုန်းပဲ"

"ပြောစမ်းပါ"

"ရှင့်ကို သုံးရက်တိတိ ထုပ်တန်းမှာချိတ်ဆွဲထားမယ်၊ ရှင့်ကို ထမင်းလည်းမကျွေးဘူး၊ ရေလည်း မတိုက်ဘူး"

သူမသည် ရယ်မောလိုက်လေစ၏။

"ဟင်း ... ဟင်း ... ဟင်း ... ရှင် ထမင်းမစားဘဲနဲ့တော့ နေကောင်းနေနိုင်မယ် ရေမသောက်ရဘဲနဲ့တော့ ရှင် မနေနိုင်ပါဘူး၊ ဇောက်ထိုးဆွဲထားတဲ့အတွက်လည်း သွေးလည်ပတ်မှုတွေ ပြောင်းပြန်ဖြစ်သွားမယ်၊ ရှင့်ကို တိရစ္ဆာန်တွေလို ယဉ်အောင်လေ့ကျင့်ပေးမလို့တော့ မဟုတ်ဘူး၊ အဲဒီနည်းနဲ့ အဲဒီနည်းနဲ့ တဖြည်းဖြည်းညှင်းသတ်မလို့"

ဝါယင်လုံမှာ ထိတ်လန့်သွားစ၏။

အဆောင်၏အပြင်ဘက်မှ ကြိုးမားပြီးမြင့်မားလှသော သစ်ပင်ကြီးဆီသို့လည်း အလိုလို လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

မေစုကပြုံးရင်း ...

"ရှင့်ကို အဲဒီသစ်ပင်ထိပ်ဖျားမှာ ချိတ်ဆွဲထားမှာပဲ"

ဝါယင်လုံ၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

မေစုက ဝါယင်လုံထိတ်လန့်သွားကြောင့် ရိုပ်စားမိလိုက်သဖြင့် ဆက်ပြောလိုက်၏။

"ရှင့်ပုံစက ဘာမှမကြောက်သလိုပဲ၊ ဒီတော့ ဇောက်ထိုးချိတ်တဲ့အရသာကို မြည်းကြည့်ပေါ့ ဟုတ်လား"

သူမကပြောရင်း ဖန်အော်ဘက်သို့လှည့်လိုက်ပြီး အမိန့်ပေးလိုက်လေ၏။

"ဖန်အော် ကြိုးနဲ့သွားချည်"

ဝါယင်လုံ မဲ့ပြုံးပြုံးလိုက်ပြီး ...

"မေစု မင်းကို ကျုပ် ဒီလောက်ရက်စက်မယ့် မိန်းကလေးလို့ မထင်ခဲ့မိဘူး၊ ကျုပ်နဲ့မင်းက ဘာရန်ငြိုးရှိလို့လဲ၊ တကယ်လို့ ရန်ငြိုးရှိတယ်ဆိုရင်လည်း အရင်မျိုးဆက်က ရန်ငြိုးပဲ၊ မင်းကဘာကြောင့် ကျုပ်ကို ဒီလောက်နှိပ်စက်ချင်ရတာလဲ၊ ပြောပြစမ်းပါဦး၊ မင်းမှာ အကြင်နာတရား လုံးဝမရှိဘူးလားကွာ"

အချို့သောလူများသည် ခြောက်ရုံနှင့်ကြောက်လန့်တတ်သော်လည်း စိတ်ဓာတ်ခိုင်ကျည်၍ ယောကျ်ားပီသသူကိုမူ ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လန့်နိုင်ခြင်း မရှိချေ။

မေစု မဲ့ပြုံးပြုံးကာ ...

"ရှင် ကြောက်နေပြီလား"

ဝါယင်လုံက အေးအေးဆေးဆေးပင် ပြောသည်။

"ကျုပ်ကြောက်တဲ့အရာ လောကမှာ မရှိပါဘူး၊ သေတဲ့ကိစ္စ

အပြင် ဘာကိစ္စရှိဦးမှာလဲ၊ သုံးရက်တိတိ ချိတ်ဆွဲထားမယ်၊ အစားရယ် ရေရယ် မတိုက်ကျွေးဘူး၊ အဲဒါ တကယ်တော့ ဘာဖြစ်မလဲ၊ ဒါပေမယ့် မပြောတော့ပါဘူးလေ"

လူသည် သေမျိုးဖြစ်သည်။

မည်သူမဆို နောက်ဆုံးတစ်နေ့တွင် သေကြရမည်သာ ဖြစ်၏။

ထို့ကြောင့် သေခြင်းတရားကိုတွေး၍ ထိတ်လန့်တုန်လှုပ်ခြင်းသည် အဓိပ္ပါယ်မဲ့ စိတ်လှုပ်ရှားခြင်းပင် ဖြစ်သည်။

လူတိုင်းသည် သေခြင်းတရားကို မလွဲမသွေ မုချရင်ဆိုင်ကြရမည်သာ ဖြစ်သည်။

အချို့သောလူများသည် သေခြင်းတရားကို စိုးထိတ်ကာ မိမိတို့၏ ယုံကြည်ချက်ကို စွန့်လွှတ်တတ်ကြသည်။

ဤသည်မှာ လူပျော့လူညံ့၏ အောက်တန်းကျသော စိတ်ဓာတ်သာ ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်၍ ယောကျ်ားပီသသူများမူကား သေခြင်းတရားကိုတွေး၍ ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိချေ။

တုန်လှုပ်ခြင်း အလျဉ်းကင်း၏။

မိမိ၏ယုံကြည်မှုကို မမှိတ်မသုန် ကိုင်စွဲထားလေ့ရှိကြသည်။

မိမိ၏ယုံကြည်ချက်ကို အသက်ထက်ပို၍ တန်ဖိုးထားလေ့ရှိသူများပင် ဖြစ်သည်။

ဝါယင်လုံသည် ထိုကဲ့သို့သော လူစားမျိုး ဖြစ်သည်။

မေစု၏ခြိမ်းခြောက်မှုကို လုံးဝ ဂရုမစိုက်ချေ။

ကြမ်းပြင်ပေါ်မှကြိုးစကို ကောက်ယူပြီး မိန်းကလေးအား သွမ်း ပြောလိုက်သည်။

"ကဲ ... ဖန်အော်ရေ မင်းပဲ ကြိုးလာချည်လှည့်ပါ"

သူ၏စကားကြောင့် မိန်းကလေးမှာ ကြောင်သွား၏။

မေစုမှာလည်း အံ့အားသင့်သွား၏။

ဝါယင်လုံက အေးအေးဆေးဆေး လွယ်လွယ်ကူကူ ကြိုးချည်ခံနေသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏၊

သူက ဝါယင်လုံအား စိုက်ကြည့်ပြီး ...

"ရှင်က ဖန်အော်ကို လုပ်ကြံမလို့လား"

ဟု မေးလိုက်၏။

ဝါယင်လုံ ဒေါသဖြင့် အော်လိုက်၏။

"ငါက ယောကျ်ားတစ်ယောက်ပါ၊ ကလေးတစ်ယောက်ကို လုပ်ကြံမှာ မဟုတ်ဘူး၊ ကဲ ... ဖန်အော် ကြိုးလာချည်ပါ"

သူ့အား စော်ကားသည့်စကားအတွက် ဝါယင်လုံ ဒေါသထွက်သွားလေ၏။

ပြီးနောက် မေစုအားစိုက်ကြည့်လိုက်ပြီး ...

"မင်း ငါ့ကို သံသယဖြစ်မနေနဲ့၊ ငါ ကြိုးချည်ခံတာဟာ မင်းစိတ်တိုင်းကျ လုပ်နိုင်စေဖို့ပဲ၊ ဒါမှ မင်း ငါ့စိတ်ကိုစမ်းသပ်နိုင်မှာ"

သူက တစ်လုံးချင်းပြောလိုက်သည်။

မေစု၏ရင်ထဲ၌ တစ်ချက်တုန်ခါသွားသည်။

မျက်နှာလည်း နီရဲသွားသည်။

ဝါယင်လုံက ...

"မင်းဟာလေ ..."

ပြောရင်း စကားတစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်၏။

မေစုက ...

"ဆက်ပြောပါ"

"ဘာပြဿနာ မပြောချင်တော့ဘူး"

"မပြောရင် ရှင့်ကို ခုနစ်ရက်တိတိတိုးပြီး ချည်ထားလိုက်မယ်"

"မင်း တကယ်သိချင်လို့လား"

"ဟုတ်တယ်"

ဝါယင်လုံသည် မပြောသေးဘဲ မေစုအား စိုက်ကြည့်သည်။

ရဲတင်းစွာရှောအကြည့်ကြောင့် မေစုမှာ ခေါင်းငုံ့သွားရသည်။

ဝါယင်လုံက တစ်လုံးချင်း ပြောလိုက်၏။

"မင်းဟာ ငါတွေ့ဖူးသမျှ မိန်းမချောတွေထက် ပိုပြီးတော့ ချောမောပါတယ်"

ဖန်အော်က ...

"ရှင် လျှောက်မပြောနဲ့၊ သခင်မလေး စိတ်ဆိုးနေမယ်"

မေစုကလည်း မျက်နှာနီရဲစွာဖြင့် ...

"ကျွန်မဟာကျွန်မ လှလှ မလှလှ၊ ရှင်နဲ့မဆိုင်ဘူး"

ဝါယင်လုံက ...

"ငါ့စိတ်ထဲကအတိုင်း အမှန်ပြောတာပါ"

"မပြောနဲ့"

ဖန်အော်ကလည်း ပြန်၍ ဟန့်တားလိုက်၏။

"ရှင် လျှောက်ပြောမနေနဲ့၊ တော်တော်ကြာ ..."

သူမ စကားမဆုံးခင် မေစုက ...

"ဖန်အော် ... ညည်းက သူ့ဘက်ပါချင်နေပြီပေါ့"

"မ ... မဟုတ်ပါဘူး သခင်မလေး"

ဝါယင်လုံ ပြုံးလိုက်ပြီး ...

"သူက မင်းရဲ့အိမ်ဖော်ပဲ၊ ငါ့ကို ကူညီစရာအကြောင်းမရှိပါဘူး၊ မင်းဟာလေ တကယ်တော့ လှသလောက် ငါ့အပေါ်မှာတော့ ရက်စက်ချင်တယ်"

မေစုမှာ ကတုန်ကယင် ဖြစ်နေ၏။

ဒေါသထွက်နေသလော။

စိတ်ညစ်နေသလော။ ဝေခွဲမရပါ။

သူမက အော်ဟစ်လိုက်၏။

"ရှင့်ကို ကျွန်မဘာလုပ်လို့လဲ၊ ရှင့်ကို ဘယ်မိန်းကလေးကပဲ ကြိုက်ကြိုက် ကျွန်မက ကြိုက်မယ်ထင်သလား၊ ဖန်အော် သူ့ကို ကြိုးနဲ့သွားချည်ပါ"

ဝါယင်လုံ သက်ပြင်းချလိုက်ပြီး လှမ်းပြောလိုက်၏။

"မင်းက ငါ့စကားနားမထောင်ချင်ရင်လည်း ဘာကြောင့်ဆက်ပြီး ပြောခိုင်းနေရတာလဲ၊ ကဲ ... ဖန်အော် လာ ... လာ ... ငါ့ကို ကြိုးနဲ့ချည်တော့"

သူက တစ်ဆက်တည်းပင် လက်ထဲမှကြိုးကို ဖန်အော်အား လှမ်းပေးလိုက်၏။

ဖန်အော်ကို ကြိုးကိုလှမ်းယူလိုက်သော်လည်း ချည်နှောင်ရန် မဝံ့မရဲဖြစ်နေ၏။

မေစုက စိတ်မရှည်တော့ဘဲ အော်ငေါက်လိုက်ပြန်၏။

"ဖန်အော် ... ဘာစောင့်နေတာလဲ၊ ကြိုးချည်တော့၊ နင် မချည်ရဲရင် ရှောင်ကျင်းတို့ကို သွားခေါ်"

ဖန်အော်သည် ဝါယင်လုံအနီးသို့ လျှောက်လာပြီးနောက် လက်ကို နောက်ပြန်ကြိုးတုပ်လိုက်၏။

ထို့နောက် ခြေထောက်ကိုပါ တုပ်နှောင်လိုက်လေသည်။

ဝါယင်လုံက ...

"ဖန်အော် ငါ့သွေးကြောကိုပါ ဝိတ်လိုက်ပါ၊ တော်တော်ကြာငါ စိတ်မထိန်းနိုင်ဘဲ ကြိုးကိုဖြတ်မိနေဦးမယ်"

မေစုက ခေါင်းခါယမ်းရင်း ...

"ရှင်ကို သွေးကြောပိတ်ထားရင် ဝေဒနာခံစားရမှာ မဟုတ်ဘူး၊ သစ်ပင်ကိုကြည့်၊ ပေခြောက်ဆယ်ကျော်မြင့်တယ်၊ ကြိုးပြတ်ကျတာနဲ့ ရှင် သေမှာပဲ"

ဝါယင်လုံ သက်ပြင်းချလိုက်၏။

စကားတစ်လုံးမျှ မပြောတော့ဘဲ စိတ်တိုင်းကျပြုမူခြင်းကို ခံယူလိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

အဆောင်များ၌လည်း မီးများအစီအရီ လင်းထိန်လာသည်။

ဝါယင်လုံမှာ ယခု မေစု၏အဆောင်၌ မဟုတ်တော့ပါ။

အဆောင်၏အရှေ့ဘက် သစ်ပင်မြင့်ပေါ်၌ ဓောက်ထိုးချိတ်ဆွဲထားခြင်းကို ခံနေရလေပြီ။

ထိုသစ်ပင်နှင့်တည့်တည့် အဆောင်၏ပြတင်းပေါက်၌ မေစု ထိုင်နေသည်။

သူ၏နံဘေး၌ ရှောင်ကျင်းနှင့်ရှောင်မေ ရပ်နေ၏။

ဖန်အော်ကမူ နှုတ်ခမ်းစူလျက် မေစု၏အရှေ့ဘက်နား၌ ရပ်နေသည်။

မေစုသည် ဖန်အော်၏အပြုအမူကို မမြင်ချင်ယောင် ဆောင်နေသည်။

သူမ၏ အတွေးများမှာမူ ရှုပ်ယှက်ခတ်နေ၏။

ရှောင်ကျင်းမှာ အတော်ကြာအောင်ရပ်နေရသဖြင့် သည်းမခံနိုင်တော့ပေ။

"သခင်မလေး ... ကျွန်မတို့လာပြီ"

ရှောင်မေက ...

"သခင်မလေး ပင်ပန်းနေတယ်"

ရှောင်ကျင်းက ...

"ပင်ပန်းရင် ပိုပြီး စားသောက်ရတယ်၊ အခု သခင်မလေး သူ့ကို စိတ်တိုင်းကျပြုလုပ်ပြီးပြီပဲ၊ ဒီမှာဆက်နေတော့လည်း ဘာမှ ထူးခြားလာမှာ မဟုတ်တော့ပါဘူး"

ရှောင်မေက ...

"သခင်မလေးစိတ်ကို ညည်း ဘယ်လိုလုပ်သိမှာလဲ"

ဖန်အော်က ...

"သခင်မလေးက ချိတ်ဆွဲထားပေမယ့် စိတ်ထဲမှာတော့ ..."

မေစုက ဟန့်တားလိုက်၏။

"တိတ်ကြစမ်း ... မင်းတို့ဆာရင် သွားစားကြ၊ ငါ ဒီမှာစောင့်ကြည့်နေရမယ်"

ဖန်အော်က ...

"သခင်မလေး ... ဒီမြင်ကွင်းက ကြည့်ကောင်းတဲ့မြင်ကွင်းမှ မဟုတ်ဘဲ"

မေစုက စိတ်တိုလာပြီး ...

"စကားမများနဲ့၊ ငါ သူ့ကို စောင့်ကြပ်နေတာ"

ရှောင်ကျင်းက သက်ပြင်းချလိုက်၏။

သူမ၏ သခင်မလေး စိတ်လှုပ်ရှားနေကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် သူမက အဖော်များအား ပြောလိုက်၏။

"လာ ... လာ ... တို့ သွားကြမယ်၊ သခင်မလေး စိတ်ရှုပ်နေတယ်"

ဖန်အော်က ရှောင်ကျင်းအားပြောသည်။

"ဒီနေ့ သခင်မလေးကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘယ်လိုများဖြစ်နေသလဲမသိဘူး"

ရှောင်မေကလည်း ...

"သခင်မလေးက ဒီလူကို နှိပ်စက်နေပေမယ့် သူ့စိတ်ထဲမှာ တစ်မျိုးခံစားနေရတယ်ထင်တယ်"

ရှောင်ကျင်းက ခေါင်းညိတ်၏။

"ဒါကတော့ သခင်မလေးကိုယ်တိုင်မှ သိမှာပဲ"

ရှောင်ကျင်း၏ နှုတ်မှ မပွင့်တပွင့် ထွက်လာလေတော့၏။

◆ ◆ ◆

အခန်း (၂၂)

အဘိုးအိုသင်ပေးသော သိုင်းပညာ

ဝါယင်လုံမှာ သစ်ပင်ပေါ်၌ ချိတ်ဆွဲခံနေရ၏။

ဇောက်ထိုးဆွဲထားခြင်း ခံရသည်မှာ မသက်သာလှပါ။

ခြေလက်များကို ချည်နှောင်ထားသည့်ကြိုးကလည်း တင်းကျပ်သဖြင့် အသားများပွန်းပဲ့ကာ နာကျင်နေ၏။

ထို့အပြင် လေတိုက်၍ သစ်ပင်လှုပ်တိုင်း သူ၏ခန္ဓာကိုယ်ကပါ လှုပ်ရှားနေသဖြင့် နာကျင်မှုကို ပိုမိုခံစားရသည်။

ဤအခြေအနေမျိုးသည် သူ၏စိတ်ကို ပို၍ ညစ်ညူးစေ၏။

သို့သော် သေရသည့်ကိစ္စအပြင် အခြားကြောက်စရာမရှိဟု သောစကားကို သူ ပြောဆိုခဲ့သည်။

အဆိုးရွားဆုံးခံစားမှုမှာ လူတစ်ကိုယ်လုံး ဇောက်ထိုးဖြစ်နေသဖြင့် သွေးလည်ပတ်မှုကပါ ဒုက္ခပေးနေခြင်း ဖြစ်၏။ ခေါင်းလည်း မူးလာပြီး အန်လည်းအန်ချင်လာသည်။

သူသည် အံကိုကြိတ်မိုတ်ကာ ခံစားနေ၏။

လရောင်မှာ ထွက်ပေါ်လာပြီဖြစ်သည်။

သူ၏တိုယ်မှ အဝတ်အစားများမှာလည်း နှင်းရည်များကြောင့် လည်းကောင်း၊ ချွေးများကြောင့်လည်းကောင်း စိုရွှဲနေ၏။

ယခု သူ သစ်ပင်ထက်၌ ချိတ်ဆွဲခံရသည်မှာ သုံးနာရီမျှရှိပြီဖြစ်သည်။ ဝင့်ခံနေခြင်းကို သူ သီးခံနေသည်။

အချိန်ကြာလာသည်နှင့်အမျှ သူ၏မျက်နှာပေါ်မှ သွေးများ ခဲ၍လာပြီး ဖြူရော်လာသည်။

ခဏအကြာ၌ သူ သတိလစ်ချင်သလို ဖြစ်လာလေတော့၏။

နောက်ဆုံး သူ မေ့မြောသွားလေတော့သည်။

မေစုမှာ ပြတင်းပေါက်၌ မရှိတော့ပါ။

ပြတင်းပေါက်လည်း ပိတ်ထားပြီး အဆောင်တစ်ခုလုံးလည်း မီးငြိမ်းထားပြီ ဖြစ်၏။

အဆောင်၏ ခေါင်မိုးတည့်တည့်သို့ လမင်းရောက်ရှိလာပြီ ဖြစ်သည်။

လရောင်မှာလည်း ပတ်ဝန်းကျင်တစ်ခုလုံးအား သဲသဲကွဲကွဲ မြင်ရစေရန် အလင်းရောင်ပေးနေသည်။

သာယာသော လရောင်အောက်ဝယ်...

အဆောင်၏ ဘယ်ဘက်အဆောင်ပေါ်မှ လူရိပ်နှစ်ခု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။

လူရိပ်နှစ်ခုမှာ အဆောင်နှင့်ခပ်လှမ်းလှမ်းနေရသို့ ရောက်သော အခါ ရပ်တန့်သွားကြ၏။

ထိုလူရိပ်နှစ်ခုမှာ ချင်ယွင်အဘိုးအိုနှင့် ချန်ရိတို့ပင် ဖြစ်သည်။ သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်လှသည်။

ချင်ယွင်အဘိုးက အဆောင်ဘက်ကို အကဲခတ်ကြည့်လိုက်ပြီး လေသံဖြင့်ပြောလိုက်၏။

"အင်း ... ဒီအဆောင်က တကယ်သပ်သပ်ရပ်ရပ်နဲ့ ဆောက်ထားတာပါလား၊ တို့ရွာတဲ့နေရာတော့ ရောက်ပြီထင်တယ်"

ချန်ရိုက ...

"ဟုတ်မဟုတ် သိရအောင်တော့ ဝင်ကြည့်ရမှာပဲ၊ ကျူးယင်ဂိုဏ်းရဲ့ အရိပ်အယောင်လည်း မတွေ့ရဘူး၊ ကဲ ... ကျွန်တော်တို့ ဝင်ကြည့်ကြမယ်"

ချင်ယွင်အဘိုးအိုက ...

"နေဦးကွ၊ ငါ့အနေနဲ့ ခုလိုခိုးကြောင်ခိုးဝှက်ဝင်ဖို့ မသင့်ဘူးကွ၊ မင်းကတော့ အကြောင်းမဟုတ်ဘူး၊ ငါက အသက်ကြီးပြီး ..."

ချန်ရိုက သူ့အဘိုးအားပြောလိုက်၏။

"ဟာ ... ပြောဝင်လို့ ဘယ်ဖြစ်မလဲ၊ အဘိုးရဲ့နာမည်ကို ခဏထားလိုက်စမ်းပါ၊ ယင်လုံက ပိုအရေးကြီးတယ်"

ချင်ယွင်အဘိုးအိုက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ငါ့တစ်သက်တာမှာ ဒီတစ်ခါတော့ ခိုးကြောင်ခိုးဝှက်နဲ့ လုပ်ရတော့မှာပေါ့လေ၊ အခြေအနေအရပေါ့"

ချင်ယွင်အဘိုးအိုသည် စိတ်မသက်မသာနှင့် ခပ်ညည်းညည်းပြောရင်း ချန်ရိုနှင့် ဆက်လျှောက်လာ၏။

အတန်ကြာသော် ...

အဘိုးအိုသည် ချန်ရိုအားဆွဲလိုက်ပြီး တီးတိုးပြောလေ၏။

"သတိထား ... လူလာနေတယ်"

ချင်ယင်အဘိုးအိုသည် သတိပေးရင်း ချဲ့ကွယ်တစ်ခုနောက်သို့ ဝင်ရောက်ပုန်းခိုလိုက်သည်။

သူတို့က ချဲ့ကွယ်နောက်မှ အသာချောင်းကြည့်လိုက်၏။

အဆောင်ထဲက ထွက်လာသူမှာ မေစုဖြစ်သည်။

မေစုမှာ အိပ်မပျော်ခင် လူသံကြားလိုက်သလို ထင်မိသဖြင့် ထွက်လာခြင်းဖြစ်သည်။

ထို့ကြောင့် သူမက အဆောင်ပတ်ချာလည်ကို အကဲခတ်ကြည့်လိုက်၏။

ပြီးမှ သစ်ပင်အောက်၌ တစ်ချက်ရပ်ကာ အပေါ်သို့မော့ကြည့်လိုက်၏။

ဝါယင်လုံကို ကြည့်လိုက်ခြင်းဖြစ်သည်။

ဝါယင်လုံမှာ အတော်ပင်ခံစားနေရကြောင်း သိလိုက်၏။

သူမ၏မျက်နှာပေါ်တွင် တစ်ချက်လှုပ်ရှားသွားသည်။

ထို့နောက် အဆောင်ထဲသို့ ပြန်လည်ဝင်ရောက်သွားသည်။

ချင်ယွင်အဘိုးအိုကလည်း မေစု၏ထူးခြားသော မျက်နှာကို သရောင်အောက်တွင် တွေ့လိုက်၏။

ထို့ကြောင့် မေစုမော့ကြည့်သော သစ်ပင်ဆီသို့ လှမ်းကြည့်လိုက်၏။

ပထမတွင် ဘာမျှမမြင်ရပါ။

သို့သော် လေတိုး၍ သစ်ရွက်များလှုပ်ရှားသွားတော့မှ သစ်ပင်ပေါ်၌ လူတစ်ယောက်ကို ချိတ်ဆွဲထားကြောင်း သိလိုက်၏။

ထိုသူမှာ ဝါယင်လုံဖြစ်နိုင်ကြောင်း သိရှိလိုက်၏။

သူက ချန်ရိုအား ပြောပြလိုက်၏။

ချန်ရိမှာ ဒေါသချောင်းချောင်း ထွက်သွားပြီး ...

"သူ့ကို ဘယ်သူက ဒီလိုလုပ်ထားသလဲ၊ ကျွန်တော်ကောင်းကောင်းဆုံးမပစ်မယ်"

ချင်ယွင်အဘိုးအိုက ...

"မလောပါနဲ့၊ ငါတို့ သူ့ကိုတွေ့ထားပြီပဲ"

ချန်ရိက စိတ်ပူပန်ဟန်ဖြင့် ...

"ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့ သူ့ကိုဝင်လုမလား"

ချင်ယွင်အဘိုးအိုက ...

"ငါ့မှာ အကြံတစ်ခုရထားတယ်ကွ၊ ငါတို့ အခု နောက်နည်းနည်းဆုတ်ကြမယ်"

"နောက်ဆုတ်တာက အရေးမကြီးဘူး၊ အခု ယင်လုံက နှိပ်စက်ခံနေရပြီ"

"ကိစ္စမရှိပါဘူး၊ သူ ခံနိုင်ရည်ရှိမှာပါ"

"ဘာဖြစ်လို့ သူ့ကို မကယ်တာလဲ"

"ငါ သူ့ကို မေးစရာတစ်ခုရှိလို့ကွ"

အဘိုးအိုကပြောရင်း လုံခြုံစွာပုန်းခိုနိုင်မည့် နေရာတစ်ခုကို ရွာဖွေပြီး ထိုင်ချလိုက်၏။

ထို့နောက် တင်ပျဉ်ခွေကာ ငြိမ်သက်စွာထိုင်ချလိုက်လေသည်။

ချန်ရိကလည်း နံဘေးခွင်ထိုင်ချလိုက်၏။

အချိန်အတော်ကြာသည်အထိ ချင်ယွင်အဘိုးအိုမှာ လူပ်ရှားမှု တစ်စုံတစ်ရာမျှ မပြုချေ။

ချန်ရိက စိတ်မရှည်နိုင်တော့ပါ။

အဘိုးဖြစ်သူအား မေးမြန်းရန် ဟန်ပြင်လိုက်၏။

သို့သော် ...

သူ၏အဘိုးဖြစ်သူသည် ငြိမ်သက်စွာထိုင်နေသော်လည်း နှုတ်ခမ်းအစုံကမူ လူပ်လူပ်ရွရွနှင့် စကားပြောနေဟန်ရှိ၏။

ထိုအခါမှ အဘိုးဖြစ်သူသည် အတွင်းအားဖြင့် ဝါယင်လုံအားပြောနေကြောင်း နားလည်လိုက်လေတော့သည်။

ထို့ကြောင့် သူက ငြိမ်နေလိုက်လေသည်။

"ယင်လုံ ကြားရဲ့လား၊ စိတ်မလူပ်ရှားနဲ့၊ ငါ ကူညီမယ်၊ မင်းရဲ့ထိန်းထားတဲ့ အတွင်းအားလို လျှော့လိုက်ပါ"

ဝါယင်လုံမှာ မေမြော်နေရာမှ ခြင်တစ်ကောင်၏ အသံမျှသာရှိသော အသံတစ်သံကို နားဝတွင်ကြားလိုက်ရပြီး ဩန်လည်သတိရလာသည်။

ထိုစဉ် စကားသံက ဆက်လက်ပေါ်လာ၏။

"မင်းကို ငါ ပြောင်းပြန်အသက်ရှူနည်းကို ပြောပြမယ်"

သူက အသံရှင်၏စေခိုင်းမှုအတိုင်း အတွင်းအားကို လျှော့ချလိုက်၏။

အတွင်းအားကို လျှော့ချလိုက်သည်နှင့် နာကျင်သောဝေဒနာကို ခံစားလိုက်ရသည်။

အသံက ဆက်လက်ထွက်ပေါ်လာ၏။

"သေသေချာချာ မှတ်ထားပါ၊ ကိုယ့်ခန္ဓာကို ကိုယ်မပိုင်ဘူး၊ ကိုယ့်စိတ်ကို ကိုယ်မပိုင်ဘူး၊ သူ့ဟာသူဟာ၊ သူဟာသူသွားပါစေ"

ဟုအစချီပြီး ပြောင်းပြန်အသက်ရှူနည်းနှင့် ပြောင်းပြန်သွေးကြောလှည့်ပတ်နည်းတို့ကို ပြောပြလိုက်သည်။

ချိန်ရိမှာ အဘိုးနှုတ်ခမ်းလူပ်နေသည်ကိုသာ မြင်ရ၏။

ဝါယင်လုံအား မည်သည့်အကြောင်း ပြောနေသည်ကိုမူ မကြားရချေ။

မေးချင်စိတ်က ပါးစပ်ဝန်ရောက်နေ၏။

သို့သော် ဝါယင်လုံအား အနောင့်အယှက်ပေးရာရောက်မည်စိုးသဖြင့် အသာငြိမ်နေရသည်။

နောက်ဆုံး အဘိုးဖြစ်သူက နှုတ်ခမ်းလှုပ်ရပ်သွားပြီး မျက်စိပွင့်လာတော့မှ သူက မေးလိုက်ရလေသည်။

"ဘိုးဘိုး ... ဘာတွေပြောနေတာလဲ၊ ဝါယင်လုံရော ဘာမှမဖြစ်ဘူးလား"

ချင်ယွင်အဘိုးအိုက ...

"ဝါယင်လုံ ဘာမှမဖြစ်ပါဘူး၊ သူက သိုင်းပညာတော်တယ်၊ ပါရမီလည်း ရှိတယ်၊ ဉာဏ်လည်းကောင်းတယ်ကွယ့်"

ချန်ရိုက စိတ်မရှည်ဟန်ဖြင့် ...

"ကျွန်တော်မေးတာက အဲဒါမဟုတ်ဘူး၊ သူ့ရဲ့အခြေအနေကို မေးတာပါ"

ချင်ယွင်အဘိုးအိုက ပြုံးလိုက်ကာ ...

"ကိစ္စမရှိပါဘူး၊ ငါ သူ့ကို သိုင်းပညာတစ်ခု သင်ပေးလိုက်တာ၊ သူ့ကို သစ်ပင်မှာ ထပ်ပြီးချုပ်ထားဦးတော့ စိုးရိမ်စရာ မရှိတော့ပါဘူး"

ချန်ရိုက ...

"အဘိုး ဘာတွေလုပ်နေတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"အေး ... မင်းနဲ့လည်း ဒီပညာက မအပ်စပ်ပါဘူး၊ မင်းကို ငါ သင်ပေးချင်ပေမယ့် မဖြစ်နိုင်ဘူးကွယ့်"

ချန်ရိုက ခေါင်းကိုခါယမ်းလိုက်၏။

သူ၏ ဝါယင်လုံ၏ အန္တရာယ်ကိုသာတွေးပြီး စိုးရိမ်နေ၏။

ထို့ကြောင့် အလောတကြီး မေးလိုက်၏။

"အဘိုးကဘာကြောင့် သူ့ကို တစ်ခါတည်းမကယ်ရတာလဲ၊ သူ့ကို ဒီအတိုင်းထားခဲ့ရင်တော့ သူ ဒုက္ခရောက်မှာပေါ့"

ချင်ယွင်အဘိုးအိုက ...

"ငါ အခုသင်ပေးတဲ့ ပညာရပ်ကတော့ ဒီလိုပဲ ဇောက်ထိုးချိတ်ပြီး လေ့ကျင့်ရတယ်၊ အခုက တမင်တကာ ဇောက်ထိုးနေစရာတောင် မလိုဘူး မဟုတ်လား"

"ဒါကြောင့် အဘိုးကမကယ်တာပေါ့"

"ဟုတ်တယ်၊ သူသာ ထွက်ပြေးချင်ရင် ဒီလိုအချုပ်အနှောင်ခံရမှာ မဟုတ်ပါဘူး၊ ဒီတော့ သူ့ဟာသူ လွတ်လာနိုင်တယ်လို့ ဘိုးဘိုးတွေးမိပြီး မကယ်တာပါ၊ သူ့အတွက်လည်း အကျိုးရှိတာပေါ့၊ လာ သွားကြမယ်၊ မင်းကိုလည်း သိုင်းပညာနည်းနည်းလောက် ထပ်သင်ပေးရဦးမယ်"

ဟုပြောရင်း ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား၏။

အဘိုး၏ စကားကိုလည်း မလွန်ဆန်နိုင်ပါ။

ထို့ကြောင့် နောက်သို့လှည့်ကြည့်လှည့်ကြည့်နှင့် လိုက်ပါသွားရလေတော့သည်။

◆ ◆ ◆

ဝါယင်လုံအား သစ်ပင်ထက်၌ ချိတ်ဆွဲခဲ့သောနေ့မှစိုလျှင် သုံးရက်မြောက်သောနေ့ပင် ဖြစ်သည်။

မေစုသည် ရှောင်ကျင်း၊ ရှောင်မေ၊ ဖန်အော်တို့နှင့်အတူ သစ်ပင်အောက်သို့ ရောက်လာ၏။

သူမတို့လေးယောက်မှာ သုံးရက်လုံးလုံး ဝါယင်လုံ၏အခြေအနေကို လာရောက်အကဲခတ်ကြ၏။

ဝါယင်လုံ၏ အခြေအနေမှာ စတည်ချိတ်ဆွဲစဉ်ကသာ မျက်နှာများ ဖြူရော်လာသည်။

ထို့နောက် သတိလစ်သွားခဲ့၏။

နောက်နေ့များတွင်မူ ထူးထူးခြားခြား ပြောင်းလဲမှုမရှိတော့ပါချေ။

တစ်စထက်တစ်စ ပို၍ခံနိုင်လာဟန်ရှိ၏။

သွေးလည်ပတ်မှုကလည်း သူ့အား ဒုက္ခပေးနိုင်ပုံ မရတော့ပေ။

ဝါယင်လုံသည် မျက်စိကိုမှိတ်ထား၏။

သတိမေ့နေသည်နှင့်မတူဘဲ အိပ်ပျော်နေသည်နှင့် တူ၏။

မေစုမှာ ဝါယင်လုံကိုကြည့်ရင်း အံ့သြနေမိသည်။

သူမ နှိပ်စက်သည်ကို ဝါယင်လုံက ခံနိုင်ရည်ရှိသဖြင့် မကျေမနပ် ဖြစ်သွား၏။

ထိုစဉ် ရှောင်မေက ...

"သခင်မလေး"

"ဘာလဲ"

"ဒီနေ့ဆို သုံးရက်ရှိပါပြီ"

"အဲဒါ ဘာဖြစ်သလဲ"

ရှောင်မေက သက်ပြင်းချရင်း ...

"သခင်မလေးက သူ့ကို သုံးရက်ချိတ်ဆွဲထားမယ်လို့ ပြော

ခဲ့တယ်၊ အခု သုံးရက်ပြည့်ပါပြီ၊ သူ့ကို အောက်ပြန်ချပေးလိုက်ရတော့မလား"

မေစု၏မျက်နှာသည် ရုတ်တရက် ခက်ထန်မာကျောသွားပြီး အော်ငေါက်လိုက်လေ၏။

"မင်းက သူ့အစား ကိုယ်ချင်းစာနေသလား၊ သူ့ကို သိပ်ပြီး သနားနေကြသလား"

ရှောင်မေ ထိတ်လန့်သွားသည်။

"မ ... မဟုတ်ပါဘူး"

"ဒါဆို ဘာကြောင့်ပြောရတာလဲ"

ရှောင်မေ ပါးစပ်ပိတ်သွား၏။

မေစုက အံကိုကြိတ်လိုက်ပြီး ...

"သူ့ကို ဘယ်သူမှ အောက်ချမပေးနဲ့"

ဟုပြောပြီး အဆောင်တွင်းပြန်ဝင်ရန် ဟန်ပြင်လိုက်၏။

ရှောင်ကျင်းက ဝါယင်လုံကိုကြည့်လိုက်ပြီး ...

"သခင်မလေး ... သူ ... သူ"

မေစုက ပြန်လှည့်လာပြီး ...

"ဘာလဲ ... သေနေပြီလား"

စကားကသာ ခက်ထန်သော်လည်း အကြည့်ကမူ ဝါယင်လုံ၏ကိုယ်ပေါ်သို့ ကျရောက်သွား၏။

"မဟုတ်ပါဘူး၊ သူနိုးလာပြီ"

"နင်နဲ့ ဘာဆိုင်သလဲ"

ဝါယင်လုံသည် မျက်လုံးပွင့်လာပြီး မေစုအား ပြုံး၍စိုက်ကြည့်လိုက်၏။

မေစု၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

ဝါယင်လုံက ...

"မိန်းကလေးရေ ... ကျုပ်ကို ရေတစ်ခွက်လောက်ဗျို့"

မေစုက ...

"မပေးဘူး"

"ကျုပ် ဆာနေပြီ၊ အောက်မှာ အရက်နဲ့ထမင်းကော အဆင်သင့်ပြင်ထားပြီးပြီလား"

ရှောင်ကျင်းနှင့်ရှောင်မေတို့သည် ဝါယင်လုံစကားကြောင့် ခစ်ခနဲ ရယ်မောလိုက်၏။

မေစုကမူ ခပ်တည်တည်နှင့် ...

"ရှင့်ကို ဘယ်သူကကျွေးမှာမို့လဲ"

ဝါယင်လုံက ...

"ကဲပါ ... ကျုပ်ကို အောက်ပြန်ချပါတော့"

မေစုက ...

"ရှင့်ကို လုံးဝ မလွှတ်ပေးဘူး၊ ထပ်ချိတ်ထားဦးမယ်၊ ရှင် ဘာတတ်နိုင်မှာလဲ"

"သုံးရက်ပြည့်သွားပြီလေ"

"ကိစ္စမရှိဘူး၊ နောက်ထပ် ခုနစ်ရက်တိုးလိုက်ပြီ"

"လူဆိုတာ ကတိတည်ရတယ်၊ မင်းက ကျူးယင်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်ပဲ၊ ကိုယ့်စကားကို ကိုယ်လေးစားရမှာပေါ့"

လူဆိုသည်မှာ ကတိတည်ရမည် ဖြစ်သည်။

ကတိတည်မှသာလျှင် တစ်ဖက်သား၏ ယုံကြည်လေးစားမှုကို ရနိုင်မည်ဖြစ်သည်။

မိမိကိုယ်တိုင်က ကတိမတည်လျှင် တစ်ဖက်လူသည် မိမိ၏ စကားကို အရေးစိုက်တော့မည် မဟုတ်ပေ။

မေစုသည် ဝါယင်လုံကို သုံးရက်တိတိ ကြိုးဖြင့်ဖောက်ထိုးဆွဲချိတ်ထားမည်ဟု ပြောခဲ့သည်။

ယခု သုံးရက်တိတိပြည့်ပြီ ဖြစ်သည်။

သို့တိုင်အောင် မေစုက အောက်သို့ပြန်မချဘဲ ခုနစ်ရက်တိတိ ထပ်မံချိတ်ဆွဲမည်ဟု ပြောလာသဖြင့် ဝါယင်လုံသည် အနည်းငယ် စိတ်တိုသွားပြီး အထက်ပါအတိုင်း ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

မေစုကလည်း မိန်းကလေးသာ ဆိုသည်။

လွန်စွာ ခေါင်းမာသူဖြစ်၏။

ဝါယင်လုံ၏ စကားကို အရေးမစိုက်ချေ။

သူမသည် ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ...

"မလွှတ်ဘူး၊ ဘာဖြစ်လဲ"

ထိုစဉ်မှာပင် ကြိုးများပြတ်သွားသံ ထွက်ပေါ်လာ၏။

ဝါယင်လုံသည် အတွင်းအားကိုအသုံးပြု၍ ကြိုးများကိုဖြတ်တောက်လိုက်ခြင်း ဖြစ်၏။

ကြိုးပြတ်သွားသည်နှင့် ဝါယင်လုံ၏ ခန္ဓာကိုယ်မှာ အောက်သို့ ပြုတ်ကျလာ၏။

သို့သော် အောက်သို့ရောက်ခါနီးမှ တစ်ပတ်ကျွမ်းထိုးကာ ခြေအစုံဖြင့် မြေပေါ်ရပ်လိုက်သည်။

သူ၏ ပုံသဏ္ဌာန်မှာ ဘာမျှ ထူးခြားခြင်းမရှိပါ။

ကြိုးဖြင့်တုပ်ကာ ဖောက်ထိုးဆွဲထားခြင်းသည် သူ့အဖို့တော့ မူလောက်စရာမဟုတ်ဟု ယူဆရပေမည်။

ဝါယင်လုံ မြေပေါ်ရပ်မိသည်နှင့် ...

"ဒီနေ့ဆိုရင် သုံးရက်ပြည့်ပြီ၊ ဒီလိုနေရတဲ့ အရသာလည်း မြည်းကြည့်လို့ဝပြီ၊ မင်းက မှလွတ်လို့ ငါ့ဟာငါဆင်းလာရတာတော့ စိတ်မကောင်းပါဘူး"

မေစုက ဘာမှပြန်မပြောပါ။

လျှပ်တစ်ပြက် လက်ငါးချောင်းဖြင့် ဝါယင်လုံ၏ရင်ဝကို ကုတ်ဆွဲလိုက်လေသည်။

ဝါယင်လုံက ရှောင်တိမ်းလိုက်ပြီး ...

"မင်း ကတိလည်းမတည်ပါလား၊ အခု ဘာဖြစ်လို့ ငါ့ကို တိုက်ခိုက်ရတာလဲ"

မေစုက အံကိုတင်းတင်းကြိတ်ပြီး တရကြမ်း တိုက်ခိုက်လိုက်လေသည်။

နှုတ်ကလည်း ပြောသည်။

"ကတိမတုည်တော့ကော ဘာဖြစ်သလဲ၊ ထပ်ပြီး ခုနှစ်ရက် ချိတ်ဦးမယ်"

ဝါယင်းလုံသည် သက်ပြင်းချရင်း ရှောင်တိမ်းပေးလိုက်၏။

မေစုက တိုက်ခိုက်နေရင်းမှ ...

"ရှင် အသာတကြည်နဲ့ အဖမ်းခံပါ၊ နောက်ထပ် ခုနှစ်ရက် ချိတ်ဆွဲပြီးရင် ရှင့်ကို ပြန်လွှတ်ပေးမယ်"

ဝါယင်လုံက ...

"ငါ့ကိုလွှတ်မယ် ဟုတ်လား"

"ဟုတ်တယ်"

ဝါယင်လုံက အားရပါးရ ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... ဟား ... မင်းဆရာကို မင်း ဘယ်လိုရှင်းမလဲ၊ ဒီတော့ ငါ့ကိုလွှတ်မယ်ဆိုတာ လိမ်တာပေါ့"

မေစုက အံကိုကြိတ်ကာ တရကြမ်းတိုက်ခိုက်သည်။

သူမ၏တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်လှ၏။

သူမ၏တိုက်ခိုက်မှုကို တွေ့သောအခါ ရှောင်မေတို့လူစုမှာ ထိတ်လန့်သွားကြပြီး အော်ဟစ်ဟန့်တားကြသည်။

"သခင်မလေး ..."

မေစုက ...

"နင်တို့နဲ့မဆိုင်ဘူး၊ ပါးစပ်ပိတ်ထားကြစမ်း"

သူမသည် ပြောရင်း တရကြမ်းတိုက်ခိုက်နေ၏။

ဝါယင်လုံက ရှောင်တိမ်းပေးနေရသည်။

သူသည် မေစုအား ထိခိုက်မည်စိုးသဖြင့် ပြန်လည်မတိုက်ခိုက်ဘဲ ရှိနေ၏။

မေစုက ...

"ရှင် အဖမ်းခံပါ၊ ခုနှစ်ရက်ထပ်အချိတ်ခံရင် ကျွန်မ တကယ် လွှတ်ပေးပါ့မယ်"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"မင်းကျုပ်ကို ဘာကြောင့် ဒီလိုလုပ်ချင်နေရတာလဲ"

"မမေးနဲ့၊ ရှင်အချိတ်မခံရင် သေရမယ်"

"မင်းစိတ်ထား ပြင်မှဖြစ်မယ်"

မေစုမှာ သူ့အား ဝါယင်လုံက ဆုံးမနေသဖြင့် ပို၍ ဒေါသထွက်လာ၏။

ဝါယင်လုံက စကားဆက်လိုက်၏။

"ကျုပ် မင်းစိတ်တိုင်းကျ သုံးရက်အချိတ်ခံပြီးပြီပဲ၊ မင်းကျေနပ်ဖို့ ကောင်းပြီ၊ အခုတော့ ကျုပ် ဘာမှမဖြစ်လို့ မင်း မကျေမနပ် ဖြစ်နေတာ မဟုတ်လား၊ ဒါကြောင့် မင်းက ကျုပ်ကို ထပ်ချိတ်ချင်တယ်၊ ကျုပ်ကိုလိမ်ရင် မင်းပဲထိခိုက်မယ်၊ မင်းစကားဟာ မင်းဆရာနဲ့ ဆန့်ကျင်ဘက်ပဲ၊ ဒီလိုဖြစ်လာရင် နောက်ဆုံး မင်းပဲဒုက္ခရောက်မယ်၊ ငါ ထပ်ပြီးအချိတ်ခံလည်း ဘာမှဖြစ်မှာမဟုတ်ဘူး၊ ဒါပေမယ့် ငါ အချိတ်မခံချင်တော့ဘူး၊ မင်း ကျုပ်ကိုသတ်ချင်တဲ့ ဆန္ဒရှိရင်လည်း ခဏ်းစားပါ၊ ကျုပ်ကို လွယ်လွယ်ကူကူနဲ့ သတ်နိုင်မလားလို့"

မေစုမှာ ငြင်းပယ်ရန်စကားလုံး ရှာမတွေ့ဘဲဖြစ်နေ၏။

ဝါယင်လုံက စကားဆက်ပြောလိုက်၏။

"မင်းဟာ တကယ်ပဲ ချောမောလှပတဲ့ မိန်းကလေးပါ၊ ငါ မင်းကို စိတ်ဝင်စားတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် မင်းနဲ့ငါ ဟာ ရပ်တည်ချက်ချင်း မတူညီကြဘူး၊ မင်းနဲ့ငါ မိတ်ဆွေဖြစ်ချင်ပေမယ့်လည်း ဖြစ်နိုင်မှာမဟုတ်ဘူး၊ အကောင်းဆုံးကတော့ တစ်နည်းပဲရှိတယ်၊ ဒီအချိန်ကစပြီး မင်းနဲ့ငါ ခွဲခွာနေကြဖို့ပဲ၊ ကြာရင် သံယောဇဉ်ပိုတွယ်ပြီး စိတ်မကောင်းစရာတွေ ကြုံလာနိုင်တယ်၊ ငါ သွားတော့မယ်၊ မင်းဆရာကိုတော့ ငါ နှုတ်ဆက်သွားတယ်လို့သာ ပြောလိုက်ပါ"

ဝါယင်လုံပြောသည်မှာ အမှန်တရားသာ ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆွေဖြစ်ရန်မှာ ...

ခံယူချက်ခြင်း ယုံကြည်ချက်ခြင်း တူညီမှုဖြစ်နိုင်သည်။

ခံယူချက်နှင့် ယုံကြည်ချက်များ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါက မိတ်ဆွေများ ဖြစ်လာကြရန် မလွယ်ကူပါ။

မိတ်ဆွေမဖြစ်ရုံမျှမက ရန်သူပင်ဖြစ်လာနိုင်၏။

ထို့ကြောင့် ဝါယင်လုံသည် ဤနေရာမှ ထွက်ခွာသွားရန် ဆုံးဖြတ်ပြီး မေစုကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ဝါယင်လုံကပြောရင်း နောက်သို့ခုန်ဆုတ်ကာ ထွက်ပြေးသွားလေတော့သည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှ၏။

မေစုမှာ ဝါယင်လုံ၏စကားတွင် မှင်တက်နေမိ၏။

သူ၏နှလုံးသားမှာ တကယ်တမ်းတွင် ဝါယင်လုံကို မရက်စက်နိုင်ပါ။

သူ၏စိတ်ကို သူပြန်လိမ်လည်ပြီး ရက်စက်ချင်ဟန် ပြုမူနေရခြင်း ဖြစ်သည်။

သူမ၏ စိတ်အတွင်း၌ ဝါယင်လုံအား ချစ်မိနေပြီဆိုသည်ကိုတော့ သူမက ခုထိ လက်မခံနိုင်သေးပါ။

ယခုလည်း ဝါယင်လုံ ထွက်ခွာသွားသည်နှင့် သူမတစ်ကိုယ်လုံးရှိ အားအင်များပျောက်ကွယ်သွားပြီး ပျော့ကျသွားသည်ဟု ထင်လိုက်မိသည်။

အော်ဟစ်ရန်ပင် လုံးဝ သတိမရမိပါချေ။

ပြေးလွှားထွက်ခွာသွားသော ဝါယင်လုံ၏နောက်ကျောကိုသာ မမှိတ်မသုန် စိုက်ကြည့်နေမိလေတော့သည်။

◆ ◆ ◆

အခန်း (၂၃)
မျက်ရည်

ဝါယင်လုံမှာ မရပ်မနား ပြေးလွှားလာ၏။

တစ်နေ့လုံးတစ်ည‌လုံး ပြေးလွှားလာခဲ့ပြီး နောက်တစ်နေ့ နံနက်စောစော၌ ကျင်လင်မြို့သို့ ရောက်ရှိလာခဲ့သည်။

သူက ကျင်လင်မြို့သို့ ရောက်လာသည်နှင့် ကျန်းနန်သမားတော် ယီစန်းသက်၏ ဂေဟာဆီသို့ ဦးတည်လာခဲ့သည်။

ယီစန်းသက်၏ ဂေဟာသို့ရောက်သည်နှင့် ကျင်လင်ငါးဖော်သည် လူစုခွဲကာ မိမိအား လိုက်လံရှာဖွေနေကြကြောင်း သတင်းရလိုက်သည်။

ချန်ရိုတစ်ဦးတည်းသာလျှင် ကျင်လင်တစ်ဝိုက်၌ရှိပြီး သူ့အား လိုက်ရှာနေကြောင်း သတင်းရလိုက်သည်။

သူသည် ကျင်လင်ငါးဖော်အား အထူးပင်ကျေးဇူးတင်သွား၏။

သူ့အတွက် မိတ်ဆွေကောင်းပီသကြသည် မဟုတ်ပါလား။

မိတ်ဆွေကောင်းတို့မည်သည် တစ်ဦးဒုက္ခရောက်နေပါက တစ်ဦးက လက်ပိုက်ကြည့်မနေနိုင်ပေ။

ဒုက္ခရောက်နေသူကို ကူညီရန် နည်းပေါင်းစုံဖြင့် ကြိုးစားလေ့ရှိကြသည်။

ယခုလင်း ကျင်လင်ငါးဖော်က သူ့အားကူညီရန် လိုက်လံရှာဖွေနေကြောင်း ကြားသိရရာ မိမိတွင် မိတ်ဆွေကောင်းများရှိနေပါလားဟုတွေးမိပြီး ဝါယင်လုံ ဝမ်းသာသွားရခြင်း ဖြစ်လေသည်။

သူ သိုင်းလောကသို့ ထွက်လာခဲ့ရာတွင် မိတ်ကောင်းဆွေကောင်းများ ရရှိခြင်းမှာ ပထမခြေလှမ်းပင် ဖြစ်သည်။

သူက ကျင်လင်မြို့ကို ပြန်လည်ရောက်လာပြီး နောက်တစ်ရက် နှစ်ရက်အထိ ချန်ရိနှင့် မတွေ့ရသေးချေ။

ထို့ကြောင့် သူက ချန်ရိအတွက် စိတ်ပူသွား၏။

သူ့အား ကယ်တင်ရန်ကြိုးစားရင်း ကျူးယင်ဂိုဏ်း၏ ဖမ်းဆီးခြင်းကို ခံရပြီလော။

သူက ချန်ရိအားလိုက်ရှာရန် ပြင်ဆင်လိုက်၏။

ထို့နောက် ချန်ရိ၏အိမ်ဂေဟာသို့ ထွက်လာခဲ့လေတော့သည်။

ချန်ရိတို့၏အိမ်ဂေဟာမှာ ကြီးမားသောဂေဟာတစ်ခု ဖြစ်သည်။ ချန်ရိမှာ ဟေးလားဝါးလားတစ်ယောက် မဟုတ်ပေ။ ချမ်းသာကြွယ်ဝသောမိသားစုမှ ဆင်းသက်လာပုံရသည်။

ဂေဟာတည်ထောင်ထားပုံကို ကြည့်ခြင်းအားဖြင့် ချန်ရိတို့၏ချမ်းသာကြွယ်ဝမှုကို တွေ့မြင်နိုင်သည်။

ဝါယင်လုံ ချန်ရိ၏အိမ်ဂေဟာသို့ ရောက်သောအခါ ချန်ရိအိမ်တွင်မရှိဘဲ မည်သည့်နေရာသို့သွားသည်ကို မည်သူမျှ မသိကြောင်း ကြားသိလိုက်ရသည်။

ချန်ရိတို့အိမ်ဧဟာမှ အိမ်ထိန်းကြီးက ဤသို့ပြောကြားခဲ့၏။

"သခင်လေးပြန်မလာတာ သုံးရက်မကတော့ပါဘူး၊ သခင်မကြီးနဲ့ သခင်မလေးတို့ကတော့ ခရီးထွက်သွားပါတယ်"

ဝါယင်လုံက ထိုကိစ္စများသည် ကျင်ယွင်အဘိုးအို၏ ဆောင်ရွက်ခိုင်းမှုကြောင့်ဖြစ်သည်ကို မသိခဲ့ပါချေ။

သူက စိတ်ပျက်လက်ပျက်နှင့် ပြန်ထွက်လာခဲ့သည်။

သူက ကျူးယင်ဂိုဏ်းကိုပြန်ပြီး အကဲခတ်ကြည့်ရန် စဉ်းစားမိလေသည်။

သို့သော် ...

လျှောက်ရင်းလျှောက်ရင်းနှင့် ကျားယန်အား သတိရလာသည်။

ကျားယန်သည် လှို့ဝှက်သော မိန်းကလေးတစ်ဦးဟုလည်း သူက နားလည်ထား၏။

ထို့ကြောင့် ကျားယန်တို့၏ ငွေဧဟာဆီသို့ လျှောက်လာခဲ့လေတော့သည်။

ငွေဧဟာသို့ ရောက်သောအခါ ...

ဝါယင်လုံမှာ အံ့ဩသွား၏။

ငွေဧဟာသည် ယခင်ကဆူညံပြီး ဧည့်သည်များသော ဧဟာတစ်ခုဖြစ်၏။

ယခုမူ ဧည့်သည်များအသံကို မကြားရဘဲ တိတ်ဆိတ်နေသောကြောင့်ပင် ဖြစ်သည်။

ကျားယန်၏အဆောင်ပေါ်၌ ရွှင်အော်မှာ လက်ထောက်ပြီး အဝေးသို့ငေးကြည့်နေသည်ကို တွေ့လိုက်ရသည်။

ကျားယန်ကိုမူ မတွေ့ပါ။

ဝါယင်လုံမှာ မျက်မှောင်ကြုတ်သွား၏။

ကျားယန် မည်သည့်နေရာသို့ သွားနေပါသနည်း။

ဧဟာ၌လည်း အဘယ်ကြောင့် ဧည့်သည်မရှိတော့ပါသနည်း။

အကြောင်းတစ်ခုရှိမည်ဟု ဆုံးဖြတ်လိုက်ပြီး ရွှင်အော်အား မေးမြန်းရန်စဉ်းစားကာ ရှေ့သို့ တိုးဝင်လာသည်။

ထိုစဉ်မှာပင် အတွင်းအားနှင့်ပို့ပေးလာသော အသံတစ်သံကို ကြားလိုက်ရလေတော့သည်။

"ယင်လုံ ဒီဘက်ကိုလာ"

ဝါယင်လုံ ဝမ်းသာသွား၏။

ထိုအသံမှာ ဦးလေးဝါဝူ၏အသံဖြစ်ကြောင်း သူက ချက်ချင်း သိလိုက်၏။

ဦးလေးဝါဝူမှာ မိဘမဲ့တစ်ဦး ဖြစ်သည်။

အဘွားဖြစ်သူ ယင်ထိုက်ကျွမ်က သိုင်းပညာသင်ကြားပေးခဲ့သော တပည့်တစ်ဦးလည်း ဖြစ်၏။

ဝါမိသားစုအပေါ် သဲယောင်ငြိုးခဲ့သောကြောင့် သူ့အား ဝါမိသားစုအတွင်းသို့ မိသားစုတစ်ဦးအဖြစ် ထည့်သွင်းခဲ့ပြီး အမည်ကိုလည်း ဝါဝူဟု ပေးခဲ့၏။

ဝါဝူနှင့်အတူ ပညာသင်ဘက် ကောင်းထိုင်ဆိုသူတစ်ဦးလည်း ရှိသေး၏။

သို့သော် ကောင်းထိုင်မှာ သိုင်းလောကဌ်ဝင်ရောက်နေပြီ ဖြစ်သည်။

ဝါဂူမှာ ဝါမိသားစုအနက် ဝါယင်လုံအား အခင်ဆုံးဖြစ်၏။

ဝါယင်လုံ၏ အကျင့်စရိုက်များမှာလည်း ဦးလေးဝါဂူထံသို့ ကူးစက်လာသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါချေ။

ထိုသို့အတွေးကြွယ်နေစဉ်မှာ ဝါဂူ၏အသံက ထုပ်မံထွက်ပေါ်လာသည်။

"မင်းရဲ့အရှေ့တောင်ဘက်ကို လာခဲ့၊ အသံလုံးဝ မထွက်စေနဲ့"

ဝါယင်လုံက အသံကြားရာဘက်ဆီသို့ ဦးတည်လျှောက်လာခဲ့သည်။

ထိုအရှေ့တောင်ဘက်သို့ လျှောက်လာသောအခါ အဆောင်တစ်ခုကို တွေ့လိုက်ရလေသည်။

အဆောင်ရှေ့၌ လှပသောမြင်းလှည်းတစ်စီးက အသင့်ရပ်ထားသည်။

ထိုမြင်းလှည်းမှာ ကျားယန်၏မြင်းလှည်းပင် ဖြစ်ပါသည်။

မြင်းလှည်းပေါ်၌ မြင်းလှည်းသမားကလည်း အဆင်သင့်ပင်ရှိနေ၏။

ထိုစဉ် ကျားယန်၏အသံကို တစ်ချက်ကြားလိုက်ရသည်။

"မြင်းလှည်းဆင်သင့် ဖြစ်ပြီလား"

မြင်းလှည်းသမားက ...

"ဟုတ်ကဲ့ ... သခင်မလေးတို့ကို အသင့်စောင့်နေပါတယ်"

မြင်းလှည်းသမား၏ စကား အဆုံး၌ မီးရောင်တစ်ခု ထွက်ပေါ်လာသည်။

မီးရောင်နှင့်အတူ မီးအိမ်ကိုကိုင်ထားသော အစေခံတစ်ဦးက အရင်ထွက်လာသည်။

အစေခံ၏နောက်မှ ကျားယန်လိုက်လာ၏။

ကျားယန်၏နံဘေး၌ ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးကိုလည်း တွေ့လိုက်ရသည်။

ထိုအမျိုးသမီးမှာ အသက်သုံးဆယ်ကျော်ခန့် ရှိ၏။

သို့သော် အသက်သုံးဆယ်အရွယ်ဟု မထင်ရလောက်အောင် နုပျိုနေသည်။

ဝါယင်လုံကြည့်နေစဉ် ကျားယန်နှင့် ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီးမှာ မြင်းလှည်းပေါ်သို့ တက်သွား၏။

ထိုအခိုက် ဝါဂူ၏အသံက နားထဲသို့တိုးဝင်လာ၏။

"ယင်လုံ မြန်မြန်လိုက်"

စကားသံအဆုံးတွင် မြင်းလှည်းကလည်း မောင်းထွက်လာ၏။

ဝါယင်လုံက သူ၏ဦးလေးဝါဂူသည် မြင်းလှည်းနောက်သို့ လိုက်ခိုင်းသည်မှာ အကြောင်းရှိမည်ဟု ယူဆလိုက်သည်။

ထို့ကြောင့် မြင်းလှည်း သူ့အနီးမှကျော်ဖြတ်သွားစဉ် ...

သူက မြင်းလှည်းနောက်မြီးကို ခိုလိုက်ပြီး လှည်းအောက်၌ ပုန်းခိုကာ လိုက်သွားလေတော့သည်။

မြင်းလှည်းမှာ ငွေဂေဟာထဲမှထွက်သည်နှင့် အပြင်းမောင်းနှင်လာ၏။ လေသည် တဝီဝီတိုးနေသည်။

ဝါယင်လုံမှာ မြင်းလှည်းမည်သည့်နေရာသို့ သွားနေသည်ကို မသိပါ။

သူ၏ဦးလေးဝါဂူ မည်သည့်နေရာတွင်ရှိမှန်းလည်း မသိပါ။

သူက တွေးတောမနေတော့ဘဲ မြင်းလှည်းသွားရာလမ်းကိုသာ မှတ်နေမိ၏။

မြင်းလှည်းမှာ ကျောက်လမ်းအရှည်ကြီးပေါ်၌ သွားနေသည်။

ထိုမှတစ်ဆင့် မြေဝါလမ်းအတိုင်းချိုးကာ ဆက်သွားသည်။

အတန်ကြာတော့မှ မြင်းလှည်းက ရပ်တန့်သွား၏။

သူသည် မြင်းလှည်းအောက်၌ အသာပုန်းခိုနေပြီးမှ မြေပေါ်သို့ လှိမ့်ထွက်လာ၏။

အချိန်မှာ သန်းကောင်းယံအချိန်ရောက်နေပြီ ဖြစ်သည်။

ဝါယင်လုံသည် မြင်းလှည်းအောက်မှ လှိမ့်ထွက်လာပြီးနောက် ဘေးဘီသို့ တစ်ချက်အကဲခတ်ကြည့်လိုက်၏။

မြင်းလှည်းပေါ်၌ မြင်းလှည်းသမားမှာ ငိုက်မျဉ်းနေသည်။

မြင်းလှည်း၏ ညာဘက် တောလမ်းကလေးမှနေ၍ အင်းဆောင်တစ်ဆောင်ကို လှမ်းမြင်လိုက်ရသည်။

ထို့ကြောင့် ဝါယင်လုံသည် အဆောင်ရှိရာသို့ ချဉ်းကပ်သွားလေတော့သည်။

လရောင်မှာ ပတ်ဝန်းကျင်အား မသဲမကွဲအလင်းရောင် ပေးနေ၏။

လရောင်အောက်၌ တောတွင်းရှိ အဆောင်ကလေးမှာ မီးလင်းနေသည်။

ဝါယင်လုံက အလင်းရောင်ထွက်ပေါ်နေသော အခန်းဘက်သို့ ဦးတည်ချဉ်းကပ်လိုက်၏။

ထိုစဉ် အတွင်းမှ အမျိုးသမီးကြီးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။

"ဖန်စုရီ... ဒီကို ညည်းမလာသင့်ဘူး"

ဝါယင်လုံ သိလိုက်၏။

ခရမ်းရောင်ဝတ်စုံနှင့် အမျိုးသမီးသည် ကျားယန်၏ ဆရာဖြစ်သူ ဖန်စုရီပင် ဖြစ်ပါသည်။

ဝါယင်လုံက ပြတင်းပေါက်အနီး ကပ်လိုက်ပြီး အတွင်းသို့ ချောင်းကြည့်လိုက်၏။

အခန်းထဲ၌ ယောဂီရောင် ဝတ်ဆင်ထားသော အမျိုးသမီးကြီး တစ်ယောက်ကို တွေ့လိုက်ရ၏။

သူ၏ဘေးနား၌ အဘွားအို တစ်ယောက်ရှိသည်။

ဖန်စုရီကမူ အခန်းအလယ်၌ မတ်တတ်ရပ်နေ၏။

ကျားယန်မှာမူ ဖန်စုရီ၏ နောက်၌ ဒူးထောက်နေ၏။

အဘွားအိုက ပြောသည်။

"မုန်း... ဖန်စုရီတို့ ရောက်လာမှတော့ ခဏတော့ စကား ပြောကြတာပေါ့"

ယောဂီရောင်ဝတ်ဆင်ထားသော အမျိုးသမီးက ခွင့်ပြု၏။

"ကဲ... ထွေရာလေးပါး ခဏလောက်သာ ပြောကြ"

သူမ၏ပုံသဏ္ဌာန်မှာ လူ့လောကကို စိတ်ဝင်စားသည့်ဟန် လုံးဝမရှိပေ။

ဖန်စုရီက...

"အဒေါ်..."

သူမ စကားမဆုံးမီ ယောဂီအမျိုးသမီးကြီးက...

"ငါ လူ့ဘဝကို စိတ်ကုန်နေပြီ၊ ဒီတော့ အရင်ကအကြောင်းတွေ မပြောပါနဲ့တော့၊ တခြားစကား ပြောချင်ပြော"

ဖန်စုရိမှာ မျက်ရည်ဝဲသွားပြီး ...

"ဟုတ်ကဲ့ ..."

ယောဂီအမျိုးသမီးကြီးက ...

"ဟုတ်ကဲ့ဆိုပေမယ့် စိတ်မကောင်းဖြစ်နေတယ် မဟုတ်လား ကဲ ... ကဲ ... အခု ဘာကိစ္စနဲ့ လာတာလဲ၊ ပြောပါဦး"

ပြောရင်း ကျားယန်ဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကျားယန် သက်သာသလိုနေပါ"

ကျားယန်က ဒူးထောက်ရာမှ ထလိုက်ပြီး ဖန်စုရိရှေ့၌ ရပ်နေလိုက်သည်။

ဖန်စုရိက ဝဲကျလာသော မျက်ရည်များကို သုတ်လိုက်ပြီး ...

"အဒေါ် ... ကျွန်မ အခု အမျိုးသမီးဂိုဏ်းတစ်ခု တည်ထောင်ဖို့ ကြိုးစားနေပါတယ်၊ မကြာမီ ဂိုဏ်းတည်ထောင်တဲ့ အခမ်းအနား ကျင်းပပါ့မယ်၊ သိုင်းလောကကိုလည်း ဖိတ်ခေါ်ချင်ပါတယ်၊ ဒါပေမယ့် အဒေါ့်ဆီက အကြံဉာဏ်ကို လိုချင်လို့လာခဲ့တာပါ"

ယောဂီမုန်းက ...

"ဂိုဏ်းတည်ထောင်တာ ငါ့အကြံနဲ့ ဘာဆိုင်သလဲ"

ဖန်စုရိက ...

"ကျွန်မဟာ အဒေါ်ရဲ့ သွန်သင်ဆုံးမမှုကြောင့် ခုလို ပညာထက်မြက်လာတာပါ၊ အဒေါ့်ရဲ့စကားမရရင် ကျွန်မ ဂိုဏ်းမတည်ထောင်ဝံ့ပါဘူး"

ယောဂီမုန်းက သက်ပြင်းချရင်း ...

"ငါသာ ယောဂီမဝတ်ခင်ကဆိုရင်တော့ ဂိုဏ်းတည်ထောင်

ဖို့ သဘောတူမှာ မဟုတ်ပါဘူး၊ အခုတော့ ဘာကိုမှ ဝင်မစွက်ချင်တော့ဘူး၊ ဒါပေမယ့် ..."

"စိတ်ချပါ အဒေါ်၊ ဝါမိသားစုကို ဘယ်တော့မှ ဒုက္ခမပေးပါဘူး၊ ဒါက ကျွန်မရဲ့ သံဃာဆုံးဖြတ်ချက်ပါ"

"မင်း ..."

ဖန်စုရိက အအရိအသေ တစ်ချက်ပြုရင်း ...

"ကျွန်မ ပြောမိတာကို တောင်းပန်ပါတယ်"

ယောဂီမုန်းက ...

"အရင်ကိစ္စတွေ မပြောပါနဲ့တော့၊ ဒါထက် ညည်းက ဘာကြောင့် ဂိုဏ်းကို အလောတကြီး တည်ထောင်ရတာလဲ၊ သူတို့မိသားစုနဲ့ကော ပတ်သက်နေသလား"

"ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ပါဘူး"

"ပွင့်ပွင့်လင်းလင်း ပြောစမ်း"

အခုတလော သိုင်းလောကမှာ စီးမာမိသားစု လုပ်ကြံခံခဲ့ရပါတယ်"

ယောဂီ၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး ...

"စီးမာချန်ချန်းတို့ ဟုတ်လား"

ဖန်စုရိက ခေါင်းညိတ်ရင်း ...

"ဟုတ်ပါတယ်၊ သူတို့ဖနီးမောင်နှံ နှစ်ယောက်စလုံး လုပ်ကြံခံရပါတယ်"

"သူတို့ လုပ်ကြံခံခဲ့ရတာဟာ တိရစ္ဆာန်တစ်ကောင် ကိုက်တဲ့ ဒဏ်ရာမျိုးရခဲ့ပြီး သေဆုံးခဲ့ပါတယ်၊ လုပ်ကြံတဲ့ တရားခံဟာ ဒေါ်ဒေါ်ရဲ့ အမှတ်အသားဖြစ်တဲ့ ကျောက်စိမ်းပန်းအိုးကို ချန်ထားခဲ့ပါတယ်"

ယောဂီမုန်း၏ မျက်နှာအမူအရာသည် သိသိသာသာပင် ပြောင်းလဲသွား၏။

မျက်လုံးအစုံမှာလည်း တောက်ပလာပြီး ...

"ကျောက်စိမ်းပန်းအိုး ဟုတ်လား"

ဖန်စုရိက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်"

ဝါယင်လုံမှာ သူတို့၏ စကားများကို နားထောင်ရင်း အံ့သြသွား၏။

လွတ်ခနဲပင် ...

"ယင်ယင် ..."

ဟု အော်မိမလို ဖြစ်သွား၏။

ယောဂီမုန်းသည် သေပြီဟု ယူဆထားသော ယင်ယင် ဖြစ်နေသည် မဟုတ်ပါလား။

ဝါယင်လုံ တွေဝေနေ၏။

"အင်း ... ယင်ယင် အခုမသေပါလား၊ သူ့ရဲ့ သေတမ်းစာကလည်း ငါ့မှာရှိသေးတယ်၊ သူ့ကို ဝင်မေးရင် ကောင်းမယ်ထင်တယ်"

သူက ဝင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူ၏နားတွင်းသို့ အသံကစ်သံ ဝင်လာသည်။

ဝါဝူ၏အသံပင် ဖြစ်ပါသည်။

"ယင်လုံ ... မလောနဲ့၊ သေသေချာချာနားထောင်ပါ"

ဝါဝူ၏အသံကြောင့် သူသည် ဝါဝူအား အတွင်းအားအသံဖို့ နည်းဖြင့် ပြန်မေးလိုက်၏။

"ဦးလေး ... ယောဂီမုန်းက ယင်ယင် အစစ်ပဲလား"

"ဆက်ပြီး နားထောင်ပါ"

သူကဆက်ပြီး နားထောင်လိုက်၏။

"စီးမားချန်ချင်းဟာ ဝါမိသားစုနဲ့ အလွန်ရင်းနှီးတဲ့လူပဲ၊ သူတို့လုပ်ကြံခံရတယ်ဆိုတော့ ဝါမိသားစုဘက်က ဘာလှုပ်ရှားမှု ရှိသလဲ"

ယာဂီမုန်းက မေးလိုက်၏။

ဖန်စုရိက ...

သူတို့က ကျောက်စိမ်းပန်းအိုးကလေးကြောင့် ဒေါ်ဒေါ့်ကို မသက်ာ်ဖြစ်နေကြတယ်၊ ပိုင်ကျွမ်းယီရဲ့သား ဝါယင်လုံက ဒီကိစ္စနဲ့ ပတ်သက်ပြီး သိုင်းလောကကို ထွက်စုံစမ်းပါတယ်"

ယောဂီမုန်းက မကျေမနပ်ဖြင့် ရေရွတ်လေ၏။

"ဝါထင်းဟုန်က ဘာဖြစ်နေသလဲ မသိဘူး၊ အလျင်ကိစ္စတွေကို သူကမေ့နေပြီလား မသိဘူး"

ယောဂီမုန်းက သက်ပြင်းချရင်း ညည်းလိုက်သည်။

အင်း ... ငါ့မှာလည်း သံယောဇဉ်ကို ပြတ်အောင် ဖြတ်လို့ မလွယ်ကူပါလား"

ဖန်စုရိက ...

"ဒေါ်ဒေါ်ဟာ ဝါထင်းဟုန်ကို အများကြီး ကူညီခဲ့ပါတယ်၊ ဒါကြောင့်လည်း သူဟာ အခုလို အောင်မြင်နေတာပါ၊ စီမာချန်ချင်းရဲ့ အဆင့်ဟာ ဝါထင်းဟုန်နဲ့ မတိမ်းမယိမ်းပါပဲ၊ အခု သူတို့ လုပ်ကြံခံရတဲ့အတွက် ဝါထင်းဟုန်ကိုယ်တိုင် ထွက်သင့်တယ်၊ ဒေါ်ဒေါ့်ကို ရအောင် သူပြန်ရှာရမယ်"

မဟုတ်သေးဘူး၊ သူဟာ ဒီကိစ္စပေါ်လာတဲ့နောက် မထွက်ဘဲ နေမှာ မဟုတ်ဘူး၊ ဒါပေမယ့် သူ့အမေရဲ့ အမိန့်မရလို့ မထွက်နိုင်တာပဲ ဖြစ်ရမယ်"

"ဘာပဲပြောပြော သူ့အမေက လွှတ်မှာပါ"

"ခုလည်း သူတို့မြေးကို လွှတ်တယ်မဟုတ်လား၊ သူတို့မှာ အကြွေရှိမှာ သေချာပါတယ်"

ဝါယင်လုံမှာ စိတ်လှုပ်ရှားသွား၏။

ယင်ယင်သည် သူတို့ မိသားစုအကြောင်းကို အတော်ပင် သိကျွမ်းထားသဖြင့် အံ့သြနေမိ၏။

ယင်ယင်၏ စိတ်သဘောထားမှာ မဆိုးပါ။

ထို့အပြင် ဖခင်အားလည်း တော်တော်ပင် ချစ်မြတ်နိုးပုံရ၏။

ဤသို့ဆိုလျှင် အဘယ့်ကြောင့် သူတို့မိသားစုအတွင်းသို့ မခေါ်ထားရပါသနည်း။

ထိုစဉ် ယောဂီမုန်းက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ဒီကိစ္စတွေ ဒီမှာပဲထားလိုက်ပါတော့၊ စောစောက ပြောတဲ့ ပိုင်ကျွမ်းယိရဲ့ သားက တရားခံရှာဖို့ ထွက်လာတယ်ဆိုတာ အမှန်ပဲလား၊ အခု ဘယ်မှာရှိသလဲ"

ဖန်စုရိက ...

"သူဟာ တောင်ပိုင်းကိုလာပြီး ကျူးယင်ဂိုဏ်းကို စုံစမ်းခဲ့တယ်၊ ကျင်လင်ငါးဖော်နဲ့အတူနေရင်းက ကျူးယင်ဂိုဏ်းချုပ် ဖမ်းသွားတယ်ဆိုတဲ့ သတင်းကြားပါတယ်"

ယောဂီမုန်း၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

မယုံကြည်နိုင်ဟန်ဖြင့် ဖန်စုရိအား ပြန်မေးလိုက်၏။

"ဘယ်လို ကျူးယင်ဂိုဏ်းချုပ် ဟုတ်လား၊ သူကော ကျင်လင်မြို့ကို ရောက်နေပြီလား"

ဖန်စုရိက ခေါင်းညိတ်ရင်း ...

"ဟုတ်ပါတယ် ... ကျူးယင်ဂိုဏ်းအစစ်ပါပဲ၊ ဝါယင်လုံအဖမ်း ခံရတဲ့ သတင်းရတာနဲ့ ကျွန်မက ငယ်သားတွေကို လွှတ်ပြီး စုံစမ်း ခိုင်းထားပါတယ်၊ အခုထိတော့ ဘာသတင်းမှ မရသေးပါဘူး"

ယောဂီမုန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အင်း ... ဒီကလေးက မဆိုးဘူး၊ သူဟာ ကျူးယင်ဂိုဏ်းကို လိုက်ရှာရဲတယ်၊ သူ့လုပ်ရပ်ကော တွက်ကိန်းကော မှန်ပါတယ်၊ ဒါပေမယ့် ကျူးယင်ဂိုဏ်းချုပ်ဟာ ကောက်ကျစ်တယ်၊ အခု သိုင်းလောကကို ဘာဒုက္ခပေးဖို့ ထွက်လာတာလည်း မသိဘူး၊ ဝါယင်လုံသူ့လက်ထဲကျသွားတာတော့ ဆိုးကျိုးပဲ"

ဝါယင်လုံက သူဘာမှမဖြစ်ဘဲ ပြန်ထွက်လာနိုင်ခဲ့သဖြင့် ရယ်ချင်လာသည်။

ထိုစဉ် ဖန်စုရိက စကားဆက်ပြောလိုက်၏။

"ကျွန်မ စုံစမ်းရသလောက်တော့ စီးမာချန်ချင်းတို့ လုပ်ကြံမှုမှာ ကျူးယင်ဂိုဏ်းချုပ်တစ်ခုတည်း မဟုတ်ဘူး၊ ပြီးတော့ ချန်ထားရစ်ခဲ့တာက ဒေါ်ဒေါ်ရဲ့ အမှတ်သားပဲ၊ အခု ဝါမိသားစုက ရထားတယ်၊ ဒီတော့ လုပ်ကြံမှုမှာ ဒေါ်ဒေါ်ဟာ သံသယဝင်စရာ အကောင်းဆုံး ဖြစ်နေတယ်၊ ဒီတော့ ဒေါ်ဒေါ့်အနေနဲ့ ထွက်ရှင်းဖို့လိုမယ်၊

ဒါမှမဟုတ်ရင် ဒေါ်ဒေါ့်ကို အားလုံးက အထင်လွဲကြမယ်၊ ပြီးတော့ ဒေါ်ဒေါ်ရဲ့ နာမည်လည်းပျက်မယ်”

ဝါယင်လုံက စိတ်ထဲမှ ပြောလိုက်၏။

“မလိုပါဘူး၊ ရှင်းဖို့မလိုတော့ပါဘူး၊ ကျွန်တော် နားလည်ပါပြီ၊ ခင်ဗျားတို့နဲ့ မပတ်သက်ပါဘူး”

ယောဂီမုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးမှ တိုးတိုးလေး ပြောလိုက်၏။

“သံသယဝင်ချင်လည်း ဝင်ပါစေ၊ ငါ့နာမည် ထိခိုက်တာလည်း အရေးမကြီးပါဘူး၊ ငါက ယောဂီဝတ်နေပြီပဲ၊ သေတမ်းစာကိုလည်း ဝါမိသားစုကို ပေးခဲ့တာပဲ၊ ဒီပြဿနာကို သူတို့ဘာသာ သူတို့ ရှင်းကြပါစေတော့”

ဝါယင်လုံမှာ အခန်းထဲသို့ဝင်ကာ ယင်ယင်နှင့်တွေ့ချင်စိတ် ပေါ်လာ၏။

ယင်ယင်အား တစ်သက်လုံး ယောဂီဘဝနှင့် မနေစေချင်ပါ။

သိုင်းလောကသို့ ပြန်လည်ထွက်လာခဲ့ရန် ပြောပြလိုက်၏။

ဖျောင်းဖျလိုက်၏။

ထို့အပြင် ယင်ယင်က အဘယ်ကြောင့် မုန်းဟူသောဘွဲ့ ခံယူသည်ကိုလည်း သိလိုလှပေသည်။

သို့သော် သူဝင်သား၍ မဖြစ်သေးပါ။

သူတို့၏စကားများကို ဆုံးအောင်နားထောင်ချင်သေး၏။

ထို့ကြောင့် သူကဆက်၍ နားထောင်လိုက်လေသည်။

ဖန်စုရိုက ပြောလိုက်၏။

“ဒေါ်ဒေါ်က ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒုက္ခခံနေရတာလဲ”

ယောဂီမုန်းက ခြောက်ကပ်ကပ် တဲ့ချက်ရယ်မောရင်း ...

“မင်း ဘာကြောင့် ငါ့အတွက် စိတ်မကောင်းဖြစ်နေရတာလဲ၊ မင်းပဲ ဝါမိသားစုကို ကူညီဖို့ အမျိုးသမီးတစ်ဝက်တစ်ခု တည်ထောင်မယ်ဆို၊ မင်းရည်ရွယ်ချက် ဘာလဲဆိုတာ ငါသိပါတယ်”

ဖန်စုရိမှာ မျက်နှာတစ်ခုလုံး နီရဲသွားပြီး ...

“ကျွန်မက ဒေါ်ဒေါ်ရဲ့စကားကို နားထောင်လို့ပါ၊ နို့မဟုတ်ရင် ဝါထင်းဟုန်ကို ဒုက္ခရောက်အောင် လုပ်ပစ်မိမှာ သေချာပါတယ်”

“ဒါပေမယ့် မင်းက ဝါထင်းဟုန်အတွက် နေရာတကာမှာ အကာအကွယ်ပေးနေတာပဲ မဟုတ်လား”

ဖန်စုရိမှာ မျက်နှာနီရဲသွား၏။

ငြင်းဆိုရန် စကားလုံး ရှာမတွေ့ဘဲဖြစ်နေ၏။

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော အဘွားအို က ...

“ဒါတွေအားလုံးဟာ အတိတ်ဘဝက ဝဋ်ကြွေးတွေပါပဲ၊ ငါတို့ အမျိုးသမီးတွေဟာ လူတစ်ယောက်ကို ချစ်မိပြီဆိုမှဖြင့် တစ်သက်မေ့လို့မရတော့ပါဘူး၊ အခု ယောဂီမုန်း သတိထားမိသလား၊ သိုင်းလောကမှာ ကိစ္စများစွာ ဖြစ်လာတော့မယ်”

ယောဂီမုန်းက ...

“ရှင်က ဘာတွေ မြင်မိကြားမိလို့လဲ”

“ရှင်းပါတယ်၊ စီးမာချန်ချင်းဟာ ဝါမိသားစုရဲ့ ရင်နှီးသူ

တစ်ဦး၊ ဒီတော့ စီးမာချန်ချင်းကို လုပ်ကြံမှုဟာ ဝါမိသားစုကို စိန်ခေါ်ခြင်းပါပဲ၊ အခု ကျူးယင်ဂိုဏ်း ပြန်ပေါ်လာပြီ၊ ပြီးတော့ နောက်ထပ်လူစုတွေလည်း ရှိဦးမယ်လို့ ကျုပ်တော့ ယူဆတယ်"

ဖန်စုရိုက သက်ပြင်းချရင်း ...

"ဟုတ်ပါတယ်၊ အခုတလောမှာ ရွှန်းမုဂိုဏ်းတစ်ဂိုဏ်း ပေါ်ပေါက်လာတယ်၊ သူတို့ဟာ အနက်ရောင် သိုင်းလောကသားတွေပဲ၊ သူတို့ရဲ့ သိုင်းပညာဟာ မဆိုးဘူး၊ ကျွန်မ သူတို့ကို စောင့်ကြည့်နေတဲ့အချိန်အတွင်းမှာပဲ သူတို့က တစ်စထက်တစ်စ ပိုအတင့်ရဲလာကြပါပြီ"

ယောဂီမုန်းက မျက်မှောင်ကြုတ်သွားပြီး ပြန်မေးလိုက်၏။

"ရွှန်မုဂိုဏ်း ဟုတ်လား၊ ဂိုဏ်းချုပ်က ဘယ်သူများပါလိမ့်"

ဖန်စုရိုက ...

"ရွှန်မုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကို ဒီကနေ့အထိ ဘယ်သူမှ မသိသေးပါဘူး၊ သူ့ရဲ့လက်အောက်မှာတော့ ချီဂုဏအမည်ရှိတဲ့ လူငယ်ရှစ်ယောက်ရှိတယ်၊ အင်အားလည်းမနည်းဘူး၊ ဒုစရိုက်လုပ်ငန်းမှန်မသျှ အကုန်လုပ်ကြတယ်၊ စီးမာချန်ချင်းကိစ္စမှာလည်း ချီဂုဏတစ်ယောက် ပါဝင်ပတ်သက်နေခဲ့တယ်"

ယောဂီမုန်းက တွေဝေစဉ်းစားနေပြီးမှ ...

"ချီဂုဏ ရှစ်ယောက်၊ သူတို့က ဝါထင်းဟုန်ကို အန္တရာယ်ပြုဖို့ဦးတည်လှုပ်ရှားနေကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မက ဒေါ်ဒေါ်နဲ့ ဝါထင်းဟုန်တို့ကို တွေ့ဆုံစေချင်တာပဲ"

"မလိုတော့ပါဘူး၊ ကျုပ် အမှတ်အသားကို ထားခဲ့တာဟာ ကျူယင်ဂိုဏ်း၏အကြံပဲ၊ ဂိုဏ်းချုပ်ဟာ ကျုပ်အမှတ်အသားကို ထားခဲ့တာ ကျုပ် ပြန်ထွက်ပေါ်လာအောင်ပဲ၊ ကျုပ်ကို အသုံးချပြီး ဝါထင်းဟုန်ကို ဒုက္ခပေးဖို့ ထောင်ချောက်ဆင်တာပဲ၊ အခု ကျုပ်က ယောဂီသတ်နဲ့ပဲ နေချင်တယ်၊ သိုင်းလောကကို ပြန်မထွက်ချင်တော့ဘူး၊ သူ့ကသာ သူတို့ ရင်ဆိုင်ကြပါစေတော့"

ဖန်စုရိုက သက်ပြင်းချရင်း ...

"ဒေါ်ဒေါ်က ဝါထင်းဟုန်ရဲ့ အန္တရာယ်ကို အရေးမထားတော့ဘူးလား"

ဟု မေးလိုက်၏။

ယောဂီမုန်းက သက်ပြင်းချပြီး ပြောလေ၏။

"မင်းကသာ အမျိုးသမီးဂိုဏ်း တည်ထောင်ပြီး ဝါထင်းဟုန်ကို ကူညီပေတော့"

အတန်ကြာသည်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ဘဲ တိတ်ဆိတ်သွားကြ၏။

ပြီးမှ ယောဂီမုန်းက ...

"သွားတော့ ... အရင်ဖြစ်ပျက်သမျှ ကိစ္စတွေဟာ ကျုပ်နှလုံးကို အလိုလိုက်ခဲ့လို့ပဲ၊ မင်းလည်းပဲ ဝါထင်းဟုန်ကို မေတ္တာရှိခဲ့တာပဲ မဟုတ်လား၊ ကျုပ် ဖျောင်းဖျလိုက်ချင်ပါတယ်၊ ကိုယ်ချစ်ပဲဖြစ်နိုင်ခဲ့ယ်၊ သူချစ်ကတော့ ရမှာမဟုတ်တော့လို့၊ ဒီတော့ ကိုယ်လုပ်သင့်သုပ်ထိုက်တာတွေလုပ်ပေးရင်း ကိုယ့်စိတ်ကို ဖြေသိမ့်ပေတော့"

ဝါယင်လုံမှာ နားထောင်ရင်း စိတ်မကောင်း ဖြစ်လာ၏။

ယင်ယင်၏ ဘဝအား ကိုယ်ချင်းစာနာမိ၏။
အလိုလိုပင် မျက်ရည်များ ကျလာလေ၏။
သူသည် ခေါင်းကိုငုံ့ကာ အံကြိတ်ထားလိုက်မိလေတော့သည်။

◆ ◆ ◆

အခန်း (၂၄)
စုံစမ်းခြင်း

ဝါဂူ ဝင်ရောက်လာသည်။ သူက လေသံဖြင့်ပြောလေ၏။
"ယင်လုံ တို့သွားကြစို့"
ဝါယင်လုံသည် ထိုအခါကျမှ သတိဝင်လာ၏။
သူသည် ယင်ယင်တို့အား လှမ်းကြည့်ရာ အဆောင်တစ်ခုသုံးမှာ မည်းမှောင်နေ၏။
ဖန်စုရိန္ဒင့် ကျားယန်တို့၏အသံပင် မကြားရချေ။
သူသည် ဝါဂူအားမေးရန် ဟန်ပြင်လိုက်၏။
ဝါဂူက နောက်မှမေးရန် အချက်ပြပြီး သူ့အား ဆွဲခေါ်သွားသဖြင့် ပါသွားသည်။
သူတို့သည် တောလမ်းကလေးအတိုင်း လျှောက်လာ၏။
အတန်ကြာသောအခါ တဲစုတ်ကလေးတစ်ခုရှိရာသို့ ရောက်သွားသည်။
တဲစုတ်ကလေးမှာ အတော်ပင် စုတ်ချာသော်လည်း လေဒဏ်မိုးဒဏ်ကိုမူ အတော်အသင့် ခံနိုင်၏။

ဝါဂူက ဦးဆောင်ကာ တဲကလေးအတွင်းသို့ ဝင်သွားလိုက်သည်။

ဝါယင်လုံက နောက်မှလိုက်ဝင်သွား၏။

ဝါဂူသည် တဲအတွင်းရောက်သောအခါ ထိုင်ချလိုက်ပြီး ဝါယင်လုံကိုကြည့်ကာ မေးလိုက်သည်။

"မင်းဘာတွေ ဒီလောက်ခံစားနေရတာလဲကွ"

ဝါယင်လုံက သက်ပြင်းချကာ ...

"ကျွန်တော်က ယင်ယင်ဟာ ဒီလောက် မေတ္တာတရားကြီးမားလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ တကယ့်စေတနာတရား ကြီးများတဲ့ မေတ္တာရှင်ကြီးပါပဲဗျာ"

ဝါဂူသည် ခေါင်းညိတ်ရင်း ...

"ထိုင်ပါဦး ... ငါ မင်းနဲ့စကားပြောစရာတွေ အများကြီးရှိသေးတယ်၊ ခဏမနေနဲ့၊ ငါ့လို ဖြစ်သလိုထိုင်"

ဝါယင်လုံသည် တဲ၏နံရံတစ်ခုဘက်မှကာ ထိုင်ချလိုက်သည်။

ပြီးမှ ဝါဂူအား မေးလိုက်၏။

"ဦးလေး ... ယင်ယင်အကြောင်း တော်တော်ပြည့်ပြည့်စုံခဲ့သလား"

"ငါလည်း ကြားဖူးခဲ့တာပဲရှိတယ်၊ အသေးစိတ်တော့ မသိဘူး၊ ဒီနေ့ သူတို့စကားကြားရမှ သိရတာ၊ ပထမတုန်းက ငါ သူတို့ကို အထင်တောင်လွဲခဲ့သေးတယ်"

"ဒါဆို တစ်ခါမှ ယင်ယင်ကို မတွေ့ခဲ့ဘူးပေါ့"

"ဟုတ်တယ် ... ငါ သူ့ကို အထင်လွဲမိတယ်ကွ"

ဝါယင်လုံက စိတ်မကောင်းဟန်ဖြင့် ...

"ယင်ယင်ဟာ ဖေဖေ့အပေါ် သိပ်ကောင်းခဲ့ပါတယ်"

"အေး ... ငါလည်း ဒီနေ့မှ အထင်လွဲတာ ဖြေဖျောက်ခဲ့တယ်၊ မင်းအဖေဟာ ဇနီးနှစ်ယောက်နဲ့ အေးအေးချမ်းချမ်းရှိနေတာကို သူက ဝင်ရှုပ်တယ်လို့ ထင်ခဲ့မိတာ၊ တကယ်တော့ မင်းအဖေ မဆင်ခြင်တာလည်း ပါတယ်၊ ဒါကြောင့် မင်းကိုလည်း ငါပြောခဲ့ချင်တယ်၊ မင်းဟာ မိန်းကလေးလှလှမြင်သမျှ ချစ်ချင်တယ်"

ဝါယင်လုံမှာ မျက်နှာနီရဲသွား၏။

သူသည် ဝါယင်လုံနှင့် ရင်းနှီးလှသဖြင့် ပြောစရာရှိသမျှ ပြောသည်။

ဝါဂူက ဆက်ပြောလိုက်၏။

"မင်းကိုငါ သတိပေးချင်တယ်၊ မင်းအနေနဲ့ မိန်းကလေးမိတ်ဆွေထားရင်လည်း တစ်ယောက်နှစ်ယောက်ပဲ ကောင်းတယ်၊ များတော့ မင်းအိမ်ထောင်ကျတဲ့အခါ ကျန်တဲ့လူအဖို့ မကောင်းဘူး၊ ဒါကြောင့် မင်းအကျင့်ကိုပြင်ပါ"

အမှားအမှန်ကို သိလျှင် ပြန်လည်ပြုပြင်ရမည်မှာ မိမိ၏တာဝန်သာ ဖြစ်ပေသည်။

မိမိ၏အမှားအယွင်းကို အခြားသူက ကိုယ်စားလှယ် ပြုပြင်ပေးနိုင်ခြင်း မရှိပါ။

မိမိကိုယ်က အသိစိတ်ရှိရှိ ပြုပြင်နိုင်မှသာလျှင် အမှန်ကို ရပေလိမ့်မည်။

ဆိုးမှ ကောင်းမှုအစုစုသည် မိမိ၏လုပ်ရပ်ပေါ်၌ မူတည်သည်။

ကောင်းသောအမူကိုပြုလျှင် ကောင်းသောအကျိုးကို ခံစားရမည် ဖြစ်သည်။

ဆိုးသောအကျိုးကိုပြုလျှင် ဆိုးသောအကျိုးကို မုချ ခံစားရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ မိမိ၏အကျိုး၊ ပတ်ဝန်းကျင်အကျိုး၊ ရပ်ရွာအကျိုးကို မျှော်ကိုး၍ ကောင်းသောအလုပ်ကို လုပ်ဆောင်ကြရသည်။

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်တော် သိတတ်ပါတယ်"

ဝါဂူက သက်ပြင်းချရင်း ...

"ပြင်တာ မပြင်တာ မင်းအလုပ်ပဲ၊ မင်းက မိန်းကလေးတိုင်းကို ချစ်ဟန်ဆောင်နေတာ၊ မင်းအနေနဲ့ ယင်ယင်ကို စံနမူနာယူပါ"

"ဟုတ်ကဲ့ ... ဦးလေးပြောချင်တာ ဒါပဲလား"

"မဟုတ်သေးဘူး"

ဝါယင်လုံက မေးလိုက်၏။

"ဒါဆိုရင် ပြောပါဦး"

ဝါယင်လုံမှာ ဝါဂူငယ်ငယ်က ပုံစံအတိုင်းပင် ဖြစ်၏။

ထို့ကြောင့် ဝါဂူမှာ သူ့ခြေရာလိုက်နင်းနေသော ဝါယင်လုံအား ဆုံးမရခက်နေ၏။

ဝါဂူက ခေါင်းကို လေးပင့်စွာခါယမ်းလိုက်ပြီးမှ စကားစလိုက်၏။

"ငါမေးမယ်၊ ယင်ယင်ရဲ့ သေတမ်းစာ မင်းမှာရှိသလား"

ဝါယင်လုံက အံ့သြသွားသည်။

"ဦးလေး ... ဘယ်လိုလုပ်သိတာလဲ"

သူက ပြန်မေးလိုက်၏။

ဝါဂူက ပြုံးရင်း ...

"အဲ့ဒီသေတမ်းစာကို ငါ့ကိုပေးပါ"

ဝါယင်လုံက ခေါင်းယမ်းလိုက်ပြီး ...

"မပေးနိုင်ဘူး၊ ဘွားဘွားက မှာလိုက်တယ်၊ ကျွန်တော် ကိုယ်တိုင်ပဲ ယင်ယင်ကို မေးရမယ်လို့"

ဟု ငြင်းပယ်လိုက်၏။

ဝါဂူက ...

"ငါသိပါတယ်၊ ငါ့ကိုပေးပါ"

"မပေးနိုင်ဘူး၊ ဒီသေတမ်းစာကို ဘယ်သူမှမကြည့်ရဘူးလို့ ပညတ်ထားတယ်"

ဝါဂူက ပြုံးလိုက်ပြီး ...

"မင်းအဘွားက ငါ့ကို အမိန့်ပေးခဲ့လို့ပါ"

"ဦးလေး အိမ်ပြန်ရောက်ခဲ့တယ်ပေါ့"

"ဟုတ်တယ် ... အခု ဘွားဘွားက ယင်ယင် မသေသေးကြောင်း နားလည်နေပြီ၊ ဒီတော့ သေတမ်းစာ မင်းလက်ထဲမှာ ပျောက်ပျက်သွားမှာစိုးလို့ ငါပြန်ယူသွားမယ်"

ဝါယင်လုံက ခေါင်းကို သွင်သွင်ခါယမ်းလိုက်သည်။

"ကျွန်တော် မပေးနိုင်ဘူး"

ဝါဂူက အံ့အားသင့်သွားပြီး ...

"ဘာဖြစ်လို့လဲ၊ မင်းက ငါ့ကိုတောင် မယုံကြည်တော့ဘူးလား"

ဝါယင်လုံက သက်ပြင်းချပြီး ...

"မယုံလို့မဟုတ်ပါဘူး၊ စာဟာ ကျွန်တော်ရဲ့ အတွင်းခံအင်္ကျီကြားထဲထည့်ပြီး ချုပ်ထားတာ၊ ဒီတော့ ဘွားဘွားကို ဒီအတိုင်းပဲ ကျွန်တော်ကိုယ်တိုင် ပြန်ပေးချင်လို့"

ဝါဂူက ...

"မင်းက တကယ်ခေါင်းမာတာပဲ၊ ကျပျောက်ရင် ဘယ်လိုလုပ်မလဲ"

"အင်္ဂျီကိုယ်ပေါ်မှာ ရှိတာပဲ၊ ကျမပျောက်နိုင်ပါဘူး၊ တကယ်လို့ ကျပျောက်ခဲ့ရင်လည်း ပေးတဲ့အပြစ်ကို ကျွန်တော် ခံပါ့မယ်"

ဝါဂူက သက်ပြင်းချရင်း ...

"ကဲ ... ကဲ ... မင်းသဘောပဲ၊ တစ်ခုတော့ရှိတယ်၊ မင်းကို ကျူးယင်ဂိုဏ်းချုပ်က ဖမ်းသွားတယ်ဆိုတဲ့သတင်း ငါကြားမိတယ်၊ ဒါမျိုး နောက်တစ်ခါဖြစ်ရင် မင်းအင်္ဂျီမကဘူး၊ မင်းအသက်ပါ သေသွားနိုင်တယ်"

ဝါယင်လုံမှာ မျက်နှာနီရဲသွားပြီး ...

"စိတ်ချပါ ... နောက်တစ်ခါ ကျွန်တော့်ကို အလစ်ဖမ်းလို့ မလွယ်ကူစေရဘူး"

ဝါဂူက ...

"ကဲ ... မင်းရဲ့ အတွေ့အကြုံတွေကို ပြောပြပါဦး"

ဝါယင်လုံက ပြန်စဉ်းစားလိုက်၏။

နန်းယန်မြို့ စီးမာဂေဟာ၌ တွေ့ကြုံခဲ့သော အဖြစ်အပျက်များ။

တစ်ဖန် တောင်ပိုင်းသို့ရောက်လာပြီး ကျားယန်၏ ဖမ်းဆီးခြင်း ခံရပုံများ။

ကျင်လင်ငါးဖော်နှင့် ဆုံစည်းခဲ့ပုံများ။

ကျူးယင်ဂိုဏ်းချုပ်နှင့် ရင်ဆိုင်တိုးမိပြီး အဖမ်းခံရပုံ။

လူတစ်ဦး၏ အကူအညီပေးမှုကြောင့် သူသက်သာခဲ့ပုံ။

နောက်ဆုံး လွတ်မြောက်လာပြီး ဝါဂူနှင့် တွေ့ဆုံသည်အထိ အကြောင်းများစွာကို အသေးစိတ် ပြောပြလိုက်သည်။

ဝါဂူက ဂရုစိုက်နားထောင်နေ၏။

ဝါယင်လုံ၏ လုပ်ရပ်များသည် အတွေ့အကြုံနှယ်သဖြင့် အမှားမကင်းသည်မှလွဲလျှင် မိမိတို့ ဝါမိသားစု သိက္ခာကျစေမည့် လုပ်ရပ်မရှိကြောင်း တွေ့ရ၏။

ထို့ကြောင့် သူက ချီးကျူးလိုက်မိသည်။

"မင်းမဆိုးဘူး၊ မင်းလုပ်ကိုင်ခဲ့တာတွေ အမှားအယွင်းကြီးကြီးမားမားမရှိပါဘူး၊ မင်းကိုစိတ်ချလို့ရပါပြီ၊ ဒါပေမယ့် မင်းပြောပြတဲ့ ကျူးယင်လက်ထောက်ဂိုဏ်းချုပ် မေစုဟာ နောင်တစ်ချိန်မှာ မင်းကို ခေါင်းရှုပ်အောင် ဒုက္ခပေးမှာတော့ သေချာတယ်"

ဝါဂူက မှတ်ချက်ချလိုက်လေစ၏။

ဝါယင်လုံက မျက်မှောင်ကြုတ်ရင်း ...

"ဘာဒုက္ခလဲ၊ သူနဲ့ ကျွန်တော် မသက်ဆိုင်ဘူး၊ သူဟာ ဉာဏ်ရှိရင် ကျူးယင်ဂိုဏ်းက ထွက်ရမယ်၊ နို့မဟုတ်ရင် ကျွန်တော်က ဆုံးမမှာပဲ၊ အဲ့ဒီမှာ ဂိုဏ်းချုပ်ဆိုပြီး ကုပ်တွယ်ထားလို့ မရဘူး"

ဝါဂူ ပြုံးလိုက်ပြီး ...

"ပြောတော့လွယ်တယ်၊ လက်တွေ့ကျတော့ ခက်တယ်ကွ၊ ဒါထက် စီးမာမိသားစုကိစ္စကို ခဏရပ်တော့ ..."

ဝါယင်လုံက အံ့အားသင့်သွားပြီး ...

"ခင်ဗျာ ... ဒီအတိုင်းပဲထားရမယ်၊ မစုံစမ်းရတော့ဘူးလား"

ဝါဂူက ...

"မဟုတ်ပါဘူး၊ ခဏရပ်နားခိုင်းတာပါ၊ သိသင့်သလောက် သိထားပြီးပြီပဲ၊ သူ့သမီးအတွက် လွဲပေးရမယ်လေ"

ဝါယင်လုံ စိတ်ပျက်သွားပြီး ...

"ဒါဆို ကျွန်တော် အိမ်ပြန်ရတော့မှာလား"

ဝါဝူက ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူး၊ မင်းက အခုတာဝန်ထက် ပိုပြီးကြိုးလေးတဲ့ တာဝန်ကို ထမ်းဆောင်ရမယ်"

ဝါယင်လုံက ဝမ်းသာသွား၏။

သူက အိမ်မပြန်ချင်သေးပါ။

သိုင်းလောကၭ ကျက်စားလိုသေး၏။

ဝါဝူက မျက်နှာတည်ကြည်စွာဖြင့် စကားဆက်ပြောလိုက်၏။

"ငါ့စကားနားထောင်ပါ၊ မင်းကို အခုပေးမယ့် တာဝန်ဟာ အရင်တာဝန်ထက် ပိုကြီးမားတယ်၊ ဒီတာဝန်ဟာ တို့မိသားစုသာမက သိုင်းလောကနဲ့လည်းဆိုင်တယ်၊ ဒီတာဝန်ကို ငါကိုယ်တိုင် မင်းဆီတွက် အဘွားဆီက တောင်းလာခဲ့တာပဲ"

ဝါယင်လုံက အံ့သြဟန်ဖြင့် မေးလေ၏။

"ဘာတာဝန်လဲ"

ဝါဝူက ...

"အခု သိုင်းလောကမှာ ဒုစရိုက်သမားတွေ တစ်နေ့တခြား ပေါပေါက်လာတယ်"

ဝါယင်လုံက သူသိပြီးသော အကြောင်းအရာများဖြစ်၍ သိပ် ရုတစိုက် မရှိလှချေ။

ဝါဝူက မျက်မှောင်ကြုတ်လိုက်ပြီး မေးသည်။

"ငါပြောတာကို မင်းက ဂရုမစိုက်ဘူးလား"

ဝါယင်လုံက လန့်သွားပြီး မျက်လုံးဝိုင်းသွား၏။

ဝါဝူက စကားဆက်လိုက်၏။

"ဒီကိစ္စဟာ ကလေးကစားစရာမဟုတ်ဘူး၊ ကျူးယင်ဂိုဏ်းနဲ့ ရှန်မုံဂိုဏ်းဟာ အင်အားကြီးထွားလာပြီ၊ ဒီအပြင် တခြားဂိုဏ်းတွေလည်း လှုပ်ရှားလာပြီ"

ဝါယင်လုံက ခေါင်းညိတ်လိုက်၏။

ဝါဝူက သက်ပြင်းချရင်း ...

"ဒီဂိုဏ်းတွေအားလုံးဟာ ငါတို့မိသားစုကို ဖြိုခွဲဖို့ ဦးတည်နေကြတယ်"

ဝါယင်လုံက ခေါင်းညိတ်ပြီး ...

"ကျွန်တော် နားလည်ပါပြီ"

ဝါဝူက ...

"ကဲ ... သွားကြမယ်၊ သြော် ... ငါပြောစရာတစ်ခု ကျန်နေသေးတယ်၊ ငါ ဒီကိုရောက်လာတာ ထူးဆန်းတဲ့ လူတစ်စုနောက်ကို လိုက်လာတာ၊ ဒီလူစုကို မင်း တွေ့ရင်သတိထား၊ သူတို့ဟာ သံသယဝင်စရာကောင်းတယ်"

ဝါဝူက စကားဆုံးသည်နှင့် တဲအိမ်စုတ်ကလေးအတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့သည်။

ဝါယင်လုံမှာ ထွက်ခွာသွားသော ဝါဝူ၏နောက်ကျောကို ငေးကြည့်နေမိ၏။

သူက ဝါဂူ၏စိတ်ထားကို အသိဆုံးဖြစ်၏။

ဝါဂူသည် စိတ်မြန်ကိုယ်မြန် လူတစ်ယောက်ဖြစ်၏။

သို့သော် သူနှင့်အတူနေရပါမူ အလုပ်ကိုမေ့နေတတ်သော လူတစ်ဦးဖြစ်၏။

ယခုတော့ဖြင့် ဝါဂူမှာ ပြောစရာရှိသည်များ ပြောပြီးညှိနှိုင်း ချက်ချင်းထွက်ခွာသွား၏။

ယခု သူတို့မိသားစု၌ သူတစ်ယောက်တည်း သိုင်းလောကတွင် လှုပ်ရှားနေသည်မဟုတ်တော့ပါ။

သူ၏ဦလေးသည်လည်း လှုပ်ရှားနေ၏။

ထို့အတူပင် သူ၏မိဘများသည်လည်း ပါဝင်လှုပ်ရှားလာပြီလောဟု တွေးရင်း သူ၏ရင်ထဲ၌ လေးလံလာ၏။

အပြင်ဘက်၌ အလင်းရောင်က စတင်ထွက်ပေါ်လာ၏။

ဝါယင်လုံမှာ ယခုအထိ မနားရသေးပါ။

ထို့ကြောင့် အနားယူရန် ဆုံးဖြတ်လိုက်ပြီး တဲနံရံကိုမှီကာ ခြေပစ်လက်ပစ် ထိုင်နေမိလေတော့သည်။

နေ့လယ်အချိန်သို့ ရောက်သောအခါ ဝါယင်လုံမှာ တဲအိမ်ကလေးမှ ထွက်လာပြီး ကျင်လင်မြို့ဆီသို့ ဦးတည်ထွက်ခွာလာခဲ့လေသည်။

ကျင်လင်မြို့သို့ ရောက်သောအခါ သူက ကျန်နန်သမားတော်ယီစန်းသက်၏ အိမ်သို့မသွားပါ။

ဝါဂူ၏စကားကြောင့် သူ့အနေဖြင့် လှုပ်ရှားရန်မလိုကြောင်း သူသိလာသောကြောင့် ဖြစ်သည်။

တည်းခိုခန်းတစ်ခုဆီသို့ လာခဲ့၏။

ထို့နောက် အခန်းတစ်ခုငှားရမ်းလိုက်ပြီး ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို တွေးတောနေမိသည်။

သူ ယခု သတိထားစောင့်ကြည့်ရမည်က အုပ်စုသုံးခုဖြစ်နေချေပြီ။ သူ့ဘက်မှ အလွန်အားနည်းနေ၏။ ဤသည်မှာ သူ့တာဝန်သစ် ဖြစ်လေ၏။

ထို့ကြောင့် ရင်ဆိုင်တိုက်ပွဲများကို ရှောင်ရမည်ဟု တွေးမိ၏။

သူက လုပ်သင့်သည်များကို အစီအစဉ်ချလိုက်၏။

ပထမဦးစွာ သူ၏ ဦးလေးဝါဂူ ပြောခဲ့သော ထူးဆန်းသည့် လူစုကို ရှာဖွေရမည်။

သူတို့၏ ရည်ရွယ်ချက်ကို သိအောင် ကြိုးစားရမည်။

ဒုတိယအဆင့်အနေနှင့် ချန်ရိသည် ကျင်လင်အနီးတစ်ဝိုက်၌ လှုပ်ရှားနေသည်ဟုဆိုသော်လည်း မတွေ့ရသေးပါ။

ကျူးယင်ဂိုဏ်းက ဖမ်းထားပြီလော။

အကယ်၍ ကျူးယင်ဂိုဏ်းက ဖမ်းထားသည်ဆိုလျှင် ရအောင်ပြန်လည် ကယ်တင်ရပေမည်။

ကျူးယင်ဂိုဏ်းသည် ယခင်နေရာ၌ပင် ရှိသေးသလော။

ပြောင်းရွှေ့သွားပြီလော။

ကျူးယင်ဂိုဏ်းနှင့် ရှန်းမုဂိုဏ်းတို့ ဆွေးနွေးရန် အစီအစဉ်ကို သူသိခဲ့၏။

အဘယ်အကြောင်းများ ဆွေးနွေးပါသနည်း။

ကျူးယင်ဂိုဏ်းသည် အဘယ်ကြောင့် ရှန်းမုဂိုဏ်းနှင့် ပူးပေါင်းရပါသနည်း။

သူသည် တစ်ချက်ချင်း ဖြေရှင်းသွားရန် စဉ်းစားလိုက်၏။
ထို့နောက် ချက်ချင်းပင် အနားယူရာမှထကာ ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲလိုက်၏။
ပြီးနောက် မြို့ထဲသို့ ထွက်လာခဲ့လေတော့သည်။

စာစဉ်(၂) ပြီး၏

တက္ကသိုလ် နေလင်းအောင်